

www.burmeseclassic.com



www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး
အောင်မြင်စာပေ၊
အတွင်းနှင့်မျက်နှာဖုံး
အောင်မြင်ပုံနှိပ်တိုက်၊
ထုတ်ဝေသူ
ဦးအောင်မြင့်၊
မတ်လ၊ ၂၀၁၃။

BURMESE CLASSIC .com

၈၉၅.၈၃

မြပုလဲခင်
အချစ်ရိုင်း/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၇၀ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ၊
(၁) မြပုလဲခင်



အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

"ဆရာဦးရဲတင်ကျော် မရှိပါဘူးခင်ဗျာ၊ အခုပဲကိစ္စတစ်ခုနဲ့ အပြင်ကိုထွက်သွားပါတယ်"

အသံက်အားဖြင့် အစိတ်ဝန်းကျင်ခန့် မိမိနှင့်ရွယ်တူသာဖြစ်နိုင်ခြေရှိသော အသားညိုညို၊ ခပ်ပိန်ပိန်မြင့်မြင့်လူတစ်ဦးက ရည်မွန်စွာပင် အဖြေပေးလိုက်သည်။

သို့သော် ထိုအဖြေကို တင်ယွန်းစံလက်မခံနိုင်သကဲ့သို့ရှိသည်။





"ဒါဖြင့် ကျွန်မအခန်းထဲကပဲ စောင့်နေမယ်"

ကန္တတ်ပန်းများဖြင့် ဖိတ်ဖိတ်တောက်နေသော ကျွန်းတံခါးမကြီးကိုပင် အဟန့်အတားတစ်ခုအနေဖြင့် မနာလို မုန်းတီးစွာတင်ယွန်းစံ ကြည့်လိုက်မိသည်။

အကယ်၍သာ မှန်များပါသောတံခါးချပ်ဆိုပါက တင်ယွန်းစံ အတွင်းခန်းတွင်းသို့ ဖောက်ထွင်းမြင်နိုင်လိမ့်မည် ယခုတော့. . .

"ဆရာက တစ်ခါတည်း အိမ်တန်းပြန်မှာလို့ ကျွန်တော့ကိုမှာသွားပါတယ်၊ အကယ်၍ အစ်မအိမ်ကိုသိတယ်ဆိုရင် အိမ်ကိုလိုက်သွားလို့ရပါတယ်"

တင်ယွန်းစံ ထိုလူအား အကဲခတ်လိုက်သည်။ သူ၏မျက်ဝန်း၌ လိမ်ညာခြင်းအရိပ်အယောင်များ ရှိမရှိကို စူးစမ်းလိုက်သည်။

"ပြီးတော့ သော့ကဆရာယူသွားပါတယ်"

"မင်းနာမည် ဘယ်သူလဲ"

"ဗျာ"

တင်ယွန်းစံ၏ အဆက်အစပ်မရှိသော မေးခွန်းကြောင့် ထိုလူကြောင်သွားဟန်တူသည်။

"မင်းနာမည်ကို မေးတာ"

"ဗျာ. . ဟုတ်ကဲ့၊ ကျွန်တော့်နာမည် မောင်သီလပါ"

တင်ယွန်းစံ ပြုံးမိသွားသည်။ သို့သော် နှုတ်ခမ်းတွန့်ရုံသွဲ့ခိုသွားသော အပြုံးရိပ်ကို ချက်ချင်းပြန်လည်ရုပ်သိမ်းလိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောင်သီလအတွက် ထူးဆန်းနေသည်။ သူ၏ဆရာဦးရဲတင်ကျော်သည် ရုံးခန်းအတွင်း၌ ရှိနေသည်။ သို့သော် စောစောကတင် သူ့အား . .

"ခပ်ချောချော အမျိုးသမီးတစ်ယောက်ရောက်လာလိမ့်မယ်၊ ငါ့ကိုမေးရင် အပြင်သွားတယ်၊ ပြန်မလာဘူးလို့သာ လှည့်ပတ်ပြောလိုက်၊ တံခါးကို အတွင်းကငါသော့ခတ်ထားလိုက်မယ်"

ဟုပြောပြီး တံခါးကိုပိတ်သွားခဲ့သည်။ သူ့အတွက် အံ့သြမှုအရှိန် မလွင့်ပြယ်မီမှာပင် အံ့သြမှုက ထပ်ဆင့်လာသည်။

အင်မတန် ချောမောလှပပြေပြစ်လွန်းသော အမျိုးသမီးတစ်ဦးအား ဆရာသည် ဘာကြောင့် မတွေ့ချင်ရသနည်း။ ရှောင်ပုန်းနေချင်ရသနည်း။

"သီလဆိုရင်တော့ မင်းလိမ်ညာတတ်မယ် မထင်ဘူး၊ တို့မေးမယ့်မေးခွန်းကို မင်းမှန်မှန်ဖြေလိမ့်မယ်လို့ တို့ယုံကြည်တယ်"

မောင်သီလ ခေါင်းကုတ်လိုက်သည်။ စိတ်လည်းရှုပ်လာသည်။ ပြီးတော့ စိတ်ဝင်စားမှုလည်းရှိသည်။ ဆရာနှင့် ဤအမျိုးသမီး ဘယ်လိုပတ်သက်နေသနည်း။

သူသိထားသည်က ဆရာ၌ စေ့စပ်ထားသောမိန်းမရှိသည်။

"ဟုတ် . . ဟုတ်ကဲ့ . . မေးပါ အစ်မ"

"မင်းဆရာ ဒီအခန်းထဲမှ တကယ်မရှိဘူးလား"

သီလတော့ အခက်ကြုံနေပြီ။

"ဟို . . ဟို . . ဘုရားပေးပေး ကျွမ်း . . ."





ထိုအချိန်တွင် သီလလုံးဝမျှော်လင့်မထားသော အဖြစ်အပျက်တစ်ခု ဆိုက်ရောက်လာသည်။ ကျွန်းတံခါးကြီး ရုတ်တရက် ပွင့်လာသည်။

ပြီးတော့ သီလတစ်ခါမှ မမြင်ဖူးသော မျက်နှာထားမျိုးကို ဆရာဦးရဲတင်ကျော်၏ မျက်နှာပေါ်၌ တွေ့ရှိလိုက်ရသည်။

ထို့နောက် အံ့သြဖွယ်ရာကောင်းသော လေသံသည် ဆရာဦးရဲတင်ကျော်၏ တင်နေအောင်စေ့ထားသော နှုတ်ခမ်းမှ ထွက်ပေါ်လာသည်။

"ကျုပ်ရှိတယ်၊ အမိကို မတွေ့ချင်လို့ ကျုပ်တမင်ရှောင်နေတာပဲ၊ ဒါကို အမိက သူ့ဆန်စားရဲမှဆိုသလို ကျုပ်စကားကိုနားထောင်နေတဲ့သူ့အပေါ် နိုင်လိုမင်းထက် စကားတွေနဲ့ ကျိန်စာတိုက်စရာမလိုဘူး၊ ကိုင်းအမိ လာရင်းကိစ္စတွေနဲ့ မြန်မြန်ပြောပြီး မြန်မြန်ကြွပါ၊ ကျုပ်မှာ အမိအတွက်ပေးစရာ အချိန်မရှိတော့ဘူး"

တင်ယွန်းစံ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ တစ်ဆက်တည်း မွမွကြေမတတ် ပျက်သုဉ်းလာသော နှလုံးသားကြောင့် ပြောစရာစကားတို့သည် အသံအဖြစ်သို့ဖြစ်ပေါ်ပြောင်းလဲရန် အင်အားတို့ မရှိတော့ပါ။

တဆက်ဆက်တုန်ယင်လာသော နှုတ်ခမ်းကြားမှ တစ်ခွန်းတည်းသောအသံ ထွက်ပေါ်ရန် အားယူရသည်။ သို့သော်မရ။

ထိန်းချုပ်ထားသည့်ကြားက အတားအဆီးမဲ့စွာကျဆင်းလာသော မျက်ရည်များတို့လည်း တွန်းလှန်ရန် အင်အားမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

တင်ယွန်းစံမှာ လုပ်ဆောင်လိုက်နိုင်သော အင်အား တစ်ခုတော့ရှိနေသည်။

ထိုအင်အားက ညာဘက်လက်သည် လွယ်လင့်တကူပင် မြောက်တက်သွားပြီး မိမိအား နာကြည်း၊ ရွံရှာ၊ မုန်းတီးခြင်းတို့ဖြင့် ကြည့်နေသော မျက်လုံးစိမ်းပိုင်ရှင် ဦးရဲတင်ကျော်၏ ဘယ်ဘက်ပါးပြင်ပေါ်သို့ အရှိန်အဟုန်ပြင်းစွာ ကျရောက်သွားခြင်းပင်ဖြစ်သည်။

"ဖြန်း. . "

ဦးရဲတင်ကျော်၏မျက်နှာ လည်ထွက်သွားသည်။

"ဟာ. . ဆရာ"

မောင်သီလ ရုတ်တရက် အာမေဋိတ်သံ ထွက်သွားသည်။ သူ၏ဆရာကို စော်ကားသောရန်သူကို သူဘာလုပ်ပေးရမှန်းမသိနိုင်ခင်မှာပင် လျှပ်တစ်ပြက်အတွင်း သူမပြေးထွက်သွားလေသည်။

သို့သော် သူမ၏မျက်ရည်စက်များက ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းကျန်ရစ်ခဲ့လေသည်။

သူ၏ဆရာကို မောင်သီလလှမ်းကြည့်လိုက်သည်။ နီရဲသွားသော ဘယ်ဘက်ပါးပြင်ကို ပွတ်ရင်းသူမ၏နောက်ကျောပြင်ကို ကြေကွဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မောင်သီလအတွက် ထူးဆန်းနေပြီ။

ဆရာနှင့် စောစောက ဆရာ့အခေါ် အရ အမိဆိုသော



BURMESE CLASSIC .com



အမျိုးသမီးနှင့် ဘာတော်ပါလိမ့်။

ပြီးတော့. . .

အမိက ဘာကြောင့်ဆရာ့ကို နာနာကြည်းကြည်း ရိုက်နှက်သွားရပါလိမ့်။

ရုံးခန်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ခြင်းက ကြီးစိုးသွားလေသည်။

ကျောက်ဆစ်ရုပ်ဖြစ်သွားသော ဆရာဦးရဲတင်ကျော် မသိမသာခိုးကြည့်ရင်း မောင်သီလမျက်တောင်မခတ်ရဲ နားရွက်မခတ်ရဲ ဖြစ်နေလေသည်။

ရဲတင်ကျော်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး သူ၏ရုံးခန်းအတွင်းသို့ ဝင်သွားလေတော့သည်။

ထိုအခါမှမောင်သီလ လှုပ်ရှားရဲသည်။ အပြင်ဘက်ခန်း၌ရှိနေသော စီမံဌာနခန်းသို့ ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





#  အခန်း(၂)

"စောစောက ဝင်လာတဲ့ အမျိုးသမီးကို တွေ့လိုက်သလား"

မောင်သီလက ရုံးအုပ်ကြီးအား ဦးစွာမေးလိုက်သည်။

"ဘယ်က အမျိုးသမီးလဲ ကောင်လေးရဲ့"

ရုံးအုပ်ကြီး မသိဟန်ဆောင်နေခြင်းဖြစ်ဖို့များသည်။ တကယ်ဆိုလျှင် သူ၏လိုက်ကာသည် လေတိုက်တိုင်းလွင့်နေသည်။ လှေကားထိပ်ကို လှမ်းမြင်နေရသည်။





လှေကားထိပ်ကို ဖြတ်ကျော်သွားသော အင်မတန်လှပသည့် အမျိုးသမီးကို လူပျိုသိုးကြီးဖြစ်သော ရုံးအုပ်ကြီး ဦးသာဇန် သတိမပြုဘဲ မနေနိုင်ဟု မောင်သီလ တထစ်ချယုံကြည်ပြီးသားဖြစ်သည်။

"ဟာဗျာ. . ဆရာကလည်း၊ ပန်းနုရောင် မရင့်တရင့် ဝမ်းဆက် ဝတ်ထားတဲ့ ဒေါင်ကောင်းကောင်း ခပ်တောင့်တောင့် အမျိုးသမီးလေဗျာ"

"ဩော် သူလား၊ မြင်လိုက်သားပဲ၊ ဦးရဲတင်ကျော်နဲ့ စေ့စပ်တုန်းက ငါသွားရသေးတာပဲ၊ တင်ယွန်းစံက ခင်မင်ဖော်ရွေတဲ့ အမျိုးသမီးဖြစ်လို့ ငါနဲ့တောင် ရင်းနှီးခဲ့သေးတယ်၊ သူပြန်သွားပြီလား သိတောင်မသိလိုက်ဘူး၊ ဆရာကော ပါသွားသလား"

ရေပက်မဝင်သောစကားကြောင့် မောင်သီလမှာ ကြားဝင်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ထိုစဉ် ကွန်ပျူတာကျွမ်းကျင် စားရေးမတစ်ဦးဖြစ်သော လှလှမြင့်က. .

"ဟာ. . ဆရာ၊ ဒီမှာ ဆရာဦးရဲတင့်ကျော်တို့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းတဲ့သတင်း ပါလာပါလား"

"ဗျာ"

"ဟေ"

မောင်သီလသည် လှလှမြင့်လက်မှ သတင်းစာကို ဆွဲလုလိုက်သည်။ ဦးသာဇန်ကလည်း မောင်သီလနှင့်အတူ ပူးကပ်ကြည့်သည်။

"ဆရာ့ဘက်က ဖျက်သိမ်းတဲ့သတင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဇန်က မျက်မှန်ကိုချွတ်ကာ လက်ကိုင်ပဝါဖြင့် မှန်သားကို ပွတ်လိုက်ပြီး သတင်းစာကို မောင်သီလလက်မှ ယူကာ ထပ်ဖတ်သည်။

"ကျွန်တော် ရဲတင်ကျော်သည်(၉-၉-၉၅)ရက်နေ့က စေ့စပ်ထားသော မတင်ယွန်းစံအား ခွင့်မလွှတ်နိုင်သော ကိစ္စရပ်တစ်ခုကြောင့် အဆိုပါ စေ့စပ်ကြောင်းလမ်းထားခြင်းကို ဖျက်သိမ်းလိုက်ပါကြောင်း ရဲတင်ကျော်ဆိုပါလား"

ဦးသာဇန်က အသံထွက်ဖတ်လိုက်သေးသည်။

"ဟုတ်တယ်နော်ဆရာ၊ မယုံနိုင်စရာဘဲ"

လှလှမြင့်က ဦးသာဇန်လက်မှ သတင်းစာကို ပြန်ယူရင်း. . .

"မတင်ယွန်းစံက သိပ်ချောတာပဲ၊ မှုန်နေအောင်လှတာ မွန်ပြည်နယ်မှာ မယ်ဘွဲ့ရခဲ့တာ၊ နောက်တက္ကသိုလ်ပေါင်းစုံမှာလဲ မယ်တက္ကသိုလ်ဘွဲ့ရခဲ့တာ ဆိုလားပဲ၊ ကျွန်မအစ်မနဲ့ တက္ကသိုလ်မှာ တစ်နှစ်တည်း တက်ခဲ့တာလေ"

"အင်းလေ ဒီလောက်လှပတဲ့ မိန်းမကို ဆရာကဘာဖြစ်လို့ သစ်စိမ်းချိုးချိုးလိုက်ရတာလဲ နင်သိသလား လှလှမြင့်"

မောင်သီလက သူသိလိုသော အချက်ကိုမေးလိုက်သည်။

"ဒါတော့ ငါမသိဘူး"

"နင့်အစ်မနဲ့ တစ်နှစ်တည်းဆို"

"ဟဲ့. . တစ်နှစ်တည်းပေမယ့် သူငယ်ချင်းမဟုတ်ဘူး၊ မတင်ယွန်းစံကိုသာ မယ်တက္ကသိုလ်အနေနဲ့ အားလုံးသိကြတာ





သူကတော့ ကျန်တဲ့သူတွေကို သိချင်မှသိမှာ လှသလောက် မာနကလည်းကြီးသလားမမေးနဲ့၊ တစ်လောကလုံးမှာ သူနဲ့တန်တဲ့ ယောကျ်ားမရှိတဲ့ပုံမျိုး၊ ဆရာဦးရဲတင်ကျော်နဲ့ စေ့စပ်သတင်းတွေ့တော့မှငါတို့လည်း အံ့ဩရတာ၊ အင်း. . ဘာပြဿနာများကြီးကြီးကျယ်ကျယ်ရှိသလဲမှ မသိတာ"

မောင်သီလအနေဖြင့် စောစောကအဖြစ်အပျက်ကို သဘောပေါက်သွားသည်။

"ဒါထက်. . စောစောက တင်ယွန်းစံလာသွားတယ် မဟုတ်လား"

"အင်း. . ဒါပေမယ့်"

မောင်သီလ စကားကို ရပ်ပစ်လိုက်သည်။ သူ့အနေဖြင့် ဦးသာဇန်တို့ကို အမှန်အတိုင်းပြောလိုက်ပါက ဆရာဦးရဲတင်ကျော်၏ ဂုဏ်သိက္ခာကို ထိခိုက်သွားနိုင်လိမ့်မည်ဟု ယူဆလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ကောင်လေးရ၊ ဆက်စမ်းပါဦး၊ မင်းဟာက တိုးလိုးတန်းလန်းနဲ့"

"ဒါပေမယ့် ဆရာမရှိဘူးဆိုလို့ ချက်ချင်းပဲပြန်သွားတယ်"

"ဦးရဲတင်ကျော် ရှိတယ်မဟုတ်လား"

"ရှိတယ်၊ ဒါပေမယ့် မရှိဘူးလို့ ပြောခိုင်းလို့ ပြောလိုက်ရတာ"

"အင်း တို့ဆရာလည်း ရုပ်ချောဥစ္စာပေါ်နဲ့ လူပျိုဝင်္ကြီးကျော်တော့မယ့် အောက်မေ့တာ၊ ခုတော့ ဘယ်လိုဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်"

လှလှမြင့်က ညည်းညည်းညူညူပြောလိုက်ရာ မောင်သီလက ဦးသာဇန်ကို တွေကြည့်ရင်း . . .

"အဲဒါပေါ့ အမြူတေရှိရာ အမြူတေစုဆိုသလို၊ လူပျိုကြီးတွေရှိရာ လူပျိုကြီးတွေစု . . ."

"ခွေးမသား အဆုံးမတော့ ဒီဘူတာပဲ ဆိုက်တော့တာပဲ၊ သွား . . သွား . . မင်းအလုပ်မင်းသွားလုပ်တော့"

ဦးသာဇန်က သူ့အား စိတ်ဆိုးမာန်ဆိုးဟန်ဆောင်၍ နှင်ထုတ်လိုက်သဖြင့် မောင်သီလက လှလှမြင့်ကို တစ်ချက်စွေကြည့်ပြီး စီမံရေးရာဌာနခန်းမှ ထွက်ခဲ့လေသည်။

ဆရာ ဦးရဲတင်ကျော် ရုံးခန်းရောက်သောအခါ အသာချောင်းကြည့်ပြီး စီမံရေးရာဌာနခန်းမှ ထွက်ခဲ့လေသည်။

ဆရာ ဦးရဲတင်ကျော် ရုံးခန်းရောက်သောအခါ အသာချောင်းကြည့်လိုက်သည်။ ဦးရဲတင်ကျော်သည် ဆုံလည်ကုလားထိုင်၌။

နောက်မှီပေါ်၌ ခေါင်းတင်ပြီးမျက်နှာကြက်ကို ထိုးဖောက်မတတ် ငေးစိုက်ကြည့်ရင်း ငြိမ်သက်လျက်ရှိလေသည်။

မောင်သီလအလိုက်သိစွာ ငြိမ်သက်၍ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်သည်။ သို့သော် မောင်သီလရင်ထဲမှာတော့ ဂနာမငြိမ်၊ ဦးရဲတင်ကျော်နှင့် မတင်ယွန်းစံတို့အကြောင်း သိချင်လျက်ရှိသည်။

အောင်မြင်စာပေ







# အခန်း(၃)

တင်ယွန်းစံနားထဲ၌ ပဲ့တင်ထပ်နေသည်က 'ခွင့်မလွှတ်နိုင်တဲ့ကိစ္စရပ်တစ်ခုကြောင့်' ဟူ၍ဖြစ်သည်။

မိမိသည် ဦးရဲတင်ကျော် ခွင့်မလွှတ်နိုင်လောက်အောင် မည်သည့်အပြစ်မျိုး ကျူးလွန်ခဲ့သနည်း။

အိမ်တံခါးပိတ်ကာ မျက်ရည်စက်များ ကုန်ခန်းသွားသည်အထိ ငိုကြွေးပစ်လိုက်သည်။

မိမိ၏အရှက်ကိုခွဲသော သူ၏ရှေ့မှောက်၌ မိမိသည် ဘာကြောင့်များ မျက်ရည်ကျကာ အရှုံးပေးထွက်ပြေးခဲ့ရသ

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နည်း။ အမှန်ဆိုရလျှင် ယခင်က ရည်ရွယ်ထားသည်က. . .

'ဒီမှာ ဦးရဲတင်ကျော်၊ ကျွန်မမှာ ရှင်ခွင့်မလွှတ်နိုင်တဲ့ ကိစ္စဘာများရှိနေသလဲဆိုတာ ရှင်းစမ်းပါဦး' ဟုလည်းကောင်း။

'ကျွန်မ အချစ်ကို မရရင်အဓိပ္ပာယ်မရှိတော့ပါဘူး ဆိုပြီး ကျွန်မကို အသည်းအသန်ကြိုးပမ်းခဲ့တာ ကျွန်မကိုအရှက်ခွဲဖို့ပေါ့ ဟုတ်လား. . .'

စသည်ဖြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးမြန်းလိုက်မည်ဟူသော ရည်စူးချက်တို့သည် ပျောက်ကွယ်သွားပြီးခံရခက်လွန်းသော ဝေဒနာကြောင့် ပေါက်ကွဲကာ သူ၏ပါးကို ရိုက်နှက်ခဲ့ခြင်းမှအပ မိမိသည်မျက်ရည်ကျအရှုံးပေးပြီး ထွက်ပြေးခဲ့ရသည်အထိ ယောက်ယက်ခတ်ခဲ့ရသည်။

တွေးမိတိုင်းလောကကြီးမှ စွန့်ခွာသွားပစ်ချင်လောက်အောင် ခံစားလိုက်ရသည်။

လေးလေးအနေနှင့်လည်း လာသမျှတယ်လီဖုန်းများကို ဒိုင်ခံဖြေရှင်းရပေလိမ့်မည်။

အကျိုးအကြောင်း လုံးဝရှင်းပြခြင်းမရှိဘဲ ဦးရဲတင်ကျော်၏ တစ်ဖက်သတ်ကြေညာချက်သည် မိမိ၏ ဂုဏ်သိက္ခာကို မည်သို့ရှိချေမည်နည်း။

မိဘများလည်း လိုက်လာနိုင်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံနှင့်အတူ လေးလေး၏အသံပါ နောက်ဆက်တွဲပေါ်ပေါက်လာသည်။

"နီရင်း ခဏဖွင့်စမ်း၊ ဒီမှာ သမီးအတွက် ပစ္စည်းတစ်ခု





လာပို့တယ်"

တင်ယွန်းစံ ခုတင်ပေါ်မှ ဝုန်းခနဲထလိုက်သည်။ ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို ပြုပြင်ရန် သတိမရတော့။

တံခါးကို ပြေးဖွင့်လိုက်သည်။ လေးလေးက တစ်ပေပတ်လည်ခန့်ရှိသော ရောင်စုံစက္ကူပတ်ဘူးတစ်ဘူးကို ကမ်းပေးလိုက်သည်။

တင်ယွန်းစံကလှမ်းယူပြီး ယောင်နနဖြစ်နေသည်။ ဘယ်သူလာပေးတာလဲ၊ ဘယ်သူကပေးခိုင်းတာလဲ စသည့်မေးခွန်းများက ရင်ထဲလျှံဝေလာသည်။ သို့သော် နှုတ်ကမထွက်လေးလေးကိုသာ မျက်ရည်လွှမ်းနေသော မျက်လုံးများဖြင့်ကြည့်လိုက်သည်။

လေးလေးကလည်း သဘောပေါက်ဟန်ဖြင့်. . .

"ဟိုကောင် ပို့ခိုင်းလိုက်တာတဲ့၊ သူ့တပည့်မောင်သီလဆိုတဲ့ သူငယ်တစ်ယောက်လာပို့သွားတာ"

"ဟင်. ."

"နီရင်းလိုချင်တဲ့အဖြေ အဲဒီထဲမှာ ရှိလိမ့်မယ်ထင်တယ်"

လေးလေး၏ ထင်မြင်ချက်ကို တင်ယွန်းစံလက်ခံပါသည်။ ဒိန်းခနဲ ရင်တွင်မြည်ဟည်းသံနှင့်အတူ အထုပ်ကိုကိုင်ထားသော လက်ပင်လျှင် တုန်ယင်ချင်လာသည်။

"လေးလေး ဖောက်"

တင်ယွန်းစံဖောက်၍ ရလိမ့်မည်မဟုတ်၊ လေးလေးကသဘောတူညီစွာ လှမ်းယူပြီး ဖောက်လိုက်သည်။

တင်ယွန်းစံ အသက်ရှူရန်ပင် မေ့လျော့လျက်ရှိချေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေးလေး၏ လက်ထဲတွင်ပါလာသည်က ကက်ဆက်ခွေတစ်ခု၊ ဓာတ်ပုံအယ်လ်ဘမ် အလတ်စားတစ်အုပ် ဖြစ်သည်။

တင်ယွန်းစံက လက်ထဲရောက်လာသော ပစ္စည်းများကို တုန်ယင်စွာဖြင့် ကိုင်ကြည့်လိုက်သည်။ ကက်ဆက်ဖုံးပေါ်က လက်မှတ်ကို တင်ယွန်းစံမှတ်မိလိုက်သည်နှင့် တစ်ပြိုင်နက် တုန်လှုပ်မှုက စတင်သွားသည်။

"နိုင်းနိုင်း"

တင်ယွန်းစံနှုတ်မှ တုန်လှုပ်ချောက်ချားစွာ ထွက်ပေါ်လာသည်။

"ဟင်. . သေချာရဲ့လား"

တင်ယွန်းစံ အယ်လ်ဘမ်ကို လှန်ကြည့်လိုက်သည်။

တင်ယွန်းစံ၏ ဓာတ်ပုံများ။

"အို"

ခြောက်နှစ်နီးပါး ခြောက်လှန့်နေခဲ့သော အိမ်မက်ဆိုးသည် မပြီးဆုံးသေးပါလား။

တင်ယွန်းစံက ပစ္စည်းလေးများကို ရင်ဝယ်ပိုက်လိုက်သည်။ နောက် လေးလေးကို ကျောခိုင်းလိုက်ပြီး ခုတင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်။ ရင်တွင်း၌. . .

"နိုင်းနိုင်းရယ် နိုရင်းဘဝတစ်လျှောက်လုံးကို လိုက်ပါနှောင့်ယှက်နေတော့မှာလားဟင်"







# အခန်း(၄)

ကက်ဆက်ထဲ အခွေလေးထည့်ဖို့ကို တင်ယွန်းစံ အတော်ကြိုးစားလိုက်ရသည်။

"နိုရင်းဉာဏ်တဲ့၊ အဲဒါ နိုင်းနိုင်းရဲ့ နားထဲကို မကြာခဏ ဝင်လာတဲ့ အမည်သစ်တစ်ခုပါ နိုရင်း. . "

"ကျောင်းသားတွေ ပါးစပ်ဖျားမှာ ရေပန်းစားတဲ့ သတင်းကြီးတဲ့ မင်းသမီးကို နိုင်းနိုင်းတွေ့ချင်လာတယ်၊ ဒါပေမယ့် နိုင်းနိုင်းတွေ့ဖူးလိမ့်မယ်လို့လဲ ယုံကြည်တယ်လေ. . .၊ ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးတစ်ရက်နှစ်ရက်အတွင်းမှာ နိုင်းနိုင်းစိတ်ထဲက 'ဟာလှလိုက်တဲ့ မိန်းကလေးလို့' အသိအမှတ် ပြုထားမိတဲ့ မိန်းကလေးဖြစ်ပါစေလို့ နိုင်းနိုင်းဆုတောင်းမိတယ်"

"နိုင်းနိုင်းဆုတောင်းခြင်း ပြည့်ဝသွားပြီ နိုရင်း၊ နိုင်းအသိအမှတ်ပြုထားတဲ့ မိန်းကလေးက နိုရင်းဉာဏ်ဆိုတဲ့ နိုရင်းဖြစ်နေလို့ပဲ၊ နိုင်းနိုင်းရင်ထဲမှာ တစ်ခါမှ မခံစားဖူးတဲ့ ဝေဒနာကို ခံစားလိုက်ရတယ် နိုရင်းရယ်"

တင်ယွန်းစံရင်ထဲ ဆွေးမြည့်စွာခံစားလာရသည်နှင့်အမှ မျက်ရည်တာက ကျိုးလေသည်။

မိမိအတွက် အတိတ်သည် လွမ်းဆွတ်တမ်းတခြင်းကိုသာ ဖော်ဆောင်နေသည်ဆိုတော့လည်း မျက်ရည်တို့ကို တားဆီးနိုင်သော အင်အားမရှိပြီ။

နိုင်းနိုင်း၏ အေးဆေးပျော့ပျောင်းသော အသံလေးက တင်ယွန်းစံ၏နှလုံးသားကို ဆွဲညှစ်ထားသည့်အလား ရှိနေရာ အသက်ရှုရပင်ကျပ်လာသည်။

ထို့အပြင် အတိတ်လွင်ပြင်မှ နိုင်းနိုင်း၏ ပုံရိပ်ကလည်း ထင်ဟပ်လာသည်။ တင်ယွန်းစံ နိုင်းနိုင်းကို သံယောဇဉ်ဖြစ်ခဲ့ ပါသည်။

ဖြူသော၊ အရပ်မြင့်လွန်းသဖြင့် နွဲ့သယောင်ထင်ရ သော၊ ထို့အပြင် အပြောအဆို အနေအထိုင်၌ မိန်းကလေးများ ထက်ပင် နူးညံ့သိမ်မွေ့လွန်းသော နိုင်းနိုင်းကိုသူငယ်ချင်းတစ် ဦးအနေဖြင့် တင်ယွန်းစံသံယောဇဉ်သိပ်တွယ်ခဲ့မိပါသည်။ သို့သော် အချစ်၏ကိန်းဂဏန်းများကို တင်ယွန်းစံ တွက်ချက်ရှ





နားမလည်သေး။

နိုင်းနိုင်းအပေါ် ခင်မင်တွယ်တာမှုက ရှင်းသန့်ခဲ့သည်ကို မိမိသာလျှင် အသိဆုံးဖြစ်သည်။

နိုင်းနိုင်းရယ် . . ။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၅)

"နှိုင်းသော်စံ သူကနိုရင်း၊ သူကမိမိမော်တဲ့၊ ကိုယ်တို့ဝိုင်းမှာ မိန်းကလေးဆိုလို့ သူတို့ပဲရှိတာ၊ ညည်းတို့လည်း မှတ်ထားပေါ့"

ညီဇော်မိတ်ဆက်ပေးသော နှိုင်းသော်စံကို နိုရင်းဉာဏ်ကကြည့်လိုက်သည်။ တဒင်္ဂအတွင်း မျက်ဝန်းချင်းဆုံမိကြသည်။

ရင်ခုန်မှုကတော့ မဖြစ်ပွားချေ၊ သို့သော် ဖြူဖြူ ပိန်ပိန်ပါးပါး၊ မြင့်မြင့်ချောချောကောင်ကလေးကို ခင်မင်စိတ်ကတော့ ဖြစ်ထွန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"နီုရင်းဉာဏ်လား"

"ဟုတ်ပရှင်"

"နှိုင်းနှိုင်း ကြားဖူးနေတာ"

နှိုင်သော်စံက သူကိုယ်သူ ဘယ်လိုသုံးစွဲလိုက်ပါလိမ့်ဟု နီုရင်းဉာဏ် နားဝေတိမ်တောင်ဖြစ်သွားရာ

"ဘယ်လို နှိုင်နှိုင်လား၊ နှိုင်းနှိုင်းလား"

နှိုင်သော်စံက ရယ်လိုက်သည်။ ဤပြဿနာကို သူအမြဲလိုလိုရှင်းပြရသည်။ အကျင့်ဆိုတော့လည်း အခက်သား။

"နှိုင်းနှိုင်းပါ"

"ဘာဖြစ်လို့လဲ၊ ညီအစ်ကိုမောင်နှမထဲမှာ နံပါတ်နှိုင်းမို့လို့လား"

နီုရင်းဉာဏ်က ရင်းတွင်း၌ဘယ်တော့မှ သံသယမထားတတ် သံသယဖြစ်လာလျှင် ရှင်းလိုက်ရမှ ကျေနပ်တတ်သည်။ ခပ်ဘွင်းဘွင်းခပ်ရှင်းရှင်းပဲ ပြောတတ်သည်၊ နေတတ်သည်။

"မဟုတ်ဘူး၊ နှိုင်းနှိုင်းက အငယ်ဆုံးလေ၊ အစ်မနှစ်ယောက်နဲ့ အစ်ကိုတစ်ယောက်ရှိတယ်၊ ဒါပေမယ့် သူတို့နဲ့ နှိုင်းနှိုင်းနဲ့က အသက်ကွာတယ်၊ နှိုင်းနှိုင်းကို နွားအိုနောက်ကျသားလို့ ပြောကြတယ်၊ သူတို့က နှိုင်နှိုင်လို့ခေါ်တာကို နှိုင်းနှိုင်းက ချွဲပြောရင်း နှိုင်းဖြစ်သွားတော့တာပဲ"

"လိုက်ပါတယ်၊ အရပ်ကလည်းရှည်ရှည် နှိုင်းမြစ်ကလည်းရှည်ရှည်ဆိုတော့ နီုရင်းတော့ ရှည်ရှည်လို့ပဲခေါ်ချင်တယ်"

နီုရင်းဉာဏ်က တမင်အမြင်ကတတ်စွာ ပြောလိုက်ခြင်းဖြစ်သည်။ ယောကျ်ားလေးတန်မဲ့ ချွဲတတ်ခြင်းကို နီုရင်းဉာဏ်





မကြိုက်။

"ဟာဗျာ. . နီုရင်းကလည်း"

ရှက်သွေးဖြာသွားသော ယောကျ်ားလေးတစ်ယောက်၏အလှကို နီုရင်းဉာဏ်က ခုမှတွေ့ဖူးသည့်အလား ကြည့်ပြီးသသဘောကျစွာ ရယ်မောလိုက်သည်။ စိတ်ထဲမှာတော့ 'ဟင်း. . အခြောက်ပဲ'ဟု ကောက်ချက်ချလိုက်သည်။

ထိုစဉ် ဆရာမရောက်လာသဖြင့် စကားစ တုံ့ရပ်နားလိုက်သည်။

ကျောင်းသားသစ် နှိုင်သော်စံလည်း သူတို့ဝိုင်းသို့ရောက်လာသည်။ ကျားမမရွေး ခင်မင်တတ်သော နီုရင်းဉာဏ်အတွက် သူငယ်ချင်းတစ်ယောက် တိုးသွားခဲ့လေပြီ။

"ရှွတ်"

နီုရင်းဉာဏ်က ဆရာမအလစ်၌ နှိုင်သော်စံကို လှမ်း၍အသံပြုလိုက်သည်။ သချာတွက်နေသော နှိုင်သော်စံက သူ၏မျက်တောင်ရှည်ကြီးများစင်းနေသော မျက်ခွံတံခါးကို ဖွင့်ခနဲပင့်ကာ အသံမထွက်ဘဲ ဘာလဲဟူသောသဘောဖြင့် မေးဆတ်ပြလိုက်သည်။ နီုရင်းဉာဏ်ကပြုံးကာ. . .

"ဘယ်ကျော်ကြီး"

ထိုအခါ နှိုင်သော်စံပြုံးလေသည်။ အမှန်တော့ နီုရင်းဉာဏ် ကျီစယ်ချင်သည်က ငယ်စဉ်ကလို ဘယ်ကျော်ဖင်နှိုက်ဟု၊ ဒါပေမယ့် အရွယ်ကစကားပြောလာသဖြင့် မကောင်းတတ်၍သာ ဘယ်ကျော်ကြီးဟု ကျီစယ်လိုက်ခြင်းဖြစ်သည်။

ဤသည်ကို နှိုင်သော်စံက ခွင့်လွှတ်ပြုံးဖြင့် သွားတက်


www.burmeseclassic.com

www.burmeseclassic.com



ကလေးများပေါ်သည်အထိ ပြုံးလိုက်ပြီး. . .

"ဘယ်ကျော်နဲ့ ညာကျော် လက်ရေးချင်းပြိုင်မလား"

နိုရင်းဉာဏ် ပခုံးတွန့်လိုက်ပြီး လက်တစ်ဖက်ကို နဖူး၌ကပ်ကာ ဆလံပေးလိုက်သည်။

နိုင်သော်စံကပြုံးကာ သချာဆက်တွက်လေသည်။ နိုင်သော်စံအနေဖြင့် လက်ဝဲလက်ရေးဖြင့်ရေးသော်လည်း ညာလက်ဖြင့်ရေးသော မိမိတို့ထက်လှသည်။ ပန်းချီဆန်သော အနုပညာလက်ရေးဟု မတောက်တခေါက်ဝေဖန်ရင်းဖြင့် နိုရင်းဉာဏ်ကအရှုံးမပေးတတ်သည့် ဉာဉ်အတိုင်း. . .

"သူ့လက်ရေးက စိတ်ကူးယဉ်သမားလက်ရေးပဲ"

"ကိုယ်ထင်ရင် ခုတင်ရွှေနန်းပေါ့ နိုရင်းရာ၊ နိုင်းနိုင်းကတော့ ကိုယ့်လက်ရေးကို အနုပညာသမားလက်ရေးအနေနဲ့ သိပ်ဂုဏ်ယူနေတယ်"

"ရှုံးလိုက်တာ"

"ပုထုဇနော ဥမ္မတကောတဲ့"

"ရွှတ်. . ဆရာမ လှမ်းကြည့်နေတယ်"

မိမိမော်က လက်ကုတ်သတိပေးလိုက်မှ နိုရင်းဉာဏ်ပါးစပ် ပိတ်လိုက်သည်။ စိတ်တွင်း၌တော့. . .

"စကားများဖော်၊ ရန်ဖြစ်ဖော် ရန်ဖြစ်ဘက်တော့ တစ်ယောက်တိုးပြန်ပြီ"ဟု. . .။









# အခန်း(၆)

"ဟဲလို"

"နိုရင်း"

"ဘာလဲ"

"ယူ့နောက် အီးခန်းကနောတွေ လိုက်လို့ဆို"

နိုရင်းဉာဏ်က ပီကေဝါးနေရာမှ

"အင်း သတင်းကလည်း မြန်လှချည်လား"

"မြန်ဆို ယူကသတင်းကြီးတဲ့ ရွှေမင်းသမီးပဲ"

"ဇွတ်တင်နေ ဒီကလည်း ဘဝင်ကမြင့်တတ်တတ်နဲ့ဆိုတော့ ခေါင်းကျိန်းလှပြီ"



www.burmeseclassic.com

www.burmeseclassic.com


"ယူ စကားပြန်ပြောတယ်ဆို၊ အဲဒီငနဲတွေ လက်ဖက်ရည်ဆိုင်မှာ ကြွားနေတယ်၊ ယူက ကြည်ပါတယ်တဲ့"

နီရင်းဉာဏ် မရယ်ချင့်ရယ်ချင်ဖြင့် ရယ်လိုက်သည်။

"အဟင်း. . ဟင်း. . ဟင်း. ."

"ဘာရယ်တာလဲ နီရင်း၊ နိုင်းနိုင်းစကားထဲမှာ ရယ်စရာပါလို့လား"

"ပါတာပေါ့၊ သူတို့စကားကို ယူယုံတာကိုကပဲ ယူလွန်နေပြီ နိုင်းနိုင်း၊ ဒီမှာနိုင်းနိုင်း၊ နီရင်းတို့က ခွေးဟောင်တိုင်းထမကြည့်နေနိုင်ဘူး၊ အိပ်ရေးပျက်တယ်၊ သူတို့ဘာပြောပြောအရေးမစိုက်ဘူး"

"အရေးမစိုက်ရင် ပြန်မပြောနဲ့ပေါ့"

"ဟုတ်ကဲ့အဖေ၊ ကျုပ်အဖေက မော်လမြိုင်မှာ ကျန်ခဲ့သလားမှတ်ပါတယ်"

"အကောင်းပြောတာ"

"အကောင်း ဟောင်ကောင်ကို ပြန်သွားပြီလေ၊ မသိဘူးလား"

"မနောက်ပါနဲ့ နီရင်း၊ ယူ့အတွက် နိုင်းနိုင်းပြောနေတာ"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"နီရင်း"

"အမိန့်ရှိပါ"

"ယူက သူတို့ကို အဆိုးပဲတုံ့ပြန်ပြန် အကောင်းပဲတုံ့ပြန်ပြန် ယောက်ျားဆိုတာမျိုးက ပါးစပ်အရသာခံပြီးတော့လည်း ပြောချင်နေတာမျိုးဆိုတော့ ယူတုံ့ပြန်မှုက ဘာလဲဆိုရင် အ



တန်းပိုင်ဆရာနဲ့ တိုင်ပြောလိုက်ဖို့ပဲ"

နီရင်းဉာဏ် ပြုံးလိုက်မိသည်။

"မှတ်သားလောက်ပါတယ်၊ ဟုတ်ကဲ့ ကျွန်မလူကြီးမင်း အကြံပေးသလို နောက်တစ်ခါကြုံခဲ့သည်ရှိသော် လုပ်ဆောင်လိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်ရှင်"

"မခနဲ့ပါနဲ့"

"မခနဲ့ပါဘူး"

"ဒါပဲကွာ"

နိုင်သော်စံဖုန်းချသွားသဖြင့် နီရင်းဉာဏ် ပခုံးတွန့်ပြီး ပြုံးလိုက်သည်။

ထို့နောက် ကိုယ်ကာယလေ့ကျင့်ခန်းယူရန် အားကစားခန်းထဲသို့ ဝင်ခဲ့သည်။ သည်နှစ်မွန်ပြည်နယ်နေ့ ကာယအလှပြိုင်ပွဲသို့ နီရင်းဉာဏ်ဝင်ပြိုင်ရမည်ဟု ဖေဖေကခွင့်ပြုလိုက်သည်။

ဖေဖေကအားကစားကို လေ့လာလိုက်စားသော ဆရာဝန်တစ်ဦးဖြစ်သဖြင့် သားသမီးများအပေါ်ကိုလည်း အားကစားကိုလေ့လာလိုက်စားစေသည်။

မေမေက အေးဆေးသည်။ ရိုးသားသည်။ လမ်းမြန်မြန်လျှောက်ရမှာကိုပင် ဝန်ကြောမရှိဘူးဟု ယူဆတတ်သူဖြစ်သည်။

ထို့ကြောင့် မေမေအား ဖေဖေလည်း နံနက်စောစောလမ်းလျှောက်ရန်ပင် ဆွယ်၍မရ။

"ကျွန်မမှာ အညောင်းပြေအညာပြေ လမ်းလျှောက်စရာမလိုဘူးကိုကို၊ မိုးလင်းတာနဲ့ ကျွန်မအတွက် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေက တစ်ပုံကြီး မီးဖိုချောင်ထဲဝင်လိုက်ရင်


www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်အတွင်း ထွက်လာတဲ့ချေးက ကိုကိုနဲ့အတူ တစ်မိုင်လောက်လမ်းလျှောက်မှရတဲ့ချေးထက် ဆယ်ဆသာတယ်"

မေမေ၏ စကားအဆုံး၌ ဖေဖေပါးစပ်ပိတ်သွားခဲ့သည်။ ခမေမေသည် ကျန်းမာကာ ကိုယ်လုံးကိုယ်ပေါက်အချိုးအစား ပြေပြစ်လှပသူလည်း ဖြစ်သဖြင့် ဖေဖေသည် မေမေ့အား အားကစားလေ့ကျင့်ခန်းလုပ်ပါဟု ဆွယ်၍မရတော့ချေ။

နိုရင်းဉာဏ်ကို ကိုးတန်းနှစ်တွင် ရန်ကုန်ရှိ အဘိုးအဘွားများထံသို့ ပို့ထားသဖြင့်နိုရင်းဉာဏ် ရန်ကုန်ရှိကျောင်းသို့ ပြောင်းခဲ့ရသည်။ ကျောင်းစဖွင့်ပြီးနောက် နှစ်ရက်သုံးရက်အတွင်း နိုရင်းဉာဏ်၏အမည်သည် ကျောင်းသားအများစု၏ ပါးစပ်သို့ ရောက်သွားသည်။

အရပ်ငါးပေခြောက်ပင့် ကျော်ချင်သော၊ ဆံပင်သည် နက်မှောင်ဖြောင့်စင်းပြီး တံကောက်ကွေးအထိရှည်လျားသော အသားအရေဝင်းဝါစိုပြည်သော၊ ရုပ်ရည်ချောမောလှပသော ကိုယ်လုံးကိုယ်ထည် ပြေပြစ်လှသော စသော မိန်းမသားများ၏ အဆင်းအင်္ဂါရပ်နှင့် ပြည့်စုံပြီး စွဲမက်ဖွယ်အတိအသရေကို ဆောင်နေသည့်အပြင် ဉာဏ်ရည်ထက်မြက်သဖြင့် စာတော်သောမိန်းကလေးအနေဖြင့် ကျောင်းမှဆရာ၊ ဆရာမများက လည်း အသိအမှတ်ပြုလာသည်။

ကျောင်းဖွင့်ပြီး တစ်လအကြာမှာ ကျောင်းသားအသစ် အဖြစ် ရောက်ရှိလာသော နိုင်သောစံပင်လျှင် နိုရင်းဉာဏ်၏ အလှကို စိတ်ဝင်စားကာ အသိအမှတ်ပြုမိသည်။ ထိုမှနိုရင်းဉာဏ်တို့ တက်သောဝိုင်းတွင် လိုက်တက်ရင်းနိုရင်းဉာဏ်နှင့်





ငယ်ပေါင်းကြီးဖော်သဖွယ် ရင်းနှီးသွားခဲ့လေသည်။

လှပချောမောသော မိန်းကလေးဖြစ်သည့် အားလျော်စွာ ကျောင်းတက်ကျောင်းဆင်း ကျောင်းသားများ၏ စောင့်ကြည့်ခြင်း၊ စကားလိုက်ပြောခြင်း၊ စာပေးခြင်းတို့ကို ခံရလေသည်။ ထိုအခါ နိုရင်းဉာဏ်က. . .

"နင်တို့လိုက်ပေးလဲ အပိုပဲ၊ မောရုံပဲရှိမယ်"

"စိတ်မဝင်စားသေးဘူး"

"ဒါပထမဦးဆုံးနဲ့ နောက်ဆုံးဖြစ်ပါစေ၊ နောက်တစ်ခါဆိုရင် ဆရာမကို တိုင်ပြောမယ်"

စသည်ဖြင့် ခွန်းတုံ့ပြန်မိသည်။ ဤသည်ကို နိုင်သော်စံကထောက်ပြသည်။ ပြန်ပြောစရာမလို၊ အတင့်ရဲလာလျှင် အတန်းပိုင်ဆရာမမှတစ်ဆင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သို့ တိုင်ကြားလိုက်စေချင်သည်တဲ့။

လေ့ကျင့်ခန်းလုပ်ရင်း စဉ်းစားမိခြင်းကြောင့် လုပ်ရကိုင်ရသည်မှာ အမှားမှားအယွင်းယွင်း ဖြစ်ရသည်။

တော်ပြီ စိတ်ကူးထဲ၌ရှိသမျှသော အာရုံများကို ဖျောက်ဖျက်ပစ်လိုက်ပြီး အေရိုးဗစ်ကစားရန် ကက်ဆက်ဖွင့်လိုက်သည်။ ပွင့်လွင့်လာသော ဂီတသံစဉ်နှင့်အညီ ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းဟူသမျှတို့သည် သွက်လက်စွာ လှုပ်ရှားသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၅)

"နိုရင်း ရှင်သတင်းကြားပြီးပြီလား"

ကျောင်းသို့ရောက်ရောက်ချင်း မိမိမော်ကမေးလိုက်သဖြင့် နိုရင်းဉာဏ်က. . .

"ဘာသတင်းလဲ"

"နိုင်းနိုင်းသတင်းလေ"

"ဟင်. . နိုင်းနိုင်းဘာဖြစ်လို့လဲ"

"ရန်ဖြစ်လို့တဲ့"

"အိုး. . ဟုတ်ပါ့မလား၊ ဒီဂျယ်က"





"အေး ဒီဂျယ်ကလုပ်မနေနဲ့၊ ရှင်နဲ့ပတ်သက်ပြီး ဥက္ကာတို့အုပ်စုနဲ့ဖြစ်တာ ခုစည်းကမ်းထိန်းသိမ်းရေးကခေါ်ထားတယ်"

"နိုင်းနိုင်း ဘာဖြစ်သွားသေးသလဲ"

"ခေါင်းပေါက်သွားတယ်"

"ဖြစ်ရလေဟယ်"

နိုရင်းဉာဏ် အမှန်တကယ်ပင် စိတ်ထိခိုက်ရလေသည်။ နိုင်သော်စံက စိတ်ရင်းကောင်းသည်၊ မည်သူ့ကိုမဆို ကူညီတတ်သည်။ သူ့တစ်ယောက်တည်း အသုံးပြုနိုင်ရန် ဒရိုင်ဘာတစ်ယောက်နှင့် ကားတစ်စီးရထားသော လူကုံထံအသိုင်းအဝိုင်းမှ ဖြစ်သည့်အားလျော်စွာ ဝိုင်းကျူရှင်အတွက်. . ဆရာ ဆရာမ အချို့ကို တာဝန်ယူကာ အကြိုအပို့လုပ်ပေးသည့်အပြင် ကားမရှိသော နိုရင်းဉာဏ်နှင့် အာကာတို့ကိုလည်း အိမ်တိုင်ရာရောက် ပို့ပေးတတ်သည်။

"ခု. . နိုင်းနိုင်းဘယ်မှာလဲ"

"မိဘနဲ့မှ ကျောင်းလာရမယ်ထင်တယ်"

"ဟင်း"

ပင့်သက်တစ်ခုကို ရှိုက်လိုက်မိသည်။

"နိုင်းနိုင်းမှာ အပြစ်မရှိပါဘူးလေ၊ ဥက္ကာတို့အုပ်စုက ဆက်သက်ရန်စတာဖြစ်မှာပေါ့"

မိန်းမသားများ၏ အလှအပသည်လည်း တစ်ခါတစ်ရံ အန္တရာယ်ကို ဖိတ်ခေါ်တတ်သည်။

မိမိမော်က ဖူးနေအောင်လှသော နိုရင်းဉာဏ်၏မျက်နှာမွတ်မွတ်ကလေးကို ငေးကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင့်အနားကို ဘယ်သူမှ မကပ်နိုင်အောင် နိုင်းနိုင်းက အကြံအဖို့လုပ်လာတော့ ဥက္ကာတို့က မကြည်တော့ပဲ ကောက်ရိုးပုံစောင့်တဲ့ခွေးဆိုပြီး စရာကပြဿနာဖြစ်တော့တာပဲ၊ အာကာလည်း နိုင်းနိုင်းဘက်က မခံနိုင်ဖြစ်ပြီး လက်တုံ့ပြန်လိုက်တော့ ရန်ပွဲက ကြီးကျယ်သွားတယ်"

"ဒါ အသေအချာပဲလား"

"သြော် ကျုပ်ကိုယ်တိုင် လှမ်းမြင်လိုက်ရလို့ ဆရာတွေကိုပြေးတိုင်ရတာ၊ ဒါထက် ရှင်က မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

"ကိစ္စရှိလို့ ဒါကအရေးမကြီးဘူး၊ အရေးကြီးတာက နိုင်းနိုင်းတို့ အတန်းပိုင်တီချယ်ကို အကျိုးအကြောင်းသွားပြောထားရအောင်၊ တော်ကြာ နိုင်းနိုင်းပါ အပြစ်ပေးခံနေရဦးမယ်လာ"

နိုင်းနိုင်းဟူသော လူပုံပန်းဖြူဖြူနွဲ့နွဲ့ကောင်လေး အတွက်နီရင်းဉာဏ်၏ ရင်တွင်း၌ ဖြစ်ပေါ်လာသော ပထမဦးဆုံးသော ပူပန်မှုတစ်ရပ်ပင်။

"အပြစ်မရှိတဲ့ လူအတွက် အပြစ်ပေးခြင်းဆိုတာ ဘယ်ဖြစ်လာနိုင်ပါ့မလဲနော် မိမော်"

"အေးပေါ့. . . ဒါပေမယ့် နိုင်းနိုင်းမိဘတွေကတော့ အကျိုးအကြောင်းသိရင် ရှင်နဲ့တွဲခိုင်းတော့မှာ မဟုတ်တာတော့ ကျိန်းသေတယ်"

"ဘာဆိုင်လို့လဲ"

"ရှင့်အနားမှာ သူအမြဲရှိနေသရွေ့ သူတို့သားအတွက် အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့ စိုးရိမ်စိတ်မျိုးရှိသော မိဘတွေအ





တွက်တော့ ဆိုင်နိုင်တာပေါ့"

"အေးလေ ဒါကတော့ ကျုပ်ကံပေါ့၊ ကိစ္စမရှိပါဘူး နိုင်းနိုင်းကို ကျုပ်ခင်မင်ခြင်းမှာ ဒါတွေမပါဘူး"

ကျန်းမာရေးဝန်ထမ်း ဆရာဝန်တစ်ဦး၏ သမီးဖြစ်သောနီရင်းသည် နိုင်ငံခြားနှင့် ဖက်စပ်ကုမ္ပဏီပိုင်ရှင် လုပ်ငန်းရှင်၏ သားဖြစ်သော နိုင်းနိုင်းနှင့်စာလျှင်တော့ မပြည့်စုံ၊ သို့သော် နီရင်းအတွက်သီးသန့် ကားမပေးနိုင်ခြင်းလောက်သာရှိသည်။ မော်လမြိုင်၌ လိုင်းကားတစ်စီးထောင်ထားပြီး အိမ်သုံးရန် စူပါစလွန်းတစ်စီးလောက်တော့ မိသားစုစီးနိုင်သည်။

ရန်ကုန်၌ ကိုယ်ပိုင်ကားမစီးနိုင်ခြင်းအတွက် နီရင်းဉာဏ် ဝမ်းနည်းနေလိမ့်မည်မဟုတ်။ ကျောင်းကိုလာရန် ကျောင်းကားများကရှိနေသည်။ နံနက်စောစော ကျောင်းကားစီးပြီး ကျောင်းဆင်းချိန်၌ ဖော်ဦးတို့အိမ်၌ ဖွင့်ထားသောဝိုင်းကိုပြေးရန် နိုင်းနိုင်းကားနှင့် ကပ်လိုက်ခြင်းဖြစ်သည်။

"နိုင်းနိုင်းမိဘတွေက သဘောထားသေးခဲ့ရင်တော့လည်း ကျုပ်ရဲ့ ကံတရားပေါ့၊ အတော်ပဲ ဖေဖေရောက်တုန်းဒီအကြောင်းတွေ ပြောပြရမယ်၊ ကံကောင်းချင်ရင်တော့ ကျုပ်အတွက်ကားတစ်စီး ဝယ်ပေးကောင်း ဝယ်ပေးသွားနိုင်တယ်"

"ကျုပ်ကားနဲ့ လိုက်စီးပါဆိုတော့ ရှင်ကမလိုက်ဘဲနဲ့"

"သြော် လိုက်လို့ဖြစ်မလား၊ ရှင့်အစ်ကိုတော်တွေရဲ့ မျက်လုံးတွေက ဗိုအားတွေ ဒီလောက်လွှင့်ထုတ်နေမှ ကျုပ်လိုက်ရဲမလားဆိုတာ ရှင်စဉ်းစားပြီးမှပြော"

"ဘာဖြစ်လဲ ယောက်မရယ်၊ ကျုပ်အစ်ကိုတွေက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တန်းမအောင်ပေမယ့် အချိန်တန်ရင် နိုင်ငံခြားသွားအလုပ်လုပ်ပြီး ရှင့်ကို ရွှေပေါ်မြှတင်ထားနိုင်ပါတယ်"

"တော်စမ်းပါ၊ ကျုပ်က အဲလိုလူမျိုး အထင်မကြီးတတ်ဘူး"

"ဘယ်လိုလူမျိုး အထင်ကြီးမှာလဲ"

"အဟတ်. . ဒါကတော့ ကျုပ်ဘဝတစ်ခုလုံးအတွက် အရေးအကြီးဆုံးသော လျှို့ဝှက်ချက်လေ၊ ရှင့်ကို ဘယ်ပြောလို့ဖြစ်ပါ့မလဲ"

နီရင်းဉာဏ်အနေဖြင့် အချစ်ကို နားမလည်ချင်သေး၊ သို့သော် အချစ်ဟူသော အရာကိုသူ့အနေဖြင့် နှစ်နှစ်ကာကာ လက်ခံနိုင်သော နေ့တစ်နေ့ကိုတော့ ရောက်လိမ့်မည်။

ခုနေတော့ မိမိကိုယ်မိမိ အလှပြင်ဆင်ခြင်း၊ လက်ချောင်းကလေးများလှပအောင် ချွန်မြခြင်း၊ အလှအပအတွက် ဈေးကို ခြေတိုအောင်ပတ်ရခြင်း၊ သီချင်းများကိုနားထောင်နေရခြင်း၊ ကိုယ်ကာယအလှအပအတွက် လေ့ကျင့်ခန်းယူရခြင်းထက် နေတော့ စိတ်ဝင်စားစရာကောင်းလိမ့်မည်ဟု နီရင်းဉာဏ်မထင်သေး။

သို့သော် နိုင်သော်စံနှင့်ပတ်သက်၍တော့ ကရုဏာစိတ်ကလေးဖြစ်ထွန်းသွားခဲ့သည်။

အတန်းချင်းက မတူသဖြင့် မုန့်စားလွှတ်ချိန်ကို စောင့်နေသေးသည်။ မုန့်စားဆင်းချိန်၌ နိုင်သော်စံကို သွားတွေ့ရမည်။

နိုင်သော်စံကအေးဆေးစွာပင် အိမ်မှထည့်ပေးလိုက်





သောမုန့်ဘူးကိုဖွင့်စားနေသည်။

ဤအချက်သည် နိုင်သော်စံ၏ ထူးခြားချက်ဖြစ်သည်။ ကျောင်းမုန့်ဈေးတန်းမှ မုန့်ကိုမစားချေ။

"နိုင်းနိုင်း"

"လာလေ နီရင်း"

"ယူနီရင်းကို ခေါ်ရဲသေးရဲ့လား"

"ဘာဆိုင်လို့လဲ၊ မုန့်စားဦး"

"ဟင့်အင်း. . နီရင်းစိတ်မကောင်းပါဘူး"

"ဘာအတွက် စိတ်မကောင်းရတာလဲ"

"နင့်မှာ. . နီရင်းအတွက် ဒဏ်ရာရတယ်ဆိုတော့"

နိုင်သော်စံကခေါင်းမှ ပလတ်စတာကပ်ထားသောဒဏ်ရာကို အသာစမ်းကာ. . .

"ဒါကတော့ အသေးအမွှားပါ"

"နင့်ကို ဘာမှ အရေးမယူဘူးလား"

"ကိုယ်မှာမှ အပြစ်မရှိတာ၊ သူတို့ကစတယ်၊ ငါရှောင်တယ် ဒါကိုရှောင်ခွင့်မပေးပဲ ဝိုင်းချလို့ ခုခံကာကွယ်ရတာ၊ မျက်မြင်သက်သေတွေရှိတာပဲ၊ စည်းကမ်းထိန်းသိမ်းရေးကလည်း ဘက်လိုက်မှုမရှိဘူးဆိုတော့ အမှန်တရားအတိုင်း ဖြစ်ရတာပေါ့"

"ဟိုကောင်တွေကိုဘာလုပ်လိုက်သလဲ"

"မိဘပြန်အပ်ပြီး စာမေးပွဲဖြေချိန်မှလာဖြေရမယ်၊ နောက်ဆုံး ဝမ်နင်အဖြစ် လက်မှတ်ထိုးခိုင်းလိုက်တယ်"

"ကောင်းတယ် ကျောင်းပါထုတ်လိုက်ဖို့ ကောင်းတာ"

"ဒီလောက်တောင်လည်း မေတ္တာတွေပွားများမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေတ္တာရှင်ကြီး၊ ဒါထက် နင်ကျောင်းအပြန် ငါ့ကိုခေါ်ရဲသေးရဲ့လား"

နိုင်သော်စံက နိုရင်းဉာဏ်၏မျက်နှာဖူးဖူးကလေးကို တစ်ချက်ငေးကြည့်လိုက်ပြီး

"ဘာဆိုင်လို့ မခေါ်ရဲရမှာလဲ"

"အန္တရာယ်ဆိုပြီးတော့လေ"

"ဘာမှမဆိုင်ဘူး၊ ကိုယ်တို့က သူငယ်ချင်းတွေပဲ၊ ဘာအတွက်ကြောင့်မှ လမ်းကြောင်းပြောင်းလွဲစရာ မလိုဘူးလို့ ကိုယ်ထင်တယ်"

"နင်အဘိုးက ဘာပြောသွားသေးလဲ"

"သူငယ်ချင်းဆိုတာ ယောကျ်ားလေးအချင်းချင်း၊ မိန်းကလေးအချင်းချင်းမှ တွဲရမယ်လို့ သတ်မှတ်ချက်မရှိပါဘူး၊ ယောကျ်ားလေး မိန်းကလေးကျောင်းနေဖက် သူငယ်ချင်းတွေ အတူသွားလာကြတာ အပြစ်တစ်ခုမဟုတ်ဘူး၊ သဘာဝတစ်ခုပါပဲတဲ့လေ"

"ဟာ. . လေးစားသွားပြီကွာ၊ နင့်အဘိုးကို ငါဦးညွှတ်ပါတယ်"

"ကိုယ့်ဘိုးဘိုးက အငြိမ်းစား အမျိုးသားကျောင်းအုပ်ဆရာကြီးဟောင်းပဲကွာ၊ လူငယ်တွေရဲ့ သဘာဝတရားကို နားလည်ပါတယ်၊ နိုရင်းနဲ့တောင် တွေ့ပေးရဦးမယ်"

"ကောင်းပြီလေ အဲဒီနေ့ကို နိုရင်းစောင့်မျှော်နေပါမယ် ကိုင်းသွားတော့မယ်"

"ကောင်းပြီ"





နိုရင်းဉာဏ် မိမိအတန်းသို့ပြန်ခဲ့သည်။ အတန်းစဉ်အလိုက်သူငယ်ချင်းအများအပြား ရှိခဲ့ပါသည်။ သို့သော် အားလုံးထဲတွင် နိုင်သော်စံအပေါ်များ ပိုနေမိပြီလား၊ နိုရင်းဉာဏ်ခေါင်းခါလိုက်သည်။

"ဘာတဲ့လဲ မင်းသားက"

"ဘာမှမပြောင်းလဲပါဘူး၊ ဒီအတိုင်းပဲ"

"လူပုံပျော့ပေမယ့် စိတ်ကတော့ ပျော့ပုံမရဘူး"

"အင်းနော်"

နိုင်သော်စံဆိုသည့် သူငယ်ချင်းသစ် မိမိဘဝအတွင်းသို့ ဝင်ရောက်မှုက တခြားသူများနှင့်မတူ၊ ထူးထူးခြားခြားတော့ရှိသည်။ သေချာသည်။

ယောကျ်ားလေး သူငယ်ချင်းအများစုသည် မိမိအပေါ်၌ အဘယ်မျှရိုးသားကြသည်ဆိုစေကာမူ မျှော်လင့်ချက်တစ်ရပ်တော့ဖြင့် ကပ်ငြိပါလာတတ်ကြောင်းကို သူတို့အရိပ်အငွေ့ဖြစ်စေ၊ အတိအလင်းဖွင့်ဟ၍ဖြစ်စေ ကြေညာသွားတတ်ကြသည်ချည်းပင်။

နိုင်သော်စံကတော့ ထိုသို့မဟုတ်ချေ။

အေးဆေးစွာဖြင့် မိမိအပေါ် သူငယ်ချင်းကောင်းတစ်ယောက်အနေဖြင့် စောင့်ရှောက်တတ်သူဟု။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"နိုရင်းဥာဏ်ဆိုတော့ ကပြားနာမည်ပေါက်မနေဘူးလားကွယ့်"

နိုရင်းဥာဏ်တော့ တွေ့တွေ့ချင်း ဆောက်နှင့်ထွင့်ခံရလေပြီ။

နိုင်သော်စံ၏ဘိုးဘိုး ဦးကောင်းဇံသည် နိုရင်းဥာဏ်ကို အကဲခတ်ပြီး မေးလိုက်သည်။

"ဟုတ်ကဲ့ ဘာရယ်မဟုတ်ဘဲနဲ့ မေမေက ကွန်ဗင့်ကျောင်းထွက်ပီပီ မည့်လိုက်တဲ့နာမည်တွေပါ ဘိုးဘိုး၊ မမကို





ချယ်ရီဥာဏ်၊ ကိုကိုက အင်ဒရူးဥာဏ်ဆိုတော့ ကျွန်မလည်း နိုရင်းဥာဏ်ဖြစ်လာတော့တာပါပဲ၊ ဒါပေမယ့် မှတ်ပုံတင်လုပ်တဲ့အခါတော့ အမည်ပြောင်းပေးဖို့ ဖေဖေ့ကို သမီးပြောထားပါတယ်"

"ဟုတ်လား ကောင်းတာပေါ့ကွယ်၊ ဒါထက် မိန်းကလေးအဖေက ဆရာဝန်ဆို"

"ဟုတ်ပါတယ်"

"မိန်းကလေးကကော ဆရာဝန်လုပ်ဖို့ ဝါသနာပါလာမှာပေါ့"

"ဟုတ်ကဲ့ ရည်ရွယ်ထားပြီး ကြိုးစားနေပါတယ် ဘိုးဘိုး"

"အိမ်း. . ကောင်းတယ် ကောင်းတယ်၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရမှာ လူသားတွေရဲ့အလုပ်ပဲ၊ ကြိုးစား သမီး ကြိုးစား၊ ကိုင်း. . ဘိုးဘိုးလမ်းလျှောက်ထွက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘိုးဘိုး"

နိုင်သော်စံ၏ဘိုးဘိုး ဦးကောင်းဇံထွက်သွားသောအခါမှနိုင်သော်စံက. . .

"လာထမင်းစားရအောင်၊ ဘွားဘွားက ထမင်းစားခန်းကစောင့်နေတယ်"

နိုင်သော်စံက ကျူရှင်မှအပြန်တွင်. . .

"ကိုယ်တို့အိမ်မှာ ထမင်းလိုက်စား၊ ဘွားဘွားက ယူ့ကို ထမင်းစားဖိတ်လိုက်တယ်"

ဆိုသဖြင့် နိုင်သော်စံ၏အိမ်သို့ နိုရင်းဥာဏ်လိုက်ပါခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော်စံက နီရင်းဉာဏ်နှင့် အဘိုးအဘွားအား တွေ့ပေးခြင်းဖြစ်သည်။

"လာဟေ့ နီရင်း . ။ နိုင်းနိုင်းကတော့ မြေးအကြောင်း အမြဲပြောလို့ ဘွားဘွားတို့က တွေ့ဖူးချင်နေတာ . ။ ဒီနေ့တော့ ဟင်းစုံတာနဲ့ မြေးကိုပါကျွေးချင်လို့ ခေါ်လိုက်ရတာ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဘွားဘွား"

"ငါ့မြေးက တယ်ချော တယ်လှတာကိုးကွယ့်၊ တကယ့်မယ့်ဗမာပဲ၊ ရုပ်ပါလှဆိုတော့ အင်းရုပ်ရှင်မင်းသမီးလုပ်ရင် ဖြစ်နိုင်တယ်၊ ခုခေတ်ဗီဒီယိုမင်းသမီးတွေများ ရင်မရှိ၊ တင်မရှိ၊ ပြားကပ်ကပ်ပိန်ပိန်လိမ်လိမ်တွေပဲ၊ ညှတတ်၊ ခရာတတ်ပြီး အိုက်တင်ကောင်းလို့ မင်းသမီးဖြစ်နေတာတွေ ဘွားဘွားတော့ ကြည့်လို့မရဘူး"

"ဩော် . . . ဘွားဘွားကလည်း၊ စွာတတ်၊ ညှတတ်၊ ခရာတတ်၊ ချွဲတတ်ပြီး၊ နွဲ့တတ်၊ ငိုတတ်တာကကိုပဲ အနုပညာပဲမဟုတ်လား၊ ဗီဒီယိုလဲမကြည့်ဘဲနဲ့ ဝေဖန်နေပြန်ပြီ"

နိုင်သော်စံ ဘွားဘွားကိုပြန်လည် ချေပလိုက်သည်။

သို့သော် ဘွားဘွားကလည်းမခံ။

"မကြည့်တာက ကြည့်လို့မရလို့ကို မကြည့်တာဟေ့ ရှင်းပြီးလား၊ ကိုင်း . ကိုရွှေနိုင်ရေ ပါးစပ်ကို ပိတ်ထားရင်ကောင်းမယ်၊ မင်းညှော့သည်မလေးခမျာ အစားအသောက်ပျက်နေဦးမယ်"

နီရင်းဉာဏ်က ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

သူမမှ အစားအသောက်မပျက်ဘဲ ဘွားဘွား၏ ငါးရံ့အူ





အချဉ်ဆီပြန်ကို နီရင်းဉာဏ်ခံတွင်းတွေ့သဖြင့် ခေါင်းမဖော်တမ်း ငုံ့လွေးနေမိသည့်အဖြစ်။

"မစိုးရိမ်ပါနဲ့ ဘွားဘွား၊ပြောစရာရှိရင် ပြောသာပြောပါ၊ ကျွန်မအတွက်မပူပါနဲ့၊ အစားအသောက်က လူနဲ့တည့်တယ်"

"အေး . . ကောင်းတယ်၊ ဘွားဘွားကအဲ့ဒီလိုမျိုး ပွင့်ပွင့်လင်းလင်းမှ ကြိုက်တာ၊ ကိုရွှေနိုင်တို့များကတော့ မြုံစိမြုံစိနဲ့"

နိုင်သော်စံထံသို့ နီရင်းဉာဏ်မျက်လုံးရောက်သွားသည်။ နိုင်သော်စံက ပြုံးလျက် မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

"ဟုတ်တယ် ဘွားဘွား၊ စကားပြောရင်လည်း မပွင့်တပွင့်နဲ့ ဘာလုပ်လုပ် မလုပ်တလုပ်နဲ့ ပျော့တိပျော့ဖတ်နဲ့၊ ကျွန်မလည်း အားမရဘူး"

"တစ်ခါတစ်ရံ ကိုယ့်နှုတ်အမူအရာ ယဉ်ကျေးခြင်းကို ပျော့ညံ့ခြင်းလို့ မြင်တတ်ကြတယ်၊ ဒါတွေကို နိုင်းနိုင်းသိသားပဲ ဒါပေမယ့် နိုင်းနိုင်းအရေးမစိုက်ဘူး၊ လောကကြီးမှာ ကိုယ့်ရဲ့ အပြုအမူနဲ့ လုပ်ဆောင်ချက်ဟာ တစ်ဖက်သားကို မထိခိုက်ဘူးဆိုရင် ပြီးတာပဲ"

"ဒါပေမယ့် လူရယ်စရာတော့ ဖြစ်ရင်မကောင်းဘူးပေါ့ ဟုတ်ဘူးလား၊ ငပေါကြီး အမည်တွင်သွားမှာပေါ့"

"ဂျယ်ကော အမည်မတွင်ဘူးလား"

နီရင်းဉာဏ်က ဇက်ကလေးပုသွားသည်။ နိုင်သော်စံက ဆယ်ကာ. . .

"ငါသိပါတယ် သာလိကာရယ်လို့ နိုင်းနိုင်းကမင်းကို ခေါ်ရလိမ့်မယ် နီရင်း"



www.burmeseclassic.com

www.burmeseclassic.com



"စတာပါကွာ၊ တစ်ခါတစ်ရံ လူကြီးလူကောင်းစတိုင်ဟာ နေးညံ့လွန်းတော့ . . အဟဲ"

"မုန့်လုံးစက္ကူကပ်နေပြီ နိုရင်း"

နိုင်သော်စံက နိုရင်းဉာဏ်ကိုကြည့်ရင်း ရယ်လိုက်သည်။ ထိုအခါ နိုင်သော်စံ၏ညီညွတ်သော သွားစွယ်တန်းလေးများ ဝင်းလက်စွာ ပေါ်ပေါက်လာခြင်း၊ ပါးနှစ်ဖက်တွင် သိသာစွာ နက်ရှိုင်းဝင်သွားသော ပါးချိုင့်နှစ်ဖက်ကြောင့် သူ၏အလှက မိန်းမချောဟု တင်စားခေါ်နိုင်သော၊ သို့တည်းမဟုတ် သနားကမား ရုပ်ရည်ဟု တင်စားခေါ်နိုင်သောအလှပေလားဟု နိုရင်းဉာဏ်က သုံးသပ်နေသေးသည်။

"စားပြီး လမ်းကြည့်ဆိုသလို ဖြစ်နေပြီထင်တယ်၊ ပြန်မှ တော်ကြာအန်တီလေး စိတ်ပူနေလိမ့်မယ်"

"အေးအေး ဟုတ်သားပဲ၊ သားကခေါ်မယ်ဆိုရင်လည်း ကြိုပြောခဲ့ဦးမှပေါ့"

"ဟုတ်ကဲ့၊ နိုင်းနိုင်းလည်း ဘွားဘွားဆီဖုန်းဆက်တော့ ဘွားဘွားက ဟိုဟာစား ဒီဟာစား စားမလာနဲ့ ဒီမှာငါးရံ့အူဟင်း နဲ့ ငါးရံ့ဆန်လှော်ချက်ထားတယ်ဆိုတော့ နိုရင်းကိုစားစေချင် တာနဲ့ ညှိသည်ပါခေါ်ခဲ့မယ်ဆိုပြီး နိုရင်းနဲ့လဲတွေ့ပေးချင်လို့ တမင်ခေါ်ခဲ့တာပါ"

"ဒါတော့ ဒါပေါ့ကွယ်၊ ဘွားဘွားကလည်း သတင်းကြီး တဲ့ မင်းသမီးကို တွေ့ချင်နေတာလဲ ပါတာပေါ့"

"ကျွန်မကြောင့် နိုင်းနိုင်းခေါင်းပေါက်ရတာမို့ ကျွန်မအား ပေါ်စိတ်မခုဘူးလား"





"ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွန်နဂိုက နွားမပေါင်ကိုး ဘာနဲ့ မဆိုင်သလိုပေါ့ မိန်းကလေးရယ်၊ ဘွားဘွားသဘော ပေါက်ပါတယ်၊ နောက်လည်း ဘွားဘွားတို့အိမ်ကို ဝင်ထွက်ပေါ့ ကွယ်"

"ဟုတ်ကဲ့ပါ ဘွားဘွား၊ အခုတော့ပြန်ခွင့်ပြုပါဦး"

"အေးအေး နိုင်းနိုင်းလိုက်ပို့လိုက်လေ၊ ကားကိုတော့ မင်းမမောင်းနဲ့နော်"

"ဟုတ်ကဲ့၊ စိတ်ချပါဘွားဘွား"

စိတ်ချပါဆိုသော နိုင်သော်စံသည် ကားကိုကိုယ်တိုင် မောင်း၍ နိုရင်းဉာဏ်အား လိုက်ပို့ပေးခဲ့လေသည်။

"မဆိုးပါဘူး၊ သူ့အဘိုးအဘွားကို ကျွန်မတော့ချစ်သွားပြီ နိုင်းနိုင်း"

"ကောင်းတာပေါ့"

"ဘာဖြစ်လို့လဲ"

"ဪ . . နောက်ကိုယူလာရင် ဘွားဘွားကကောင်း ကောင်းကိုကျွေးတော့ မွေးတော့မှာကိုပြောတာ . . သွားမယ်"

နိုင်သော်စံ၏ ရိုးသားခြင်းများကိုသာ နိုရင်းဉာဏ်တွေ့ မြင်ခဲ့ခြင်းကြောင့် တွယ်တာခြင်း၊ ခင်မင်ခြင်းတို့က ပိုခဲ့ရသည် ဆင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"စာမေးပွဲနီးနေပြီနော် နိုရင်း"

"သိပါတယ်၊ အချိန်မီပါတယ်၊ ဖေဖေက ကားနဲ့ချက်ချင်းပို့မှာပဲဟာ"

"ယူ့ဝါသနာကလည်းဟာ"

နိုင်သော်စံက မော်လမြိုင်မသွားခင် ဖုန်းဖြင့်နှုတ်ဆက်လိုက်ရာ ထုံးစံအတိုင်း နိုင်သော်စံက စကားကြောရှည်သည်။

"ဘာဖြစ်သလဲ၊ ကျန်းမာ ကြံ့ခိုင်ခြင်းဆိုတာ လှပတဲ့ဂုဏ်ရည်တစ်ရပ်ပဲ၊ ဒီဂုဏ်ရည်အတွက် ဆုရတာမရတာ ပဓာနမ





ဟုတ်ဘူး၊ ယှဉ်ပြိုင်ခြင်းသာ အဓိကဖြစ်လို့ နိုရင်းသွားပြိုင်တယ်ဆိုတာ ယူသဘောပေါက်"

"ပေါက်ပါတယ်၊ ယူကဗီဒီယို၊ ရုပ်ရှင်မင်းသမီးလုပ်ဖို့ ဝါသနာမပါဘဲ ဆရာဝန်လုပ်မယ်ဆိုတော့ စာဘက်မှာပဲအချိန်ပေးတာ မကောင်းဘူးလား၊ ဒါတွေက ထင်ပေါ်ကျော်ကြားမှုကို လိုလားသူတွေအတွက်"

"နိုး. . နိုး. . ယူ့အတွေးအခေါ်တွေ မော်ဒန်အောက်နေပြီ နိုင်းနိုင်း၊ အာရောဂျံပရမ်လာဘ် တဲ့လေ၊ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးပဲ၊ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ အလုပ်လုပ်နိုင်မှ နိုင်ငံအကျိုးသယ်ပိုးနိုင်မယ်၊ ဒီတော့ကာ နိုရင်းတို့တိုင်းပြည်မှာ ကျန်းမာသန်စွမ်းတဲ့ လူသားတွေများစွာ ရှိနေဖို့လိုအပ်တယ်၊ [illegible]ာရှိက်ကုန်းအဖြစ်နဲ့ စာတွေဖိကျက်ပြီး ပါဝါထူတပ်ပြီး ဆရာဝန်အဖြစ်ထက် ကျန်းမာသန်စွမ်းပြီး လူနာကမြင်လိုက်တာနဲ့ ဆောင် ရောဂါတစ်ဝက်သက်သာအောင် အားကိုးထိုက်တဲ့ ကြံ့ခိုင်သန်စွမ်းတဲ့ဆရာဝန်အဖြစ်မျိုးက ပိုမကောင်းဘူးလားဟင် နိုင်းနိုင်း"

"တော်ပါတယ် မယ်မင်းကြီးမ၊ ယူ့ကို အရှုံးပေးပါတယ်၊ ဟုတ်ကဲ့ နိုင်းနိုင်းမှားသွားပါတယ်၊ ဘယ်အချိန်သွားမှာလဲ"

"မနက်စောစော လေးနာရီရထားနဲ့"

"ဟုတ်လား၊ ကားအဆင်ပြေရဲ့လား"

"ပြေတယ်၊ အန်တီလေးမိတ်ဆွေတစ်ဦး ပို့ပေးမယ်"

"မပြေရင်"

"ကျေးဇူးအနန္တပါရှင်၊ ဒါပဲနော် အိမ်မက်လှလှမက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေ"

"ပေးတဲ့ဆုနဲ့ ပြည့်စေဗျာ"

"ဩော် နိုင်းနိုင်းမချနဲ့ဦး"

"ဘာပြောမလို့လဲ"

"ယူ့အတွက် ဘာဝယ်ခဲ့ရမလဲ"

"အောင်မြင်မှု"

"ဘာ"

"အောင်မြင်မှုသရဖူကိုဆောင်းပြီး ယူပြန်ခဲ့ပေါ့ ဟုတ်လား. . ဒါပဲ"

နိုင်သော်စံဘက်မှ ဖုန်းချသွားလေသည်။ နိုရင်းဉာဏ်ကပြုံးကာ ပခုံးတွန့်ပြီး ဖုန်းကိုချကာ အိပ်ခန်းထဲဝင်ခဲ့သည်။

နိုရင်းဉာဏ် ထိုနှစ်က တကယ်ပင် မွန်ပြည်နယ်၏ လှယဉ်ကျေးမယ် သရဖူကို ဆောင်း၍ ပြန်လာနိုင်ခဲ့သည်။

နိုင်သော်စံက ဓာတ်ပုံတွေတောင်းယူသွားခဲ့သည်။ နိုရင်းဉာဏ်နှင့် ပတ်သက်၍နိုင်သော်စံသည် အဖြူသက်သက်ဟုသာ နိုရင်းဉာဏ်နားလည်ထားသည်။

ဆယ်ကျော်သက်အရွယ်၌ ဖြစ်လေ့ဖြစ်ထရှိသော. . စွဲလမ်းမှုများသည် တပ်မက်မှုမပါပဲ ရှင်းသန့်သော အဖြူရောင်သက်သက်သံယောဇဉ်ဟု နိုရင်းဉာဏ်တဖြည်းဖြည်း နားလည်ခဲ့ရသည်နှင့်အမျှ နှောင်းသွားခဲ့လေသည်။

"နိုရင်း. . နိုရင်း. . "









# အခန်း(၁၀)

အိပ်မက်မက်နေစဉ် တစ်ဝက်တစ်ပျက်နှင့် နိုးလာရသောလူနှယ် တင်ယွန်းစံလှုပ်လှုပ်ရှားရှား ကယောင်ကတမ်းဖြစ်သွားသည်။

လက်ထဲ၌နေသော နိုရင်းဉာဏ်၏လှုပ်ရှားမှုအပြည့် ဓာတ်ပုံအယ်လ်ဘမ်လေးသည် မွေ့ရာထက်သို့ ထုတ်ခနဲ ပြုတ်ကျသွားသည်။

ထို့အတူ ကက်ဆက်မှထွက်ပေါ်နေသော နိုင်းနိုင်း၏အသံမှာ ပဲ့တင်ထပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းရောက်တော့ နိုင်းနိုင်းနဲ့မင်း တစ်ခန်းတည်း နော်၊ နိုင်းနိုင်းသိပ်ပျော်တာပဲ နိုရင်းရယ်၊ ပျော်လွန်းလို့လေ နိုင်းနိုင်းတစ်ခါမှ မလုပ်ဖူးတဲ့အလုပ်တစ်ခုကို လုပ်လိုက်မိတယ် သိလား၊ အဲဒါက ဘာလဲဆိုတော့ ညအိပ်ရာဝင်မှာ"

"နိုရင်း တယ်လီဖုန်းလာနေတယ်"

"ဂျလောက်"

ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပြီး တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်တော့ တင်ယွန်းစံ၏လက်တို့သည် တုန်ယင်နေသည်။

"တင်ယွန်းစံပါ"

"တင်ယွန်းစံ"

တင်ယွန်းစံ ဝုန်းခနဲထလိုက်သည်။ မိမိ၏နှလုံးသားကို စိုးမိုးလွန်းသော အသံရှင်သည် မိမိဘဝကို ဘာများခြယ်လှယ် ဖန်တီးဦးမည်နည်း။

"ကိုကို"

"ကျုပ် ဘာကြောင့် စေ့စပ်ပွဲကိုဖျက်သိမ်းလိုက်ရတယ် ဆိုတာ မင်းသဘောပေါက်ပါပြီနော်"

"ရှင်. . . ကျွန်မ. . ကျွန်မ. . ဘာကိုသဘောပေါက် ရမှာလဲ"

တုန်ယင်မှုကို ထိန်းချုပ်ထားသည့်ကြားထဲက အသံတွေက ထစ်ထစ်ငေါ့ငေါ့ တုန်တုန်ယင်ယင်။ မိန်းမသား၏ မာနတို့သည် ဘယ်ချောင်၌များ သွားရောက်အိပ်ပျော်နေရသနည်း။

"ကျုပ်ပေးခိုင်းလိုက်တဲ့ ပစ္စည်းကို မင်းဒီအတိုင်းပဲ အလှ





ကြည့်ထားသလား"

တင်ယွန်းစံ မဲ့လိုက်သည်။မာကျောလိုက်တဲ့ အသံနှယ်။

"နိုင်းနိုင်းနဲ့ရှင်. . ."

"နိုင်းနိုင်းဆိုတာ ကျုပ်ညီပဲ"

"ရှင်. . ."

နိုင်းနိုင်းအသံ ကြားရရုံမျှဖြင့် နိုင်သော်စံနှင့် ဦးရဲတင်ကျော်မည်ကဲ့သို့ ဆက်စပ်သည်ကိုပင် စဉ်းစားရန် မေ့လျော့သွားပြီး အတိတ်လွင်ပြင်သို့ သမင်လည်ပြန်ရောက်ရှိနေခဲ့သည့် အဖြစ်သည် အိပ်မက်ကနိုးထလာသည့် နှယ်ပင်ဖြစ်သွားရပြန်သည်။

"ဟုတ်တယ် တင်ယွန်းစံ၊ မင်းကြောင့် သေချိန်မတန်သေးဘဲ သေဆုံးသွားခဲ့ရတဲ့ ကျုပ်ညီအတွက် ယူကျုံးမရစိတ်နဲ့ ခြောက်လှန့်ခံနေရတဲ့ အိပ်မက်ဟာ မပြီးဆုံးသေးပါဘူး၊ ဒီလိုဆိုရင်မင်းသဘောပေါက်မှာပါ၊ မင်းမျက်နှာကိုမြင်တိုင်း ညီလေးရဲ့ မျက်နှာကိုမြင်ပြီး ကျုပ်ဘဝ ခြောက်လှန့်ခံနေရမှာ အမှန်ပဲ၊ ဝမ်းနည်းပါတယ် တင်ယွန်းစံ"

မျက်ရည်များက အတားအဆီးမဲ့ စွာပိုးပိုးပေါက်ပေါက် ကျလာသည်။

"ကျုပ်ရဲ့အပြုအမူကြောင့် မင်းရဲ့ဂုဏ်သိက္ခာ ကျဆင်းသွားတယ်ဆိုရင်လည်း မင်းကြောင့်ဖြစ်ပွားခဲ့ရတဲ့ ညီလေးသေဆုံးမှုအတွက်နဲ့ ကျေသွားပြီလို့ မှတ်ယူလိုက်ပါ၊ ဒါပါပဲ၊ မင်းကျုပ်နဲ့ ပတ်သက်စရာ မရှိတော့ဘူးဆိုတာ နားလည်လိုက်ပါ"

"ဂျလောက်"



www.burmeseclassic.com

www.burmeseclassic.com



တင်ယွန်းစံဘက်မှ မည်သည့်တုံ့ပြန်မှုမှ ပြန်မပေးလိုက်နိုင်ခင် တစ်ဖက်မှ ဖုန်းချသွားလေသည်။

"မင်းနဲ့ကျုပ် ပတ်သက်စရာ မရှိတော့ဘူး"

ထိုစကားစုသည် တင်ယွန်းစံ၏ နားထဲ၌ ပဲ့တင်ထပ်ညံနေသည် တယ်လီဖုန်းကို လွှတ်ချလိုက်သည်။ ထို့နောက် မိမိ၏ အားထားရာဖြစ်သော အိပ်ရာထက်သို့ ပစ်လှဲချကာ ယခုအချိန်အခါ၌ မိမိအတွက် အဖော်ကောင်းအဖြစ် ရောက်ရှိနေသော မျက်ရည်များနှင့်သာ အလွမ်းဖွဲ့လိုက်ရလေသည်။

"နိုင်းနိုင်းရယ်. . . ယူသေရတာ နိုရင်းကြောင့်၊ ဟုတ်တယ် နိုရင်းကြောင့်ပါ၊ ဒါကိုနိုရင်း မေ့မရလို့ နိုင်းနိုင်းကလွဲပြီး ဘယ်သူ့ကိုမှ ချစ်ဖို့စိတ်မကူးခဲ့တာ နိုင်းနိုင်းအသိပါ"

"နိုင်းနိုင်းကြောင့် နိုရင်းတစ်သက်မှာ တစ်ခါပဲ ပွင့်မယ့် အချစ်ပန်းဟာ နှစ်အတော်အတန်ကြာအောင် မပွင့်မလန်းခဲ့ဘဲ ကိုကိုနဲ့တွေ့မှသာ"

"နိုင်းနိုင်းရယ် ယူ နိုရင်းကို ကျိန်စာတိုက်ထားရစ်ခဲ့တာလားဟင်"

ရင်တွင်း စကားပေါင်း မြောက်မြားစွာဖြင့် တင်ယွန်းစံသည်ကြေကွဲမှု မျက်ရည်စများဖြင့်. . . .







# အခန်း(၁၁)

"မဟုတ်သေးပါဘူး နိုင်းနိုင်းရာ၊ ပျိုပျိုအိုအို သင်္ကြန်ဆိုသူတို့က ဆိုတဲ့ သီချင်းလေးလိုပေါ့ဟာ၊ တစ်နှစ်မှာ တစ်ခါပဲ ပျော်ရတဲ့ သင်္ကြန်မှာတော့ နိုရင်း၊ ဥပုသ်မစောင့်နိုင်ဘူး၊ ရေပက်ခံထွက်မယ်၊ မဏ္ဍပ်တွေကို လိုက်ကြည့်မယ်၊ လုပ်ပါဟာ. . ယူပါ လိုက်ခဲ့စမ်းပါ"

"နိုင်းနိုင်းက ဥပုသ်စောင့်နေကျဆိုတော့. . ဒီနှစ်မှာ မစောင့်ရင် ဘွားဘွားတို့က ပြောမှာပေါ့"

နိုရင်းဥာဏ်က ရယ်လိုက်သည်။ နိုင်သော်စံက တတွယ့်



www.burmeseclassic.com

www.burmeseclassic.com

ကို လူပျော့ရုံတင်မက စိတ်ကပါ အဘိုးကြီးအိုစိတ် ပေါက်နေသည်ဟု နီုရင်းဉာဏ်က ဝေဖန်လိုက်သည်။

"ယူကတော့ တကယ့်အဘိုးကြီးအိုပေါက်စပဲ၊ ဘာလဲ ဘိုးဘိုးဘွားဘွားတို့ကို နင်မပြောရဲလို့လား၊ မပြောရဲရင် နီုရင်း ပြောပေးမယ်လေ၊ နီုရင်းတို့ အတက်နေ့ရောက်ရင် မော်လမြိုင် ဘက်သွားမယ်၊ မောင်လမြိုင်သင်္ကြန်က နှစ်ဆန်းတစ်ရက်နေ့ ထိရှိတာ၊ ဖေဖေ့ကို နီုရင်းပြောပြီးပြီ၊ လာခေါ်မယ်တဲ့"

နီုရင်းဉာဏ်က ရွှန်းရွှန်းဝေအောင် ပြောနေသလောက် နိုင်သော်စံက စဉ်းစားနေသည်။

"အေးလေ. . ဒီနှစ်က ဆယ်တန်းဖြေပြီးတဲ့နှစ်လည်း ဖြစ်တော့ ဘိုးဘိုးဘွားဘွားက နိုင်းနိုင်စိတ်တိုင်းကျပါ၊ ပြောရင် ဖြစ်ပါတယ်၊ ဒါပေမယ့် နိုင်းနိုင်းက ယူ့ကိုပါ ရိပ်သာလိုက်စေချင်တာ"

"ဟိုး. . ဟိုး. . ချမ်းသာပေးပါ ကိုယ်တော်၊ မောင်ရင် မလိုက်ချင်နေတော်မူပါတော့၊ ကျွန်တော်မျိုးမလည်း ခေါ်တော် မမူတော့ပါဘူး"

နီုရင်းဉာဏ်က မဲ့ကာရွဲ့ကာ ပြောလိုက်သည်။ ဤသည် ကိုနိုင်သော်စံက သဘောကျစွာပြုံးကြည့်နေမိသည်။

ဘယ်လိုအနေအထားပဲဖြစ်ဖြစ် လှပကာ ချစ်စရာ ကောင်းလွန်းသော နီုရင်းဉာဏ်ကို ငေးကြည့်မိသည်နှင့် အမြဲ သူမ၏ ဆန္ဒတို့ကို လိုက်လျောလိုသောဆန္ဒက ဖြစ်ပေါ်လာ သဖြင့်. . .

"ကောင်းပြီလေ၊ နိုင်းနိုင်းလိုက်မယ်"





"ဟေး. . ဒါကြောင့် နိုင်းနိုင်းကို တို့ချစ်တာ"

နီုရင်းဉာဏ်၏ စကားကြောင့် နိုင်သော်စံ မျက်လုံးပြူး သွားသည်။ သို့သော် ချက်ချင်းပင်မျက်နှာကို ပြန်ပြင်လိုက်သည်။ သူငယ်ချင်းချစ်၏ ရိုးသားမှုကို သူကတလွဲ ဆံပင်ကောင်း၍ မဖြစ်။

"ဒီလိုဆို အာကာတို့ မိမော်တို့ဆီကို နီုရင်း ဖုန်းဆက် ပြောလိုက်တော့မယ်နော်၊ ဒီကောင်တွေသိရင် ဝမ်းသာကြမှာ"

"အင်း. . . နိုင်းနိုင်းလည်း ပြန်တော့မယ်၊ ဘိုးဘိုးတို့ကို ပြန်ပြောလိုက်ဦးမယ်၊ ကားကကော စီစဉ်ပြီးပြီလား"

"ပြီးပါပြီ၊ အာကာစီစဉ်လိမ့်မယ်"

"လူကကော ဘယ်နှယောက်လဲ"

"ထင်တယ်၊ ယူ့အမေးအမြန်းထူတော့မယ်ဆိုတာကို"

"သိထားတော့ မကောင်းဘူးလား"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မနီုရင်းဉာဏ်ရယ်၊ မိမိမော်ရယ်၊ သူ့ညီမနှစ်ယောက်ရယ်၊ အာကာ့အစ်မရယ်၊ ညီမရယ်ဆိုတော့ မိန်းကလေးက ခြောက်ယောက်၊ ယောကျ်ားလေးကတော့ အာကာရယ်၊ ပေါက်စီရယ်၊ မိမော်အစ်ကိုငယ်ရယ်၊ နင်ရယ်ဆို တော့ လေးယောက်၊ ပေါင်းဆယ်ယောက်ပါတဲ့ရှင်၊ ဘာမေးဦး မလဲ"

"ကားက ဘယ်သူ့ကားလဲ"

"မိမော်တို့ကားလေ၊ ဆန်နီပစ်ကပ်ကို အမိုးဖွင့်မယ် တဲ့"

နိုင်သော်စံစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"နိုင်းနိုင်းကားနဲ့ပဲ လျှောက်လည်လို့ မဖြစ်ဘူးလား"

"ဟာ. . . ယူဆလွန်းကားနဲ့ ဘယ်နှယောက်ဆံ့မှာလဲ၊ ရေပေါက်ခံထွက်ပါတယ်ဆိုမှ ဆလွန်းကားနဲ့ဖြစ်မလား"

"ဖြစ်ပါတယ်၊ နိုင်းနိုင်းတို့ လေးယောက်ပဲ လည်ကြမယ်လေ"

နိုရင်းဉာဏ်က တစ်ခါတစ်ရံ ကလေးဆန်သော. . နိုင်သော်စံကို ရယ်ချင်သွားသည်။

"ဟုတ်တယ်၊ ရှင်နဲ့ ကျွန်မက ဥတစ်လုံး တစ်ကောင်ကွက်လို တစ်ယောက်စီလည်လို့ရပေမယ့် မိမော်တို့ အာကာတို့က မောင်နှမတွေကို ဘယ်ဖြုတ်ထားခဲ့မလဲ၊ ကျည်မတွန်စမ်းပါနဲ့ နိုင်းနိုင်းရာ၊ နိုရင်းစီစဉ်တာပဲ လိုက်ခဲ့စမ်းပါ၊ သိပ်မစဉ်းစားနဲ့၊ ဦးနှောက်စားပြီး ဆံပင်ဖြူမယ်သိလား"

နိုင်သော်စံ လက်မြှောက်အရှုံးပေးလိုက်သည်။

"နိုရင်း သဘောပဲကွာ၊ နိုင်းနိုင်းဘာမှ မပြောတော့ဘူး နိုရင်းရဲ့ ကိုယ်ရံတော်အနေနဲ့ပဲ တို့လိုက်တော့မယ်၊ ပြန်မယ်"

"ခြေလှမ်းတစ်လှမ်းလှမ်းလိုက်တိုင်း အတွေးတစ်မျိုးဝင်ပြီးစိတ်ထားပြောင်းလွဲမသွားနဲ့ဦးနော်၊ နိုရင်းက ယူလိုက်မယ်ဆိုလို့ ပျော်နေတာ"

"ဒါတော့ အာမမခံဘူး"

နိုင်သော်စံက နိုရင်းဉာဏ်အား လက်တစ်ချက်ပြပြီး နှုတ်ဆက်ထွက်ခွာသွားသည်။

နိုရင်းဉာဏ်က မျက်စိတစ်ဆုံးကြည့်ရင်းကျန်ရစ်ခဲ့သည်။ သံယောဇဉ်ဆိုတာ ရင်းနှီးခြင်းက မြစ်ဖျားခံခဲ့သည်ထင်ပါသည်။



နိုရင်းဉာဏ်အနေဖြင့် မိမိသွားလေရာ အမြဲတွဲတွဲ မခွဲတမ်းအတူတူ နိုင်သော်စံ ရှိနေစေချင်သည်ကတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"ယောက်မရေ. . သူငယ်ချင်း ဘာလုပ်နေသလဲ"

"လာကွာ"

မှန်တင်ခုံရှေ့၌ အလှအပကို စိတ်ရှည်လက်ရှည် ခြယ်မှုန်းနေသော နိုရင်းဥာဏ်ထံသို့ မိမိမော်က ဝင်တွေ့ကာ မှန်တင်ခုံ အနီးရှိ ခုတင်၌ ဝင်ထိုင်လိုက်သည်။

"စိတ်ညစ်ပါတယ် နိုရင်းရာ"

"ဘာဖြစ်လို့လဲ၊ ကျွန်မ မလှလို့လား"

"လှပြီးသားရှင်က ဒီလောက်အလှပြင်နေတော့ ကျုပ်တို့





လို မလှတဲ့သူတွေ ငုတ်တုတ်ထိုင်သေဖို့ပဲ ကောင်းတော့တယ်၊ တကထဲမှ ကျုပ်တို့ ပြင်ဆင်ဖို့များ ထားပါဦးတော့လား"

"ဒါကတော့ ဝါသနာလေ၊ ရုပ်လှတဲ့လူ မပြင်ရဘူးလို့ ဘယ်ဥပဒေကများ သတ်မှတ်ထားသလဲ၊ ကိုင်း. . ရှင်းပြစမ်း"

"ကဲပါ. . မိကျောင်းမင်းရယ်၊ ကျုပ်မှားပါတယ်၊ ရှင် ဘယ်ကို ကြွမြန်းမလို့လဲ"

"ဈေး. . . ဗိုလ်ချုပ်ဈေး၊ ကျုပ်ကြက်ခြေနီ ဖက်ရှင်မယ် ပြိုင်ပွဲ ဝင်ပြိုင်မလို့၊ အဲဒါ ကျုပ်နဲ့ လိုက်ဖက်ညီနိုင်မယ့် ဖက်ရှင် မျိုး ရွေးချယ်ဖို့အတွက် လေ့လာရေးထွက်မလို့"

"ကောင်းကွာ"

"သိပ်ကောင်းတာပေ့ါ၊ ရှင်ကော ကျုပ်ဆီ ဘာကိတ်လဲ"

"ပျင်းလို့"

"ဒါဖြင့် ကျုပ်နဲ့ လိုက်ခဲ့"

"ဈေးကို ခြေတိုအောင် ပတ်ရမယ့် အလုပ်မျိုး ကျုပ် ဝါသနာမပါဘူး၊ ဒါထက် ရှင်က တစ်ယောက်တည်း ကြွမြန်းမလို့ လား"

"နိုး. . နိုး. ."

နိုရင်းဥာဏ်က နိုးနိုးဟု ဆိုကာ မျက်လုံးတစ်ပတ်လည် လိုက်ပြီးမှ မှန်တင်ခုံရှေ့ ခွေးခြေပုကလေးမှ ထလိုက်သည်။ ပြီးတော့မှ ကိုယ်ကို တစ်ပတ်လှည့်ကာ မှန်တင်ကြည့်ရှုပြန်ရေး ပြုလိုက်သည်။

"မိန်းမကိုက မျက်စိနောက်တယ်၊ မေးတာဖြေဦး. . ယောက်မစုတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း၊ ရှင်မလိုက်လည်းနေပေါ့၊ ကျုပ်အနားမှာ လိုက်မယ့်လူက အဆင့်သင့်ရှိပြီးသားပဲ"

"ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာ ရှင်တကယ်မသိဘူးလား မိမော်"

"ပဟေဠိ အဖြေညှိခိုင်းနေတာ မဟုတ်ဘူး မိနို"

နိုရင်းဥာဏ်က လှပစွာ ထိုင်လိုက်သည်။

"ရှင် တကယ်မသိဘူးလား"

မိမိမော်က ထိုင်ထိုင် ထထ၊ သွားသွားလာလာ ဘယ်လိုပဲ လှုပ်လှုပ်ရှားရှား ကြွကြွရွရွလေးဖြင့် လှနေတတ်သော နိုရင်းဥာဏ် ကိုကြည့်ပြီး သက်ပြင်းတစ်ချက်ရှိုက်ပြီးမှ. . . .

"မသိလို့ ရှင့်ကို လေကုန်ခံပြီး မေးနေတာပေါ့"

"အဟင်း. . . ဘယ်သူရှိမှာလဲ၊ ကမ္ဘာပေါ်မှာ ကျုပ်အပေါ် စိတ်အရှည်ဆုံးသော လူသားတစ်ယောက်ဖြစ်တဲ့ ကိုရွှေနိုင်းနိုင်းပေါ့"

မိမိမော်က မျက်စောင်းထိုးကာ. . .

"ရှင်နော်. . . ကျုပ်သူငယ်ချင်းရဲ့ နှလုံးသားနုနုကလေးကို အနာတရဖြစ်အောင် ပြုစားမလို့လား"

"ပြုစားဖို့ နေနေသာသာ ရှင့်ကိုယ်တော်လေးက သံမဏိလူသား ကျနေတာပဲ၊ ကျုပ်လိုလှပတဲ့ မိန်းမသားတစ်ယောက် သူ့အနားမှာ ရှိနေတာတောင် ရင်ခုန်မှုသံစဉ် ဖြစ်ထွန်းပုံမရဘူး"

မိမိမော်က နိုရင်းဥာဏ်ကို တအံ့တသြကြည့်လိုက်သည်။ သူ့အနေဖြင့် နိုရင်းစကားကို မယုံကြည်နိုင်။ သို့သော် နိုရင်းဥာဏ်သည် ဟန်ဆောင်မှုကင်းမဲ့သော မျက်နှာပေးလှလှ





ကလေးဖြင့် ရှိနေလေရာ. . .

"ရှင် တကယ်ပြောတာလား"

"ကျုပ် မညာတတ်တာ ရှင်သိပါတယ်"

"ကျုပ်ထင်တာက ရှင်တို့နှစ်ယောက် နားလည်မှုရှိနေကြပြီလို့"

"ဘာနားလည်မှုလဲ"

ဩော်. . . ဘွဲ့ရရင် လက်ထပ်မယ်၊ တို့ ဒီကြားထဲတော့ သူငယ်ချင်းလိုပဲ ဆက်ချစ်သွားကြမယ်တို့ ဘာတို့ပေါ့"

"အိုး. . ဟိုးဟိုး"

နိုရင်းဥာဏ်က မိမိမော်အပါးမှထကာ ပခုံးကို လှပစွာ တွန့်လိုက်ပြီးမှ. . .

"လက်ထပ်ခြင်းဆိုတာ သိပ်ကို အလှမ်းဝေးတဲ့ကာလပါ မိမော်ရာ၊ တကယ်ပါ. . ဘုရားစူး မိုးကြိုးပစ်ပါစေရဲ့၊ ကျုပ်ကိုလေ ရှင့်ကိုယ်တော်နိုင်းနိုင်းကပရိုပို့စ်လုပ်ဖို့နေနေသာသာ အရိပ်အယောင်လေး ပြသဖော်မရဘူး သိရဲ့လား"

"ဒါဖြင့် ရှင်ကကော ရေမလာရင် ရေလာအောင်. . မြောင်းမဖောက်ပေးလိုက်ဘူးလား"

"တော်စမ်းပါ၊ ကျုပ်က ဘာဆိုင်လို့ မြောင်းဖောက်ရမှာလဲ၊ နိုင်းနိုင်းဆီက မဟုတ်ဘဲ ရှင့်အစ်ကိုအပါအဝင် ဥက္ကာတို့ကအစချီပြီး လာသမျှသောရေတွေ မလျှံစေဖို့တောင် တာတမံကတ်ထားရတာ ရှင်အသိပဲဟာ၊ နိုင်းနိုင်းကိုလည်း သူငယ်ချင်းအချစ်ထက် မပိုတာတော့ သေချာတယ်၊ သူနဲ့တွဲဖြစ်တာက သူ့က ကျုပ်အပေါ်မှာ စိတ်ရှည်တယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တီတီ. . . တီတီ"

"ဟော. . . ဟွန်းသံကြားတယ်၊ နိုင်းနိုင်းလာပြီထင်တယ်. . ကဲပါ ရွှေယောက်မရယ်၊ ရှင့်ဒီဗိုင်းကလည်းမိုက်ပါတယ်၊ လိုက်ခဲ့စမ်းပါ၊ ပြီးရင် ကျုပ်တို့ ဟက်ပီးဝေါလ်မှာ တိုက်ကားသွားစီးကြရအောင်"

"သဘော. . သဘော၊ ရှင့်သဘောပဲ"

"ဒါကြောင့် ရွှေယောက်မကိုချစ်ရတာ"

နီရင်းဉာဏ်က မိမိမော်၏ ဘယ်ဘက်ပါးပြင်ထက် ရွှတ်ခနဲ့ နေအောင် အနမ်းတစ်ပွင့် ခြွေချပေးလိုက်သည်။

"ကျုပ်အိမ်ဝင်ပြီး ရေယူလိုက်ဦးမယ်"

"အချိန်ပုပ်ပါတယ်၊ ကျုပ်ဆီကယူထား၊ ရော့. . တင်းသောင်ဇင်"

နီရင်းဉာဏ် မိမိမော်အား ငွေတစ်သောင်း လှမ်းပေးလိုက်သည်။ မိမိမော်က သူမ၏ ပိုက်ဆံအိတ်သေးသေးထဲသို့ ပိုက်ဆံထည့်လိုက်ပြီး နီရင်းဉာဏ် အိမ်ခန်းထဲမှ ထွက်ခဲ့သည်။

"နိုင်းနိုင်းရောက်နေပြီလေ၊ ပြင်လို့ မပြီးသေးဘူးလား" လေးလေး၏ အသံက ဧည့်ခန်းဘက်မှ ထွက်ပေါ်လာသည်။

"လာပြီ လေးလေး၊ လာပြီ"

လာပြီဆိုသော်လည်း နီရင်းဉာဏ်က မှန်ရှေ့တွင် အသာရပ်ပြီး ဆံစလေးများကို သပ်လိုက်သေးသည်။ ဖားလျားဝဲနေသော သူ၏ဆံပင်ကို သပ်ရန်အတွက် ဝက်မှင်ဘီးကလေးကိုလည်း စလင်းဘက်အိတ်ထဲသို့ ထည့်လိုက်သေးသည်။

"လှအိုးကွဲရေ. . . မှန်လည်းပေါက်ဦးမယ်ကွယ့်"





"လာပါပြီဆိုမှ ဘာမှန်းလဲမသိဘူး၊ အန်တီလေးတို့များ ငယ်ရာကကြီးလာတာ မဟုတ်တဲ့အတိုင်းပဲ၊ နည်းနည်းပါးပါး တော့ ပြင်ဆင်ဦးမှပေါ့၊ မိန်းမသား ဂုဏ်အင်ထဲမှ အလှအပဆိုတာလဲ ဂုဏ်တစ်ရပ်ပဲ မဟုတ်လား"

နိုင်သော်စံကတော့ အသားအရေဝင်းဝါ မှုန့်နှင့်အညီလှပစွာဖြင့် ပြင်ဆင်ပြီး အစိမ်းဖျော့ဖျော့နှင့် အဖြူရောင်များ ရောထွေးနေသော ပိုးသားပျော့ပျော့အစကို ပုံစံလှလှလေး ချုပ်ထားကာ ဝတ်ဆင်ထားသည့် နီရင်းဉာဏ်၏ အလှကို ကျေနပ်စွာ ငေးကြည့်လိုက်ပြီး. . .

"သွားရအောင်၊ နီရင်းက မပြင်လဲ လှပြီးသားပဲ"

"ဟင်း. . . ပြင်တော့ကော"

"ပြင်တော့ ပိုလှတာပေါ့"

နိုင်သော်စံက သဘောရိုးရိုးဖြင့် ဖြေလိုက်ခြင်းဖြစ်မည်ဟုနီရင်းက တွေးလိုက်မိသည်။ သို့သော် နိုင်သော်စံမျက်နှာ ရဲသွားအောင် ကလိချင်သောစိတ်ကြောင့်. . .

"ပိုလှတော့ ဘာဖြစ်သလဲ"

နိုင်သော်စံက ရုတ်တရက် ကြောင်သွားသည်။ သို့သော် လေးလေးကို ဟန်မပျက် နှုတ်ဆက်လိုက်ပြီး ဧည့်ခန်းထဲမှ ထွက်သွားလေရာ. . .

နီရင်းဉာဏ် မကျေမနပ် ဖြစ်သွားသည်။ မိမိမော်က သည်းရယ်ကျဲကျဲဖြင့် နိုင်သော်စံကို မေးငေါ့ပြပြီး. . .

"မရဘူး၊ ရှင်ရအောင်မေး"

ဟုဆိုကာ နိုင်သော်စံနောက်က အမီလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားဝေါ်၌ စက်နှိုးရင်းစောင့်နေသော နိုင်သော်စံအား နောက်ခန်းသို့ ဝင်ထိုင်အပြီး နိုရင်းက လှမ်းပုတ်လိုက်ပြီး. . .

"ပြော. . . ပြော. . . မရဘူး"

"ဘာပြောရမှာလဲ"

"ပိုလှတော့ ဘာဖြစ်သလဲဆိုတာ"

နိုင်သော်စံက ကားကိုမောင်းထွက်ခဲ့ရင်း. .

"ဒါလား"

"ဒါပဲ"

"ပိုလှတော့ ပိုကြည့်ကောင်းတာပေါ့"

နိုရင်းဉာဏ်က မိမိမော်ဘက်ငဲ့စောင်းကာ မျက်စိတစ်ဖက်မှိတ်ပြရင်း. . .

"ဘယ်သူကလဲ"

"ယူ့ကို မြင်မြင်သမျှသော လူသားအားလုံးရဲ့ မျက်ဝန်းပေါ့"









# အခန်း(၁၃)

နိုင်းနိုင်းသည် မိမိအပေါ် စိတ်ဝင်စားခြင်းမရှိဟု ထင်ထားခဲ့သည်။

ယခုတော့ ကက်ဆက်ထဲမှ လေသံ အေးအေးလေးဖြင့် ပြောနေသော နိုင်နိုင်းအသံက မိမိအားခြောက်လှန့်နေသည်။

"နိုရင်း ယူ့ကို နိုင်းနိုင်းလေသိပ်ချစ်တယ်၊ ဟာကွာဘယ်လိုပြောရမလဲ၊ အဲဒီချစ်တယ်ဆိုတဲ့စကားက ပေါ့နေသလိုပဲ၊ နိုင်းနိုင်းသုံးချင်ဘူး၊ အဲဒီစကားထက် လေးနက်စေတဲ့ စကားကိုနိုင်းနိုင်းရှာဖွေနေတယ်၊ အဲဒီစကားပေါ်ထွက်လာတဲ့နေ့မှာ နို



www.burmeseclassic.com

www.burmeseclassic.com



*ရင်းကို နိုင်းနိုင်းဖွင့်ပြောတော့မယ်၊ အခုတော့ နိုင်းနိုင်းရင်ထဲမှာ* တင်းကျပ်နေတဲ့စကားတွေကို နိုင်းနိုင်းလေ နိုရင်းကိုယ်စား ကက်ဆက်လေးနဲ့ပဲ တိုင်တည်နေရတာ၊ နိုင်းနိုင်းသိပ်ပျော်တယ် နိုရင်း၊ မနက်ဖြန်နိုရင်းနဲ့အတူ နိုင်းနိုင်းနှစ်သစ်ကူးတဲ့ အတာသကြံ့န်ပွဲကို ဆင်နွှဲရတော့မယ်"

တင်ယွန်းစံမျက်ဝန်းမှ မျက်ရည်တို့က အတားအဆီးမဲ့ စွာလိမ့်ဆင်းလာသည်။

"နိုင်းနိုင်းပျော်တယ်၊ ဒါပေမယ့် စိုးရိမ်တယ်၊ ပျော်တာက နိုင်းနိုင်းအသည်းပေါက်မတတ်ချစ်ရတဲ့ နိုရင်းအပါးမှ သက်တော်စောင့်အဖြစ် နေခွင့်ရှိနေတဲ့အတွက်၊ စိုးရိမ်တာကသိပ်လှတဲ့နိုရင်းဟာ ရေစိုနေရင်လည်း ကပိုကရိုနဲ့လှပြီး နိုင်းနိုင်းတို့လိုယောကျ်ားသားတွေရဲ့ နှလုံးသားကို ချာချာလည်အောင်ပြုစားနိုင်စွမ်းရှိဦးမှာကို မြင်ယောင်မိရင်း နိုင်းနိုင်းသက်ပြင်းအခါခါချမိတယ် နိုရင်းရယ်"

"နိုင်းနိုင်းစိတ်ထဲမှာ နိုရင်းအတွက်စိုးရိမ်တယ်၊ ကိုကိုကဂျပန်ကိုလိုက်လာဖို့ခေါ်တာတောင် နိုင်းနိုင်းမသွားချင်ဘူး၊ နိုင်းနိုင်း နိုရင်းကိုထားခဲ့ဖို့ စိတ်မချနိုင်ဘူး၊ နိုရင်းအနားမှာ အပါးတော်မြဲအနေနဲ့ နိုင်းနိုင်းရှိဖို့ လိုအပ်နေတယ်၊ တကယ်ပါ နိုင်းနိုင်းရဲ့ အဇ္ဈတ္တစိတ်အတွင်းမှာ နှလုံးသားအလိုကျ ခန့်အပ်ခြင်းခံရတဲ့တာဝန်တစ်ရပ်ပါ နိုရင်းရယ်၊ နိုင်းနိုင်း နိုရင်းကို သိပ်ကိုမြတ်နိုးတွယ်တာမိတာပါ။ ကိုင်း နိုင်းနိုင်းနားတော့မယ်၊ မနက်ဖြန်နိုရင်းရဲ့ အပါးတော်မြဲတာဝန်ကျေပွန်ဖို့အတွက် နိုင်းနိုင်းစိတ်ကူးလေးနဲ့ တာဝန်ဇယားတွေ ရေးဆွဲရင်း အိပ်တော့မယ် နိုရင်းရယ်၊





*ခင်လာရှိသော အိပ်မက်များမှာ နိုင်းနိုင်းပါ ပါစေလို့"*

ကက်ဆက်ခွေလည်ပတ်မြည်သံမှတစ်ပါး နိုင်းနိုင်း၏အသံများပျောက်ကွယ်သွားသည်။

တင်ယွန်းစံ မျက်ရည်စီးကြောင်းများ ရပ်တန့်သွားသည်။ သံယောဇဉ်သူငယ်ချင်း နိုင်းနိုင်းကောင်းရာမွန်ရာဘဝသို့ ရောက်ပါစေဟု တီတိုးဆုတောင်းရင်း အိပ်ရာထက်မှ ဝုန်းခနဲ ထလိုက်သည်။

"လေးလေး လေးလေး"

တင်ယွန်းစံအိပ်ခန်းထဲမှ ပြေးထွက်ခဲ့သည်။

"ဘာလဲဟေ့"

လေးလေးက စာဖတ်နေရာမှ လှမ်းကြည့်လိုကသည်။

"ကျွန်မကြောက်တယ်၊ ဒေါ်ထွေးကို ခေါ်အိပ်တော့မယ်နော်"

"သဘော. . သဘော. . ၊ ညည်းမကြောက်တဲ့ရက်က တစ်ပတ်မှာခြောက်ရက်၊ မထူးတော့ပါဘူး ဒေါ်ထွေးကိုပါ ညည်းအခန်းထဲမှာ ခုတင်တစ်လုံးနဲ့ ထားလိုက်တော့"

လေးလေးနှင့် စကားပြောစဉ်ကာလ၌တော့ တင်ယွန်းစံအကြောက်အလန့် အနည်းငယ်ပြေပျောက်သွားသည်။

မီးဖိုဘက်နား၌ ကပ်လျက်ရှိသော ဒေါ်ထွေးအိပ်ခန်းသို့ အရောက်၌ ခြေလှမ်းတို့သည် ရပ်ဆိုင်းသွားသည်။

မိမိ ဘာကိုကြောက်ရမည်နည်း။

"မိမိနှင့် နိုင်းနိုင်းသည် ရန်သူမှမဟုတ်ဘဲ"

"တော်ပါပြီ၊ ကိုယ့်ဘာသာကိုယ်ပဲ အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလဲ လုပ်ဦးမှပေါ့၊ ဘယ့်နှယ့်မကြာခင်ပဲ ပိုစတင်ကျရာဒေသမှာ တာဝန်ထမ်းဆောင်တော့မယ် ဆရာဝန်မကြီးပဲ ဖြစ်တော့မယ်"

"လေးလေး မသိပါဘူး"

တင်ယွန်းစံက စိတ်ရှုပ်ထွေးစွာဖြင့်ခေါင်းကို ကုတ်လိုက်ပြီး အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ အိပ်ခန်းတွင်းရှိနေသော ရေခဲသေတ္တာ အသေးစားကိုဖွင့်ကာ ရေတစ်ခွက်ယူသောက်လိုက်သည်။

ထို့နောက် ခုတင်ပေါ်၌တင်ထားသော မိမိ၏ဓာတ်ပုံများ၊ သူငယ်ချင်းများနှင့် စုရိုက်ထားသော နိုင်းနိုင်းအပါအဝင် မိမိမော်၊ အာကာတို့ပါ ပါသော ဓာတ်ပုံများပါဝင်သည့် နိုင်းနိုင်း၏အယ်လ်ဘမ်လေးကို တုန်ယင်သောလက်ဖြင့် ကောက်ယူလိုက်သည်။ ထို့နောက် ကက်ဆက်ခွေကို ထုတ်ယူလိုက်ပြီး ဘူးထဲသို့ပြန်ထည့်လိုက်သည်။

ဦးရဲတင်ကျော်၏ လက်ဝဲလက်ရေးကို ကြည့်လိုက်သည်။ ထိုလက်ရေးသည် နိုင်းနိုင်း၏လက်ရေးနှင့် တူနေခြင်းကို အစက မိမိဘာကြောင့်များ သတိမပြုမိခဲ့ပါလိမ့်။

ဘူးကို ဗီရိုပေါ်ကို တင်လိုက်သည်။ မိမိအနေဖြင့် လူသေကောင်ကိုတောင် ခွဲစိတ်ဖူးသည်ပဲ၊ ဘာကိုများကြောက်လန့်နေရမည်နည်း။ သေခြင်းတရားသည် လူတိုင်းရင်ဆိုင်ရမည့်တရားဖြစ်သည်။ သေလွန်ပြီးသည့်နောက်၌ ဘာဖြစ်နိုင်မည်နည်း။ သည်အတွက် သေခါနီးအစွဲအလမ်းသည် အရေးပါသည်ဟု ပြောကြသည်။ ရိပ်သာဝင်လျှင် ကောင်းမည်လား ခရီးထွက်





လျှင်. . .

"လေးလေး"

"ဟေ ဘာလဲဟာ၊ ဒီမှာ စာဖတ်လို့ကောင်းနေရတဲ့အဆဲ"

"ကျွန်မ ခရီးတစ်ခုထွက်ချင်တယ်"

"သွားလေ ဘယ်ကိုသွားချင်သလဲ၊ လေးလေးကတော့ မအားဘူးနော်"

လေးလေးက မိမိ၏အိပ်ခန်းဝတွင် လာရပ်ပြီးပြောလေသည်။ တင်ယွန်းစံ စဉ်းစားလိုက်သည်။

"ချောင်းသာ"

"အေးလေ လေးလေးစီစဉ်ပေးမယ်၊ ခရီးလမ်းကတော့ နည်းနည်းကြမ်းတယ်နော်"

"ရပါတယ်၊ ဘယ်လောက်ကြမ်းကြမ်း ကျွန်မခံစားနေရတဲ့ ဝေဒနာလောက်တော့ ဘယ်အရာမှ ကြမ်းတမ်းမှာမဟုတ်ဘူး"

တင်ယွန်းစံက ညည်းညည်းညူညူပြောလိုက်သည်။ လေးလေးက သက်ပြင်းတစ်ချက်ရှိုက်ပြီး ပြန်ထွက်သွားလေသည်။

လက်ထပ်ခါနီးဆဲဆဲ သတို့သားလောင်းဘက်မှ စွန့်ပစ်ခြင်းခံရသော သတို့သမီးလောင်း၏ ဝေဒနာထက်ဆိုးရွားသော ဝေဒနာတစ်ရပ် ရှိနိုင်ပါဦးမည်လား။

တင်ယွန်းစံ မျက်စိကို စုံမှိတ်ပစ်လိုက်သည်။ အိပ်ပျော်ခြင်းကို ဖိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိပ်၍မရ၊ အိပ်ရာထက်မှထကာ လေးလေး ထံသို့သွားပြီး

"ကျွန်မဘယ်ကိုမှ မသွားတော့ဘူး"

"ကောင်းတယ်၊ လေးလေးလည်းခရီးထွက်စရာရှိသေးတယ် သမီးအိမ်စောင့်လိုက်ဦး"

"အင်းပါ"

တင်ယွန်းစံအိပ်ခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ အိပ်ပျော်ခြင်းကိုသူမဘယ်လိုမှ ဖိတ်ခေါ်၍မရနိုင်အောင် သောကဝေဒနာက ဟန့်တားထားလေသည်။





# အခန်း(၁၄)

"ဟာ ဘယ်လိုလုပ်လိုက်တာလဲ၊ (----)သားတွေ သေတော့မှာပဲ"

မိမိမော်၏အစ်ကိုက ဆဲရေးတိုင်းထွာလိုက်ပြီး ဒေါသအကြီးဖြင့် မိမိကားရှေ့၌ ကန့်လန့်ဖြတ် ထိုးရပ်နေသော ကားကို မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

နိုရင်းဉာဏ်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကားပေါ်မှာ ဆင်းလာသော လူတစ်စုကိုကြည့်လိုက်သည်။ အထူးသဖြင့် အားလုံးလိုလို အနောက်တိုင်းယဉ်ကျေးမှုမှ လမ်းဘေးလူတန်း



www.burmeseclassic.com

www.burmeseclassic.com



စား၏ ဝတ်စားဆင်ယင်မှုမျိုးဖြင့် သရုပ်ပျက်ဝတ်စားဆင်ယင်ထားသော ဥက္ကာနှင့် အပေါင်းအသင်းတစ်စုကို မြင်လိုက်ရ၍ဖြစ်သည်။

"အပေါင်းအသင်းတို့ အေးအေးဆေးဆေးပဲ ပြောချင်တယ်၊ ကိုယ်နီရင်းနဲ့ ခဏစကားပြောမယ် ညှိနှိုင်းမယ်"

နီရင်းဥာဏ်ဘာမှမပြောဆိုနိုင်မီ နိုင်သော်စံက နီရင်းဥာဏ်၏ရှေ့မှာတင် ကားပေါ်မှ ရုတ်တရက်ခုန်ဆင်းလိုက်သည်။ ထို့နောက် အာကာ၊ နောက် မိမိမော်၏အစ်ကို။

"ဘာကိစ္စလဲ"

"မင်းနဲ့ဘာဆိုင်သလဲ နိုင်သော်စံ. .၊ ဘာလဲမင်းက ကောက်ရိုးပုံစောင့်တဲ့ ခွေးလား၊ လာ. . ဆင်းခဲ့ပါ အချစ်လေး"

ဥက္ကာက ကားပေါ်မှ နီရင်းဥာဏ်ကို ဆွဲ့တော့မတတ်ရှိရာ မိမိမော်အစ်ကိုက ဥက္ကာလက်ကို ပုတ်ထုတ်ကာ. . .

"မင်းတို့ မူးနေရင်လဲ အေးအေးဆေးဆေးနေကွာ၊ မမူးတော့မှ မင်းဆွေးနွေးစရာကိစ္စကို နီရင်းအိမ်မှာ သွားပြီး ဆွေးနွေးနိုင်တယ်"

မိမိမော်အစ်ကို ဒေါသကိုမျိုသိပ်ပြီး ပြဿနာမဖြစ်စေရေးကို ထိန်းသိမ်းလိုက်သည်။

ခက်သည်က နိုင်သော်စံ. .၊ လူပုံက ပျော့ပျောင်းသလောက် ဒေါသကပြင်းထန်လွန်းလှသည်။ မျက်နှာတစ်ပြင်လုံးနီရဲကာ ဒေါသအမျက်ခြောင်းခြောင်းထလျက်ရှိသည်။

"နိုင်းနိုင်းတက်ခဲ့၊ အားလုံး. . အားလုံး"

"ဟုတ်တယ် အားလုံးတက်ခဲ့ သွားမယ်"





နီရင်းဥာဏ်နှင့် မိမိမော်ကလည်း လှမ်းအော်သည်။

"ဒီလိုလုပ်လို့ ဘယ်ရမလဲ"

ဥက္ကာတို့အဖွဲ့ ယောကျ်ားလေးချည်းပဲ ခြောက်ယောက်ဖြစ်သည်။ မိန်းကလေးက နှစ်ယောက်သာပါသည်။ မိန်းကလေးအုပ်စုများသည်က သည်ဘက်၊ ယောကျ်ားလေးဆို၍ နိုင်သော်စံတို့သုံးယောက်နှင့် ကလေးတွေချည်းပဲ၊ စိတ်မချရဘူးဟုဆိုကာ အဖော်လိုက်လာသော အာကာ၏ဘကြီးရယ် ဒါပဲဖြစ်သည်။

"ဟုတ်တယ်၊ သားတို့ပြန်တက်ကြ၊ လူလေးတို့လည်း တိုယ့်လမ်းကိုယ်သွားကြကွာ၊ နောက်မှ ဆွေးနွေးစရာရှိတာ ဆွေးနွေး"

နီရင်းဥာဏ်အား ဥက္ကာက. . ဘီလူးစီးသရဲစီးကြည့်ကာ. .

"မရဘူး၊ ခုဆို ခုပဲ၊ ဖယ်စမ်း ကောက်ရိုးပုံစောင့်ခွေး၊ မင်းကြောင့် အချစ်လေးက ကိုယ့်ကိုစိမ်းကားတာ"

နိုင်သော်စံ၏ ပခုံးကိုဆွဲဖယ်ကာ ကားပေါ်တင်ရန် ကြိုးစားသော ဥက္ကာကို နိုင်သော်စံက တွန်းဖယ်လိုက်သည်။

"သွားကွာ. . မင်းနော် မင်း"

ဥက္ကာက အရက်သောက်ထားသဖြင့် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ရုတ်တရက်ဖင်ထိုင်လျက်သားဖြင့် လဲကျသွားသည်။

မည်ကဲ့သို့ဖြစ်သွားသည်ကို နီရင်းဥာဏ်မသိလိုက်နိုင်ခင်၌ ရန်ပွဲတစ်ခု ကြီးကြီးမားမား ဖြစ်သွားသည်။

နီရင်းဥာဏ်၏လက်ထဲမှ ရေပြွန်သည်လည်း ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



အသားအရိုး၊ ဦးခေါင်းခွံများကို ရိုက်နှက်မိသည်မသိလိုက်စဉ် ရဲများရောက်လာက ငြိမ်သက်ခြင်းဖြစ်သွားသည်။

မြင်မကောင်းအောင် ရွဲနစ်နေသော သွေးသံရဲရဲကြား ကထရန် ကြိုးစားနေသော နိုင်သော်စံ။

"နိုင်းနိုင်း"

နိုရင်း ပြေးပွေ့လိုက်သည်။

"နိုင်းနိုင်း"

"........"

နိုင်သော်စံ၏ မျက်လုံးအစုံသည် ပြူးထွက်လာသည်။ နှုတ်ခမ်းများ တဆတ်ဆတ်တုန်ခါပြီး တစ်စုံတစ်ခုကို ပြောနေသည်။ သို့သော် ဇက်သည် တစ်ခဏအတွင်း ကျိုးကျသွားသည်။

"အောင်မယ်လေး.. နိုင်းနိုင်း.. လုပ်ကြပါဦး နိုင်းနိုင်း နိုင်းနိုင်း"

"ဟဲ့...ဟဲ့..၊ နိုရင်း..နိုရင်း.."

တင်ယွန်းစံအား ခြောက်လှန့်လျက်ရှိသော အိပ်မက် လွင့်ပြယ်သွားလေသည်။

"ရော့..သောက်လိုက်"

လေးလေးကမ်းပေးသော ရေခွက်ကို အမောတကော မော့ချလိုက်သည်။

"မဖြစ်ပါဘူး၊ ညည်းကို ပယောဂဆရာနဲ့ပြမှ ဖြစ်တော့မယ်"

တင်ယွန်းစံ ခေါင်းခါလိုက်သည်။

"အာမှမဆိုင်ဘူး၊ ကျွန်မစိတ်ထဲစွဲထင်နေတဲ့ မြင်ကွင်းကို





ဖျောက်ဖျက်မရသရွေ့တော့ ဒီလိုပဲ ဖြစ်မှာပဲ၊ ကိုင်းပါ..လေး လေး သွားအိပ်တော့"

"ဟုတ်ကဲ့"

ညာ၏မီးအဖြစ် ထွန်းထားသော အစိမ်းရောင်မီးလေး၏ အောက်ဝယ် ဗီရိုပေါ်မှ ပြုတ်ကျနေဟန်တူသော ပန်းစက္ကူကတ် ထူဘူးလေး၏ အဖုံးကို ဗီရိုအနီး ကြမ်းပြင်ထက်၌ တွေ့လိုက်ရသည်။

ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ သို့သော် နွေညကို အန်တုရန် မှန်ပြတင်းပေါက် ဖွင့်အိပ်ထားမိသည်ကို တလွင့်လွင့် လှုပ်ရှားနေသော လိုက်ကာအောက်၌ အခိုင်အမာရှိနေသော ခြင်လုံဆန်ခါတံခါးကို တိုးဝှေ့ပြီး ဗီရိုပေါ်မှ ကတ်ထူအဖုံး လွင့် ကျအောင် လေသည် တိုးဝှေ့တိုက်ခတ်နိုင်သလား။ တင်ယွန်းစံ ဇောချွေးများ ပြန်လာသည်။

တစ်ဆက်တည်း ခေါင်းအုံးအောက်မှ ဆင်စွယ်ကိုးလုံး ပုတီးလေးကို စမ်းလိုက်သည်။ ပြီးသည်နှင့် ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြုစိပ်လိုက်သည်။ သို့သော်...

နိုင်းနိုင်းရယ် ကံဆိုးလိုက်တာ၊ အဲသည့်နေ့က ရန်ပွဲမှာ မင်းတစ်ယောက်တည်း သေဆုံးသွားခဲ့တယ်နော်။ ကျန်တဲ့သူ တွေက ဒဏ်ရာ အနာတရတွေနဲ့လောက်ပဲ ရကြတယ်။ အေး လေ..မင်းကို ဥက္ကာတို့ လူစုကဝိုင်းဖွဲ့ကြတာကိုး၊ ဟုတ်ပါတယ်၊ မင်းသေရတာ နိုရင်းကြောင့်ပါ။ နိုရင်းဆိုတဲ့ သူငယ်ချင်းမလေး ကိုစောင့်ရှောက်မိတဲ့အတွက်ပါ။ ဟုတ်ပါတယ်၊ မင်းဟာနိုရင်း အတွက် သက်တော်စောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော်ကိုးပါးသည် ဘယ်ဆီရောက်မှန်း မသိလိုက်၊ သို့သော် စိတ်ထဲ၌ နိုင်းနိုင်းကို တောင်းပန်နေမိသည်။

ဒါပေမယ့် အခုမင်းနဲ့နိုရင်း ဘဝခြားသွားပြီ နိုင်းနိုင်း။ မင်းနိုရင်းကို စောင့်ရှောက်ဖို့ မလိုတော့ဘူး။ မင်းဘဝသစ် တစ်ခုကို မင်းရှာဖွေဖို့အချိန်ရောက်ပြီ။ မင်းနိုရင်းအတွက် အနစ်နာခံမှုတွေ သိပ်များနေပြီ။ မင်းနိုရင်းအပါးက အပါးတော်မြဲရာထူးကို မင်းစွန့်လွှတ်လိုက်ပါတော့ နိုင်းနိုင်းရယ်။

ကုန်ခမ်းနေပြီဟု ယူဆထားသော မျက်ရည်တို့သည် လိမ့်ဆင်းကျလာပြီး ခေါင်းအုံးလေးကို စိုစွတ်ရပ်ဝန်းဖြစ်ပေါ်သွားစေသည်။

တင်ယွန်းစံအတွက် အိပ်မပျော်နိုင်သော ညအတွက် မည်ကဲ့သို့သော နည်းလမ်းနှင့်မှ ကုစား၍မရနိုင်သောကြောင့် သိရှိနေသဖြင့် အိပ်ရာထက်မှ ထလိုက်သည်။ စာကြည့်စားပွဲ၌ ထိုင်ပြီး ရောဂါဗေဒများနှင့် ပတ်သတ်၍ ရေးသားထားသော ဆေးကျမ်းစာအုပ်များကို လှန်လှောလိုက်သည်။ စာအုပ်ကြားက ပို့စကတ်လေးတစ်ခုကိုတွေ့လိုက်သည်။

ပုဂံဘုရား ရှုမျှော်ခင်းပုံဖြစ်သည်။ တင်ယွန်းစံ၏ ရင်ခုန်သံစဉ်တို့သည် ကြောက်လန့်ခြင်းတို့ကို ဖယ်ရှားဖြစ်ထွန်းလာလေသည်။

တင်ယွန်းစံ. . .

ပုဂံမြေရောက်တော့လည်း မင်းပါပဲ။

ရဲတင်ကျော်. . .

"ဘယ်နေရာသွားသွား၊ မင်းလေးကို မေ့မရနိုင်ဘူး





ယွန်းစံ၊ ကိုကို့ကို ဆက်လက်မညှဉ်းပန်းပါနဲ့တော့ကွယ်"

ဆိုခဲ့သော ဦးရဲတင်ကျော်၏ စကားများဟာ လေနဲ့အတူ လွင့်ပါးပျောက်ကွယ်သွားပြီလား။

တင်ယွန်းစံ စာအုပ်ကြားကို ဆက်လက်ရှာဖွေလိုက်သည်။

မြန်မာပြည်၏ အပန်းဖြေစခန်းဟူသမျှသော ပို့စကတ်ပုံလေးတွေ တစ်ခုပြီးတစ်ခု. . . .။

စာတန်းကလေးတွေကလည်း. . .

ပေလီရောက်တော့လည်း မင်းပါပဲ။

မော်လမြိုင်မှာလည်း မင်းပါပဲ။

ကလောရောက်တော့လည်း မင်းပါပဲ။

မြစ်ဆုံအလှမှာလည်း မင်းပါပဲ။

မိုးကုတ်မြေမှာလည်း မင်းပါပဲ။

ထားဝယ်ရောက်တော့လည်း မင်းပါပဲ။

ပြင်ဦးလွင်ရောက်တော့လည်း မင်းပါပဲ။

ချောင်းသာရောက်တော့လည်း မင်းပါပဲ။

စသည်ဖြင့်. . . .

ခရီးထွက်ရန် ဝါသနာပါသော ဦးရဲတင်ကျော်သည် အပန်းဖြေခရီးစခန်းမြို့ဟူသမျှ၏ ဟိုတယ်၊ မိုတယ်များ၏ လေ ပွဲများကို လိုက်လံဆွဲယူလေ့ရှိသလို၊ ရှယ်ယာဝင်လည်း ဖြစ် သည်။ အကြွမ်းခံနိုင်သော ဇိမ်ခံကားများကိုလည်း ဝယ်ယူ၍ တယ်များကို နှစ်ချုပ်ဖြင့်ငှားလေ့ရှိသည်။ ကားကိုခရီးသွား န်လွဲ ဝယ်ရောင်းလည်း လုပ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားလာခြင်းကြောင့်လည်း သူတို့ ဆုံစည်းခဲ့ကြသည်။

တင်ယွန်းစံ မမေ့နိုင်ပါ။

စတွေ့တော့ ပဲခူးမှအပြန် ဒရယ်ဖိုအနီးက ဆရာအတတ်သင်ကျောင်းဘေးမှာ ဖြစ်သည်။ ဖေဖေက တောင်ငူခရိုင်ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးတာဝန်ဖြင့် တာဝန်ထမ်းဆောင်နေရာသို့ တင်ယွန်းစံ တစ်လတစ်ကြိမ်တော့ မုန့်ဖိုးတောင်းရင်း မှန်မှန်ရောက်တတ်သည်။ တစ်ခါတစ်ရံ ရောက်တတ်လာသော မေမေ့အား ကားဖြင့်ပြန်ပို့ပေးတတ်သည်။ ရှားရှားပါးပါး အဖော်ပါတတ်သည်။ ဒေါ်ထွေးဖြစ်သည်။

ကားပျက်တော့ ဒေါ်ထွေးဆီက အကူအညီလည်းမရ မိမိကလည်း မောင်းသာမောင်းတတ်သည် ကားအကြောင်းက ဆီပျောက်မီးပျောက်ပင်မသိ။

"တော်ပြီ. . . ဒီကားစုတ်"

"အဲဒီဒေါ်ထွေးကလည်း အရေးထဲ အိပ်ငိုက်နေသေး၊ စီးပဲလိုက်စီးတတ်တယ်"

တင်ယွန်းစံ ပွစိပွစိပြောပြီး. . ကားပေါ်မှ ဆင်းလိုက်သည်။

ထိုစဉ် လမ်းဘေး၌ လယ်သမားတစ်ဦး ဖြတ်လျှောက်သွားရာ. . .

"ဗျို့ . . . ဦးကြီး"

အရွယ်ကတော့ ငယ်သေးပုံပါပဲ။

သို့သော် ဘယ်လိုခေါ်ရမှန်း မသိသဖြင့် လယ်သမားဆို





ော့ ဦးကြီးဟု ပစ်ခေါ်ပစ်လိုက်သည်။

"ဗျို့"

ထူးပုံကလည်း လိုက်လျောညီထွေရှိလှသည်။

တင်ယွန်းစံအပါးသို့ လျှောက်လာသည်။

"ကျုပ်ကိုခေါ်တာလား"

"ဟုတ်တယ်၊ အဲ. . ဟုတ်ပါတယ်ရှင်၊ ကျွန်မကားပျက်သွားလို့ အဲဒါတစ်ဆိတ်လောက် ကြည့်ပေးနိုင်မလားလို့ပါ"

မိမိက အကူအညီလိုချင်သူဖြစ်သဖြင့် မျက်နှာချိုသွေးာလေသံကို အတတ်နိုင်ဆုံး ပျော့ပျောင်းအောင်ထားပြီး အကူအညီတောင်းလိုက်သည်။

"ကျုပ်ဘာလုပ်ပေးရမှာလဲ၊ ကားတွန်းပေးရမလား၊ ဒါပဲျုပ်ကူညီနိုင်မယ်၊ ကျုပ်မှာကနွားပဲရှိတော့ နွားအကြောင်းပဲးလည်တယ်"

"ကားက တွန်းရုံနဲ့ ရမှာမဟုတ်ဘူး"

"ဒါဖြင့် ကျုပ်ဘာလုပ်ပေးရမလဲ"

တင်ယွန်းစံ ခေါင်းကုတ်လိုက်သည်။

"နေပါစေတော့၊ ကျေးဇူးတင်ပါတယ်၊ ဖြတ်သွားတဲ့းတွေကိုပဲ အကူအညီရလို့ရငြား တားကြည့်ရမှာပဲ မိုးလည်းျပ်ခါနီးပြီဆိုတော့. . . ဒါမှမဟုတ်ရင် ဒီနားပတ်ဝန်းကျင်မှားပြင်ဆရာရှာပြီး ပြင်ခိုင်းရမှာပဲ"

"ကြိုးစားကြည့်လေ၊ ခင်ဗျားမှာ အဖော်မရှိရင်တော့ျပ်စောင့်ပေးမယ်"

"ကျေးဇူးတင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေပြီ ဖြစ်ရာ ရိုးသားပုံရသော ဒေသခံ၏ အကူအညီကို ရယူထား လိုက်သည်။

"ဟော . . . လာပြီ"

ဖိမ်ခံမာစီဒီကားဖြစ်နေသည်။ သူ့ငွေတွေက အရေး လုပ်၍ ရပ်ပေးလိမ့်မည် မဟုတ်။

သို့သော် လယ်သမားက လှမ်းတားပေးသည်။ ထိုကား က တင်ယွန်းစံကားကို ကျော်လွန်ပြီး ထိုးရပ်လိုက်သည်။

ကားထဲမှ ခေါင်းတစ်ခေါင်းပြူထွက်လာသည်။

"ဘာဖြစ်လို့လဲ"

တင်ယွန်းစံ ဝမ်းသာသွားသည်။ မိမိကားဆီမှ ထိုကားဆီ သို့ သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လှမ်းလိုက်သည်။

"ကားပျက်လို့"

ကားထဲမှ လူကတံခါးဖွင့်ကာ ဆင်းသက်လာသည်။ ယနေ့ခေတ်၌ မြင်ရခဲသော အရပ်အမောင်းနှင့် ကြံ့ခိုင်ပုံရှိသော ခန္ဓာ၊ တည်ကြည်ပြီး လေးထောင့်ကျကျရှိသော မေးရိုး၊ မျက်ခုံး ထူထူ၊ အသားက မဖြူလွန်း၊ မညိုလွန်းဘဲ အဝါရောင် ပြေးသော အသားအရေမျိုးနှင့် လူပုံပန်းချောချောလူတစ်ဦးဖြစ်သည်ကို တင်ယွန်းစံ ချက်ချင်းပင် အကဲခတ်လိုက်သည်။

"ကျုပ်က ကားပျက်လို့ ပြင်ပေးနိုင်ရမယ်ဆိုတဲ့ သဘော ပေါ့၊ ဟုတ်ရဲ့လား မိန်းကလေး"

မြန်မာအမျိုးသမီးထဲတွင် ရှာမှရှားသော အရပ်ငါးပေ ခြောက်လက်မကို ပိုင်ဆိုင်ထားသည့် မိမိသည် သူ၏အခေါ်





ကြောင့် ခန္ဓာကိုယ်ပင် သေးကွေးကွေးသည့်အလား ခံစားလိုက် ရသည်။

"ဟုတ်ကဲ့၊ ကားပျက်လို့ ကျုပ်ကို အကူအညီတောင်း တယ်၊ ကျုပ်ကလည်း နွားအကြောင်းပဲသိတယ် ကားအကြောင်း မသိဘူး၊ အဲဒါနောင်ကြီး ကူညီနိုင်ရင် ကူညီလိုက်ပါဗျာ၊ သနားပါ တယ်၊ မိုးကလည်းချုပ်တော့မယ်၊ ခမျာများမိန်းကလေးတစ် ယောက်တည်းဆိုတော့ အန္တရယ်များတယ်မဟုတ်လား၊ ကျုပ် သာကားပြင်တတ်ရင် ချက်ချင်းပြင်ပေးလိုက်မှာ. . ၊ အဲဒါမပြင် တတ်. . ."

တင်ယွန်းစံ စိတ်မရှည်စွာဖြင့် လယ်သမားအားမျက် စောင်းချီကာ ကြည့်ပြီး. . .

"ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး၊ ကားထဲမှာ ကျွန်မအဒေါ်ပါတယ်"

ခရီးသွားကတော့ အပြုံးမပျက်ဘဲ. . . .

"ကျေးဇူးတင်စရာပေါ့၊ မိန်းကလေး သူ့ကို ကျေးဇူးတင် ကြောင်း ပြောလိုက်ပါ၊ ကိုင်း. . . ကျုပ်ကားကိုကြည့်ပေးမယ် နော်"

"ဟုတ်"

ခရီးသွားက ကားအဖုံးကိုဖွင့်ကာ ဟိုစမ်းသပ် ဟိုဟာ မျက် သည်ဟာတပ်လုပ်လိုက်သည်။

တင်ယွန်းစံက နားမလည်သော်လည်း လိုက်ကြည့် သည်။ လယ်သမားကတော့ ပေါက်ပေါက်ဖောက်သည့် အလား စကားတွေများနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"သွားတော့" နှင်ထုတ်ရန်လည်း မကောင်းတတ်၍ နားကိုဆံပပ်နှင့် အုပ်ထားလိုက်သည်။

ကားထဲမှ ဒေါ်ထွေးဆင်းလာသည်။

"ကျုပ်ကတော့ နွားဆိုရင် မွေးမရလဲ တိရစ္ဆာန်ဆရာ မလိုဘူး၊ ကျုပ်ကိုတိုင်ပဲ မွေးပေး. ."

"ကိုင်း. . နွားဆရာရေ၊ ရှင့်ကို ရှင့်ရွာကနွား မမွေးနိုင်လို့ တဲ့ လှမ်းခေါ်နေတယ်၊ မြန်မြန်ပြန်တော့"

"ဗျာ. . . ဘယ်မှာလဲ"

"အဒေါ်အိမ်မက်ထဲမှာကွယ့် မယုံမရှိနဲ့၊ မင်းအိမ်က နွားမကြီး မမွေးနိုင်လို့ မင်းကိုစောင့်နေတယ်၊ မြန်မြန်ပြန်"

"ဟင်. . ဟုတ်လား၊ အဒေါ်က ဘယ်လိုလုပ်သိသလဲ"

"အဒေါ်က ဂမ္ဘီရကြက်ခြေရှိတယ်၊ အိပ်မက်မက်ရင် မှန်တတ်တယ်၊ စောစောက ကားပေါ်မှာ အိပ်မက်မက်လို့ မြန် မြန်သွားကွယ့်၊ ခမျာမျာ သနားစရာ"

"ဟုတ်. . . ဟုတ်ကဲ့"

လယ်သမားခမျာ မနှုတ်ဆက်နိုင်တော့ဘဲ ဖနောင့်နှင့် တင်ပါး တစ်ဖဝါးတည်းကျအောင် ပြေးလေတော့သည်။

တင်ယွန်းစံက သဘောကျစွာ ရယ်မောလိုက်သည်။

"ဒေါ်ထွေး. . ဟင်း. . ဟင်း. . ဖိမ့်ကောင်းတယ်၊ တ ကယ်မက်တာလား"

"မကောင်းလို့ ရမလား၊ ကျုပ်မှာကားပေါ်မှာ မှိန်းနေပါ တယ်၊ နွားအကြောင်းပြောရင်း သူ့အိမ်မှာနွားငါးကောင်ရှိတာ ရော မွေးခါးနီးဆဲဆဲ နွားမပါရှိနေတယ်ဆိုတာ ကျုပ်ကအသံ





ကြား တရားနာပြီးသား ဖြစ်နေတော့ နားပူမခံနိုင်တာနဲ့ အတည် ပေါက်ဖိမ့်လိုက်တာ ဖိုးသောကြာ တစ်ချိုးတည်း လစ်တော့တာပဲ မှတ်လား"

" ဂျိုင်း. . "

" အိုး. . ဖြည်းဖြည်းပိတ်မှပေါ့၊ သူ့ကားမဟုတ်တဲ့ အ တိုင်းပဲ"

"ဆောရီးဗျာ၊ လက်ကစက်ဆီနဲ့ဆိုတော့ ချော်သွားလို့ပါ"

လက်ကိုပြရင်း ခပ်ပြုံးပြုံးပြောလိုက်သော ထိုလူကိုကြည့် ပြီး တင်ယွန်းစံအားနာသွားသည်။ သို့သော်မိမိပါးစပ်ကလည်း ပြောပြီးနေ၍ မတတ်သာဘဲ ပြန်ပြုံးပြကာ. . .

"ရသွားပြီလား"

"စက်နှိုးကြည့်လိုက်လေ "

"အိုကေ. . "

တင်ယွန်းစံကားပေါ်တက်ကာ စက်နှိုးလိုက်သည်။

"ရပြီ. . "

တင်ယွန်းစံ ဝမ်းသာစွာ အော်လိုက်သည်။

ပြီးတော့ ကားပေါ်မှ ပြန်ဆင်းကာ. . "

"ရှင်ကြီးက ဒရိုင်ဘာလား ကားပိုင်ရှင်လား"

"မင်းကလေးက လူဝင်မှုကြီးကြပ်ရေးရုံးမှာ လုပ်တယ် ‌ငြင်တယ်"

"မဟုတ်ပါဘူး၊ ဆေးကျောင်းသူရှင့် "

"ဪ. . ဪ. . မသိပါဘူး၊ ကျုပ်ကို. . စစ်တမ်း ကောက်နေလို့ "



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရှင်ကြီးက ဒရိုင်ဘာဆိုရင် ကားပြင်ခပေးမလို့၊ ကားပိုင်ရှင်ဆိုတော့လည်း ကျေးဇူးတင်ပါတယ် ပြောမလို့ရှင့် သိရဲ့လား"

"ဪ . . မသိလို့ပါ မိန်းကလေး၊ ကျုပ်ကဒရိုင်ဘာပါ။ တစ်လလေးသောင့်နဲ့ မနက်စာပါ ထမင်းကျွေးတဲ့ ဒီကားပိုင်ရှင်ရဲ့ . . လခစားဒရိုင်ဘာပါ"

"ဪ . . ဒါဖြင့် ကားပြင်ခလေး ယူသွားပါနော်"

တင်ယွန်းစံ ဒေါ်ထွေးကို မျက်စပစ်လိုက်သည်။

ပိုက်ဆံအိတ်ကိုင်ရန် အင်မတန်ပျင်းတတ်သော တင်ယွန်းစံအတွက် အိတ်ကိုင်ဒေါ်ထွေးကို မျက်ရိပ်မျက်ခြည်ပြသည်။ လက်တစ်ချောင်းကို မသိမသာထောင်ပြသည်။

ဒေါ်ထွေးက ခေါင်းညိတ်ပြီး ပိုက်ဆံအိတ်ကို ဖွင့်သည်။ ရာတန်တစ်ရွက် ထုတ်လိုက်ရာ . .

"ကျွတ် . .

တင်ယွန်းစံက စုတ်သပ်လိုက်ပြီး ခေါင်းခါပြလိုက်သည်။

ကားပြင်ပေးသောသူက မသိဟန်ပြုကာ သူ့လက်ကို တစ်ရှူးပေပါဖြင့် သုတ်နေသည်။

"တစ်ထောင် . . တစ်ထောင်"

ဒေါ်ထွေးကို ကျိတ်ပြောပြီး တင်ယွန်းစံက လက်ဝါးဖြန့်ကာ တောင်းလိုက်သည်။

ဒေါ်ထွေးက တစ်ထောင်တန်အသစ်တစ်ရွက်ထုတ်ကာ . . နှမြောစွာဖြင့် . .

"အသစ်တွေပဲရှိတယ်"





"သစ် . . သစ်"

တင်ယွန်းစံက စိတ်မရှည်စွာ လှမ်းယူလိုက်ပြီး ချာခနဲလှည့်ကာ ထိုသူအား လက်နှစ်ဖက်ဖြင့် ရိုသေစွာကမ်းပေးလိုက်သည်။

"စိတ်မရှိပါနဲ့နော်၊ ကျေးဇူးတင်လို့ပါ လက်ဖက်ရည်ဖိုး၊ ဒါမှမဟုတ် ဒီညစာ ထမင်းဆိုင်မှာ ဝင်စားရအောင်၊ နည်းတယ်များတယ်လို့ သဘောမထားပါနဲ့နော်"

ထိုသူက ပြုံးပြီး လှမ်းယူသည်။

"ကျေးဇူးတင်ပါတယ် မိန်းကလေး၊ ကိုင်း . . သွားနှင့်၊ မတော်တဆကားထပ်ပျက်ရင် မိန်းကလေးတို့ ခက်နေမယ်၊ ကျုပ်အကူအညီပေးနိုင်အောင် နောက်ကလိုက်ခဲ့ပေးမယ်"

"ဟုတ် . . "

တင်ယွန်းစံက ပေါ့ပါးစွာဖြင့် ကားကိုပြန်လည်စက်နှိုးလိုက်သည်။

"ဟဲ့ . . ဒရိုင်ဘာရုပ်ကလည်း သူဌေးရုပ်ထွက်နေပါလား"

"သူဌေးရုပ်ဆိုတာ ဘယ်လိုရုပ်မျိုးလဲ၊ ကျွန်မတွေ့ဖူးတဲ့ သူဌေးရုပ်ကတော့ အသားမည်းမည်း ဗိုက်ရွဲရွဲခေါင်းပြောင်ပြောင်တွေက ခပ်များများ "

တင်ယွန်းစံက ဒေါ်ထွေးအား ခပ်သောသောကလေး ပြန်ပြောလိုက်သည်။ ထိုနေ့က ကားသည် ဗွေမဖောက်တော့ဘဲ အိမ်သို့ရှောရှောရှူရှူ ပို့ပေးသဖြင့် . .

"ဟိုဒရိုင်ဘာကို ကျေးဇူးတင်လိုက်တာ၊ နာမည်လေး



www.burmeseclassic.com

www.burmeseclassic.com



တောင် မမေးလိုက်မိဘူးဟဲ့"

ဒေါ်ထွေးက ကားဂိုဒေါင်ကိုပိတ်ရင်း ပြောလိုက်သည်။

"နာမည်သိတော့ ဒေါ်ထွေးက ဘာလုပ်မလို့လဲ "

ဒေါ်ထွေးကလည်း ခပ်ရွှတ်ရွှတ်ပင်. .

"ရုပ်က ခပ်ဖြောင့်ဖြောင့်ဆိုတော့ ကျုပ်က စိတ်ကူးယဉ် မလို့ပေါ့၊ စိတ်ကူးယဉ်မလို့ ရှင်းပြီလား"

"အဟတ်. . ဟား"

တင်ယွန်းစံ ဒေါ်ထွေးကို ဘာမှပြန်မပြောနိုင်တော့ချေ။

သို့သော် ထိုနေ့မှစ၍ တင်ယွန်းစံအပါးတွင် အရိပ်တစ် ခုကပ်ပါလာသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁၅)

"နိုရင်းရေ၊ တင်ယွန်းစံတဲ့၊ ဖုန်းလာတယ်"

"ဟုတ် "

စာကျက်နေသော စာအုပ်ကို ဘယ်ဘက်လက်ဖြင့်ဖိထားလိုက်ပြီး ညာဘက်လက်ဖြင့် ခုတင်နှင့်စာကြည့်စားပွဲကြားမှ ယွန်းစားပွဲလေးပေါ်၌ တင်ထားသော တယ်လီဖုန်း စကားပြောခွက်ကို လှမ်းယူလိုက်သည်။

"ဟဲလို"

"တင်ယွန်းစံ"

"ဟုတ်ပါတယ်"





"မအိပ်သေးဘူးလား"

"ဘယ်သူလဲကွာ၊ ဒီမှာ စာကျက်နေတယ်"

သူငယ်ချင်း အပေါင်းအသင်းထဲက ဘယ်သူလဲဟု အဖြေးအလွှားစဉ်းစားလိုက်သည်။ ယောကျ်ားလေးသူငယ်ချင်းရင်းရင်းနှီးနှီးလည်း နိုင်းနိုင်းသေဆုံးသွားပြီးကတည်းက မထားဖြစ်တော့ချေ။

သို့သော် အတန်းဖော်အပေါင်းအသင်းများတော့ ရှိသည်။ မှန်တမ်းပင်။

"ဟုတ်လား၊ ဆယ့်နှစ်နာရီရှိပြီလေ၊ ခရီးပန်းလာတယ်မှတ်လား၊ အိပ်သင့်ပြီ"

"ဆရာမလုပ်နဲ့ကွာ၊ ခင်ဗျားဘယ်သူလဲ မရစ်နဲ့၊ စာကျက်ပျက်တယ် "

"စိတ်မဝင်စားဘူးလား"

"ဝေးသေး"

ဖုန်းချရန်ပြင်လိုက်ပြီးမှ ဘယ်သူလဲဟု သိချင်သေးသဖြင့်မချဖြစ်သေး။ မိမိအားတစ်ခါမှ ဤကဲ့သို့သောဆက်သွယ်မှုမျိုး မရှိသေး။

"မှတ်ထား တင်ယွန်းစံ"

". . . . ."

"မင်းရဲ့အရိပ်"

အသံအဆုံး၌ တစ်ဖက်မှ ဖုန်းချသွားလေသည်။

"တောက်"

တင်ယွန်းစံ တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူများပါလိမ့်၊ ထိုအံတွေးသည် စာကျက်ရာ၌ အနှောင့်အယှက်တစ်ခုအနေဖြင့် ဝင်ရောက်လာသည်။

"သွားစမ်းပါ"

တင်ယွန်းစံ ဇွတ်နှင်ထုတ်ပစ်လိုက်သည်။ စာထဲသို့အာရုံပြန်ထည့်ကြည့်သည်။

မရ။ ခရီးပန်းလာတာလည်းပါသည်။

"ဘယ်က ဖုန်းသရဲလဲ မသိပါဘူး"

နှုတ်မှရေရွတ်ပြီး စာကြည့်မီးကိုမှိတ်ကာ ညမီးခလုတ်ကို ဖွင့်ပြီး အိပ်ရာဝင်ခဲ့လေသည်။

'မိမိအပါးက အရိပ်'. . တဲ့။

"ဟွန်း. . ခရီးသွားတာ သိတဲ့လူဆိုတော့ ဘယ်သူဖြစ်နိုင်သလဲ၊ ကျောင်းကကောင်တွေပဲ ဖြစ်မှာပါလေ"

အတွေးဖြင့် မျက်စိကိုမှိတ်ကာ အိပ်ပျော်ရန်ကြိုးစားလိုက်သည်။


ဘယ်သူဖြစ်ဖြစ် စိတ်မဝင်စားဘူး။

စာတွေက အရေးကြီးတယ်။ ကျွမ်းကျင်တတ်မြောက်သော ဆရာဝန်ကောင်းတစ်ဦး ဖြစ်ရမယ်။

အတွေးဖြင့် အရိပ်လေးကို နှင်ထုတ်ရင်း အိပ်ပျော်သွားခဲ့သည်။









# အခန်း(၁၆)

"ဟဲလို"

"ရှင်"

"ဒီနေ့ တင်ယွန်းစံ ဝတ်ထားတဲ့အရောင်လေးနဲ့အသားရေနဲ့ ဟပ်ပြီး ကဗျာဆန်လိုက်တာ"

"ရှင်ဘယ်သူလဲ"

"ကျုပ်ကို မင်းသိပါတယ်"

"မသိဘူး. . မသိဘူး၊ ရှင် ဖုန်းသရဲပဲ"

"ဖုန်းသရဲမဟုတ်ပါဘူး၊ တင်ယွန်းစံကို မြတ်နိုးတဲ့အရိပ်



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ"

"ဖုန်းချလိုက်တော့မယ် တင်ယွန်းစံ"

"နေဦး"

"ဘာပြောစရာရှိလို့လဲ"

"ရှင့်ကိုကျွန်မ မသိချင်ဘူး၊ မကြွေဘူး၊ ရှင်ရဲ့ကြိုးပမ်းမှုတွေဟာ ကျွန်မအတွက် ထူးခြားချက်မရှိဘူး. .၊ ရင်မခုန်လောက်ဘူး၊ စာမဖွဲ့လောက်ဘူး၊ ရိုးအီနေပြီဆိုတာပါပဲ "

"ဂျလောက်"

တင်ယွန်းစံ တယ်လီဖုန်းကို ဆောင့်ချပစ်လိုက်သည်။ ဤလူနှင့် စကားပြောလျှင် မိမိကဦးအောင် အနိုင်နှင့်ပိုင်းနိုင်မှ ဖြစ်သည်။

သူကလည်း ဖုန်းဆက်သေးသည်။ သူပြောချင်ရာပြောပြီး ဦးအောင်ချသွားတတ်သည်။

"ဘယ်ကဖုန်းလဲ နိုရင်း"

"အလကားပါ၊ ဖုန်းသရဲ ကျောင်းကဖြစ်မှာပါ"

တင်ယွန်းစံ စာအုပ်ကိုဆွဲယူကာ ခြံထဲသို့ဆင်းခဲ့လိုက်သည်။

ခြံထဲရောက်၍မှ မကြာခင် သူငယ်ချင်း ထားဝေဝေက ကားတစ်စီးနဲ့ ရောက်လာသည်။

"တင်ယွန်းစံ"

"လာ. . သူငယ်ချင်း၊ ထိုင်"

တင်ယွန်းစံက သူ့ဘေး၌ထိုင်ရန် နေရာရွှေ့ပေးလိုက်သည်။





"ဟင့်အင်းကွာ၊ တစ်နေရာရာ သွားထိုင်ရအောင်"

"ဘာဖြစ်လို့လဲ"

"လာပါကွာ"

တင်ယွန်းစံအားကြည့်သောထားဝေဝေ၏ မျက်လုံးက တစ်မျိုးဖြစ်နေသည်။ စာကျက်များသဖြင့် 'ဒီကောင်ကြောင်နေပြီထင်တယ်'ဟု အတွေးဖြင့် ထားဝေဝေ၏ အလိုကိုလိုက်ရန် တင်ယွန်းစံထိုင်ရာမှ ထလိုက်ပြီး ထားဝေဝေနှင့်အတူ အိမ်ထဲသို့ပြန်ဝင်ခဲ့သည်။ ဧည့်ခန်း၌ ထိုင်မိကြသည်။

"ကိုယ့်မျက်မှန်ပါဝါပဲ တိုးလာသလား ဒါမှမဟုတ် မျက်စိမှားသလားပဲ"

အဆက်အစပ်မရှိသော. . အူကြောင်ကြောင်စကားကြောင့် ထားဝေဝေကို တင်ယွန်းစံ စူးစိုက်ကြည့်လိုက်သည်။

"ဘာဖြစ်ရပြန်ပြီလဲ"

ပါဝါထူ မှန်ဘီလူးအောက်မှ ထားဝေဝေ၏မျက်လုံးမွေးများ၌ ကြောက်လန့်ခြင်း အရိပ်အယောင်များ အနည်းငယ်ပါနေသည်။

"စောစောက ရှင့်ဘေးမှာ ဘယ်သူရှိသလဲ"

"ဟ. . ဘယ်သူရှိရမှာလဲ"

"သေချာရဲ့လား"

"ဟောတော့၊ ရှင်ပဲစဉ်းစားကြည့်လေ၊ ဒီအိမ်မှာ ကျုပ် အန်တီလေးရယ်၊ ဒေါ်ထွေးရယ်ပဲရှိတာ၊ ကျုပ်စာဖတ်နေတဲ့ဘေးကို ဒေါ်ထွေးတို့အန်တီလေးကိုက အားအားယားယား လိုက်စီးပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး တင်ယွန်းစံ၊ ရှင့်အနားမှာ တစ်ယောက်ယောက်ရှိနေတယ်၊ ကျုပ်ကားခြံဝက ဝင်လာတော့ လှမ်းမြင်လိုက်တယ်၊ နောက် ပန်းရုံတွေကွယ်သွားတော့ ရှင့်ကို မမြင်ရတော့ဘူး၊ အဲ မြင်ရတဲ့အချိန်မှာတော့ ရှင်တစ်ယောက်တည်းပဲ"

တင်ယွန်းစံ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

"ရှင့်မျက်မှန် ပြန်စမ်းကြည့်ဦး၊ ပါဝါတိုးပြန်ပြီထင်တယ်"

"မတိုးပါဘူး ပြီးခဲ့တဲ့လကပဲ စမ်းသေးတယ်"

တင်ယွန်းစံ အရယ်ရပ်လိုက်သည်။

"ကိုင်း. . ဒါဖြင့်ပြော၊ ရှင်မြင်လိုက်တာ ယောကျ်ားလားမိန်းမလား"

"ဒါတော့မသိဘူး၊ ကွဲကွဲပြားပြားမဟုတ်ဘူး၊ ရိပ်ခနဲဆိုတော့"

တင်ယွန်းစံ တစ်စုံတစ်ခုကို သတိရလိုက်သည်။

"ထားပါတော့၊ ကျုပ်အရိပ်လို့ပဲ ရှင်ညကစာကျက်တာညဥ့်နက်သွားပြန်ပြီထင်တယ်"

"အေးလေ၊ ကျုပ်လက်ဆုပ်လက်ကိုင် မပြနိုင်သရွေ့တော့ ရှင့်ကိုကျုပ်ဘာမှမပြောတော့ဘူး၊ ကိုင်း ကျုပ်ကိုစာတော့ရှင်းပြပါ"

"ရှင်းပြရမှာပေါ့ လေးလုံးရယ်"

တင်ယွန်းစံအတွက် ထားဝေဝေ၏ စကားမျိုးဆင်ဆင်ကြားနေရသည်မှာ လေးငါးဦးရှိပြီဖြစ်သဖြင့် ရိုးနေပြီ။

ခုဆိုလျှင် တင်ယွန်းစံအတွက် အရိပ်တစ်ခုမကတော့နှစ်ခုရှိနေပြီပဲ။





"ဘာပြုံးတာလဲ"

"အဟင်း. . ရှင့်အမြင်အာရုံကို သဘောကျလို့"

"ကျုပ်ပဲချွတ်ယွင်းသလား၊ ရှင့်ဘက်မှာပဲ ထူးခြားမှုရှိနေပြီလား ဆိုတာကို တစ်နေ့နေ့တော့ အဖြေပေါ်မှာပေါ့လေ"

တင်ယွန်းစံပခုံးတွန့်ကာ ပြုံးလိုက်သည်။

"ပြုံးမနေနဲ့၊ ဒါထက် ရှင့်မယ်တက္ကသိုလ်ရွေးပွဲဝင်မလို့ဆို"

"ဝင်ရမှာပေါ့၊ ကျုပ်တို့ ဆေးတက္ကသိုလ်အတွက် ကျုပ်ချက်ဆောင်ပေးရမယ်"

"ကောင်းပါတယ်၊ ဒီလိုဆိုရင် ရှင့်အတွက်ကျုပ်ဘော်ဒီဂတ်လုပ်ပေးမယ်"

"တော်စမ်းပါ၊ ရှင့်ကိုခလုတ်မတိုက်အောင်ပဲ ကျုပ်လိုက်ခဲ့နေရလို့ အလုပ်ပျက်တယ်၊ ရတယ်. . ကျုပ်က ပွဲဝင်နေကျပဲ ရှိနေပြီ"

"အင်း တစ်နေ့တစ်နေ့ ရှင့်ကိုလာရှိတ်တဲ့ ပွဲကြည့်ပရိတ်သတ် တိုးဦးတော့မှာပဲ"

"ခြေအေးဝမ်းရောင်တွေကို သနားတယ်"

"ရှင်ဒီလောက်အထိ နေနိုင်တာကို ကျုပ်အံ့ဩတယ်"

"မအံ့ဩနဲ့၊ အချစ်ဆိုတာ ဖန်တီးယူလို့မရဘူး သူငယ်မ။ မှတ်ထား၊ ကိုင်း. . . ရှင်က စာမေးဖို့ လာတာလား၊ ကျုပ်ကိုဗျူး [illegible]တာလား"

ထားဓဝဝေက မျက်စောင်းထိုးကာ စာအုပ်လှန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်ယွန်းစံ၏ အလှကြောင့် . . တင်ယွန်းစံနှင့် တွဲသူ သူငယ်ချင်းအနက် မိန်းကလေးသူငယ်ချင်း ရှားသွားသည်။ တင်ယွန်းစံ အလှကြောင့် သူတို့၏အလှ မှေးမှိန်မှာ ကြောက်၍လား၊ တင်ယွန်းစံအပေါ်၌ ဝန်တိုတတ်သော မိန်းကလေးတို့၏ သဘာဝကြောင့် ဝန်တို၍လား တင်ယွန်းစံ ခွဲခြားမနေတော့၊ သို့သော် တင်ယွန်းစံ၌ ထားဝေဝေကဲ့သို့သော ပိန်ပိန်ကပ်ကပ် ပါဝါထူ မျက်မှန်နှင့် လက်ပြင်အနည်းငယ် ကိုင်းနေသော သူငယ်ချင်းနှင့် အရုပ်ပုကာ သေးကွေးသောရုပ်ပါမှအပ အခြားမိန်းကလေးသူငယ်ချင်းဆို၍ မေးပြောခေါ်ထူး အဆင့်သာရှိသည်။

မိမိမော်ကလည်း ဓာတုဗေဒအဓိကဖြင့် ဘွဲ့ပင်ရသွားပြီး ကုမ္ပဏီတစ်ခု၌ အလုပ်ဝင်လုပ်နေလေပြီ။

ထို့ကြောင့် ရှားရှားပါးပါးရှိသော သူငယ်ချင်း ထားဝေဝေအပေါ် တင်ယွန်းစံ စိတ်ရှည်ရသည်။

ထားဝေဝေ မရှင်းလင်းသောစာများကို ရှင်းပြနေသည့် တစ်ခဏအတွင်း၌ တင်ယွန်းစံ၏ အရိပ်များပျောက်ကွယ်သွားလေတော့သည်။







 အခန်း(၁၇)

"ဟော . . . ဒီလူ"

တင်ယွန်းစံ၏ မှတ်ဉာဏ်သည် ချွတ်ယွင်းမှု မရှိသေးပါ။ ...ကို ဘေးချင်းယှဉ်အရပ်၌ သူ၏ကားတံခါးကိုဖွင့်ရန်ပြင် ...သော သူသည်လည်း တင်ယွန်းစံကို မြင်တွေ့သွားပြီးပြုံးပြ ...သည်။

ရုတ်တရက် မမှတ်မိပေမယ့် ထိုသူ၏ အပြုံးကို မြင် ...သည်နှင့် တင်ယွန်းစံ မှတ်မိသွားသည်။

လှည်းကူးဝင်ခါနီး ကားပျက်စဉ်က အကူအညီပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောဒရိုင်ဘာ။

“ဈေးလာဝယ်တာလား မိန်းကလေး”

“ဟုတ်. . . ရှင်ကြီးကော”

“သူဌေးခိုင်းလိုက်လို့ ပစ္စည်းတွေလာဝယ်တာ”

“ဪ”

“သွားမယ် မိန်းကလေး”

“ဟုတ်”

“ဪ. . . ကားစက်ကောင်းပါတယ်နော်”

“ကောင်းပါတယ်၊ တစ်ခါပျက်ဖူးတာနဲ့ အမြဲ ပျက်နေ မယ်လို့ ရှင်ကြီးထင်သလား၊ ဒါမှအဟုတ် ကားပြင်ခ လိုချင်လို့ လား”

“အောက်ဆိုက်လိုချင်တာတော့ အမှန်ပဲ”

“ဒါဖြင့် အတော်ပဲ၊ ရှင့်ကားထဲမှာ ခေတ်ဆီများရှိ နည်းနည်းထုတ်ရောင်းခဲ့၊ ကျွန်မကား ခေတ်ဆီနည်းနေတယ် ရှင်လည်း အောက်ဆိုက်ရတာပေါ့”

ထိုလူမျက်နှာ ပြုံးသွားပြီး. . .

“ဟာ သိပ်ကောင်းတာပေါ့၊ ဘယ်နှစ်ဂါလန်ယူမလဲ”

“ဖြစ်နိုင်ရင် နှစ်ဂါလန်လောက်လိုချင်တယ်၊ ပေါက်ဈေး ပဲနော်”

“အိုကေ”

ထိုသူက ကားနောက်ဖုံးကို ဖွင့်သည်။ ပြီးတော့ခေတ်ဆီ ဂါလန်ပုံးကို မချလာသည်။

ထိုအချိန်တွင် တင်ယွန်းစံအား ရူပါက လက်တို





သည်။ ပြီးတော့မေးငေါ့ပြသည်။ ရူပါဘာကိုရည်စူးကာ မေး ငေါ့ပြသည်ကို တင်ယွန်းစံ မသိချေ။

“ဘာလဲ”

ရူပါက ခေါင်းခါပြလိုက်သည်။

“ဘာမှန်းလည်းမသိဘူး”

တင်ယွန်းစံက အူကြောင်ကြောင်နိုင်သော ရူပါအား ော်ချက်ချလိုက်သည်။

ဒရိုင်ဘာက တင်ယွန်းစံ၏ ကားထဲသို့ ခေတ်ဆီဖြည့် းရင်း. . .

“ဆီဈေးက နည်းနည်းတက်နေတယ်၊ ကျပ်ကနှစ် ောင်နဲ့ ဝယ်ခဲ့တာဆိုတော့ မိန်းကလေးလည်း နှစ်ထောင်နဲ့ပဲ ေးပေါ့”

“ရပါတယ်”

တင်ယွန်းစံက ပိုက်ဆံအိတ်တွင်းမှ တစ်ထောင်တန် ရွက် ထုတ်ထားလိုက်သည်။ ဒရိုင်ဘာ အလုပ်ပြီးစီးအောင် ောင့်ပြီးမှ တစ်ထောင်တန်လေးရွက်ကို တရိုတသေပင် ကမ်း လိုက်သည်။ မိမိထက်အသက်ကြီးသူပဲ။ ဒရိုင်ဘာဖြစ်စေ က်ကြီးဂုဏ်ကိုတော့ ရှိသေရမည်ပေါ့။

“ကျေးဇူးတင်ပါတယ် မိန်းကလေး၊ ခွင့်ပြုပါဦး”

“ဟုတ်”

တင်ယွန်းစံတို့ ဈေးတွင်းဘက်သို့ ဦးတည်လိုက်သည်။ ကား ထွက်သွားမသွားကို တင်ယွန်းစံ လှည့်မကြည့်ချေ။ ော် ရူပါက မနေနိုင် မထိုင်နိုင် သမင်လည်ပြန်လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၍. . .

"သွားပြီ. . . သွားပြီ"

"အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ ရှင်တကယ်မသိဘူးလား"

"ကျုပ်က ဘာကိုတကယ်သိရမှာလဲ"

"ရှင်ဟာလေ. . . အရိပ်ပြလို့ အကောင်မမြင်တဲ့သူပဲ ကျုပ်မျက်စပစ်ပြလို့လဲ ရှင်မမြင်ဘူးမဟုတ်လား"

"ရှင်က ဘာကိုပြလို့ ဘာကိုမြင်ရမှာလဲ၊ ရှင်းရှင်းပြော စမ်းပါ ဂျပုရယ်"

တင်ယွန်းစံ စိတ်မရှည်ချင်တော့။ ရှုပါကလည်း အရင်း သလောက် စကားကြောကရှည်သည်။

"ကျုပ်မပြောခင် သူနဲ့ရှင် ဘယ်တုန်းက သိတာလဲဆိုတာ အရင်ပြော"

"ဂျပန်မူလီလုပ်ပြီ၊ ဒီလို မချောရဲ့. . ပြီးခဲ့တဲ့လ ကျုပ် တောင်ငူက အပြန်လမ်းမှာ ကားပျက်တယ်လို့ ပြောပါတော့ အဲဒီတုန်းက အကူအညီပေးတဲ့ ဒရိုင်ဘာလေ"

"ဒရိုင်ဘာ. . . ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒရိုင်ဘာပဲ၊ သူ့ကိုသူ ဒရိုင်ဘာပါလို့ ပြောပြီး ကျုပ်ပေးတဲ့ပိုက်ဆံ လက်ဖက်ရည်ဖိုးတောင် လက်မခံ သေးတာပဲ"

ရှုပါက တင်ယွန်းစံအား ကရုဏာသက်သွားဟန် မျက် ဝန်းဖြင့် ခပ်ပြောင်ပြောင်ကြည့်လိုက်ပြီး. . .

"ကျွတ်. . . ကျွတ်. . . ကျွတ်"





"မကျွတ်ဘူး၊ ကျုပ်လုံချည်ခိုင်တယ်၊ ကျွတ်စရာရှိ ရှင်ပဲ ကျွတ်မှာ"

"ဒါကြောင့် ရှင့်ကိုပြောတာ၊ ရှင်ဟာအရပ်မြင့်ပေမယ့် အမြင်က မမြင့်ဘူး. . မကျယ်ဘူးလို့၊ ရှင့်ဒရိုင်ဘာကြီးရဲ့အဝတ် အစားဖိုးချည်းပဲ ဝတ်ထားတာ ဘယ်လောက်ထင်သလဲ"

"ကျုပ် ယောကျ်ားအဝတ်အထည်နဲ့ အသုံးအဆောင် တွေတန်ဖိုး မသိဘူး"

"တစ်သိန်းဖိုးရဲ့ အထက်မှာပဲရှိမယ်၊ မလျော့ဘူး"

"သူ့ သူဌေးစွန့်ထားတာဖြစ်မှာပေ့ါ၊ စိတ်ကူးမယဉ်ချင် စမ်းပါနဲ့ ဂျပု၊ ရှင့်အရပ်က လေးပေကိုးနီးပါးရှိပေမယ့် ယောကျ်ား တစ်ယောက် အဲ ဆရာဝန်အချင်းချင်းတော့ ရနိုင်ပါသေးတယ်၊ ရှင်ကလေးဖြောင့်တာနဲ့ ဒရိုင်ဘာကို သူဌေးနေရာထားပြီးစိတ် ကူးမယဉ်လိုက်ပါနဲ့၊ ဒါတော့ သူငယ်ချင်းကောင်းပီသစွာနဲ့ ရှင့်ကို ကျုပ်တားမြစ်ပါရစေနော် မယ်မင်းကြီးမ"

"ထပ်သရီး. . ဘယ်ကလာ ကျုပ်ကစိတ်ကူးယဉ်ရမှာ လဲ။ ထန်းပင်လောက်မြင့်မားတဲ့ သူ့အရပ်ကြီးကို ကျုပ်ကဇက် ညောင်းခံပြီးမော့ကြည့်နိုင်မှာ မဟုတ်ဘူး၊ ရှင့်အတွက် ကျုပ်ပြော နေတာ"

"ရှင် စိတ်ကူးမလွဲနဲ့၊ ရှင့်လူရဲ့လက်ကလေးတွေက ဖြူနု နေတာ၊ ဘိဆီပုံးကိုမတော့ နီရဲသွားတဲ့ လက်ဖဝါးကို တွေ့မိသလား"

"ဟင့်အင်း၊ ဒါကတော့ အသားဖြူလို့ဖြစ်မှာပေ့ါ၊ ဒါများ ဘာ အဆန်းလုပ်လို့"

"အဟုတ်သေးဘူး၊ လက်စွပ်ကော မြင်လိုက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"နာရီကော"

"ဟင့်အင်း"

"ဒါကြောင့်ပြောတာ၊ ရှင်ဟာလည်းမလိုလိုနဲ့ တော်တော်နသေး၊ သူ့နာရီက သိန်းကျော်တန်၊ လက်စွပ်က စိန်လက်စွပ်၊ စိန်လက်စွပ်မှ တကယ့်အကောင်းစား"

တင်ယွန်းစံ မယုံကြည်နိုင်သကဲသို့ ရှုပါကိုကြည့်လိုက်သည်။

"ဘာလဲ၊ ရှင်ကကျုပ်ကို မယုံလို့လား၊ ကျုပ်မယ်တော်က စိန်ပွဲစား ကျောက်ပွဲစားဆိုတာလည်း ရှင်မမေ့နဲ့ဦး"

တင်ယွန်းစံ ဘာပြန်ပြောရမည်နည်း။

အံ့ဩရမှာလား. . .

"ဒါကို ရှင်ကသူ့ဘော့စ်ပေးတာပါလို့ ဆင်ခြေတက်ဦးမလို့လား၊ မတက်နဲ့၊ သိန်းလေးငါးဆယ်တန်လောက်ကို ဒရိုင်ဘာကို စွန့်ကြဲရအောင် သူ့ဘော့စ်က ဘီလျံနာဖြစ်နေလို့လား ဖိနပ်ကြည့်ဦးမလား၊ သောင်းဂဏန်းအထက်"

"ရှင်က သိလှချည်လား"

"ကျုပ်ပြောရဲတယ်၊ ရှင့်လူဟာ ဘယ်နည်းနဲ့မှ ဒရိုင်ဘာမဖြစ်နိုင်ဘူးဆိုတာ၊ သူ့နာမည်ကော ရှင်သိသလား"

"ဘယ်သိမှာလဲ၊ ကျုပ်လူလဲမဟုတ်၊ ရှင့်ဘာသာရှင် စိတ်ဝင်စားရင် ရှင်ပဲ ဆံဖြူခံတော့၊ ကျုပ်တော့ဈေးဝယ်ဖို့ပဲ စိတ်ဝင်စားတယ်၊ လာစမ်းပါ ဂျပုရာ၊ ရှင့်ခြေလှမ်းတစ်လှမ်းလှမ်းဟာ ကျုပ်စင်ပေါ်မှာ ဖက်ရှင်ပြတာထက်တောင် နှေးသေးတယ်၊ ရှင်တို့ ဂျပုအစား လိပ်ပုလို့ပြောင်းမှည့်လိုက်တော့မယ်"





"လှမ်းနေတာပဲ၊ ရှင့်ငါးပေခြောက်အရပ်ရဲ့ လှမ်းနဲ့ ရှင့်ခါးလောက်ရှိတဲ့ ကျုပ်အရပ်ရဲ့ ခြေလှမ်းတူနိုင်ပါ့မလား လောရှည်ရယ်၊ စဉ်းစားပါဦး"

တင်ယွန်းစံက ရှုပါ၏လေကြောစကို ဖြတ်ရန် စားသောက်တန်းဘက်သို့ ဦးတည်လိုက်သည်။

"ရှင့်ပါးစပ်ကို အစားနဲ့ အရင်ပိတ်ရမယ်၊ ဒါမှ ကျုပ်နားအေးမှာ"

"အေးလေ တော်ကြာမှ ဂျပုရယ်. . ရှင်ပြောတာ မှန်လိုက်တာဟယ်လို့ ဖြစ်နေဦးမယ်"

တင်ယွန်းစံ မျက်စောင်းထိုးလိုက်သည်။ ပြီးမှ. . .

"သူပဲ ပေါက်ပေါက်ရှာရှာ လူတစ်ယောက်ရဲ့ တန်ဖိုးကို အဝတ်အစား အသုံးအဆောင်ကြည့်ပြီး အကဲဖြတ်ရတယ်လို့၊ စိန်ကဲကျောက်ကဲထက် လူကဲခတ်တယ်ဆိုတဲ့ စကားဘယ်ထားမလဲ"

"ဘယ်မှမထားဘူး၊ ရှင်မယုံရင် ရှင်နဲ့ ကျုပ်နဲ့ စိန်ဒဲါပွဲတစ်ပွဲနွှဲလိုက်ချင်သေးတယ်"

"အိုကေ. . လေးလုံးကို သက်သေထားပြီး စကြတာပေါ့"

"စိန်လိုက်၊ ဂျပုတို့က စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်ချင်သေးတယ်"

"လိုက်ပါ. . . လိုက်ပါ ဘယ်သူက တိမ်ပေါ်က ပြုတ်ကျမလဲလို့ ကြည့်ကြသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့လေ၊ ရှင့်အတွက်က ပြုတ်ကျရင် ဆီပွဲ့မယ့် လူတွေ တစ်ပုံတစ်ပင်နဲ့ဆိုတော့ ပြောအားရှိသေးတာပေါ့"

"ပြောတော့ဂျပုရေ၊ ရှင်ဟာ အရပ်ပုသလောက် လျှာ သိပ်ရှည်တာပဲ"

တင်ယွန်းစံ ရှုပါကို အရှုံးပေးလိုက်သည်။









# အခန်း(၁၈)

"ဘယ်သူပေးသွားတာလဲ"

"မသိဘူး၊ လူတစ်ယောက်ပဲ၊ ဒေါ်ထွေးတောင် တံခါး ဖွင့်မပေးလိုက်ရဘူး"

"ဒါဖြင့် ဘယ်လိုလုပ် ဒီအထုပ်က ရောက်နေတာလဲ"

တင်ယွန်းစံ အခုတလော ဦးနှောက်ခြောက်ရသည်။ ကျောင်းမှအိမ်သို့အပြန် တင်ယွန်းစံအတွက်ဟုဆိုကာ လက်ဆောင်ပစ္စည်းထုပ်က အဆင်သင့်ရောက်နေသည်။

"ဘယ်လိုလုပ်ရမှာလဲ၊ လာပို့ပေးတဲ့လူကပဲ အကြံပြု


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော်ပစ္စည်းထားခဲ့ပါ့မယ်၊ စိတ်ချရတဲ့အချိန် ရောက်မှထွက်ယူပါတဲ့၊ ကျုပ်လည်းသူပြန်သွားတော့ သော့ဖွင့် ယူတာပေါ့"

"ဒါကြောင့်ပြောတာ၊ ဘယ်သူပေးမှန်း မသိဘဲ ဒေါ်ထွေးက လက်ခံရသလား"

"သူကပြောတယ်လေ၊ တင်ယွန်းစံမှာထားတဲ့ ပစ္စည်းကိုလာပို့တာဆိုတော့ ကျုပ်ကလက်မခံဘဲ နေရမှာလား"

တင်ယွန်းစံက ထုပ်ပိုးကုန်အိတ် အကောင်းစားဖြင့် ထည့်ထားသော အိတ်အတွင်းမှ အိတ်ကလေးများကို ဆွဲထုတ်ကြည့်လိုက်သည်။ ပိုးသားပြောင်အစများနှင့်၊ ပြီးတော့ ကတ်တစ်ခု။

တင်ယွန်းစံ. . .

မယ်တက္ကသိုလ်အတွက် လိုအပ်လျှင် အသုံးပြုနိုင်စေဖို့ပါ။ အခြားဘာရည်ရွယ်ချက်မှ မရှိပါ။

သင့်အရိပ်. . .

"အို. . ဒီလူ"

အစများက မနေ့က တင်ယွန်းစံ စိတ်တိုင်းမကျဘဲ ဝယ်ခဲ့ရသော အစထက် များစွာသာသည်။ ပန်းနုရောင်၊ အပြာရောင်၊ ရွှေဖလားရောင်နှင့် ခရမ်းပြာ၊ အစိမ်းရောင်၊ ကြည်ပြာရောင်တို့ဖြစ်သည်။

"ဟယ်. . . လှလိုက်တဲ့အစတွေ အိနေတာပဲ၊ ယွန်းစံသာဝတ်လိုက်ရင်တော့ ဖလားပဲ"

ဒေါ်ထွေးက တစ်စပြီးတစ်စ ကိုင်ကြည့်ကာ ဝမ်းသာ





အားရပြောလိုက်သည်။ တင်ယွန်းစံကတော့ စိတ်ပျက်လက်ပျက်ဖြစ်နေသည်။

"ပြောင်တွေကြီးပဲ၊ အတော်ပဲပေါ့၊ အခုခေတ် မယ်တွေ တပြောင်ဝမ်းဆက်လက်ပြတ်နဲ့ ဆိုတော့ ယွန်းစံနဲ့ အံကိုက်ပဲ. ."

"မအံကိုက်နဲ့ ဒေါ်ထွေးရေ၊ ကျွန်မ မမှာဘဲ လာပို့သွားတာ အဖိုးတန်တွေချည်းပဲ၊ ဝတ်ပြန်တော့လည်း တစ်ပြစ်၊ မဝတ်ပြန်တော့လည်း တစ်ပြစ်၊ စိတ်ညစ်ပါတယ်"

"စိတ်ညစ်မနေပါနဲ့၊ မအယ်နီလာတော့ ဆုံးဖြတ်ခိုင်းလိုက်၊ စားရကံကြုံလို့ မုတ်ဆိတ်ပျားလာစွဲတဲ့ အဖြစ်ပဲဟာ ဘာစိတ်ညစ်စရာရှိသလဲ"

"ဒေါ်ထွေးကပြောလိုက်ရင် လွယ်လွယ်လေး"

တင်ယွန်းစံ ပိတ်စများကို စနစ်တကျ ပြန်ထည့်ပြီး အိပ်ခန်းတွင်းသို့ဝင်ခဲ့သည်။ ခုတင်ပေါ်၌ အသာအညောင်းဆန့်ရင်းစဉ်းစားလိုက်သည်။

"အရိပ်ဆိုတာ ဘယ်သူလဲ"

မိမိအပါးသို့ ချဉ်းကပ်နေကြသော ယောကျ်ားတွေထဲက တစ်ယောက်ယောက်ဖြစ်ဖို့ကတော့ သေချာသလောက်ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် မယ်တက္ကသိုလ် ရွေးပွဲအတွက် မိမိဆေး(၁)အတွက် ကိုယ်စားပြုယှဉ်ပြိုင်မည်ကို သိနေသည် ဆိုတော့ ဆေးတက္ကသိုလ်ကျောင်းသား ဖြစ်နိုင်သည်။ [illegible]ောက်၌ မိမိအား ကမ်းလှမ်းထားသည့် ကျောင်းသား အရေအတွက်မှာ ခြောက်ဦးလောက်တော့ ရှိသည်။ သူတို့ထဲ မှ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်နိုင်သနည်း။

ဘယ်သူဖြစ်ဖြစ် တင်ယွန်းစံအတွက် ရင်ခုန်စေလောက်သောသူ တစ်ယောက်မှမပါ။ သို့သော် ရောင်စုံအစလေး များကတော့ရင်ခုန်စေသည်။

မိမိလိုချင်နေသည့် အစထက်များစွာ သာလွန်ပြီး အဖိုးတန်နေခြင်းကြောင့် ဖြစ်သည်။ ထိုအစကို ချုပ်ဝတ်ချင်ခြင်း တပ်မက်မှုကြောင့်တော့ ရင်ခုန်သံစဉ် ဖြစ်ပွားနေသည်က သေချာသည်။







# အခန်း(၁၉)

"ယွန်းစံ"

"တင်ယွန်းစံပါ"

"ကျုပ်. . ယွန်းစံလို့ပဲ ခေါ်ချင်တယ်ဗျာ"

"ခေါ်ခွင့်မရှိဘူးဆိုရင်ကော"

"ခေါ်ပါရစေ"

"ကောင်းပြီလေ၊ ရှင့်သဘောကို ကျွန်မလိုက်လျောမယ် ဒါဆိုရင် ရှင်ကလည်း ကျွန်မကို တစ်ခုခု လိုက်လျောရလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ပြော. . . ဘာလိုက်လျှောရမှာလဲ"

"ရှင် ကျွန်မကိုလာတွေ့ပါ"

တစ်ဖက်မှနေ၍ တိုးတိုးတိတ်တိတ် ရယ်မောလိုက်သော အသံကို တင်ယွန်းစံ မခံချင်စွာ ကြားလိုက်ရသည်။

"ဘာရယ်တာလဲ"

"ကိစ္စရှိလို့လား"

"ရှိတာပေ့ါ၊ ရှင်ပို့ပေးလိုက်တဲ့ အစတွေအတွက် ကျွန်မ ရှင်နဲ့ စားရင်းရှင်းစရာရှိနေတယ်"

"ကျုပ် ခင်ဗျားကို အမြဲတွေ့ချင်နေတဲ့သူပါ၊ မင်းဖိတ်ခေါ်မှုအတွက်. . ."

"မဟုတ်ဘူး. . . အဟုတ်ဘူး၊ ရှင့်စကားပြန်ရုပ်သိမ်းလိုက်ပါ၊ ကျွန်မရဲ့ ဖိတ်ခေါ်မှု မဟုတ်ဘူး၊ ရှင့်ကို စာရင်းရှင်းစရာရှိလို့ခေါ်တာ၊ ဖိတ်ခေါ်မှု မဟုတ်ဘူး၊ ဟို. . ဟို. . . ရှင်းလင်းမှုအတွက် ရှင့်ကိုခေါ်တာ"

"ဟင်း. . ဟင်း. . . ထားပါတော့ ယွန်းစံ၊ မင်းရဲ့ရှင်းလင်းချက်ကို ကျုပ်လာနားထောင်ချင်ပါတယ်၊ ဒါပေမယ့် လောလောဆယ်တော့ ဝမ်းနည်းပါတယ်၊ ခု ကျုပ်ပုဂံကဆက်နေတာ"

"ရှင်. . ."

"ဟုတ်တယ်၊ ဒီကနေ ကျုပ်မန္တလေးသွားဦးမယ်"

တင်ယွန်းစံ အံ့သြသွားသည်။ အရိုဝ်သည် မိမိထင်ထားသလို မိမိတို့ဆေးက မဟုတ်နိုင်တော့. . ဒါဖြင့်. . .

"ရှင် ဘယ်သူလဲ၊ ဘာကိစ္စ ကျွန်မဆီကို လက်ဆောင်တွေပို့လိုက်ရတာလဲ"





"မင်းအတွက် လိုအပ်မယ်ထင်လို့ပါ၊ ဗိုလ်ချုပ်ဈေးထဲက ဆိုင်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ကြားက စိတ်တိုင်းကျ မရခဲ့ဘူး မဟုတ်လား"

"ရှင်. . . ရှင် ဘယ်လိုလုပ်သိသလဲ"

"အဟင်းဟင်း၊ ကျုပ်က မင်းရဲ့အရိပ်ပဲ၊ မင်းအကြောင်းတို့သိတာပေါ့၊ ကိုင်း . . မတင်ယွန်းစံ၊ မင်းဘာကိုမှ မဝံ့မရဲဖြစ်မနေနဲ့၊ မင်းကျုပ်ပေးတဲ့ အစကိုဝတ်ပြီး စင်ပေါ်တက်ရင် မင်းယ်တက္ကသိုလ်ဘွဲ့ ရကိုရလိမ့်မယ်၊ ကျုပ်အစ အတွက်မင်းရဲ့ ကောက်သိက္ခာကို ကျဆင်းသွားမှာလည်း မစိုးရိမ်နဲ့၊ ကျုပ်က ရယူလိုမှုအတွက် ပေးတာမဟုတ်ဘူး၊ မင်းရဲ့ဆန္ဒကို ဖြည့်စွမ်းပေးတာ"

"မဟုတ်ဘူး၊ ကျွန်မလိပ်ပြာမသန့်ဘူး၊ ကျွန်မရှင့်ဆီက ပန်းမျှော်နေတာ မနေ့ကတည်းက၊ ရှင့်ဖုန်းမချနဲ့ဦးနော်"

"စိတ်ချပါ၊ ကျုပ်ကမင်းရဲ့အသံလေးကို အမြဲတမ်းကြားချင်နေတဲ့သူပါ မချပါဘူး"

တင်ယွန်းစံက အမောတကော တားဆီးလိုက်ပြီး. . ဘာ ဘာကစပြောရမည်ကို မသိနိုင်အောင်ဖြစ်သွားသည်။

စကားစကို စဉ်းစားရှာဖွေလိုက်သည်။

"ပြောလေ ယွန်းစံ"

"ဟို. . . ဟို. . . ကျွန်မကို ရှင်ပို့ပေးတဲ့အစတွေထဲက အင်္ကျီချုပ်ချင်တယ်"

"ဟင်း . . ဟင်း. . . ဒါများ"

တင်ယွန်းစံ အသံမာမာဖြင့် ဟန့်တားပေးလိုက်သည်။

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအစက တစ်ကိုက်ကို သုံးသောင်းတန်တယ်ဆို"

"ဆိုပါတော့"

"ဒီလိုဆိုရင် ကျွန်မ တစ်စယူလိုက်မယ်၊ အဲဒီတန်ဖိုးကို ရှင်နဲ့ တွေ့အခါ ကျွန်မပြန်ပေးမယ်၊ ကျန်အစတွေရော ပြန်ပေးမယ်၊ အဲဒါရှင် ရန်ကုန်ပြန်ရောက်တဲ့အခါ ကျွန်မကို လာတွေ့ပါ"

"မင်းကို ကျုပ်အမြဲတမ်းတွေ့နေတာပဲ"

"ဟင်. . ."

"ဟုတ်တယ်၊ မင်းမမြင်နိုင်တဲ့နေရာက ကျုပ်အမြဲလာတွေ့နေတာ၊ ဒါပေမယ့် မင်းကို မျက်နှာချင်းဆိုင်လာတွေ့ဖို့ မကြိုးစားတော့ဘူး"

"ဘာဖြစ်လို့လဲ၊ ရှင်အဲဒီလိုမလုပ်နဲ့နော်၊ လာရမယ်"

"ကျုပ်ကို မင်းစာရင်းရှင်းမှာစိုးလို့ရယ်၊ ပြီးတော့ ကျုပ်က ရှက်တတ်တယ်၊ မင်းနဲ့မျက်နှာချင်းဆိုင် စကားပြောဖို့ အား အတော်မွေးရဦးမှာ"

"အောင်မယ်"

"ကိုင်း. . မင်းစာကျက်တော့၊ အစတွေအတွက် ရှိ တင်းတင်းသာ အသုံးပြုလိုက်ပါ။ ကျုပ်ဒီအစတွေအတွက် အ အခကို ငွေကြေးရော၊ အခြားတုံ့ပြန်မှုရော ဘာကိုမှ မတော ဆိုပါဘူး၊ တကယ့်မေတ္တာလက်ဆောင်သက်သက်ပါ။ ဒါပဲ. . ယွန်းစံ"

ထုံးစံအတိုင်း တင်ယွန်းစံတွေဝေနေချိန်မှာပင် တစ် မှ ဖုန်းချသွားသည်။

တင်ယွန်းစံ မကျေမနပ်ဖြစ်သွားသည်။ သို့သော်





ယွန်းစံကတော့ သူမ၏ ဆုံးဖြတ်ချက်ကို လုံးဝမပြင်နိုင်ချေ။

"နေနှင့်ဦး၊ နောက်တစ်ချီ ဖုန်းခေါ်မှသိမယ်"



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၂၀)

"ကျုပ်. . ကျုပ်နဲ့ပြောသလား"

"အင်း"

"ဒါဆို ရင့်သီးတာပေါ့၊ မဟုတ်မှလွဲရော အဲဒီလူ ရှင့်ထက် အသက်ကြီးတာတော့ သေချာတယ်"

"ကျုပ်လဲ အဲဒီလိုပဲ ခန့်မှန်းမိတယ်"

တင်ယွန်းစံ၏ ရင်တွင်း၌ အရိပ်အပေါ် မကျေနပ်မှု များဖြင့် လိပ်ခဲတည်းလည်းဖြစ်လာသဖြင့် ထားဝေဝေနှင့် ရှုပ်ရင်ဖွင့်လိုက်မိသည်။

"ကျုပ်ကတော့ ဒီလိုမထင်ဘူး"





"အင်း. . ဆိုပါဦးဂျပု"

"လုပုသလောက် လျှာကရှည်တော်မူတော့မယ်"

တင်ယွန်းစံက ရှုပါအား ထေ့လိုက်သည်။ ရှုပါကမျက်စောင်းထိုးကာ

"ဘယ်သူ့အကျိုးအတွက် ရှည်တော်မူရတာလဲ၊ ဒီလိုဆိုရင်း ရှိစေတော့"

တင်ယွန်းစံက လက်အုပ်ချီကာ မြှောက်လိုက်ပြီး

"ပြောမှား ဆိုမှားရှိခြင်းအပေါ် သည်းခံခွင့်လွှတ်ပြီး လျှာရှည်တော်မူပါ သခင်မဘုရား"

"အင်း. . အမိုက်အမဲမို့ ငါကိုယ်တော်မြတ် ဇွဲမယူဘူး ဆက်ပြောတော်မူမယ်"

"မ. . ."

ထားဝေဝေက ရှုပါအား မျက်စောင်းထိုးကာ ဆဲလိုက်သည်။ ရှုပါက အပြုံးမပျက်ချေ။ သူတို့သူငယ်ချင်း သုံးယောက် ခင်မင်မှုအတိုင်းအတာက ပြောမနာဆိုမနာဆိုးတူကောင်းဖက်ဖြစ်သည်။

"ရှင့်အရိပ်က ဘောစ့်တစ်ဦးဖြစ်ရမယ်၊ ဒါပေမယ့် လူသိမခံရဲတဲ့ အကြောင်းရင်းတစ်ခုခုရှိရမယ်"

"ဘာအကြောင်းရင်းလဲ"

"ဆိုပါတော့ မိန်းမရှိတဲ့လူ"

"မ. . ."

ထားဝေဝေက ဆဲပြန်သည်။ တင်ယွန်းစံက စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မိန်းမရှိပြီးသားလူက ကျုပ်ကိုကြိုက်ရမှာ

"ရှင်ကလည်း ဒုံးဝေးလိုက်တာ၊ ခုခေတ်က သိတဲ့
တိုင်း မယားဘယ်နှစ်ယောက်ယူယူ ယူပိုင်ခွင့်ရှိနေတာဆို
မယားငယ်တောင် မဟုတ်ဘူး မယားပြိုင်တဲ့ ခေတ်ဆို
ပိုက်ဆံထားစရာမရှိအောင် သုံးမကုန်နိုင် ဖြုန်းမကုန်နိုင် မိလ
တွေအတွက် ကောင်းတဲ့အခွင့်အရေး ဖြစ်သွားပြီ၊ ရှင့်ကိုစိတ်
စားပြီး အသုံးအဆောင်နဲ့ ငွေနဲ့ ဗန်းပြဆွယ်နေတာလည်း ဖြ
တယ်"

"ကျုပ်ရုပ်က အဲဒီရုပ်ပေါက်နေလို့လား"

"ဟာ. . ရှင်က ဘယ်လိုရုပ်မျိုးက ကီပင်လို့ သတ်
နိုင်လို့လဲ၊ ရှင်နှလုံးသားဟာ အချစ်နဲ့ပတ်သတ်ပြီး ဘယ်လော
သန့်စင်တယ် လတ်ဆတ်တယ်ဆိုတာ ကျုပ်တို့သိတာပေါ့၊
မယ့် ခက်တာက ရှင်ကမွန်ပြည်နယ်မယ်ဘွဲ့၊ ပြည်ထောင်
ဘွဲ့ ရပြီးသားဆိုတော့ ရှင့်အလှဟာ ထင်ပေါ်မှုရှိနေတယ်၊
မသိဘဲ မမြင်ဖူးသေးနဲ့ပဲ စွဲလမ်းနေပြီး စိတ်ကူးယဉ်နေတဲ့
အပေါင်း ဘယ်လောက်ရှိမလဲကော ရှင်သိနိုင်မလား"

"ဘယ်သိမှာလဲ၊ ကျုပ်က ကျန်းမာရေးလိုက်
ဝါသနာနဲ့ မိဘတွေဆန္ဒအရ မယ်ရွေးပွဲတွေဝင်ပြိုင်ရတာ
ဝန်အားလုံးကို ကိုယ်စားပြုတာ သိရဲ့လား၊ ထင်ပေါ်ကျော်
ချင်လို့ မဟုတ်ဘူး"

"ဆရာဝန် အားလုံးကို ကိုယ်စားပြုတာ ကြီးကြီး
ကျယ်"

"ဟုတ်တယ်လေ၊ လူတော်တော်များများက ဆ





တွေဟာ လက်ရေးဆိုရင် ကြောင်ခြစ်တာကတောင် သာသေး
တယ်၊ မျက်မှန်ကလည်း ပါဝါထူနဲ့၊ မှန်ပိလို့ ချိုင့်ဝင်နေတဲ့ မျက်
လုံးတွေ၊ စာကျက်ရလွန်းလို့ လက်ပြင်ကိုင်းကိုင်း ပုံမလာ ပန်းမ
လာ၊ ဒီကြားထဲ စာကျက်လွန်းလို့ ဆံပင်ကအချိန်မတန်ခင် အလံ
ဖြူ ပြနေပြီတို့ ဘာတို့ပေါ့၊ ဒါတွေအတွက် လောလောဆယ်
ကြည့်စမ်း ကျုပ်ဟာဆရာဝန်လောင်းပါပဲ၊ ဘယ်လောက်ကြံ့ခိုင်
သလဲ၊ ခုလောလောဆယ် ဆေးတက္ကသိုလ် ကိုယ်စားပြုကနေ
နိုင်ငံကိုယ်စားပြုအဖြစ် ကျုပ်ကြိုးစားမယ်၊ ဒါမှကျုပ်ကို အားကျ
ပြီး ဗလငါးတန်ဖွံ့ဖြိုးတဲ့ အမျိုးသမီးတွေ များစွာပေါ်ထွန်းဖို့
ရည်ရွယ်ချက်နဲ့ယှဉ်ပြိုင်ခြင်းကလွဲလို့ ကျုပ်မှာအခြားဖော်ပြန်ရေး
ရည်ရွယ်ချက်မရှိဘူး"

"ရော့. . ရေသောက်လိုက်ဦး. .၊ ကျုပ်တို့က ရှင့် အ
ကြောင်းကိုသိတယ်၊ ရှင့်အရိပ်က မသိတာ"

"ဟုတ်တယ်၊ ဒါကြောင့် ကျုပ်လေသူဘာပဲ ပြောပြော
သူပေးတဲ့အစကို မချုပ်တော့ဘူး သိမ်းထားတယ်၊ သူနဲ့တွေ့ရင်
ပြန်ပေးလိုက်မယ်၊ သူနဲ့ပတ်သတ်ပြီး ကျုပ်ရင်ထဲမှာ ဗလာနတ္ထိပဲ၊
မမြင်ဖူး၊ အကြောင်းမသိတဲ့ လူတစ်ယောက်အတွက် ရင်ခုန်
ရလောက်အောင် ကျုပ်မမိုက်မဲဘူး၊ ကျုပ်အဲဒီလူကို တွေ့ချင်
တယ်ဆိုတာ အသည်းယားလို့၊ သူ့ပစ္စည်းတွေ ပြန်ပေးပြီး
တော်ပက်စက်စက်ကို ပြောချင်တာ"

"အေး . . ဟုတ်တယ်၊ ရှင်တစ်ယောက်တည်း မပြောနဲ့
ကျုပ်တို့ကိုပါခေါ်ထား အပြတ်ကို နှိပ်ကွပ်ပစ်မယ်"

"စိတ်ချကိုင်း စာကျက်ရအောင်ကွာ"



www.burmeseclassic.com

 www.burmeseclassic.com 

"ရှင်စာကျက်လို့ရသေးရဲ့လား၊ သန်ဘက်ခါပဲ ပြိုင်ပွဲဝင်ရတော့မယ်"

"တစ်ကဏ္ဍစီပါကွာ"

တင်ယွန်းစံ အေးဆေးစွာပြောပြီး စာအုပ်ကို လှန်လှောလိုက်သည်။ သူတို့သူငယ်ချင်းသုံးယောက်သည် လူနည်းပြီး မိန်းမသားချည်းပဲနေသော သူတို့အိမ်၌ စာစုရုံကျက်ကြရန် သဘောတူညီပြီး ထားဝေဝေနှင့် ရူပါက မိမိတို့ အိပ်ရာလိပ်များ မကာ တင်ယွန်းစံအိမ်သို့ ရောက်လာခြင်းဖြစ်သည်။

ညစာကျက်ရန် မစတင်မီ တင်ယွန်းစံက အရိပ်အကြောင်းကို စတင်လိုက်မိကာ ဆွေးနွေးချက်လေးဖြစ်သွားခြင်းဖြစ်သည်။

တင်ယွန်းစံ သက်ပြင်းချလိုက်သည်။

အရိပ်ပို့ပေးသော အစများကို မိမိအလွန်နှစ်သက်သော်လည်းမသုံးတော့ဟူသော ဆုံးဖြတ်ချက်နှင့်ပင် မိမိဝယ်လာသောအစကိုသာ ချုပ်လိုက်သည်။

"ဟဲ့. . ရှင့်ပြတင်းပေါက်က လေတိုးလှချည်လား"

စာကြည့်စားပွဲ၌ ရှိနေသော တင်ယွန်းစံထံသို့ ပြတင်းပေါက်မှခန်းဆီးက လွင့်ကာ ကလူထသကဲ့သို့ရှိနေသည်။

တင်ယွန်းစံက ခန်းဆီးစကို အသာစုချည်ကာ ထားလိုက်သည်။

ထားဝေဝေက. . .

"လောရှည်"

"ဘာလဲ လေးလုံးရော၊ ဒီမှာစာကျက်တော့မယ်"



"နောက်မှ ကျက်ပါဟာ၊ ရှင့်ကိုကျုပ်မေးစရာရှိလို့"

တင်ယွန်းစံက ထားဝေဝေအား မျက်စချီကာ. . .

"မေး"

"ရှင်တို့နဲ့ ကျုပ်အကြားမှာ စိတ်ဆိုးစရာဆိုတာ ရှိသင့်တဲ့အရာလား"

"အေးလေ. . တခြားအကြောင်းအရာများ မရှိပေမယ့် အခုကိစ္စမှာ ရှင်စိတ်မဆိုးဖို့ ကျုပ်က ကြိုတင်တောင်းပန်ထားတာ"

"ရစ်လိုက်တာဟာ. . . မေးစမ်းပါ"

ထားဝေဝေနဲ့ ရူပါက. . . တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။ ရူပါကပဲ. . .

"ရှင်နဲ့ ကျုပ်တို့မဆုံခင် ရှင်ဟာ စတိတ်တုန်းကရည်းစားများခဲ့တယ်ဆိုတာ ဟုတ်သလား"

"လုံးဝမဟုတ်ဘူး. . . ခုလိုပဲ ကျုပ်ကိုလိုက်ပြီး ပရိုပို့စ်လုပ်တဲ့လူတွေ များခဲ့တာကို မလိုသူတွေက ပြောတာ၊ ရှင်တို့ယုံသလား"

"ကျုပ်တို့မယုံပါဘူး၊ ဒါပေမယ့် ယုံချင်တာတစ်ခုတော့ရှိနေတယ်"

"ဘာလဲ"

"ရှင့်ကြောင့် ကောင်လေးတစ်ယောက် သေသွားဖူးတယ်ဆို"

တင်ယွန်းစံ၏ ရင်ထဲနင့်ခနဲဖြစ်သွားသည်။ တင်ယွန်းစံမှ ဖျောက်ထားသော နှလုံးသား ဝေဒနာရပ်ကလေးနိုးလာ



www.burmeseclassic.com

www.burmeseclassic.com

သည်။

တင်ယွန်းစံ ထိုင်ရာမှ ထလိုက်သည်။ ထို့နောက်အိပ်ခန်းတွင်းရှိ နံရံကပ်ဗီရိုထဲမှ အံဆွဲကိုဖွင့်ကာ အယ်လ်ဘမ်တစ်အုပ်ထုတ်လိုက်ပြီး သူငယ်ချင်းများဆီသို့ ပြန်လာခဲ့သည်။

တစ်နေရာကို လှန်လျှောကာ. .

"ဒီဓာတ်ပုံရှင်ပဲ"

"ဟယ်. . လူချောလေးပဲ"

"ချစ်စရာလေးဟယ်. . သွားထပ်ကလေးတွေနဲ့ ရယ်နေလိုက်တာ"

ရှုပါနှင့် ထားဝေဝေက ဓာတ်ပုံကိုကြည့်ကာ တစ်ယောက်တစ်ပေါက်ဝေဖန်လိုက်သည်။

တင်ယွန်းစံကတော့ ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်ပြီး. . .

"ဟုတ်တယ်. . ကျုပ်ရဲ့အခင်ဆုံးသူငယ်ချင်းပဲ၊ သူက လည်း ကျုပ်အပေါ်မှာ သန့်စင်သော မေတ္တာတရားနဲ့ ကျုပ်ကို အသက်ပေး စောင့်ရှောက်သွားခဲ့ရှာတယ်"

ကျန်နှစ်ယောက်မှာ စကားပင် မပြောနိုင်တော့ဘဲ တင်ယွန်းစံ၏ ကြေကွဲဖွယ်ရာ ဇာတ်လမ်းကို နားထောင်နေကြသည်။

"ဒါပါပဲ၊ ကျုပ်သူ့ကို ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး၊ ဒါကြောင့်ကျုပ်နာမည်ပြောင်းတော့ တမင်ပဲ တင်ယွန်းလို့ သူ့ရဲ့နာမည်တစ်လုံးကိုယူပြီး အမှတ်တရ ထည့်ခဲ့တာ"

"သူ့နာမည်က . . ."

"နိုင်သော်စံတဲ့၊ ကျုပ်ကတော့ နိုင်းနိုင်းလို့ပဲခေါ်တယ်"





"ဩော်. . အဲ့ဒီချာတိတ်က မကျွတ်ဘူးဆို"

ထားဝေဝေက မေးလိုက်သည်။

ရှုပါက ထားဝေဝေကို တံတောင်ဖြင့်တွက်သည်။

တင်ယွန်းစံမျက်ရည်စများကို သုတ်လိုက်ပြီး. . .

"မေးပါစေ ဂျပုရာ၊ အဲ့ဒီလောကကို ကျုပ်မသေဖူးသေးလို့ ပျဉ်ဖိုးနားမလည်ဘူး၊ ဒါပေမယ့် နိုင်းနိုင်းဟာ ကျုပ်ကိုတစ်ခါမှ ထင်ထင်ရှားရှား မပြဖူးတော့ ကျုပ်သေသေချာချာပြောရဲတယ်၊ ဘာလဲ. . ရှင်တို့က ကြောက်လို့လား"

"မကြောက်ပါဘူး၊ ကိုင်း . . ကိုင်း . . . စာကျက်တော့၊ ရှင်လည်း ကျုပ်တို့မေးမိလို့ အနှောင့်အယှက်ဖြစ်မသွားနဲ့နော်"

"ရပါတယ် ကျုပ်ခံနိုင်ရည်ရှိပါတယ်"

တင်ယွန်းစံ အယ်လ်ဘမ်လေးကို ပြန်လည်သိမ်းဆည်းလိုက်ပြီးနောက် စာအုပ်ပြန်ကိုင်လိုက်သည်။

ထိုညက အိမ်မက်ထဲ၌ နိုင်းနိုင်းသေဆုံးသောညကို ပြန်လည်မြင်ယောင်မိလေသည်။

ထအော်သဖြင့် သူငယ်ချင်းများပင် နိုးသွားခဲ့လေသည်။

"ရှင်ဘာဖြစ်တာလဲ"

"အိပ်မက်ထဲမှာ နိုင်းနိုင်းသေသွားတာမြင်လို့ ကျုပ်လန့်အော်တာ"

"စိတ်က အစွဲအလမ်းဖြစ်နေတာကိုးကွာ၊ ရေသောက်ပြီးပြန်အိပ်လိုက်"

အရာရာကို မေ့ထားချင်ပါသည်။ သို့သော် နိုင်းနိုင်းအကြောင်းစမိလျှင် အိမ်မက်အသွင်ဖြင့် နိုင်းနိုင်းကိုမြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com

သတိရမိနေတတ်သည်မှာ နိုင်းနိုင်းသေဆုံးပြီး ငါးနှစ်တိုင်ခဲ့သော်လည်း အသစ်သဖွယ် ထင်ဟပ်ဆဲပင်။







# အခန်း(၂၁)

"ကွန်ဂရက်ကျူလေးရှင်း ယွန်းစံ"

"ရှင်. . ."

"ကျုပ်ပေးလိုက်တဲ့ လက်ဆောင်ကို မင်းအသုံးမပြုပေမယ့် မင်းမယ်တက္ကသိုလ် ရသွားခြင်းကို ကျုပ်ဝမ်းသာပါတယ် ယွန်းစံ"

"ရှင် ပြန်ရောက်လာပြီလား"

"မနေ့က ပွဲကြည့်ပရိသတ်ထဲမှာ ကျုပ်ရှိနေပါတယ်၊ မင်းသိပ်လှတယ် ယွန်းစံ"

"ကျေးဇူးတင်ပါတယ်၊ ဒါထက်ရှင့်ပစ္စည်းတွေ ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးချင်ပြီ"

"ပစ္စည်းက အရေးမကြီးပါဘူး"

သူငယ်ချင်းများက တင်ယွန်းစံအနီး ကပ်နားထောင်နေကြသည်။

"ဘာဖြစ်လို့ အရေးမကြီးရမှာလဲ၊ ရှင့်အတွက်အရေးမကြီးပေမယ့် ကျွန်မအတွက်ကအရေးကြီးတယ်၊ ကျွန်မတို့ မြန်မာအမျိုးသမီးတွေရဲ့ အကျင့်သိက္ခာကို လက်ဆောင်ပစ္စည်းတွေနဲ့ လဲလှယ်လို့ရမယ်လို့ ရှင်ထင်သလား"

"မထင်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ရှင်ပို့ပေးရတာလဲ"

"ဆောရီးယွန်းစံ၊ ကျုပ်စေတနာ သိပ်လွန်ကဲသွားလို့ပါ၊ ယွန်းစံအတွက် အဲဒီလက်ဆောင်တွေဟာ သိပ်အနှောင့်အယှက်ဖြစ်နေသလား"

"ဖြစ်တယ် သိပ်ဖြစ်တယ်၊ ဘယ်လောက်ဖြစ်သလဲဆိုရင်လေ ချိန်ကိုက်ဗုံးတစ်လုံး ကျွန်မအပါးမှာ ရှာမတွေ့နိုင်တဲ့ နေရာမှာရှိတာကို ကြိုသိနေရသူရဲ့ ထိတ်လန့်မှုမျိုး ရှင်သိရဲ့လား"

"ဟင်း. . ဟင်း. . . ဟင်း"

"ဘာရယ်တာလဲ"

"သဘောကျလို့ပါ၊ ကိုင်း . . . မင်းလေးစိတ်ချမ်းသာစေရပါမယ်၊ မနက်ဖြန် ပစ္စည်းတွေ လာယူခိုင်းလိုက်ပါ့မယ် ကျုပ်အတွက်လည်း အဲဒီလက်ဆောင်တွေဟာ အနှောင့်အယှက် တစ်ခုလို ဖြစ်နေသလိုပဲ"

". . . . ."





"ဘာလို့လဲလို့ မမေးတော့ဘူး၊ ကျုပ်ရဲ့ ရှေ့ဆက်ရမယ့် ထမ်းခရီးအတွက် လက်ဆောင်ဟာ အယူအတွက် အပေးရှိတာလို့ ထင်မှာကို စိုးရိမ်တဲ့အတွက်ပဲ"

"ဂျလောက်. . ."

"လုပ်ချလိုက်ပြန်ပြီ၊ သူကောင်းသားဟာ"

တင်ယွန်းစံ တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်သည်။

"ဖြည်းဖြည်းချပါဟ. . ဗိုလ်အောင်ဒင်ရယ်နည်းနဲ့ ရယ်သွားပါလား"

ရူပါနှင့် ထားဝေဝေက တစ်ယောက်တစ်ပေါက် ပြောနေသည်။

"မနက်ဖြန်လာယူမယ်ဆိုတော့ ရှင်စောင့်နေမှာလား"

"အရေးလုပ်လို့၊ သူ့အပေါ် အရေးစိုက်တယ်ထင်သွားမှာပေါ့ မစောင့်နဲ့"

"ရှင်တို့ကပြောနေ၊ ဒီလူက သူကိုယ်တိုင်ဘယ်လာမလဲ"

တင်ယွန်းစံ ရူပါတို့ကို တုံ့ပြန်လိုက်သည်။

"သူ့ဒရိုင်ဘာသော်လည်းကောင်း၊ ကိုယ်စားလှယ်သော်လည်းကောင်း လာလိမ့်မယ်၊ အဲဒီအခါ ဘာမေးမေးဖြေမှာပေါ့တ်၊ သူကကြိုတင်နှုတ်ပိတ်ပြီး ဖြစ်လိမ့်မယ်"

"ဘာနဲ့လာနိုင်မလဲ၊ ကားနံပါတ်မှတ်ပြီး စုံစမ်းရင်ကော"

"အငှားကား ကကကြီးနဲ့လာတယ်လို့ ဒေါ်ထွေးပြောဘာပဲ"

"ဖြစ်နိုင်တယ်၊ ဒီကိစ္စမျိုးကို သူကိုယ်တိုင် မျက်နှာပြောင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီးလာမှာမဟုတ်ဘူး”

“စိတ်ရှုပ်ပါတယ် အရေးစိုက်မနေနဲ့၊ အရေးစိုက်ရင် ရောင့်တက်တယ်၊ ကျုပ်ရဲ့စိတ်ဝင်စားမှုကို သူတမင်ခေါ်နေတာလို့ ကျုပ်ထင်တယ်၊ ဒီတော့ ကျုပ်ကသူ့အပေါ် အရေးမစိုက်ဘဲနေရင် သူလက်လျှော့သွားလိမ့်မယ်”

“အေးလေ ရှင်တကယ် စိတ်မဝင်စားဘူးဆိုရင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့် ရှင့်စိတ်ထဲမှာစွဲစွဲလမ်းလမ်းဖြစ်နေရင်ရှင့်အတွက် မကောင်းဘူးပေါ့၊ ဒီတော့ကျုပ်တို့ကပဲကြားထဲကနေရှင့်သိက္ခာမကျဆင်းရအောင် အောင်သွယ်ပေးရင်ကောင်းမလားလို့ စဉ်းစားနေတာ”

“ကောင်မစုတ်တွေ အေးအေးပဲ နေပါရစေ၊ ကျုပ်မမြင်ဖူးသေးတဲ့ လူတစ်ယောက်အတွက် ကျုပ်ရင်ခုန်ရအောင် အရူးမဟုတ်ဘူး၊ မယ်မင်းကြီးမတို့ စာပဲကျက်ကြပါတော့၊ ကျုပ်တောင်းပန်ပါတယ်”

“အေးပါ၊ ကျုပ်တို့ကလည်း ညည်းတစ်ယောက်တည်း ကျိတ်တွေးနေမှာစိုးလို့ မျှဝေပေးတာ၊ ညည်းက နေနိုင်မှတော့ ကျုပ်တို့လည်း နေနိုင်သပ လေညာကပါရှင်”

ရှုပါက ပြောပြောဆိုဆိုဖြင့် စာအုပ်ဆွဲကာ ဒရင်းဘတ်ပေါ်သို့ ထိုင်လိုက်ပြီး စာကျက်လေတော့သည်။

ထားဝေဝေလည်းသူမ၏ စာကြည့်စားပွဲသို့ ပြန်သွားသည်။

စာအုပ်မကိုင်နိုင်သေးသူမှာ တင်ယွန်းစံဖြစ်သည်။ အဝတ်ဗီရိုသို့ လျှောက်သွားပြီး ဗီရိုဖွင့်ကာ အိတ်တစ်အိတ်ထုတ်





လိုက်သည်။ ပြီးလျှင် အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

“ဒေါ်ထွေးရေ. . . ဒေါ်ထွေး”

“ဟေ. . . ဘာလဲ ဒီကလေးမ”

ဒေါ်ထွေးက အသံပေးရင်း. . .

“ဘာစားချင်လို့လဲ”

“ဘာမှမစားချင်ပါဘူး၊ မနက်ဖြန် ဒေါ်ထွေးဆီကို ဒီပစ္စည်းလာပို့တဲ့လူလာလိမ့်မယ်၊ အဲဒါနည်းနည်းပါးပါးမေးမြန်းပြီး ပစ္စည်းပြန်ပေးလိုက်ပါ”

“နမြောစရာကြီး”

ဒေါ်ထွေးက ရိုးသားပွင့်လင်းစွာ သူမ၏ဆန္ဒကိုထုတ်ဖော်လိုက်သည်။ တင်ယွန်းစံက. . . .

“မနမြောနဲ့ ဒေါ်ထွေးရဲ့ ငါးစာမြင်ပြီး ငါးမျှားချိတ်မမြင်ရင် ကိုယ်ပဲဒုက္ခရောက်မှာ၊ ကျွန်မတော့ လွယ်လွယ်နဲ့ရတဲ့ပစ္စည်းအပေါ် ဘာမှမမက်ဘူး”

“ဒါအကောင်းဆုံးပဲ နိုရင်း၊ လေးလေးလည်း အဲဒီလိုပဲဖြစ်စေချင်တာနဲ့ အတော်ပဲ၊ ဘယ်နှယ့်မိန်းမတို့ကွာ ရွှေပေးလို့မရဘူးဆိုတာရှိတယ်”

လေးလေးကအပျိုကြီးပီပီ ထောက်ခံလိုက်သည်။

ဆက်လက်၍. . .

“အမေးအမြန်းတွေလည်း လုပ်မနေနဲ့၊ ဖူးစာမှန်ရင် တစ်ချိန်တန်တော့ သူ့ဘာသာသူရောက်လာလိမ့်မယ်၊ အချစ်အခုတ် မိန်းမဘက်က အားထုတ်ရတာမျိုးတော့ လုံးဝမဖြစ်စေနဲ့၊ မိန်းမဈေးကျတယ်၊ နားလည်ရဲ့လား နိုရင်း”



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ် လေးလေး"

"ကိုင်း . . . မထွေးယူထားလိုက်၊ တံခါးလည်း ကြည့်ကျက်ဖွင့်ဦးနော်"

"စိတ်ချပါ မအယ်နီ"

တင်ယွန်းစံ ဒေါ်ထွေးလက်ထဲ အထုပ်ထည့်ပေးပြီး မိမိအိပ်ခန်းသို့ ပြန်လျှောက်ခဲ့သည်။ ထိုအခါ လိုက်ကာနောက်မှ အရိပ်နှစ်ခုသည် လှုပ်လှုပ်ရှားရှားဖြင့် ပျောက်ကွယ်သွားသည်။

တင်ယွန်းစံ ပြုံးလိုက်သည်။

သူငယ်ချင်းတွေတော့ မိမိအား မည်ကဲ့သို့ပြောဆိုကြမည်ကို မသိနိုင်တော့ချေ။







# အခန်း(၂၂)

BURMESE CLASSIC .com

"ဟော့လူကြီး . . ၊ ဘာလာလုပ်တာလဲ"

သည်နေ့ ကျောင်းသို့ အနည်းငယ်နောက်ကျမှ ရောက်သဖြင့် ကားရပ်ရန်နေရာ ရှာဖွေနေစဉ် ဒရိုင်ဘာဆိုသူကို လှမ်းမြင်လိုက်သဖြင့် တင်ယွန်းစံ နှုတ်ဆက်လိုက်သည်။

"ဒီလိုပဲ မိန်းကလေးရဲ့ . . ၊ သူဌေးခိုင်းလိုက်လို့ လူတစ်ယောက်နဲ့ လာတွေ့တာ"

"တွေ့ပြီးပြီးလား"

"တွေ့ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို အတော်ပဲ၊ ရှင်ကြီးကားထွက်ရင် ကျွန်မကား ရပ်ချင်လို့"

"ရပါတယ် မိန်းကလေး၊ ကားနောက်ဆုတ်လိုက်"

"ဟုတ်. . ."

ဒရိုင်ဘာက သူ့ကားပေါ်တက်ကာ ချက်ချင်းပဲ စက်နှိုးကာ တင်ယွန်းစံကား ရပ်နိုင်စေရေးအတွက် နေရာပေးလိုက်သည်။ ပြီးတော့ ချက်ချင်းထွက်မသွားသေးဘဲ လျှောက်ခဲ့လေသည်။

"မိန်းကလေးက ဆရာဝန်ဖြစ်တော့မှာလား"

"သုံးနှစ်လောက်တော့ လိုပါသေးတယ်"

"မိန်းကလေး ဆရာဝန်ဖြစ်လို့ ဆေးခန်းဖွင့်ရင် ကျုပ်လာကုမယ်"

"ဘာဖြစ်လို့လဲ"

"မိန်းကလေးက သဘောကောင်းလို့ပါ"

"ဘာလဲ ရှင်ကြီးက အောက်ဆိုက်အဖြစ် ခေတ်ဆိုးရောင်းဦးမလို့လား ဆောရီးပဲ၊ ကျွန်မကား ခုနပဲ ခေတ်ဆီဖြည့်လာတယ်၊ ခွင့်ပြုပါဦး"

ပြောပြောဆိုဆိုနှင့် တင်ယွန်းစံ ဒရိုင်ဘာကိုနှုတ်ဆက်ထွက်ခဲ့လေသည်။

ရုပ်ရည်ချောမောပြီး မွန်မွန်ရည်ရည်ရှိကာ ပညာတတ်လူကြီးလူကောင်းပုံ ပေါက်နေသော ဤဒရိုင်ဘာကို တင်ယွန်းစံ စိတ်ဝင်စားမိသည်။

"ဪ. . . ခဏ. . . ခဏ"





ခြေလှမ်း လေးငါးလှမ်းလှမ်းပြီးမှ နောက်သို့လှည့်ကာ မိမိအား ကျောခိုင်းသွားနေပြီဖြစ်သော ဒရိုင်ဘာကို လှမ်းခေါ်လိုက်သည်။

ဒရိုင်ဘာ ခြေကိုတုံ့ခနဲရပ်လိုက်သည်။ ပြီးမှနောက်သို့ တည်ငြိမ်စွာပင် လှည့်လိုက်ပြီး အေးဆေးစွာ လှမ်းကာ. . .

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ကျွန်မ ရှင့်နာမည်နဲ့ လိပ်စာသိချင်လို့ပါ"

"နာမည်သိချင်တာကတော့ လွယ်ပါတယ်၊ လိပ်စာကတော့ မလွယ်ဘူး၊ မြောက်ဒဂုံမှာ ငှားနေတာ၊ ကိစ္စရှိလို့လား မိန်းကလေး"

"မရှိပါဘူး၊ သိချင်လို့ပါ"

"ကျုပ်နာမည်က ဦးကျော်တဲ့"

"ဪ. . . ဦးကျော် ဘော့စ်ကကော"

"နိုင်ငံခြားသား"

"ဟုတ်လား"

"ကျုပ်နာမည်တော့သိပြီ၊ မိန်းကလေးနာမည်ကော သိခွင့်မရှိဘူးလား"

"ရှိပါတယ်၊ ကျွန်မနာမည် တင်ယွန်းစံပါ၊ သွားမယ်နော် ဦးကျော်"

"ကောင်းပြီ"

တင်ယွန်းစံ ထပ်မံနှုတ်ဆက်ပြီး ကျောခိုင်းလိုက်သည် လေးငါးလှမ်း လှမ်းပြီးနောက်သို့ လှည့်ကြည့်လိုက်သည်။

လမ်းလျှောက်ပုံကအစ တည်တည်ငြိမ်ငြိမ် ရှိပြီး ခြေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝါးကအစ ဖွေးဥကာ အနီရောင်ပင်ပြေးနေသည်။ ဝတ်ထား
သောပုဆိုးကလည်း ဆိတ်ခွံပုဆိုးစံချိန်မီ။

တင်ယွန်းစံပြန်လှည့်ကာ အတန်းရှိရာသို့ ခပ်သွက်
သွက်လှမ်းလိုက်သည်။

ရှုပါနှင့် ထားဝေဝေကို တွေ့တွေ့ချင်းပြောပြရဦးမည်
ကျုပ်ဒရိုင်ဘာနှင့် တွေ့ခဲ့ပြန်ပြီ . . ဟု . . .။









## အခန်း(၂၃)

"ယွန်းစံ"

"သိတယ်၊ ရှင်မှန်းသိတယ်၊ ရှင်ဟာ အလကားလူသိ
…း၊ သူရဲဘောကြောင်တယ်"

"ဟင်း . . . ဟင်း . . . ဟင်း"

"ရှင် အဲဒီရယ်နည်းနဲ့ မရယ်နဲ့ . . မကြိုက်ဘူး"

ရှုပါတို့ပြောသော ဗိုလ်အောင်ဒင်ရယ်နည်းနဲ့ ဟူသော
…ားကို သတိရကာ အသားလွတ် ဟောက်ပစ်လိုက်သည်။

"ဘယ်လိုရယ်နည်းမျိုးကြိုက်သလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရယ်နည်းမျိုးမှ မကြိုက်ဘူး၊ ရှင် ကျွန်မစကားကိုဆုံးအောင်နားထောင်ဦး၊ ဖြတ်မမေးနဲ့"

"ကောင်းပြီ၊ ပြော"

"ရှင်. . ဘယ်သူလဲ"

"လူ၊ ယောက်ျားရင့်မကြီး လူတစ်ယောက်၊ မေးလို့ဖြေတာနော်၊ ဖြတ်ပြောတာမဟုတ်ဘူး"

"ယောက်ျားရင့်မကြီးဆိုရင် ပုန်းလျှိုးငုပ်လျှိုး ကျွန်မကိုဆက်သွယ်စရာ၊ နောက်ယောင်ခံစရာမလိုဘူး သိလား၊ ပေါ်ပေါ်ထင်ထင်ပေါ့၊ ခုရှင့်လုပ်ရပ်က သူရဲဘောကြောင်တဲ့လုပ်ရပ်ရှင့် သိလား"

"ဒါကတော့ အချိန်မတန်သေးလို့ပါ ယွန်းစံ၊ အချိန်တန်ရင် ကျုပ်ဘယ်သူလဲဆိုတာ မင်းသိမှာပါ"

"ဘာအချိန်မတန်သေးတာလဲ"

"လက်ထပ်ချိန်"

"ဘာ"

တင်ယွန်းစံ ဒေါသတကြီး ဟစ်အော်လိုက်သည်။

"တိုးတိုးအော်ပါ၊ နားပင်းတော့မယ်"

"အို. . . ရှင် သိပ်စော်ကားတယ်၊ ရှင့်ကို ကျွန်မတွေ့အောင်ကြိုးစားမယ်၊ တွေ့ရင်ကျွန်မ ဘာလုပ်မယ်ထင်သလဲ"

"သိပ်သိတာပေါ့ ယွန်းစံရယ်၊ ကျုပ်ဖါးကို သိပ်ရိုက်ချင်နေမယ်ဆိုတာ"

"ရှင် သိပ်သိနေတယ်၊ ရှင်ဟာ မိန်းမကျွမ်းကျင်တဲ့လူဖြစ်မယ်"



BURMESE CLASSIC .com



"ထင်လို့ပါ။ ကျုပ်တစ်သက်မှာ မင်းတစ်ယောက်တည်းကိုပဲ စိတ်ဝင်စားဖူးတယ်ဆိုတာ ကျုပ်နှလုံးသားကို ကျုပ်ကျိန်တွယ်ပြီးဆိုရဲတယ်"

"တော်ပါ၊ ရှင့်ပစ္စည်းတွေ လာယူမယ်ဆိုပြီ ဘာလို့လာမယူသေးတာလဲ"

"ယူပြီးပြီလေ၊ ဒီနေ့ပဲ ယူပြီးတာ၊ မင်းကို ဒေါ်ထွေးမပြောဘူးထင်တယ်"

တင်ယွန်းစံ မကျေမနပ်ဖြစ်သွားရပြန်သည်။ ပစ္စည်းလာယူမယ်ဆိုပြီးကတည်းက နေ့စဉ်လိုလို ကျောင်းက ပြန်ရောက်ရောက်ချင်း ယူသွားပြီလားဟု တစ်ပတ်ခန့် ရက်ဆက်မေးခဲ့သော်လည်း ယနေ့မေးရန် ပျက်ကွက်သွားခဲ့သည်။ ယနေ့မှ လာယူသွားပြီးပြီတဲ့။

"ကိုင်း . . မေးကြည့်လိုက်ပါဦး၊ ကျုပ်လည်း အခုပဲစိတ်အေးပေါ့ပါးသွားတယ်၊ ရယူလိုမှုအတွက် အပေးရှိတယ်ဖြစ်မှာစိုးရိမ်နေခဲ့တာ၊ အခုတော့ မင်းနဲ့ကျုပ်ကြားမှာ ဘာကိုမှ ငဲ့ကွက်စရာ ထောက်ထားစရာမရှိဘူးနော်၊ ဒီလိုဆိုရင် ကျုပ်စိန်ခေါ်လို့ပြီး မင်းဆီကို ကျုပ်အားအားချင်းလာခဲ့မယ်၊ ခုတော့ ပြည်ပခရီးထွက်စရာရှိသေးလို့"

"ကောင်းပြီ၊ ကျွန်မလည်း စာမေးပွဲရှိနေသေးလို့ မတွေ့ချင်သေးဘူး၊ အဲ. . . ဖြစ်နိုင်ရင် စာမေးပွဲဖြေပြီး နောက်နေ့ရှင်လာတွေ့ပါ"

"စိတ်ချ၊ ကျုပ်ဘဝရဲ့ အရေးကြီးဆုံးသော အစိတ်အပိုင်း တော်တော်များများကို မင်းကပိုင်စိုးထားနိုင်တာပဲ၊ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဆန္ဒကို လိုက်လျောရမှာ ချစ်မိသူရဲ့တာဝန်ပဲမဟုတ်လား။ ဒါကြောင့် မင်းစာမေးပွဲပြီးတဲ့နေ့ ကျုပ်လာခဲ့ပါ့မယ်၊ စိတ်ချလက်ချသာစောင့် မျှော်နေပါ"

"အောင်မယ်" ဟု တင်ယွန်းစံ၏ အသံမဆုံးခင်ဖက်မှ ဖုန်းကိုဦးအောင်ချသွားပြန်သည်။

"တောက်. . ယောကျ်ား မဆန်လိုက်တာ၊ သက်သက်အနိုင်ပိုင်းသွားတာ၊ သိမယ်"

တင်ယွန်းစံ ဒေါသစိတ်ကလေးဖြင့် တယ်လီဖုန်းကို ဆောင့်ချလိုက်ပြီး သူငယ်ချင်းများကို လှည့်ပြောလိုက်သည်။

"ဘာတဲ့လဲ"

"စာမေးပွဲဖြေပြီး နောက်နေ့လာတွေ့မယ်တဲ့လေ"

ရှုပါက ပုခုံးတွန့်ပြကာ. . .

"အောင်မလေး ရင်တွေတောင် ခုန်လာပြီးနော်"

ထားဝေဝေက ရှုပါကို မျက်မစောင်းထိုးလိုက်ပြီး. . .

"ရှင်ရင်ခုန်ရမှာလား၊ လောရှည်ခုန်ရမှာလား"

"ဟဲ့ . . . လောရှည် ရင်ခုန်သံက ကျုပ်ကိုကူးစက်လာလို့ပေါ့ သိပြီလား"

တင်ယွန်းစံ စိတ်ပျက်စွာဖြင့် ထိုင်နေရာမှ ဝုန်းခနဲထကာ ခုတင်ဆီသို့ လျှောက်သွားရင်း . . .

"တော်စမ်းပါ၊ ကျုပ်လားရင်ခုန်တတ်မှာ ၊ ကျုပ်ရင်ခုန်တတ်ရင်လေ နိုင်းနိုင်းအတွက် လွမ်းဆွတ်ခြင်းဆိုတဲ့ ရင်ခုန်သံစဉ်ဟောင်းတစ်ခု နှိုးထခြင်းပဲ ဖြစ်လိမ့်မယ် သိလား၊ ကျုပ်သေနိုင်းနိုင်းအတွက် ခံစားခဲ့ရတာ မနေ့တစ်နေ့ကလိုပဲ၊ ရင်ထဲမှာ





တမြည့်မြည့်ရှိနေဆဲပဲဆိုတာ ရှင်တို့ကို ပြောပြလည်း **အလတား**ပဲ"

"အံ့ဩစရာ သိပ်ကောင်းနေပြီ လောရှည်"

တင်ယွန်းစံက ခုတင်ထက် လှဲချလိုက်ပြီး ရှုပါဘက်သို့ လှည့်လိုက်သည်။

"ဆိုပါဦး၊ ကျုပ်ဘာအံ့ဩစရာများကောင်းလို့လဲ"

"ရှင်ပြောတော့ နိုင်းနိုင်းကို သူငယ်ချင်းလိုပဲ သိပ်ချစ်တယ်ဆို၊ ခုတော့. . .

"အေးလေ၊ ကျုပ်ကရောဘာပြောနေလို့လဲ၊ ကျုပ်ရင်ထဲမှာ နိုင်းနိုင်းထက်ပို ချစ်နိုင်တဲ့လူ တစ်ချိန်ချိန်မှာတော့ ပေါ်ပေါက်လာလိမ့်မယ်၊ အဲဒီလူဟာ ကျုပ်ချစ်သူဖြစ်ရမယ်၊ ဒါပဲပေါ့၊ ရှင်းနေတာကို ရှုပ်အောင်လိုက်လုပ်မနေနဲ့၊ စာကျက်ကြတော့"

"ကျုပ်တို့ကတော့ ကျက်မှာပါ၊ ရှင့်လိုအရိပ်တို့ နိုင်းနိုင်းတို့စဉ်းစားစရာမှ မရှိတာ"

"တော်စမ်းပါ"

တင်ယွန်းစံက လှမ်းဟန့်လိုက်ပြီး ဖတ်လက်စ စာအုပ်ကိုယူကာ မှောက်၍ ဖတ်နေလိုက်သည်။

ရုတ်တရက်တော့ စာထဲစိတ်ဝင်စား၍မရသေး။ အရိပ်နှင့် တွေ့ရတော့မည်။ တွေ့လျှင် မိမိ၏ စိတ်ကိုအနှောင့်အယှက်ပေးရကောင်းမလားဟု ဆိုကာ ပါးရိုက်ပစ်သင့်သလား . . ထိုအပြုအမူမျိုးကို တင်ယွန်းစံ လုပ်တတ်လိမ့်မည် မဟုတ်။

တင်ယွန်းစံသက်ပြင်းချလိုက်သည်။

ဘာဖြစ်၍ တွေ့ချင်နေရသလဲ။ ကိစ္စက ပြီးပြတ်နေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ယခုမှ စဉ်းစားမိသည်။ အရိပ်သည် မိမိအား ချစ်ခွင့်တောင်းထားသည်။ ဒါကို မိမိက တွေ့ချင်သည်ဆိုတော့ သူ့အားစိတ်ဝင်စားကြောင်း သူ့စကားကို လက်ခံကြောင်း ပြသနေသည်နှင့် အတူတူပေါ့။

"ဟာ . . သွားပါပြီ"

တင်ယွန်းစံက ထထိုင်ပြီး အော်လိုက်သည်။

ထားဝေဝေနှင့်ရူပါက. . .

"ဘာဖြစ်တာလဲ၊ ရှင့်မရှိတဲ့ရည်းစား မိန်းမယူလိုက်လို့လား"

"သေတော့မှာပဲ၊ ကျုပ်ရဲ့ဂုဏ်သိက္ခာတော့ အဖတ်ဆယ်လို့ မရတော့ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"အရိပ်ပေးတဲ့ပစ္စည်းကို ပြန်ယူပြီးပြီဆိုတော့ ဇာတ်လမ်းက ပြတ်နေပြီ၊ ဒါကို ကျုပ်ကတွေ့ချင်တယ်ဆိုတော့ ကျုပ်ညီမြ ဖြစ်နေပြီပေါ့ မဟုတ်ဘူးလား၊ မတွေ့ချင်ဘူး တွေ့စရာအကြောင်းမရှိတော့ဘူးလို့ ပြောရမှာ"

"ရှင်ကလည်းနော်၊ စိတ်ထဲမှာ ရှိတဲ့အတိုင်းပွင့်ပွင့်လင်းလင်းပြောတာ၊ ဘာဖြစ်လဲ၊ စိတ်ဝင်စားလို့ သိချင်လို့ တွေ့ချင်တယ်ပြောတာလို့ ရှင့်ကိုစား ကျုပ်တို့ ပြောပေးမယ်၊ ရှင့်သိက္ခာဘယ်နှစ်ပြားသားမှ မကျဆင်းစေရဘူး၊ ဘယ်နှယ့်လဲ"

ရူပါက ပြန်ပြောတော့မှ စိတ်သက်သာရာ ရသွားသည်။

"အမှန်တော့ ကျုပ်က မတွေ့ချင်ဘူးလို့ ငြင်းသင့်တာ"

"မသိစိတ်လေ၊ မသိစိတ်ရဲ့ လှုံ့ဆော်မှုဟာ သိစိတ်ထဲ





လျှင်မြန်သွားတတ်တာမျိုး ဖြစ်လာရင် ရှင်တရားထိုင်ဖို့ လိုအပ်နေပြီနော်"

"စိတ်ညစ်ရတဲ့ကြားထဲ လေးလုံးနော်၊ မီးလောင်ရာလေပင့် လုပ်မနေနဲ့"

"မလုပ်ပါဘူး၊ ဘာပဲဖြစ်ဖြစ်စားမေးပွဲပြီးရင် ရှင်တော့ ရင်ခုန်ရဦးတော့မှာပေါ့"

တင်ယွန်းစံ သက်ပြင်းတစ်ချက်ကို ကျယ်လောင်စွာ ချလိုက်မိသည်။

"ဟင်း . . ."



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၂၄)

“ဟော. . . မိန်းကလေး၊ ကားမပါဘူးလား”

“မပါဘူး၊ အတော်ပဲ ရှင်ကြီးနဲ့ တွေ့တာ”

တင်ယွန်းစံ စာမေးပွဲဖြေပြီးပြီးချင်း ထွက်လာခဲ့သည်။ ရူပါနှင့် ထားဝေဝေက ရုပ်ရှင်ကြည့်မည်၊ ဗိုလ်ချုပ်ဈေးပတ်မည် ဟုပြောကာ ထွက်သွားကြသည်။

တင်ယွန်းစံ မသွားချင်။ စိတ်ကအိမ်သို့သာ ပြန်ချင် နေသည်။

“ဆို ဘာကူညီရမလဲ၊ အိမ်မှာကျန်ရစ်ခဲ့တဲ့ကားကို လိုက်





ကြည့်ပေးရမလား”

“သိပ်ဟုတ်တာပေါ့၊ မနက်က ကားဘာဖြစ်သလဲ မသိဘူး၊ နိုးလို့မရလို့ ကျွန်မတက္ကစီနဲ့ လာခဲ့ရတာ၊ ခုလည်းတက္ကစီငှားမလို့ ထွက်လာတာ”

“တော်ပဲ၊ ကျွန်တော်လည်း ဘော့စ်ကို လေဆိပ်လိုက်ပို့ ပြီးတာနဲ့ အောက်ဆိုက်ဘယ်လိုရှာရမလဲ စဉ်းစားပြီး မောင်းလာ တာ၊ စားရက်ကြံတော့ မုတ်ဆိတ်ပျားလာစွဲတာပေါ့၊ လာ မိန်းက လေး ဒီကားနဲ့က အောက်ဆိုက်ရှာဖို့က တစ်နည်းပဲရှိတာ၊ ခတ် ဆီထုတ်ရောင်းရုံပဲလေ”

“ရတယ် အိမ်သာပို့ပေး၊ တက္ကစီခ၊ ကားပြင်ခအပြင် ဆိုင်ကြီးရောင်းနိုင်သလောက် ခတ်ဆီကိုပါ ဝယ်မယ်”

“ဟော. . ဒီနေ့တော့ ကျုပ်သိပ်ကံကောင်းနေပါလား”

တင်ယွန်းစံ ဒရိုင်ဘာဖွင့်ပေးသော နောက်ခန်း၌ ဝင် ထိုင်လိုက်သည်။

“တွတ်ပီ ကံကောင်းတယ်ပေါ့”

တင်ယွန်းစံက. . ခပ်သောသောလေး ဝင်နှောလိုက် သည်။

“ကျုပ် ဘယ်ကိုမောင်းရမလဲ မိန်းကလေး”

“ဟုတ်သားပဲ၊ ခြောက်မိုင်ခွဲကို ဦးကျော်”

ဦးကျော်ဟုသာခေါ်ရသည် မိမိထက် လေးငါးခြောက် နှစ်သာကြီးပုံရသည်။ ယခုမှ ရူပါပြောထားသော စကားများကို သတိရသဖြင့် ဦးကျော်အား နောက်မှ မသိမသာ အကဲခတ်လိုက် သည်။ သက်ချောင်းကလေးများက သန့်ပြန့်ပြီး ဖွေ့ဥနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားအရောင်ကလည်း ရာသီဥတု၏ ကြမ်းတမ်းမှုများကို ထိတွေ့ပုံမရသော အသားအရေမျိုး။ အာရှတိုက်နွယ်ဖွား မြန်မာနိုင်ငံသား၏ အဝါရောင်ပြေးသောအဖြူရောင်အသားမျိုး။ ဆံပင်တိုတိုညှပ်ထားမှုကြောင့် ကုပ်သားဖန့်ဖန့်၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်မွေး တို့ကို ရိတ်သိမ်းထားပုံရသည်။ ထိုနေရာက စိမ်းဖန့်ဖန့်။

ရှုပါပြောသလိုပင် လက်စွပ်က စိန်လက်စွပ်။ နာရီအကောင်းစား။

"ခြောက်မိုင်ခွဲရောက်ပြီ မိန်းကလေး၊ ဘယ်လမ်းဝင်ရမလဲ"

"ဩော်. . . မြကန်သာလမ်း"

တင်ယွန်းစံက အငေးအာရုံများ လွင့်ပျံသွားသည်။ ဦးကျော်အား အိမ်လမ်းညွှန်ပေးလိုက်သည်။

အိမ်ရောက်တော့. . .

"ကားကြည့်ပေးဦးနော်"

"စိတ်ချပါ၊ ကြည့်ပေးမလို့ လိုက်လာပြီပဲ မိန်းကလေးရယ်"

"ကျွန်မနာမည် ရှိတယ်လေ၊ ဦးကျော်ကို ပြောပြီးပြီးတယ်"

ဦးကျော်က မလုံမလဲဟန်ဖြင့်ပြုံးကာ. . .

"ကျုပ်က အမှတ်သညာ မကောင်းဘူး၊ မိန်းကလေးနာမည်က သုံးလုံးဆိုတာပဲသိတယ်၊ စိတ်မရှိနဲ့နော်"

တင်ယွန်းစံ ဦးကျော်၏ ရိုးသာမှုကို ကျေနပ်သွားသည်။

"ရပါတယ် ထပ်ပြောတာပေါ့၊ ကျွန်မနာမည် တင်ယွန်း





စံ"

"တင်ယွန်းစံ. . . အင်း. . . ကျက်ထားဦးမှ၊ နှစ်လုံးလောက်ဆိုရင်ကောင်းမယ်၊ တင်ယွန်း ဒါလည်းမကောင်းသေးဘူး မစံလို့ပဲ ခေါ်တော့မယ်. . ရတယ်နော်မစံ"

"ကောင်းပါတယ်"

"ကားကြည့်မယ်နော်"

"ကြည့်ပါ၊ ကျွန်မရေသွားသောက်လိုက်ဦးမယ်၊ ဦးကျော်ရော ကော်ဖီသောက်မလား၊ အအေးသောက်မလား"

"ဘာမှဒုက္ခမရှာနဲ့ ကားက ဘာမှမဖြစ်ဘူး၊ ဆီပိတ်နေတာနဲ့တူတယ်"

တင်ယွန်းစံကားပေါ်တက်၍ စက်နှိုးကြည့်လိုက်သည်။ နှိုးသွားသဖြင့် ဝမ်းသာသွားသည်။

"ဦးကျော်က တကယ်အိတ်စပတ်ပဲ၊ ကားအဖုံးလေးဖွင့်ကြည့်တာနဲ့ သိတယ်နော်"

"ကိုင်း. . . ကားကမပြင်ပေးရတဲ့အတွက် ကားပြင်ခ ယူတော့ပါဘူး"

"မရဘူး၊ အိမ်ပေါ်တက်ပါဦး"

"မတက်တော့ပါဘူး မစံရယ်၊ ကျုပ်ကိုသူဌေးခိုင်းထားတာရှိသေးတယ်၊ ခုမှသတိရတယ်၊ မစံကားထဲလည်း ဓာတ်ဆီ ရှိနေတာပဲ၊ မလိုရင် မယူနဲ့နော်၊ ကျုပ်သွားစရာရှိလို့"

"ဟင်. . . ဦးကျော်ကလည်း အမျိုးမျိုးပဲ"

"ကျွန်တော်က သတိမေ့တတ်လို့ပါ မစံသွားမယ်နော် . . . မစံ၊ ရော့. . ဒါကျွန်တော့်ဘော့စ်ရဲ့ လိပ်စာကတ် မစံ



www.burmeseclassic.com

www.burmeseclassic.com



တို့ သိပ်အရေးတကြီးကိစ္စရှိရင် သူ့ပီအေကို ဆက်ပြောထား လိုက်ပ့ါ၊ ကျုပ်အားတဲ့အချိန်နဲ့ကြုံရင် မစံကိုအကူအညီပေး ပါ့မယ်"

"ကျေးဇူးပဲ၊ ရော့. . ဘာပဲဖြစ်ဖြစ် တက္ကစီငှားလည်း ပိုက်ဆံကုန်မှာပဲ၊ ဦးကျော် လက်ဖက်ရည်ဖိုးလေးတော့ ယူသွား နော်"

ဦးကျော်က နှစ်လိုဖွယ်ပြုံးကာ. . .

"မစံက သိပ်စေတနာကောင်းတာပဲ၊ နေပါစေတော့ မစံ၊ ကျုပ်အသုံးမလိုပါဘူး၊ မနေ့ကပဲ ဘော့စ်က အပိုသုံးဖို့ ဆိုပြီး မုန့်ဖိုးပေးထားလို့ ပြေလည်နေပါတယ်"

"ဟင့်အင်း . . မရဘူး ယူရမယ်"

တင်ယွန်းစံက အတင်းပင် တစ်ထောင်တန်နှစ်ရွက် လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ သွားမယ်"

ဦးကျော်က ပြုံးပြီး နှုတ်ဆက်ထွက်သွားသည်။ တင်ယွ စံက ပြန်လည်ပြုံးပြပြီး ကားကိုမျက်စိတစ်ဆုံးကြည့်၍ ကျန်ရ သည်။

မြင်ကွင်းမှ ကားပျောက်ကွယ်သွားမှ လုပ်ငန်းကတ် လေးကို ယူကြည့်လိုက်သည်။

"ဦးရဲတင်ကျော်. . ."

တင်ယွန်းစံအိမ်ပေါ်သို့ ပြေးတက်ကာ ရေတစ်ခွ သောက်ပြီး အိပ်ခန်းထဲသို့ ပြေးဝင်လိုက်ပြန်သည်။

ဒေါ်ထွေးက တင်ယွန်းစံကိုကြည့်ပြီး . . .

☺ အောင်မြင်စာပေ ☺



"သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်နေတာလဲမသိဘူး"

ဟုတစ်ကိုယ်တည်းရေရွတ်ရင်း တင်ယွန်းစံနောက်သို့ ိုက်ခဲ့သည်။ တင်ယွန်းစံက မှန်တင်ခုံရှေ့တွင် အလှပြင်နေ သည်။

"ဟဲ့. . . ဘယ်လဲ"

"လျှောက်လည်မလို့"

"လေးလုံးနဲ့ ဂျပုကော"

"လျှောက်လည်နေတယ်"

"ဒါဖြင့် မိန်းကလေးက ဘယ်သူနဲ့ သွားမှာလဲ"

"တစ်ပွေတည်းသွားမယ်၊ ညေ့သည်လာရင် စောင့်ခိုင်း န်တီလေးပြန်လာရင်လဲ အပြင်သွားတဲ့အကြောင်း ပြောပြ ိုက်နော်"


တင်ယွန်းစံက ချက်ချင်းပင်ပြန်ထွက်ခဲ့သည်။ ကားက ည်း ဦးကျော်ကျေးဇူးဖြင့်မောင်း၍ရပြီဆိုတော့ မြင်းကိုချုံတပ် းလိုက်သည့်နှယ် ဖြစ်နေသည်။

တင်ယွန်းစံ ဦးတည်လိုက်သည်က ကျော်ကုမ္ပဏီလီမိ တက်ရှိရာသို့။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဦးရဲတင်ကျော် ရှိပါသလား"

"ဟုတ်ကဲ့. . . ရှိပါတယ်၊ ချိန်ထားလို့လား"

"ဟုတ်ကဲ့. . ."

"ဒါဖြင့် ဝင်သွားပါ"

တံခါးကလည်း စေ့ရုံစေ့ထားသည်ဆိုတော့ တင်ယွ တွန်းဝင်လိုက်သည်။

တယ်လီဖုန်းနှစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဦးရဲ ကျော် မျက်လုံးပြူးသွားသည်။





တင်ယွန်းစံက လှောင်ပြုံးကလေးဖြင့် ဦးရဲတင်ကျော်၏ ားပွဲရှေ့ရှိ ကုလားထိုင်၌ အေးဆေးစွာ ဝင်ထိုင်လိုက်သည်။

"ဟုတ်ကဲ့. . . လုပ်လိုက်ပါ၊ ဒါပဲဗျာ၊ အရေးကြီးကိစ္စ ပါလာလို့"

ဖုန်းတစ်လုံးမှ ကိစ္စကိုဖြတ်လိုက်သည်။

နောက်တစ်လုံးကို . . .

"ဒီမှာ ဦးဇော်အောင်၊ ကျွန်တော့် ကိုယ်စားလှယ်ကို က်ချင်းလွှတ်လိုက်ပါ့မယ်၊ သူနဲ့စကားပြော၊ ဒါပဲဗျာ"

ဖုန်းဖြင့် အလုပ်ကိစ္စပြတ်သွားပြီး။ ရှေ့မှဧည့်သည်ကိစ္စ အရေးကြီးနေသည်။

"ဦးဘဆိုင် ဖုန်းအားလုံးကိုကိုင်ပြီး မှတ်ထားလိုက်ပါ၊ ပြင်သွားတယ်လို့ ပြောထားလိုက်ပါ၊ ကျွန်တော်ဆီ ဘယ်သူ ဆပ်မတွေ့ပါစေနဲ့၊ ဪ. . . နောက်ပြီး ဦးသာဇန်ကို ဦးဇော် အောင်ကို ကုမ္ပဏီကို သွားလိုက်ပါလို့၊ ဒါပဲဗျာ"

တယ်လီဖုန်းကို ချလိုက်ပြီး ဖုန်းကြိုးပလပ်ကိုဖြုတ်လိုက် ည်။ ပြီးတော့မှ တင်ယွန်းစံကို ပြုံးပြသည်။

"ဆို. . . ဘာကိစ္စလဲ"

"ဦးကျော် ရှင် ကျွန်မကို ဆက်လက်ပြီး ဖြီးလုံး၊ လိမ့်လုံး၊ လိမ်စေ့ ငြမ်းဆင်လုံးတွေထုတ်ဖို့ ကြိုးစားဦးမှာလား"

ဦးရဲတင်ကျော်က ပြုံးကာ ခေါင်းခါလိုက်သည်။ အမှန် ာ့ သူလိမ်ညာရန်အတွက် ကြိုတင်အကွက်ကျကျ စီမံပြီး သည်။ ဦးကျော်သည် ဦးရဲတင်ကျော်၏ အမြွာညီဖြစ်သည်။ ယ်တန်းမအောင်သဖြင့် ဒရိုင်ဘာရာထူးသာပေးထားခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု တင်ယွန်းစံလာတွေ့သည့် အခါပြောရန် ကြိုတင်စီစဉ်ပြီးသားဖြစ်သည်။

သို့သော် တင်ယွန်းစံကို ပို့ပြီးပြန်လာသည်။ ကိစ္စတွေကလည်းများသည်။ တင်ယွန်းစံကလည်း ရုတ်တရက်ချက်ချင်းတော့ လာဦးမည်မဟုတ်ဟုထင်ကာ အဝတ်အစားပင်ဝင်မလဲခဲ့ယခုတော့ . . .

"ခုလို လက်ပူးလက်ကြပ်မိနေတဲ့ အနေအထားမျိုးရောက်မှတော့ လိမ်ညာနေလို့လဲ အကျိုးမထူးတော့ဘူး၊ ဟုတ်ပါတယ် ကျုပ်ဦးကျော်(ခေါ်)ရဲတင်ကျော်ပါ တင်ယွန်းစံ"

တင်ယွန်းစံရင်ထဲမှာ ကျေနပ်သွားသည်။ ဦးကျော်ကိုသူဌေးဖြစ်စေချင်သည်။ နှစ်လိုဖွယ်ကောင်းသော ဥပမိရုပ်သွင်ဖြင့်ကူညီတတ်သော ဦးကျော်ကို ချမ်းသာစေချင်သည်။

"ဒါဖြင့် ရှင်ဘာဖြစ်လို့ ကျွန်မကိုလိမ်ညာနေရတာလဲ"

"စိတ်ကူးယဉ်ချင်လို့ပါ"

"ဘာရယ်"

"ဟုတ်တယ်လေယွန်းစံ၊ မင်းကို ကားပျက်လို့ လှမ်းတာတာကိုတွေ့တွေ့ချင်း ကျုပ်ရင်ထဲမှာ တစ်ခါမှ မခံစားဖူးတဲ့ ဝေဒနာတစ်ရပ် ဖြစ်ထွန်းလာတယ်၊ အဲဒီဝေဒနာဟာ အချစ်ဆိုတာဖြစ်လိမ့်မယ်လို့ ကျုပ်ယုံကြည်လာတာနဲ့ တစ်ပြိုင်နက်၊ ကျုပ်အချစ်အတွက် ရယူပိုင်ဆိုင်ချင်လာတယ်၊ အချစ်ကို စမ်းသပ်ချင်လာတယ်"

ရဲတင်ကျော်က မတ်တတ်ရပ်က တင်ယွန်းစံအနားလျှောက်လာပြီး လက်ထဲတွင်ကိုင်ထားသော မှတ်စုစာအုပ်ကြား





မှ ထောင်တန်တစ်ရွက်ကို ထုတ်ပြသည်။

တင်ယွန်းစံဟူသော အမည်နှင့် ရက်စွဲတစ်ခု။

"မင်းလှည်းကူးနားမှာ ကားပြင်ခပေးတဲ့ပိုက်ဆံ၊ ကျုပ်ဘဝထဲကို မင်းစတင်ဝင်ရောက်လာတဲ့နေ့ပဲ"

နောက်ထောင်တန်လေးရွက်။ တင်ယွန်းစံနှင့် ရက်စွဲတစ်ခု။

"ဒီလေးရွက်က ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ မင်း ဓာတ်ဆီဖိုးပေးတာ၊ နှစ်ရွက်က စောစောက မင်းပေးလိုက်တာ"

ပြောပြောဆိုဆိုဖြင့် ဘောလ်ပင်ထုတ်ကာ ရေးလိုက်သည်။ တင်ယွန်းစံနှင့် သည်နေ့ရက်စွဲ။

"ရှင် ဘာဖြစ်လို့ ဒရိုင်ဘာယောင်ယောင်နေရတာလဲ၊ ရှင်ကျွန်မကို စမ်းသပ်တာလား၊ ဒရိုင်ဘာဘဝနဲ့ ရှင်ကျွန်မမေတ္တာကိုရယူဖို့ ကြိုးစားတာပေါ့ ဟုတ်လား "

"မဟုတ်ဘူး၊ ကျုပ်ဘဝအမှန်နဲ့ပဲ မင်းမေတ္တာကို ရယူမှာပါ၊ ဒရိုင်ဘာလားလို့ မင်းမေးလိုက်တော့ ကျုပ်ကလည်း ချော်ချော်ရောထိုင်သဘောနဲ့ မင်းစိတ်ထားကို သိချင်လို့ စမ်းသပ်လိုက်တာ"

"ထားပါတော့လေ၊ ကျွန်မကလူကို လူလိုပဲ မြင်တတ်တယ်၊ သူ့နောက်ကွယ်က ကပ်ပါလာတဲ့ အဆောင်အယောင်ကိုအာပေါင်းတတ်တဲ့ ဝါသနာ ကျွန်မမှာ ပါမလာဘူး ကျွန်မဦးကျော်ကို ခင်တယ်၊ ဦးရဲတင်ကျော်ကို မခင်ဘူး၊ ကိုင်း . ကျွန်မပြန်တော့မယ်"

"နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တင်ယွန်းစံက ခေါင်းခါကာ ထလိုက်သည်။ ဦးရဲတင်ကျော်အား စိမ်းကားခက်ထန်သော မျက်လုံးဖြင့်ကြည့်ကာ. .

"ဘာမှဆက်ရန် မရှိတော့ပါဘူး ဦးရဲတင်ကျော်၊ ကျွန်မက အချစ်ကို စိတ်ကူးယဉ်ဆန်ဆန် ဇာတ်လမ်းဆင်တတ်တဲ့လူ့စကားတွေကို နားထောင်ချင်တဲ့သူ မဟုတ်ဘူး၊ ကျွန်မပြန်မယ်"

"ယွန်းစံ"

ကျောခိုင်းထွက်ခွာလာသော တင်ယွန်းစံ၏ ခြေလှမ်းသည်တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ သူမေ့ထားသော အချက်ခေါင်းထဲသို့ လှစ်ခနဲ ဝင်ရောက်လာသည်။

"အရိပ်" ဆိုသူကလည်း ဦးရဲတင်ကျော်သာလျှင် ဖြစ်ပါလား။

ဦးရဲတင်ကျော်က တင်ယွန်းစံရှေ့မှ အသာရပ်လိုက်သည်။

"ကျုပ် အောက်ထပ်အထိ လိုက်ပို့ပေးပါ့မယ်"

"မလိုပါဘူး၊ ရှင်နဲ့ကျွန်မ ပတ်သတ်စရာ အကြောင်းမရှိတော့ပါဘူး"

"ကိုယ် မင်းကို ချစ်တယ် ယွန်းစံ"

"ကျွန်မ ရှင့်ကို မချစ်နိုင်ဘူး"

တင်ယွန်းစံက ခပ်ပြတ်ပြတ်ပင် ဖြေလိုက်သည်။ ဦးရဲတင်ကျော်လည်း . . .

"ဒါက မင်းအပိုင်းလေ၊ ကျုပ်အပိုင်းက မင်းအချစ်ရယူနိုင်အောင်ကြိုးစားရမယ်၊ ရရင်မင်းနဲ့ ကျုပ်အမြန်ဆုံးထပ်ကြမယ်၊ ဒါပါပဲ"





တင်ယွန်းစံ တမင်လှောင်ရယ်လိုက်သည်။

"အဟင်း. . ဟင်း. . ဟင်း. . ရှင့်က ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပုံပဲ၊ ဘာလဲ. . ရှင်က ကျွန်မကို လျှော့တွက်ထားတာလား"

"လျှော့မတွက်ပါဘူး၊ မတွက်လို့လဲ မင်းကို နည်းမျိုးစုံနဲ့ချဉ်းကပ်ဖို့ကြိုးစားတာပေါ့ ယွန်းစံ"

"ဒါကရှင့်အပိုင်းဖြစ်သွားပြီ၊ ကျွန်မအပိုင်းက ရှင်နဲ့ကျွန်မ ဦးကျော်အနေနဲ့ရော အရိပ်အနေနဲ့ပါ ပတ်သတ်စရာအကြောင်းလုံးဝ မရှိတော့ပါဘူး၊ အဲ. . . လူကြီးမိဘတွေကတစ်ဆင့် ကြိုးစားမယ်ဆိုရင်တော့ ပိုပြီး ဆောရီးဖြစ်မှာပြလိမ့်မယ်ဆိုတာတော့ ရှင်ကိုသတိပေးခဲ့ပါရဲ့ ဦးရဲတင်ကျော်၊ ကျွန်မသွားမယ်၊ ရှင်လုံးဝ ကျွန်မနောက်က မလိုက်ခဲ့ပါနဲ့"

"ကောင်းပြီ ယွန်းစံ စိတ်ချမ်းသာသလိုနေပါ၊ ကျုပ်အတွက် အနှောင့်အယှက်မဖြစ်စေရသော နည်းလမ်းနဲ့မင်းကိုကျုပ်ရအောင်ပိုးပန်းမှာပါ၊ ဒီနေ့လည်း ကျုပ်ကတိတည်ပါတယ်နော် ယွန်းစံ"

ဦးရဲတင်ကျော်က ခပ်ပြုံးပြုံးဖြင့် တုံ့ပြန်ကာ တင်ယွန်းစံပြန်နိုင်စေရန် တံခါးပင်အသာအယာ တွန်းဖွင့်ပေးလိုက်သည်။

တင်ယွန်းစံက စိတ်ရှုပ်ထွေးစွာဖြင့် ဘယ်သူ့မှမကြည့်ဘဲအောက်လှေကားပင် ထွက်ခဲ့သည်။ ကားပေါ်ရောက်တော့ အပေါ်ထပ်သို့ အမှတ်မထင်မော့ကြည့်လိုက်သည်။ လေအေးစက်ခန်းက ထူပိန်းသော လိုက်ကာကြီးများဖြင့် ပတ်ဝန်းကျင်လောကကို အကာအကွယ်ပြုထားသော အခန်းတွင်းမှ လူတစ်



www.burmeseclassic.com

www.burmeseclassic.com




ယောက်ကလိုက်ကာကို တွန်းဖယ်ကာ. . မိမိအား ငုံ့ကြည့်နေသည်။

တင်ယွန်းစံ ချက်ချင်းပင် မျက်နှာလွှဲကာ ကားမောင်းထွက်ခဲ့သည်။

ဦးရဲတင်ကျော်၏ပါးကို ဘာကြောင့်များ မရိုက်နှက်ခဲ့မိရပါလိမ့်။ ဒေါသတို့သည် ဘယ်ချောင်၌အိပ်ပျော်ခဲ့သနည်း။ ဒေါသထွက်သင့်သော အပြုအမူမျိုးကို ဦးရဲတင်ကျော်လုပ်ဆောင်ခဲ့သလား။


ဘာပဲဖြစ်ဖြစ် ဦးကျော်ကတော့ ခင်စရာကောင်းတာအမှန်ပဲဖြစ်သည်။ ဦးကျော်သည် မိမိဘဝကပျောက်ဆုံးသွားချေပြီ။ တင်ယွန်းစံ အိမ်သို့သာ ပြန်ခဲ့လိုက်သည်။ အရိပ်ကတော့ကတိတည်စွာဖြင့် မိမိအိမ်သို့လာရောက်သွားခဲ့သည်ပဲ။





www.burmeseclassic.com







# အခန်း(၂၆)

"ရှင့်အရိပ်ပါလာပြန်ပြီ"

တစ်ခါတစ်ရံ တင်ယွန်းစံသွားလေရာရာသို့ ရဲတင်ကျော် လိုက်ပါတတ်သည်။

တစ်ခါတစ်ရံလည်း ပျောက်ဆုံးတတ်သည်။ သို့သော် လူသာလျှင်ဖြစ်သည်။ သူ၏ကိုယ်စား ပို့စကတ်လေးများ ရောက် လာတတ်သည်။

မြန်မာပြည်အနှံ့မှ သော်လည်းကောင်း၊ တစ်ခါတစ် ပြည်ပတိုင်းပြည်များမှသော်လည်းကောင်း ရောက်တတ်သည်





တစ်နှစ်ဟူသော အတိုင်းအတာမှ နှစ်နှစ်ဟူသော ကာလအပိုင်းအခြားသို့ပင် ဆိုက်ရောက်ခဲ့လေပြီ။ ရဲတင်ကျော်က တွေ့ရှားမပျက် တင်ယွန်းစံအပါးရောက်နေဆဲပင်။

"တလောတုန်းက ပျောက်နေသေးတယ်"

"ဟုတ်တယ် ဂျပန်သွားတာ နှစ်ပတ်ကြာတယ်"

"ပို့စကတ် ရတယ်ပေါ့"

"နှစ်ခုရတယ်"

"ရှင့် စိတ်ထဲဘယ်လိုနေလဲ"

"ဘယ်လိုမှ မနေဘူး"

"ပို့စကတ်တွေ ရှင်ဘာလုပ်ထားသလဲ"

"ရောက်လာတဲ့အချိန် တွေ့တဲ့စာအုပ်ကြားထဲ ကောက်ညှပ်လိုက်တာပဲ"

"ရှင်ကလည်းဟယ် စုစုစည်းစည်းသိမ်းထားရောပေါ့"

တင်ယွန်းစံက မဲ့ကာ. . .

"အရေးလုပ်လို့ ဂျပုရာ"

အရေးမစိုက်သည့် ပုံစံဖြင့်ပြောပြီး ကားနောက်ကြည့်မှန်မှ လိုက်ပါလာသော ရဲတင်ကျော်ကားကို မသိမသာခိုးကြည့်လိုက်သည်။

"ဒီလူ ဘယ်အထိလိုက်လာမလဲ မသိဘူး"

တင်ယွန်းစံက ပြည်မြို့ဆေးရုံကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသော ဖခင်ထံသို့ စနေ၊ တနင်္ဂနွေပိတ်ရက် သွားရောက်ခြင်းဖြစ်သည်။ ဒေါ်ထွေးလည်း သိပ်မအားတော့ တင်ယွန်းစံအောက် အငယ်မောင်နှမနှစ်ယောက်မှာလည်း တက္က



www.burmeseclassic.com

www.burmeseclassic.com



သိုလ်လာတက်သူနှင့် အလုပ်လာလုပ်သူနှင့်ဆိုတော့ အိမ်၌ လူ များနေသည်။ အဒေါ်ဖြစ်သူ ဒေါ်အယ်နီက နိုင်ငံခြားသို့ အလုပ် တာဝန်ဖြင့်သွားနေရာ အိမ်သို့အမြဲလိုလို ဖုန်းခေါ်ပြီး ဆက်သွယ် တတ်သည်။

ဒေါ်ထွေးအိမ်မှာ အမြဲရှိနေမှဖြစ်မည်။ ထို့ကြောင့် ဒေါ် ထွေးနေခဲ့သည်။ တင်ယွန်းစံ၏အောက် မောင်နှမနှစ်ယောက်တ အိမ်ကပ်သည်မရှိ။

ရှုပါက အဖော်လိုက်ပေးသဖြင့် တင်ယွန်းစံလည်း ထွက် ခဲ့သည်။

"ရန်ကုန် ပြည်ကားလမ်းကတော့ ဟိုင်းဝေးထဲမှာ အ ကောင်းဆုံးပဲ"

"အင်းနော် ပဲခူးညောင်လေးပင် တစ်ဝိုက်ကတော့ ပါယ်ရှယ်ပဲဟော့၊ ခဏခဏရေကျော်လို့ မိုးတွင်းမှာပျက်၊ ဆောင်း တွင်းပြင်၊ နွေလေး နည်းနည်းသွားလို့ကောင်းခါစရှိသေး မိုးတွင်း ရောက်၊ ပြန်ပျက်ပဲဖြစ်နေတယ်"

"ရှင်ကတော့ သွားလေရာရာမှာ ဘော်ဒီဂတ်နဲ့ ဘုန်း တန်ခိုးကြီးပ့ါ"

"စိတ်ပျက်ပါတယ်၊ လွတ်လွတ်လပ်လပ်မရှိဘူးပေါ့"

"စိတ်ပျက်တာလား ကျေနပ်တာလား"

"တော်စမ်းပါ"

"မတော်နိုင်ဘူး ရှင်က ဘာဖြစ်လို့ သူ့ကိုလက်မခံနိုင် တာလဲ အစစအရာရာပြည့်စုံတဲ့လူကို"

"အဲဒီပြည့်စုံတဲ့လူကို မကြိုက်တာ၊ ပြည်စုံလွန်းနေ





သူတွေက ပြည့်စုံခြင်းအပေါ် ငြီးငွေ့လာတတ်တဲ့အခါ အပျော် ရှာတတ်ကြတယ်"

"ဒါတော့ မဖြစ်နိုင်ဘူး၊ သူ့မှာ မိန်းမမှ မရှိသေးတာ သေချာပါတယ်"

"မိန်းမမရှိသေးရင်လဲ တချို့ယောကျ်ားတွေမှာ ဖြစ်လေ့ ဖြစ်ထရှိတဲ့ ရောဂါပိုး သူ့မှာ ရှိလိမ့်မယ်"

"ဘာရောဂါလဲ အေအိုင်ဒီအက်စ်လား"

"အင်း. . ဒါလည်း တစ်စိတ်တစ်ဒေသပါမယ်၊ ဘာဖြစ် လို့လဲဆိုတော့ ငွေကပေါပေါနဲ့ မိန်းမကို ကလေးကစားစရာလို့ သဘောထားပြီး ပွေခဲ့ရှုပ်ခဲ့ပြီးလို့ အားရသွားတဲ့အခါမှ သူတို့ ဘဝကြင်ဖော်ကို ရွေးတတ်ကြတယ်၊ အဲဒီအခါမျိုးမှာ ရိုးပေ့၊ ဒါမှမဟုတ် သန့်စင်ပေ့၊ လှပေ့၊ ဂုဏ်ရှိပေ့ဆိုတဲ့ တကယ့်ခေါင်း မန်းကိုမှ ရွေးယူတတ်ပြီး ပွဲတက်မယားအဖြစ် ဂုဏ်ယူတတ်ကြ တယ်၊ အဲဒီအရွေးခံဘဝကို ကျုပ်က ရွံ့မုန်းတာ"

"ဒါ ပန်းရဲ့သဘာဝပဲလေ"

"ဟင့်အင်း ကျုပ်က ပန်းတွေ၊ ပျားတွေရဲ့သဘာဝတရား ကို နားမလည်ဘူး၊ ကျုပ်နားလည်တာက အချစ်ပဲ၊ အချစ်ဆိုတဲ့ အရာကြောင့်သာ ယောကျ်ားနဲ့မိန်းမ လက်ထပ်ခြင်းဆိုတာ ဖြစ် စေချင်တယ်၊ ငွေတွေ၊ ဂုဏ်တွေ၊ လှပခြင်းတပ်မက်ခြင်းတို့ကို လက်ထပ်ခြင်းမျိုး မဖြစ်စေချင်ဘူး"

"ဘာလဲ ဦးရဲတင်ကျော်က ရှင့်ရဲ့ အလှအပအတွက် တပ်မက်ပြီး လက်ထပ်ချင်တာလို့ ရှင်က ဆိုလိုတာလား"

"ဒါပဲရှိတာပဲ၊ ဗေဒင်မေးစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကို လှလို့ချစ်စရာကောင်းတယ်၊ ချစ်စရာကောင်းလို့မြင်မြင်ချင်း စွဲလမ်းတပ်မက်ပြီး လက်ထပ်ချင်တာဆိုရင်ကော ရှင်ဘာပြောမလဲ"

"အလို့. . တယ်ဟုတ်ပါလား၊ ရှင့်ကို ဦးရဲတင်ကျော်က ဘယ်တုန်းကများ ငှားလိုက်ပါလိမ့်"

"ဘာငှားလို့လဲ"

"အချစ်ရှေ့နေလေ"

"အချစ်အတွက် ရှေ့နေမလိုဘူးကွ၊ ကိုယ့်နှလုံးသားက အချစ်ရှေ့နေပဲဖြစ်သွားတတ်တယ်"

တင်ယွန်းစံနှင့်ရှုပါ စကားတပြောပြောနှင့် သွားနေခြင်းကြောင့် မထင်မှတ်သော မတော်တဆ ထိခိုက်မှုတစ်ခုကို သာယာဝတီမြို့အလွန်၌ ဖြစ်ပွားလိုက်သည်။

ရှေ့မှ ကုန်တင်ကားကို ကျော်အတက်၊ တစ်ဖက်မှလာသောကားကို ဘွားခနဲတွေ့လိုက်ရသောအခါ တင်ယွန်းစံ လမ်းဘေးသို့ ဆွဲချရှောင်တိမ်းလိုက်သည်။ ဖြစ်ပွားပုံက မြန်ဆန်လွန်း၍ ဘာမှမသိလိုက်ပဲ တင်ယွန်းစံအတွက် လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်သွားခဲ့လေသည်။









# အခန်း(၂၇)

တင်ယွန်းစံအတွက် ကံဆိုးခြင်းကို ထိုအချိန်မှ စတင်ခဲ့သည်။

တစ်ကိုယ်လုံး နာကျင်နေသော ဝေဒနာရပ်နှင့်အတူ အားမှောက်သွားခြင်းဟု သတိရလာသောအခါ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ပထမဦးဆုံး အသိအာရုံထဲတွင် နိုးကြွလာသည် ကရှုပါ။

"ဂျပု"

မိမိနှင့် အဖော်လိုက်လာသော သူငယ်ချင်း၊ မိမိကသာ


www.burmeseclassic.com

www.burmeseclassic.com

ဝန်ယူခေါ်လာသော သူငယ်ချင်းသာ တစ်ခုခုဖြစ်သွားလျှင် မိမိကိုယ်မိမိ ခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်။

"ဟော. . သတိရပြီထင်တယ်"

မိမိနှင့် စိမ်းနေသော အသံတစ်သံနှင့်အတူ လုံချည်ဖြူနှင့် သူနာပြုဆရာမတစ်ဦး။

"ကျွန်မ. . ကျွန်မ"

မေးရန် အားယူနေစဉ်မှာပင် သူနာပြုဆရာမနှင့် ယှဉ်တွဲရပ်ကာ စိုးရိမ်မကင်းသော မျက်လုံး၊ အားပေးသောမျက်လုံးများဖြင့် ကြည့်နေသော ရဲတင်ကျော်ကိုတင်ယွန်းစံ တွေ့လိုက်ရသည်။ အားတော့ တက်သွားသည်။ သူနာပြုဆရာမထက်စာလျှင်တော့ ရဲတင်ကျော်က တင်ယွန်းစံအတွက် လူစိမ်းမှ မဟုတ်ပေဘဲ။

"ဂျပု. . ဂျပု"

ဂျပုဟူ၍ သိနိုင်ပါ့မလား၊ ချက်ချင်းပြင်ဆင်ရန် သတိရလိုက်သဖြင့်. . .

"ရှုပါ. . ရှုပါကော"

"ရှိပါတယ်၊ ဟိုဘက်ခုတင်မှာ၊ သူ့ဒဏ်ရာက သိပ်မရှိဘူး၊ ဒါပေမယ့် ဆေးအရှိန်ကြောင့် အိပ်ပျော်နေတာပါ။ သူသတိရတော့ ယွန်းစံကိုမေးသေးတယ်"

ရဲတင်ကျော်ထံမှစကား ကြားရမှတင်ယွန်းစံ စိတ်သက်သာရာရသွားသည်။

သူနာပြုဆရာမက အနားမှ ထွက်သွားသည်။

"ရေ. . ရေသောက်ချင်တယ်"





တင်ယွန်းစံ ခန္ဓာကိုယ် သိပ်လှုပ်ရှား၍မရသေး။ ဗိုက်အားက တန်းလန်းအနေအထားရှိနေသည်။ ရေကို ထယူသောက်နိုင်ခွင့်မရသေး။

"ရမယ် ယွန်းစံ"

ညင်သာသာပွေ့ပိုက်မှုနှင့်အတူ တင်ယွန်းစံခေါင်းကို အသာကြွစေပြီး ရေတိုက်သည့်ရဲတင်ကျော်၏ အပြုအမူကိုတင်ယွန်းစံ မေ့နိုင်လိမ့်မည်မဟုတ်။

ရေသောက်အပြီး၌ ခေါင်းကိုညင်သာစွာပင် ပြန်ချပေးသည်။

"ကျေးဇူး"

"မလိုပါဘူး ယွန်းစံ"

"ကျွန်မ ဘယ်ရောက်နေတာလဲ"

"ဒါ သာယာဝတီဆေးရုံ ယွန်းစံ၊ ကျုပ်ပြည်ဆေးရုံကြီးကို ဖုန်းဆက်တော့ ဆရာဝန်ကြီးက ပန်းတောင်းဘက်ကွင်းဆင်းသွားတယ်ပြောတယ်၊ ဆရာဝန်ကြီးကတော်လည်း ပါသွားတယ်တဲ့ ဒါနဲ့ ကျုပ်လည်း မင်းတို့နှစ်ဦးစလုံးရဲ့ ဒဏ်ရာက စိုးရိမ်လောက်တဲ့ ဒဏ်ရာမရှိဘူးဆိုတာနဲ့ အကျိုးအကြောင်းမပြောတော့ဘူး၊ မင်းတို့ကို မနက်ဖြန်မနက် ရန်ကုန်ဆေးရုံကြီးကို လွှဲပြောင်းကုသခွင့် ကျုပ်တောင်းလိုက်တော့ ဆရာဝန်က ခွင့်ပြုတယ်၊ ဒါကြောင့် မနက်ဖြန် ကျုပ်ကားနဲ့ပဲ မင်းတို့ကို ရန်ကုန်ခေါ်သွားမယ်၊ ဟိုရောက်တော့ မင်းတို့အိမ်မှာ ကုချင်ကု၊ ပြင်ပဆေးရုံ တက်ချင်ရင်လည်းတက်ပေါ့ ဟုတ်လား၊ သဘောတူရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com



ရဲတင်ကျော် မနားတမ်းရှင်းပြသည်။ ရဲတင်ကျော်၏ အဆုံးအဖြတ်နှင့် လုပ်ဆောင်ချက်သည် တင်ယွန်းစံနှင့်တစ်ထပ်တည်း တူညီနေသည်။

"ကျွန်မ သဘောတူပါတယ်၊ ကျွန်မညာခြေထောက်ထ လွဲလို့ တခြားနေရာမှာ အပွန်းအပဲ့လောက်ပဲ ရှိမယ်ထင်တယ်"

"ဟုတ်တယ် ညာဘက်ခြေထောက် အရိုးအက်သွားတယ်၊ ကျောက်ပတ်တီးစည်းထားတယ်၊ မေးစေ့နဲ့တံတောင်မှာက ပွန်းပဲ့ရာလောက်ပါပဲ"

"ဂျပုကကော"

"အကြောက်လွန်ပြီး မေ့မြောသွားတာနဲ့ ချိုစောင်းနည်းနည်းပေါက်သွားတာရယ်၊ ပွန်းပဲ့ရာလောက်ရယ်ကလွဲလို့ အခြားဘာမှမဖြစ်ဘူး"

တင်ယွန်းစံ သက်ပြင်းချလိုက်မိသည်။

"ကိုင်း . ဘာကိုမှ မစဉ်းစားနဲ့၊ မျက်လုံးအသာမှိတ်ပြီး အိပ်ပျော်အောင် မှိန်းနေလိုက်"

တင်ယွန်းစံ အိပ်၍ဘယ်ရပြီးမည်နည်း။ သိချင်တာတွေ ရှိသေးသည်။

"ကျွန်မကားကော"

"ရှိပါတယ်၊ ဒီက ဝပ်ရှော့မှာ အပ်ထားလိုက်တယ်"

"ကျွန်မကို သွေးသွင်းထားတယ်လား"

"ဟုတ်တယ်၊ နေကလည်းပူတော့ သွေးထွက်များသဖြင့် သွေးသွင်းထားတာ"

"ဟင်"





အိပ်ချ်ရောဂါပေါ်လာသည်ကို ကြားကတည်းက တင်ယွန်းစံသည်၊ ဆေးထိုးခြင်း၊ ဆေးသွင်းခြင်းကို အင်မတန်ကြောက်ခဲ့သည်။ ယခုတော့. . .

"ဘယ်သူ့သွေးလဲ၊ အဝ်ကကော"

"စိတ်ချပါ၊ တစ်ခါသုံးအပ်တွေ၊ ပုလင်းတွေကို ကျုပ်ကိုယ်တိုင်စရိတ်မျှပေး ကျန်းမာရေးဆိုင်မှာ စစ်ဆေးပြီးအသုံးပြုစေတာပါ"

"သွေးကကော"

"စိတ်ချရပါတယ်၊ ဘာကိုမှ စိုးရိမ်စိတ်တွေဝင်မနေနဲ့ ယွန်းစံ၊ မင်းနားမှာ ကျုပ်ရှိနေသရွေ့ မင်း ဘာကိုမှဆိုးဆိုးရွားရွား မဖြစ်စေရပါဘူး"

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

တင်ယွန်းစံ ယခုအချိန်မှာတော့ ရဲတင်ကျော်ကို ကျေးဇူးတင်နေသည်။

"ရှုပါမိဘတွေကိုကော"

"ရှုပါသတိရလာတော့ လိပ်စာမေးပြီးဖုန်းဆက်ပေးဖို့ပါ၊ ဒါပေမယ့် ရှုပါကမဆက်ပါနဲ့၊ သူဘာမှပြင်းပြင်းထန်ထန်မှ မဖြစ်ဘဲအလကား အလုပ်ရှုပ်ကုန်မယ်၊ ကျုပ်အစီစဉ်နဲ့ပဲ အိမ်ပြန်ပို့ပေးမှပဲ အသိပေးတော့မယ်လို့ ပြောတယ်"

"ဒါလည်း ကောင်းတာပဲ"

မိမိအတွက်ထက် ရှုပါအတွက် ပို၍စိုးရိမ်သည်။ ရှုပါကို မိမိအာမခံဖြင့် ခေါ်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း သိချင်စရာကုန်ရင် အိပ်လိုက်တော့၊ ဒါမှ အားရှိသွားမှာ"

တင်ယွန်းစံ မျက်လုံးကို အသာမှိတ်လိုက်သည်။

ရဲတင်ကျော်သည် ပွဲလန့်တုန်း ဖျာခင်းတတ်သည့်လူစားတော့ ဟုတ်ဟန်မတူပါ။









# အခန်း(၂၈)

"ဆရာကိုယ်တိုင် မောင်းမလို့လား"

"အေး မင်းတို့နဲ့ စိတ်မချဘူး၊ မင်းဟိုကားကိုသာမောင်းပြီး အိမ်ပြန်နှင့်"

"ဟုတ်ကဲ့"

ရဲတင်ကျော်က တောင်းအေ့ကို စစ်ဆေးပြီးမှ သူနာပြုဆရာမနှင့်ဆေးရုံဝန်ထမ်းများ အကူအညီဖြင့် တင်ယွန်းစံကို ကားပေါ်သို့ တင်ဆောင်လိုက်သည်။ တင်ယွန်းစံ၏ ညာခြေထောက်က ဆန့်ထားရသော အနေအထားမျိုးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေရဲ့လား ယွန်းစံ"

တင်ယွန်းစံ သက်သောင့်သက်သာလိုက်ပါနိုင်ဖို့အရေး ကိုရဲတင်ကျော်က သူနာပြုဆရာမ အကူအညီဖြင့် ကိုယ်တိုင် ကိုယ်ကျ စီစဉ်ပေးရင်း မေးလိုက်သည်။

"ပြေပါတယ်"

"မရူပါ ရှေ့မှာလာထိုင်ပါလား"

"နေပါ ကျွန်မနောက်မှာပဲ အိပ်ပြီးတော့ လိုက်တော့မယ် စကားများမိတဲ့ အကျိုးတရားကို ကျွန်မတို့ လက်တွေ့ခံစားလိုက် ရပြီပဲ"

"ဆရာမကလိုက်မှာလား"

"ဟုတ်တယ်ယွန်းစံ၊ ဆရာမကို ရန်ကုန်ရောက်တဲ့အထိ တာဝန်ယူပေးဖို့ မေတ္တာရပ်ခံလာတာ"

"သြော်. . . ကျေးဇူးတင်ပါတယ် ဆရာမ"

"ရပါတယ် ဒေါက်တာ"

"ကျွန်မတို့က ဒေါက်တာမဖြစ်သေးပါဘူး"

"နောင်နှစ်ဆိုရင် ဖြစ်ပြီးမဟုတ်လား"

"ကိုင်း. . ဘာကျန်ခဲ့သေးလဲ၊ ဘာမှမကျန်ရင်သွားကြ မယ်"

ရဲတင်ကျော်က မေးလိုက်ရာ ရူပါက. . .

"ဘာမှ မကျန်တော့ပါဘူး ဦးရဲတင်ကျော်၊ သွားလို့ရပါ ပြီ"

တင်ယွန်းစံအနေနှင့်ကတော့ ဘာကိုမှမသိ။ ကိုက်ခဲ သော ဝေဒနာကို ဆေးသောက်လိုက်လျှင် မှိန်းချင်နေသည်မှ





အပ ဘာကိုမှ မခံစားချင်၊ မသိချင်သေး။

သို့သော် သိချင်တာတစ်ခုရှိနေသည်။

"ဦးရဲတင်ကျော်"

ကားမောင်းရန်အတွက် ယာဉ်မောင်းနေရာတွင် ဝင် ထိုင်လိုက်သော ရဲတင်ကျော်သည် နောက်သို့ လှည့်လိုက်သည်။

"ရှင် ကားမမောင်းပါနဲ့လား"

"ဘာဖြစ်လို့လဲ ယွန်းစံ"

ထူထဲသော မျက်ခုံးနှစ်ဖက်ကြုတ်သွားပြီး တင်ယွန်းစံ အားလှည့်ကြည့်ကာ မေးလိုက်သည်။

"ရှင်သွေးလှူထားတယ် မဟုတ်လား၊ ရှင်အနားယူသင့် ဘယ်လို့ ကျွန်မယူဆတယ်"

"ရပါတယ်၊ ကျုပ် ညက မင်းဆီကအပြန်မှာ နှစ်နှစ်ခြိုက် ခြိုက်အိပ်ပျော်ပါတယ်"

ရဲတင်ကျော်သည် တင်ယွန်းစံစကားကို ဖြေသိမ့်မှုပေး ပြီးကားမောင်းထွက်လိုက်သည်။ အတန်ကြာမှ ပြုံးကာ. . .

"ကျုပ် သွေးလှူထားတယ်ဆိုတာ မင်းသိသွားပြီလား ယွန်းစံ"

"ကျွန်မပဲပြောလိုက်တာ ဦးရဲတင်ကျော်"

ရူပါက လှမ်းပြောလိုက်သည်။

"အဲဒါကြောင့် ကျွန်မရင်မှာ စိုးရိမ်နေတာ"

"ဘာဖြစ်လို့လဲ"

"နိုင်ငံတကာ သွားနေတဲ့သူဆိုတော့"

ရဲတင်ကျော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ယုံကြည်မှုနည်းတဲ့စကားပဲ ယွန်းစံ၊ ဒါပေမယ့် ကျုပ်ကိုယ့်ကိုယ်ကို မဖော်တတ်ပါဘူး၊ ယွန်းစံ ကျုပ်ကိုလေ့လာကြည့်ပါဦးလေ"

တင်ယွန်းစံ ဘာမှစောဒက မတက်ချင်တော့။ သူစိမ်းသူနာပြု ဆရာမတစ်ဦးကလည်း ပါနေသည်။

မျက်လုံးလေးမှိတ်ကာ မှိန်းနေလိုက်သည်။

ဦးရဲတင်ကျော်"

"ပြောပါ ရှုပါ"

"အခွေမပါဘူးလား၊ သီချင်းဖွင့်ဗျာ"

"ကျွန်တော်အကြိုက် အခွေတွေပဲပါတယ်"

"ဘာပဲဖြစ်ဖြစ်ဖွင့်ပါ၊ ပျင်းလို့"

ရဲတင်ကျော်ဖွင့်လိုက်သော အခွေနှင့်ပတ်သတ်၍ တင်ယွန်းစံ ရဲတင်ကျော်ကိုအံ့သြသွားရသည်။

ကိုတင်လှိုင်၊ မောင်မောင်ကြီး၊ မောင်မောင်ညွန့် စန္ဒရားချစ်ဆွေ၊ ဝင်းဦးတို့၏ မြန်မာအသံမှ သီးချင်းများဖြစ်နေသည်။

ခေတ်အလိုက် ဝတ်စားဆင်ယင်မှု ရှိသော၊ ပြုမူပြောဆိုနေထိုင်တတ်သော၊ ရဲတင်းသွက်လက်သော ရဲတင်ကျော် လက်ခံတတ်လိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့ဖူးပါလား။

"ခင်ဗျားသီချင်းတွေကလည်း ဘကြီးတော်လေးဖယ်သွားက ဧအောက်လိုက်တာ"

"အနှစ်နှစ်ဆယ်ပဲရှိပါသေးတယ်၊ ခင်းဗျားမကြိုက်ဘူးလား"





"ကျွန်မတော့ကြိုက်တယ်"

တင်ယွန်းစံက ပိတ်ပစ်မှာစိုး၍ ဝင်ပြောလိုက်သည်။

ရှုပါက. .

"ရပါတယ်. . ဖွင့်ပါ၊ ကျွန်မတော့ မကြာခင်အိပ်ပျော်သွားမှာကျိန်းသေတယ်၊ ခင်ဗျားတို့ အသွင်တူနှစ်ယောက်သာ နားနဲ့နားမထောင်ဘဲ နှလုံးသားနဲ့သာ နားထောင်ကြပေတော့"

"ဂျပုနော်. . . အနုပညာကို မခံစားတတ်ဘဲနဲ့"

တင်ယွန်းစံက အရှက်ပြေ လှမ်းအော်လိုက်သည်။

"အနုပညာတွေ ဘာတွေမသိဘူးကွာ၊ ကျုပ်တို့ကတော့ သီချင်းဆိုလည်း ဆွဲဆွဲငင်ငင်ဆိုနေတာ မကြိုက်ဘူး၊ ဝုန်းဒိုင်းမြန်မြန်ဆန်ဆန်ပဲ၊ ဘာလုပ်လုပ်ပေါ့၊ ရှင်နဲ့ ဦးရဲတင်ကျော်သာ ပေရှည်နေကြ"

တင်ယွန်းစံ ဘာမှ ပြန်မပြောတော့။ မျက်နှာတစ်ပြင်လုံး ထူထူပူပူ ဖြစ်သွားသည်။ ရှုပါတော့ ဘေးတီးပေနေပြီဟု သဘောပေါက်မိလိုက်ပြီ။

ရဲတင်ကျော်ရှေ့ ပေါ်ပေါ်ထင်ထင်ကြီး ပြောတော့ အဘယ်မျှ ရဲတင်းပါသည်ဆိုသော တင်ယွန်းစံသည် ရှက်ရွံ့စိတ်ကလေး ဝင်လာသည်။

ရဲတင်ကျော်နှင့် ယခုလို နီးနီးကပ်ကပ် နေရပြန်တော့လည်း စိတ်ဝင်စားမှုက တင်ယွန်းစံအာရုံသို့ ရောက်ရှိလာသည်။

လူပုံပန်းက လူကြီးလူကောင်းစတိုင်ဖြင့် ချောမောခန့်ညားသောသူ တစ်ယောက်ပဲဟု ကောက်ချက်ချ လိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်အိပ်ပျော်သွားပြီပဲ"

တင်ယွန်းစံဘေးမှ ဆရာမကပြောလိုက်မှ ရှုပါအိပ်ပျော်သွားမှန်းသိလိုက်ရသည်။

သီချင်းကလည်း မောင်မောင်ညွန့်၏ 'ချစ်ရက်ဆုံနိုး မကြုံနိုး' ဖြစ်နေသည်။ တင်ယွန်းစံ သက်ပြင်းချလိုက်သည်။

မတောင့်တစဖူး တောင့်တမိသည်က ခုချိန်၌ ရဲတင်ကျော်၏ ပခုံးစွန်းလေးကိုမှီပြီး အိပ်၍လိုက်ပါလိုက်ရလျှင်. .







# အခန်း(၂၉)

"သက်သာသွားပြီလား"

ခြံထဲ၌ တုတ်ကိုအားပြုပြီး လမ်းလျှောက်နေသော ယွန်းစံထံသို့ ရဲတင်ကျော်သည် လျှောက်လာပြီး မေးလိုက်သည်။

"မြင်တဲ့အတိုင်းပဲ ဦးကျော်ရေ၊ နောက်လေးငါးရက်ဆိုရင်တော့ တုတ်ကိုလွှတ်လို့ ရပါပြီ၊ အိမ်ပေါ်တက်လေ"

"ကျုပ်က ယွန်းစံဆီလာတာပဲ၊ ယွန်းစံရှိတဲ့ နေရာမှာပဲ နေမှာပေါ့"

ရဲတင်ကျော်နှင့် တင်ယွန်းစံ သာယာဝတီမှ ဧတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည် ရင်းနှီးမှုရခဲ့သည်မှာ တစ်လနှင့် ငါးရက်ရှိပြီ။ သို့သော် ရဲတင်ကျော်သည် မိတ်ကောင်းဆွေကောင်းတစ်ဦးလို နေ့စဉ်မှ မှန် သတင်းလာမေးခြင်း၊ တင်ယွန်းစံမှ အချစ်ကိုထပ်မံတောင်း ခံခြင်း မပြုခဲ့ပါချေ။

"ထောက်တော့ နာသေးသလား"

"မနာပါဘူး၊ လှမ်းရတာ နည်းနည်းလေးသလိုလို၊ ထုံသ လိုလို ရှိတာကလွဲပြီး သိပ်တော့ အနာတရ မဖြစ်ပါဘူး"

တင်ယွန်းစံဘေးမှ ယှဉ်တွဲလိုက်ပါပြီး စကားတပြော ပြောနှင့်ရှိသော ရဲတင်ကျော်ကို တင်ယွန်းစံ ဝေခွဲရခက်နေသည်

"ရှင် ခရီးမထွက်တော့ဘူးလား"

"မထွက်သေးဘူး"

"ရှင့်အလုပ်က ခရီးထွက်ရတာဆို"

"ဟုတ်တယ်၊ ဒါပေမယ့် အခုခရီးစဉ်မှန်သမျှကို မန်နေ ဂျာနဲ့လွှဲထားလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"အံ့ဩစရာကောင်းလိုက်တာ၊ မင်းတကယ်မသိလို့ ဒီ မေးခွန်းကို မေးတာလား"

တင်ယွန်းစံ ရယ်လိုက်သည်။ ရဲတင်ကျော်ကလည်းလိုက် ရယ်သည်။ တင်ယွန်းစံက ရဲတင်ကျော်မျက်ဝန်းကို အသာအ ခတ်လိုက်သည်။

ရဲတင်ကျော်၏ မျက်ဝန်း၌ထူးခြားသော အရောင်တ ခုကို ရယူလိုက်သည်။ ထိုအကြည့်သည် တင်ယွန်းစံ၏ ရင် ထူးကဲစွာ ခုန်စေသည်။ တင်ယွန်းစံအကြည့်ကို ချက်ချင်းရုပ်သိမ်း





လိုက်သည်။

"ဖြေလေ"

သူမေးမှ သူဘာကိုဆိုသလဲဆိုသည်ကို တင်ယွန်းစံ ရိပ်မိလာသည်။ သို့သော် သူ၏နှုတ်ထွက်စကားကို တင်ယွန်းစံ ကြားချင်လာသည်။

ခေါင်းညိတ်ခြင်းဖြင့် သူ့အားတုံ့ပြန်လိုက်သည်။

"ယွန်းစံကိုစိတ်မချတာရယ်၊ ယွန်းစံအပါးမှ နေခွင့်ရအုန်း နေချင်သေးတာရယ်ကြောင့် ဆိုရင်ကျုပ်ဟာ အခွင့်အရေးသမား ဖြစ်နေပြီလား"

"ကျွန်မကို မေးခွန်းတွေထပ်မထုတ်ပါနဲ့ ဦးရဲတင်ကျော်"

တင်ယွန်းစံ ရဲတင်ကျော်အပါး၌ ကြာကြာရပ်မနေချင်တော့။ ထို့ကြောင့် ခပ်သွက်သွက်လှမ်းလိုက်သည်။ ခြေထောက်က ဟန်ချက်မညီချင်သေး။ ညွတ်ခနဲဖြစ်အသွား၌ ရဲတင်ကျော်ကလျင်မြန်စွာ လှမ်းထိန်းထားလိုက်သည်။

လူချင်းနီးကပ်မှုကို တင်ယွန်းစံ သာယာဝတီဆေးရုံ၌လည်း ခံစားခဲ့ရဖူးသည်။ ထိုသို့ခံစားရတိုင်း ရင်ခုန်သောခံစားမှုတစ်ခုက ဖြစ်ပေါ်တတ်သည်။

ယခုတစ်ခါ ဖြစ်ပေါ်မှုက ပို၍ကြမ်းတမ်းသည်။ မြင်းရိုင်းတစ်ကောင်၏ မြက်ခင်းပြင်၌ ကြမ်းတမ်းစွာ ခုန်ပေါက်မှုမျိုးထင်သည်။

တဒင်္ဂ ငြိမ်သက်မှုကို သတိဝင်လာသောအခါ မိမိကက်မောင်းရင်းကို ဆုပ်ကိုင်ထားသော ရဲတင်ကျော်၏ လက်ကို အသာအယာဖြုတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်ကျော်ကပြုံးကာ . . .

"ယွန်းစံ ကိုယ့်ကို လက်ခံနိုင်ပြီးလား"

"ဟင့်အင်း . . ."

"ကိုယ့်မှာ မင်းလက်မခံနိုင်လောက်တဲ့ အပြစ်တွေ နေလို့လား"

"ဒါလည်း မဟုတ်သေးဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ၊ ကိုယ့်အသက် သုံးဆယ် ရောက်နေပြီ၊ ဆံပင်ဖြူမှ သတို့သားဝတ်စုံဝတ်ရမှာကို ကိုယ်မ လားဘူး"

ရဲတင်ကျော်က သူ့ကိုသူ 'ကိုယ်' ဟုပြောင်းလဲသုံး လိုက်ခြင်းကို တင်ယွန်းစံ သတိထားလိုက်မိသည်။

"မလိုလားရင် အခြားတစ်ယောက်နဲ့ အခုချက်ချင်းလ ထပ်လိုက်လို့ ရတာပဲ"

တင်ယွန်းစံ ရင်ထဲ၌ ရဲတင်ကျော်ကိုကျီစယ်ချင် သည်။

ဒန်းပေါ်၌ အသာပင် ဝင်ထိုင်လိုက်သည်။ ရဲတင် ထိုင်နိုင်စေရန်လည်း အလယ်၌မထိုင်ဘဲ ဘေးတစ်ဖက်၌ ထိုင်လိုက်သည်။

သို့သော် ရဲတင်ကျော်က ဝင်မထိုင်ချေ။

"အခြားယောကျ်ား တစ်ဦးဦးအတွက် မင်းစကား မှန်ကောင်းမှန်ပေမယ့် ကျုပ်အတွက်တော့ လက်ခံနိုင်တဲ့ မဟုတ်ဘူး ယွန်းစံ"

"ဘာဖြစ်လို့လဲ"





"ကိုယ် ချစ်မြတ်နိုးသူနဲ့ လက်ထပ်သူဟာ တစ်ယောက် ည်းပဲဖြစ်ချင်တယ်"

တင်ယွန်းစံတို့ မိန်းမသားအချို့၏ အချစ်အပေါ် တန် ထားမှုမျိုးကို ယောကျ်ားများ၌ တွေ့ရလိမ့်မည် မဟုတ်ဟု ထင် ားသောအထင်သည် မှားယွင်းသွားလေပြီ။

"ကိုယ် ယွန်းစံကိုပဲ ချစ်မြတ်နိုးတဲ့အတွက် ယွန်းစံကိုပဲ က်ထပ်ချင်တယ်"

တင်ယွန်းစံ သက်ပြင်းချလိုက်သည်။

"ကိုယ့်ကို အဖြေပေးနိုင်မလား ယွန်းစံ"

"ဦးရဲတင်ကျော်က ကျွန်မကိုပိုင်ဆိုင်ချင်လို့ ကျွန်မကို ပေါ်ကို အကူအညီပေးတာလား"

ရဲတင်ကျော် မျက်နှာပြင်ပေါ်မှ အရေးအကြောင်း ပြောင်းလဲသွားသည်။ မာန၏ အရေးအကြောင်းများဟု တင် န်းစံ အကဲခတ်လိုက်မိသည်။

"ဒါကြောင့်အဟုတ်ဘူး၊ မင်းနေရာမှာ အခြားသူတစ်ဦး ဖြစ်နေရင်လည်း ကျုပ်ကူညီမှာပဲ၊ ဒါပေမယ့် မျက်နှာလေးကို ှိုပ်တကြည့်ကြည့်နဲ့ နေ့စဉ်လာပြီး အခစားဝင်ရလောက် အောင်တော့ ကူညီမှာမဟုတ်ဘူး၊ ခုကျုပ်မင်းဆီကို အခစား င်နေရတာ ဘာကြောင့်လဲ မင်းသိရဲ့လား၊ အဲဒါအချစ်ကြောင့် ကျုပ်နှလုံးသားရဲ့ပူဆာမှုကို ကျုပ်မနေနိုင်လို့ မင်းဆီကို လာ ်ရတုန်း ကျုပ်နေ့တိုင်းလာတယ်၊ မင်းဆီက အချစ်ရဖို့အတွက် ျုပ်မျှော်လင့်ချက်တွေ တသီကြီးနဲ့ မင်းအပါးမှာ ရစ်ဝဲနေတယ်၊ အမှန်တရားပဲ၊ အချစ်လိုချင်လို့ အချစ်ကိုပေးအပ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးသမားလို့ မင်းစွပ်စွဲတော့ ယွန်းစံ၊ ကျုပ် ရဲရဲကြီးခံချင် တယ်၊ ကျုပ်အမှန်တကယ်ပဲ မင်းဆီက အချစ်ကို ရယူချင့်နေပြီ

တင်ယွန်းစံရင်ထဲသို့ ဒိုးဒိုးဒေါက်ဒေါက်ဝင်ရောက်လာ သော ချစ်စကားကို တင်ယွန်းစံ သဘောကျသည်။

ကျုပ်ဟုအညာလေသံဖြင့် ပြောခြင်းကိုလည်း ပွင့်လင်း ခြင်းဟု တင်ယွန်းစံ သိပ်သဘောကျသည်။ မိမိတို့ သူငယ်ချင်း အချင်းချင်းလည်း ကျုပ်ဟု ပြောဆိုသုံးစွဲခြင်းကိုလည်း လိုလား ပြန်သည်။ နူးညံ့ခြင်းဟု ခံယူချင်သည်။ ခက်နေပြီ။

တင်ယွန်းစံက ပြုံးပြုံးလေးဖြင့် ရဲတင်ကျော်ကိုမော့ ကြည့်လိုက်သည်။

ထိုတက်အတွင်း ရဲတင်ကျော်၏ မျက်နှာပြင်ပေါ်မှ ခက် ထန်မှု အရေးအကြောင်းများသည် တဖြည်းဖြည်းလျော့ဝင် ပျောက်ကွယ်သွားပြီး။ နှုတ်ခမ်းသားလေးများတွင် ပြုံးရိပ်များ ခိုတွဲလာသည်။

ခက်ထန်ထန်၊ မာကျောကျော၊ ပြုံးပြုံး၊ ရယ်ရယ်ကြည် ၍ကောင်းသော ယောက်ျားတစ်ယောက်ကို မိမိပိုင်ဆိုင်ချင်လာ သည်။ ထို့အရာက အချစ်လား။ နှစ်သက်သဘောကျခြင်းလား

"ဦးတင်ကျော်"

"ဆို"

"ပြောစရာစကားကုန်ပြီလား"

"မကုန်သေးဘူး"

"ဒါဖြင့် ပြောဦးလေ"

"ပြောလို့ မရတော့ဘူး"





"အို. . . ပြောစရာတွေမကုန်သေးဘူးဆို"

"ဟုတ်တယ် နှလုံးအိမ်ထဲမှာ အပြည့်ပဲ ဒါပေမယ့်ပြော လို့မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ရင်ထဲမှာ သိပ်ကိုလှုပ်ရှားနေလို့ပဲ၊ ကျုပ်ပြန်တော့ မယ်ဗျာ"

တင်ယွန်းစံကရယ်ကာ. . .

"နေပါဦး"

ရဲတင်ကျော်က ခေါင်းခါကာချာခနဲ လှည့်ထွက်သွား သည်။ သူ၏ မျက်နှာပြင်၌ မူလအသားအရေထက်တော့ အနီ ရောင်ပိုများသွားသည်ကို တင်ယွန်းစံ သတိပြုမိလိုက်သည်။

တင်ယွန်းစံရင်ထဲ ကြည်နူးမှုလေး ရိုက်ခတ်လာသည်။ တစ်ကိုယ်တည်း ပြုံးလိုက်မိပြီး ရဲတင်ကျော်ကား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

ထိုညက တင်ယွန်းစံသည် ပထမဦးဆုံးအကြိမ်အဖြစ် ရဲတင်ကျော်ထံသို့ ဖုန်းဆက်လိုက်မိသည်။

"ဟဲလို . . . ပြောပါ၊ ရဲတင်ကျော်ပါ"

"ဦးရဲတင်ကျော် ဘာလုပ်နေတာလဲ"

"ဟာ. . ယွန်းစံ၊ ကျုပ် ကျုပ်မင်းကို မြင်ယောင်ပြီး အိပ်မပျော်နိုင်လို့ စာဖတ်ရင်း၊ မင်းကိုမေ့ပျောက်ဖို့ ကြိုးစားတဲ့ အလုပ်ကိုလုပ်နေတာ"

"ရသလား"





"မရဘူး၊ ပိုလို့တောင် မြင်ယောင်တမ်းတနေမိတုန်း မင်းဆီ ကဖုန်းလာတာ၊ ဆိုပါဦး ဘာကိစ္စရှိလို့လဲ"

"ကျွန်မသိချင်တာလေး တစ်ခုရှိနေလို့"

တင်ယွန်းစံ နွေးထွေးစွာ ပြောလိုက်သည်။

"ဘာသိချင်လို့လဲ ယွန်းစံ"

"အချစ်ဆိုတာ ဘာလဲဟင်"

"အိုး. . ယွန်းစံ မင်းအချစ်ကို စိတ်ဝင်စားလာပြီလား"

ရဲတင်ကျော်အသံက မျှော်လင့်ချက်များဖြင့် တက်တက်ကြွကြွ၊ ရွှင်ရွှင်လန်းလန်းဖြစ်လာသည်။

"ဆိုပါတော့"

"မင်းသိချင်ရင် ကိုယ်ဖြေမယ်လေ၊ ဘယ်ပညာရှင်တွေရဲ့အဆိုအမိန့်မှ မဟုတ်ဘူးနော် ကိုယ်ခံစားနေရပြီး ခံယူလိုက်တဲ့ အချစ်ဆိုတဲ့အရာကို ကိုယ်ပြောပြမှာဆိုတော့ မင်းစိတ်ဝင်စားမှာလား ယွန်းစံ"

"ဟုတ်ကဲ၊ ကျွန်မစိတ်ဝင်စားနိုင်ပါတယ်"

တကယ်လည်း တင်ယွန်းစံ စိတ်ဝင်စားနေသည်။ တင်ယွန်းစံ သည်နေ့အဖို့ ရဲတင်ကျော်နှင့် ထပ်မံစကားမပြောရလျှင် အိပ်ပျော်နိုင်လိမ့်မည် မဟုတ်။

"ကိုယ်လေ ကားလှမ်းတားတဲ့ မင်းကို တွေ့တွေ့ချင်း ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့တယ်၊ မင်းတောင်းတဲ့ အကူအညီကို အစွမ်းကုန် ဖြည့်ဆည်းပေးချင်လာတယ်၊ မင်းရဲ့လှုပ်ရှားမှုဟူသမျှတို့ဟာ ကိုယ့်မျက်စိပသာဒမှာ အလှပဆုံးသော မြင်ကွင်းလေးဖြစ်သလို မင်းရဲ့အသံလေးဟာ ကိုယ့်နားသောတ



www.burmeseclassic.com

www.burmeseclassic.com

အာရုံကို ဆွဲဆောင်နိုင်မှုအရှိဆုံးသော သံစဉ်တစ်ခုဖြစ်လာတယ်၊ ရှင်းရှင်းဝန်ခံရရင် အဲဒီကတည်းက မင်းကိုပိုင်ဆိုင်လိုစိတ် ဖြစ်ပေါ်လာတယ်"

တင်ယွန်းစံ ရင်ထဲလှုပ်ရှားလာသည်။ ထို့ကြောင့်မနေနိုင်မထိုင်နိုင် စကားဖြစ်၍မေးလိုက်မိသည်။

"အဲဒီ ပိုင်ဆိုင်ချင်စိတ်ဟာ အချစ်ကြောင့်လား"

"ဟုတ်တယ်လေ၊ ကိုယ်သိလိုက်တာက မင်းကိုမြင်မြင်ချင်းပဲချစ်မိပြီး မင်းကိုပိုင်ဆိုင်ချင်လာတယ်၊ ဒါကြောင့် မင်းနဲ့ဆက်လက်ပတ်သက်ချင်လို့ မင်းပေးတဲ့ ငွေတစ်ထောင်ကို ဒရိုင်ဘာအနေနဲ့ လက်ခံယူပြီး အိမ်နံပါတ်ကိုမှတ်၊ ပြီးတော့ အိမ်နီးချင်းဆီမှာ စုံစမ်းတော့ မင်းဟာ အပျိုစင်သက်သက် . . ၊ ဆေးကျောင်းသူလို့ သိခဲ့ရတော့ ကိုယ်သိပ်ဝမ်းသာသွားခဲ့တယ်"

"အကယ်၍များ ကျွန်မဟာ အိမ်ထောင်နဲ့ဖြစ်ခဲ့ရင်ကော . ."

"ကျုပ် မင်းကိုချစ်မိတဲ့ အချစ်ကို ဖျောက်ဖျက်ပစ်ရမှာပေါ့၊ ကျုပ်ဟာ လူမှုစည်းကမ်းကို စောင့်ထိန်းလိုက်နာရမှာပဲ ဒါပေမယ့် အခုမင်းဟာ လွတ်လွတ်လပ်လပ် အပျိုစင်ပဲ၊ ကျုပ်မင်းကို ရယူပိုင်ဆိုင်ခွင့်အတွက် နည်းမျိုးစုံနဲ့ ကြိုးစားတယ်၊ အဲဒီကြိုးစားခြင်းအပေါ်မှာ ကျုပ်ရင်ခုန်ပျော်ရွှင် ကြည်နူးနေခဲ့တယ်၊ မင်းရဲ့ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးချင်တယ်၊ မင်းမျက်နှာပေါ်မှာ အပြုံးရိပ်လေးတွေခိုတွဲနေတာကိုပဲ မြင်ချင်တယ်၊ မင်းမှတ်မိသေးလား၊ ဗိုလ်ချုပ်ဈေးမှာ မင်းဈေးဝယ်ထွက် တုန်းက ကိုယ့်ဆီကဓာတ်ဆီဝယ်သွားသေးတာလေ"





"မှတ်မိပါတယ်"

"အဲဒီတုန်းက မင်းအစအတွက် စိတ်တိုင်းမကျဖြစ်ပြီး မင်းမျက်နှာအပြုံးပျောက်ကွယ်သွားတာကိုကြည့်ပြီး ကိုယ်စိတ်မကောင်းဘူး"

"ရှင် နောက်ယောင်ခံလိုက်ပြန်ပြီပေါ့"

"ကိုယ်ဟာ မင်းရဲ့အရိပ်ပဲ ယွန်းစံရယ်၊ မင်းမျက်နှာကို အမြဲပြုံးပျော်နေတာမြင်ချင်တဲ့သူဆိုတော့ စူပါမားကက်တွေမှာ မင်းအတွက် အစကိုကို လိုက်ရှာဝယ်ခဲ့မိပြီး မင်းနှစ်သက်တဲ့အရောင် ဝတ်ဆင်နိုင်စေဖို့ ရောင်စုံပို့ပေးခဲ့မိတာ ကိုယ်မှားသွားတယ်ဆိုရင်လည်း တောင်းပန်ပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ ကိုယ့်စေတနာဟာ သိပ်ဖြူစင်ခဲ့ပါတယ်"

"ကျွန်မလက်မခံတော့"

"ကိုယ်စိတ်မကောင်းဖြစ်ခဲ့တယ်၊ ဒါပေမယ့် မင်းလေးစောင့်ထိန်းတတ်တဲ့ မိန်းမဂုဏ်အင်ကို ကိုယ်ပိုပြီးမြတ်နိုးတန်ဖိုးထားတယ်၊ ဒါကြောင့် မင်းစိတ်ချမ်းသာစေဖို့ ကိုယ်လက်ဆောင်တွေကို ပြန်ယူပေးခဲ့တာ"

"ကျွန်မမေးတာ အချစ်အကြောင်းလေ"

"ဟုတ်ပါတယ်၊ ကိုယ်ပြောနေတာလည်း အချစ်အကြောင်းပဲ၊ အချစ်ကြောင့် မင်းရဲ့အပြုံး၊ မင်းရဲ့လိုအင်ဆန္ဒမှန်သမျှကို ကိုယ်ဟာဖြည့်စွမ်းပေးချင်တယ်၊ အချစ်ကြောင့် မင်းကိုပိုင်ဆိုင်ချင်တယ်၊ မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်ခင်ယုယနေသွားချင်တယ်၊ ဒါ့အပြင် ကိုယ်ချစ်တဲ့ မင်းအပေါ်ကို လူအများက ချစ်ခင်လေးစားတဲ့ ပြည်သူ့ဆရာဝန်ကောင်း


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေစေချင်တယ်၊ အဲဒီလိုဆိုရင် မင်းဘေး… လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်မယ့် ပါရမီဖြည့်ဖက် ဖြစ်… တယ်၊ အရှင်းဆုံးပြောရရင် ကိုယ့်ဘဝအတွက် အရေးပါဆုံး… အလိုအပ်ဆုံးဟာမင်းပဲ၊ အဲဒီလိုဖြစ်ပေါ်လာတဲ့ဆန္ဒဟာ အချစ်… ဒါပဲ နားလည်စွာပြောတတ်တယ် ယွန်းစံ၊ မင်းနားလည်နိုင်… မလား မသိဘူး"

"ကျွန်မအတွက်တော့ ရှင်ဟာ အလိုအပ်ဆုံးအရာတ… ခုတော့ မဟုတ်သေးဘူး၊ ဒီလိုဆို ကျွန်မရှင့်ကို မချစ်လို့ပဲ ဖြစ်မှ… ပေါ့"

တစ်ဖက်မှတုံ့ပြန်သံမကြားဘဲ တိတ်ဆိတ်နေသဖြင့် တင်ယွန်းစံ ပြုံးလိုက်မိသည်။

"ဦးရဲတင်ကျော်"

"နားထောင်နေပါတယ်"

"ကျွန်မသိချင်တာတစ်ခု ရှိသေးတယ်"

"မေးပါ"

"ညနေက ရှင့်အတွက် အလိုအပ်ဆုံးသူဆိုတဲ့ ကျွန်မအ… နားမှာ ကြာကြာမနေဘဲ ဘာဖြစ်လို့ ပြန်သွားရတာလဲ"

တစ်ဖက်မှ ရယ်သံထွက်ပေါ်လာသည်။ ထိုရယ်သံ… သည် ရှုပါပြောသကဲ့ ဗိုလ်အောင်ဒင်၏ ရယ်နည်းကား ထင်… သည်။

"ဘာရယ်တာလဲ"

"မင်း သိပ်သိချင်နေသလား"

"အိုး. . သိချင်လို့မေးတာပေါ့"





"သိချင်ရင် ကိုယ်ပြောပြမယ်၊ မင်းစိတ်မဆိုးနဲ့"

"ဘာဆိုင်လို့ စိတ်ဆိုးရမှာလဲ၊ ကျွန်မစိတ်မဆိုးတတ်ဘူး၊ စိတ်ဆိုးခြင်းဟာ အသက်ကို တိုတတ်တယ်တဲ့"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် ကိုယ်ပြောပြမယ် ညနေက မင်းကျုပ်ကို ကျွဲမီးတိုအောင် ပြောတယ်၊ ပြီတော့အပြုံးလေးနဲ့ ခပ်မော့မော့လေး ကျုပ်ကိုကျီစယ်တယ်၊ ဒါကြောင့် ကျုပ်ပြန်ခဲ့တာ"

"ဘာဆိုလို့လဲ"

"သိပ်ဆိုင်တာပေါ့၊ မင်းအပြုံးဟာ သိပ်ကို အသည်းယားစရာကောင်းနေတဲ့အတွက် မင်းကို ကိုယ်နမ်းချင်လာလို့ပဲ"

တင်ယွန်းစံ ရင်ထဲမှာ လှုပ်ရှားကာရယ်မောပြီး တယ်လီဖုန်းချလိုက်မိသည်။

တင်ယွန်းစံ ကြိုတင်တွက်စထားသောမိသော အဖြေကို ရလိုက်သည့်အတွက် ကျေနပ်သွားသည်။

သို့သော် တယ်လီဖုန်းက ချက်ချင်းပြန်မြည်လာသည်။

တင်ယွန်းစံ ကောက်ကိုင်လိုက်သည်။ စိတ်ထဲ၌ ရဲတင်ကျော်ဟု သိပြီးသားပင်။

"အမိန့်ရှိပါ"

"ကျုပ်စကားမဆုံးသေးဘူးလေ ယွန်းစံ"

"ပြောလေ"

"ကျုပ် မင်းမေးခွန်းတွေကို ဖြေခဲ့တယ်နော်"

"ကျုပ်မဖြေဘူး၊ ကိုယ်ဖြေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒီလိုဆိုရင် ကိုယ်ကမေးခွန်းပြန်ထုတ်ရင် မင်းဖြေမှာလား"

"ဟုတ်"

"ဒီလိုဆိုရင် အဲဒီအချိန်က မင်းကို ကျုပ်နမ်းမိသွားပြီဆိုပါစို့၊ မင်းကိုယ့်ကို စိတ်ဆိုးသွားမှာလား"

တင်ယွန်းစံ ရှက်ပြုံးဖြင့် ပြုံးမိကာငြိမ်သက်နေလိုက်သည်။ သူ၏ အနမ်းကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ရုံမျှဖြင့် ရင်ခုန်သံနှုန်းမြန်နေပါလား"

"ပြောလေ"

"ပြောတတ်ဖူးလေ"

တင်ယွန်းစံ တယ်လီဖုန်းကို ချလိုက်ပြီး ပလပ်ကြိုးပါ သွားဖြုတ်လိုက်သည်။

ထိုည၌ တင်ယွန်းစံသည် စာလည်းမကြည့်ပါဘဲလျက် အိပ်မပျော်နိုင်သော ညတစ်ညကို ပိုင်ဆိုင်လိုက်လေသည်။







# အခန်း(၃၁)

အချစ်ဆိုသည့် အရာသည် နူးညံသိမ်မွေ့စွာဖြင့် နှလုံးအားကို ဆုပ်ကိုင်ကာ ဘဝကိုပါ ကြိုးကိုင်နိုင် စွမ်းရှိလိမ့်မည်ဟု တင်ယွန်းစံ အစက တွေးမထင်မိခဲ့ပါချေ။

ရဲတင်ကျော်အား ချစ်နိုင်လိမ့်မည် မဟုတ်ဟု တွေ့စက တွေးထင်ထားသော ထင်မြင်ယူဆချက်သည်လည်း မှားယွင်းသွားလေပြီ။

တင်ယွန်းစံ ခြေထောက် ကောင်းပြီး ကျောင်းသို့ ပြန်ရောက်၌ ရဲတင်ကျော်သည် နှုတ်ဆက်ခြင်းမရှိဘဲ မိမိအပါး



www.burmeseclassic.com

www.burmeseclassic.com



ကပျောက်ကွယ်သွားလေသည်။ ထိုအခါ တင်ယွန်းစံရင်ထဲ အလိုမကျခြင်း၊ မပြည့်စုံခြင်း၊ အလိုအလျောက် ဝမ်းနည်းခြင်း ကြေကွဲခြင်းနှင့်အတူ တမ်းတလွမ်းဆွတ်ခြင်းဟူသော ဝေဒနာ ရပ်ဖြစ်ပေါ်ခံစားလာရသည်။

ရဲတင်ကျော် မိမိအပါး၌ မရှိခြင်းအတွက် အလိုမကျ နိုင်သကဲ့သို့ရှိခြင်း။

ရဲတင်ကျော် မိမိအပါး၌ ရှိမနေခြင်းအတွက် မပြည့်စုံ ခြင်း။

ရဲတင်ကျော် မိမိအား ဥပေက္ခာပြုကာ နှုတ်မဆက်ဘဲ သွားခြင်း၊ အဆက်အသွယ်မပြုခြင်းအတွက် ဝမ်းနည်းကြေကွဲ ခြင်းနှင့်အတူ လွမ်းဆွတ်ခြင်း၊ ရဲတင်ကျော်အား တမ်းတမျှော် မှန်းခြင်းဟူသော ဝေဒနာရပ်တို့ကို သိသာထင်ရှားစွာ ခံစားလာ ရသောအခါ တင်ယွန်းစံရိပ်မိသိရှိလိုက်ပြီ။

တင်ယွန်းစံ ရဲတင်ကျော်အား ချစ်မိနေခြင်းဟု။

"ယွန်းစံ ညှို့သည်လာနေတယ်"

ဒေါ်ထွေးက မှန်တင်ခုံရှေ့၌ အလိုမကျသောစိတ်၊ အ တွေးစိတ်များဖြင့် ခေါင်းဖြီးနေသော တင်ယွန်းစံအားအသံ လှမ်း ပြုလိုက်သည်။

"လာပြီ"

ခုနေ ဘယ်ညှို့သည်မှ မတွေ့ချင်ပါ။

သို့သော် မကောင်းတတ်၍ ထွက်တွေ့လိုက်သည်။

"ကြည့်စမ်း"

ဒေါ်ထွေးလည်း မကောင်းချေ။ တကယ်ဆိုရင် ဦး





တင်ကျော်လာသည်ဟု ပြောလိုက်ဖို့ကောင်းသည်။

ယခုတော့ ရဲတင်ကျော်က ရှုံးကော့စ်ပေါ်၌အလှတင် ထားသော တင်ယွန်းစံ၏ဓာတ်ပုံကို ရပ်ကြည့်နေရာမှ တင်ယွန်း စံကို ပြုံးပြလိုက်သည်။

တင်ယွန်းစံ မည်ကဲ့သို့ဖြစ်သွားမှန်းကို မိမိကိုယ်မိမိ ဆဖန်ပိုင်းခြားချိန် မရလိုက်ချေ။

"ရှင်ကြီး မကောင်းဘူး"

ရဲတင်ကျော်၏ ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ဖွဖွအ ဆက်မပြတ်ထုလိုက်ရင်း

"သွား ဘယ်တော့မှမလာနဲ့၊ မုန်းတယ် . . ဘယ်သွား ပျောက်နေတာလဲ ခုမှမလာနဲ့"

နှုတ်မှလည်း ကရားရေလွှတ် တတွတ်တွတ်ပြောလိုက် သည်။

ရဲတင်ကျော်က ရယ်ကာ တင်ယွန်းစံ၏ လက်သီးဆုပ် လေးများကို အသာဆွဲယူဆုပ်ကိုင်ကာ တားအဆီး၌ တင် ယွန်းစံ၏ ခန္ဓာကိုယ်သည် သူ၏ရင်ခွင်ကျယ်အတွင်းသို့ နွဲ့ ဆောင်းစွာ ကျဆင်းသွားခဲ့သည်။

ထိုအချိန်မှစ၍ သူတို့နှစ်ဦး ချစ်သူဘဝရောက်ရှိ သွားခဲ့ သည်၊

တင်ယွန်းစံ ကြိုတင်တွေးဆရင်ခုန်ခဲ့ဖူးသော ခံစားမှုတို့ ၏ လက်တွေ့ဘဝကို ရောက်ရှိသွားခဲ့လေသည်။

တင်ယွန်းစံ ရဲတင်ကျော်ကို ဘယ်အချိန်ကတည်းက ချစ်ခဲ့မိမှန်းကို မသိသော်လည်း ချစ်သူအဖြစ်ရောက်ရှိပြီးချိန်၌



www.burmeseclassic.com


www.burmeseclassic.com



မိမိအချစ်က ရဲတင်ကျော်အချစ်ထက် ပိုလေသည်ဟု တင်ယွန်းစံ စွဲမြဲစွာ ယုံကြည်ထားလေသည်။

ယခုတော့..





www.burmeseclassic.com







# အခန်း(၃၂)

"ဟဲလို"

"ဦးရဲတင်ကျော်ရှိသလား"

တင်ယွန်းစံ လေသံမှန်မှန်ဖြင့် မေးလိုက်သည်။

"မရှိပါဘူး ခင်ဗျား"

တင်ယွန်းစံ ဦးနှောက်ကို အလုပ်ပေးလိုက်သည်။ တင်ကျော်၏ ရုံးလုလင်အမည်က ဘယ်သူပါလိမ့်။ ဩော် သို့

"မောင်သီလများလား"

"ဗျာ. . ဟုတ်ပါတယ်"





"ဒီလိုဆိုရင် မမကို မင်းတစ်ခုကူညီနိုင်လိမ့်လို့ မမမျှော်လင့်ပါတယ်"

"ဗျာ"

တစ်ဖက်မှ မောင်သီလလည်း အံ့သြခြင်းနှင့်အတူ တွေဝေခြင်း ဖြစ်ပေလိမ့်မည်။

"မမက တင်ယွန်းစံပါ"

"ဗျာ ဟုတ်ကဲ့မမ၊ ကျွန်တော် ဘာအကူအညီများ ပေးရမလဲ မမ"

"မမနဲ့ မင်းဆရာကိစ္စကို မင်းရိပ်မိတန်သလောက် ရိပ်မိမှာပါပြီနော်"

"ဟုတ်ကဲ့"

"မမဘက်က မင်းစာနာ နားလည်နိုင်မယ်ဆိုရင် မမကို အကူအညီပေးနိုင်လိမ့်မယ်လို့ မမမျှော်လင့်ပါတယ်"

မောင်သီလထံမှ တုံ့ပြန်သံကိုရုတ်တရက် မကြားရ။ သို့ က် တင်ယွန်းစံ စိတ်မရှည် မဖြစ်ချေ။ မောင်သီလတွေဝေနေပြီး စဉ်းစားနေပြီ။ သို့ဆိုလျှင် မိမိအတွက် အလားအလာကောင်းသည်ဟု။

"ဘယ်လိုလဲ မောင်သီလ"

"ဟို ဆရာ့အကျိုးမထိခိုက်ရင် ကျွန်တော်ကူညီမယ်"

"မင်းဆရာအကျိုး မထိခိုက်ပါဘူး၊ မင်းဆရာ မမအပေါ် အထင်မှားနေတယ်၊ ဒီအတွက် မမကလိုက်ရှင်းပြချင်တယ်၊ ဆရာရဲ့ ဝေဒနာကို မမကုစားပေးချင်တယ်၊ အဲဒီကိစ္စဆိုရင် ဆရာအကျိုးကို ထိခိုက်သွားမယ်လို့ မင်းယူဆသလား"



www.burmeseclassic.com

www.burmeseclassic.com



"မယူဆပါဘူး"

"ဒါဖြင့် မင်းဆရာ ဘယ်ကိုသွားပြီး ဘယ်ကိုရှောင်ပုန်း နေသလဲဆိုတာ မမသိပါရစေ"

"ခက်တယ် မမရယ်၊ ဆရာသိရင်"

"စိတ်ချပါ၊ မမ မင်းကိုတာဝန်ယူပါတယ်၊ မင်းအလု မပြုတ်စေရပါဘူး"

"ဒါကြောင့် မဟုတ်ပါဘူး မမ၊ ဆရာ့အပေါ် သစ္စာမဲ့ များ ရောက်သွားမလားလို့"

"ဘာလဲ. . . မင်းက မင်းဆရာဟာ မမနဲ့ကွဲကွာခြင်း ပေါ်မှာ ပျော်ရွှင်ကြည်နူးချမ်းမြေ့နေတယ်လို့ မင်းထင်နေ လား"

"မထင်ပါဘူး မမ၊ ဆရာသိပ်ကိုစိတ်ထိခိုက်နေပါတယ် အရက်တွေလည်း မသောက်စဖူး သောက်ပြီး မမနာမည်ကို တမ်းတမ်းတတ အော်နေတတ်တယ်"

တင်ယွန်းစံရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ရဲတင်ကျော် အား ပျော့ညံ့လိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့မိခြင်းသည် မှားယွင်း သွားလေပြီ။

"ဒါဖြင့် သူ အိမ်မှာပဲလား"

"ဟုတ်ကဲ့ ဒါပေမယ့် မနက်ဖြန် မနက်စောစော ချောင်း သာသွားမယ်၊ ကျွန်တော်ကို ကားမောင်းဖို့ ဒီညကျွန်တော် အိမ်သွားအိပ်ရမှာ"

"ဩော်"

တင်ယွန်းစံ အပြေးအလွှားစဉ်းစားလိုက်သည်။





အိမ်သွားတွေ့တိုင်း သော့ခလောက်က ဆီးကြိုကာ မျက်နှာဆိုးဆိုး အပေါက်ဆိုးဆိုး ဒရဝမ်က 'မရှိဘူး' 'မသိဘူး' ဆိုသော 'ဘူး' အလင်္ကာကို ရွတ်နိုင်ပေသည်။

ပြီးတော့ သူ၏ပတ်ဝန်းကျင်မှ၊ ယေကျားလေးဘက်မှ ဒါလောက်တောင် ရက်ရက်စက်စက် ပစ်ပယ်ထားခြင်း ခံရတာ တောင် အရှက်မရှိ မျက်နှာပြောင်တိုက်လာရဲတဲ့ မိန်းမဟုကဲ့ရဲ့ နိုင်သည်။

"ဟဲလို"

"ကောင်းပြီ ကျေးဇူးတင်တယ် မောင်သီလ၊ မမနည်း မဟာန်နဲ့ သူ့ကို ဆက်သွယ်မယ်၊ ချောင်းသာကို သေချာတယ် နော်"

"ဟုတ်ကဲ့ သေချာပါတယ်"

"ကျေးဇူးပဲ ဒါပဲမောင်သီလ"

တင်ယွန်းစံ တယ်လီဖုန်းချလိုက်သည်။ ထို့နောက် အိပ် ရာထက်သို့ လှဲချလိုက်သည်။ ချစ်သူ အမျက်တော်ကို ပြေစေရန် ချစ်သူပစ်မတစ်ဦး၏ ဝေဒနာရပ်ကို ခံစားရင်း အတွေး၌ စီမံ ချင်းချမှတ်ကာ ခရီးစဉ်ကို ရေးဆွဲလိုက်သည်။

ချောင်းသာကို ရောက်အောင်သွားမည်။

ပြီးတော့ ရဲတင်ကျော်အား တွေ့ဆုံစကားပြောနိုင်ရန် ကြိုးပမ်းရမည်ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"ဒီခရီးလမ်းကို အမျိုးသမီးတစ်ယောက်တည်း မောင်းပြီး သွားလို့သင့်တော်မယ် ထင်လို့လား၊ မင်းလိုက် ပေးလိုက်"

ရဲတင်ကျော် စိတ်တိုနေပြီဟု တင်ယွန်းစံသိလိုက်

ကိစ္စမရှိ၊ တင်ယွန်းစံက ဥပေက္ခာတရားထက် သူ၏ဒေါသတရားကို ပို၍နှစ်သက်သည်။ သူသည် ပတ်သက်၍ ခံစားမှုရှိနေပါသေးသလားဟူသော အသိ ဖြင့် တင်ယွန်းစံကျေနပ်သွားသည်။





သို့သော် မကြားဟန် မသိဟန်ပြုကာ ကားခေါင်းကို ရပ်ရင်း နေကြာစေ့ကိုသာတဖောက်ဖောက် အခွံခွာကာ မြုံနေ လိုက်သည်။

"ဘယ်သူကား မောင်းပေးရမှာလဲဆရာ"

"ဟိုမှာ မင်းမတွေ့ဘူးလား"

ရဲတင်ကျော်က သူ့တပည့်ကျော်အား ကျိတ်၍မာန်မဲ ဟာ တင်ယွန်းစံရှိရာသို့ မေးငေါ့ပြလိုက်သည်။

ရေဘင်နေကာမျက်မှန်အောက်မှ မျက်လုံး၏ထောင့် ရိပ်က ရဲတင်ကျော်ကို လှမ်းမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် တင်ယွန်းစံ၏ရင်မှာ ကျင်ခနဲဖြစ်ပေါ်သွားသည်။

အမြဲသေသပ် သန့်ရှင်းစွာနေတတ်သော ယခင်ရဲတင် ကျော်သည် ယခုရဲတင်ကျော်နှင့် ကွာခြားနေသည်။

ဆံပင်က ဖြီးသင်ခြင်းမရှိ၊ အမြဲတမ်းလိုလို စိမ်းဖန့်ဖန့် ရှိနေသော မေးရိုး၊ ပါးသိုင်းရိုး၊ နှုတ်ခမ်းမွှေးနေရာတို့၌ မွှေးနက် များက ရှင်သန်ရန် အားယူကုန်းထနေလေပြီ။

"ဩော် ဟိုနေ့က ဆရာ့ရုံးခန်း"

"မင်းပါးစပ်ပိတ်ထားစမ်း သီလ၊ သွား မင်းသူ့ကားကို လိုက်မောင်းပေးလိုက်၊ သူလိုရာခရီးသွားပြီးရင် မင်းချောင်းသာ ကို လိုက်ခဲ့"

"သူလဲ ချောင်းသာပဲ ဖြစ်မှာပါဆရာ၊ ဒီနေရာ ဒီဇက်ကူး ရှင် ချောင်းသာပဲ ဖြစ်ဖို့များတယ်"

"မင်းကို စုံထောက်လုပ်ခိုင်းနေတာ မဟုတ်ဘူး၊ ကား မောင်းခိုင်းနေတာ . . သွား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

သီလက ပြုံးလိုက်သည်။ သို့သော်. . ပေါ်ပေါ်ထင်ထင် မပြုံးရဲ။ သူ၏ဆရာ ရဲတင်ကျော်ကွယ်ရာရောက်မှ ပြုံးရဲသည်။

အနားသို့ သီလရောက်လာသည်ကို သိသည်။ သို့သော် နေကြာစေ့ကို အစားမပျက်ပေ။

"မမ"

"အင်. . တို့ကိုခေါ်သလား"

ရယ်ချင်နေသော နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ထား လိုက်ရသည်။

"ဟုတ်ကဲ့ ကျွန်တော့်ဆရာက မမကားကို လိုက်မောင်း ပေးလိုက်ပါဆိုလို့"

"ရတယ် နေပါစေ၊ တို့ ဘယ်သူ့အကူအညီမှ မလိုချင် ဘူး"

တင်ယွန်းစံ ဤမျှတော့ ပါးနပ်သည်။ အကယ်၍ သီလ ၏အကူအညီကို ယူလိုက်ပါက ရဲတင်ကျော်၏ ပူပန်မှုသည် လျော့နည်းသွားနိုင်ပါသည်။

သီလက ခေါင်းကုတ်လိုက်သည်။ သူ့ဆရာထံသို့ ပြန် သွားရနိုး တင်ယွန်းစံကိုပဲ တောင်းပန်ရနိုး၊ ဘာလုပ်ရမှန်း မသိ သဖြင့် ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်သည်။

တင်ယွန်းစံက သီလကို ဥပေက္ခာပြုကာ နေကြာစေ့ ဆက်စားနေလိုက်သည်။ ပုသိမ်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာ သော မြစ်လေအေးအေးလေး၏ အရသာကို ခံစားရင်း ဆက် ဆက်ရမည့် ခရီးစဉ်ကို မှန်းဆတွက်ဆနေမိသည်။





သီလက သူ့ဆရာထံသို့ ပြန်လာခဲ့သည်။

"ဆရာ"

"ကြားတယ်၊ နေပါစေ၊ သူ့ဘာသာ ဘာဖြစ်ဖြစ်"

ရဲတင်ကျော်က တင်ယွန်းစံအား မကြည့်မိစေရန် ကျော ပေးထားလိုက်သည်။

သို့သော်. .

သူ၏မျက်ဝန်းထဲ၌ ဇက်ပေါ်မှ ခရီးသည်အားလုံးလိုလို မျက်စေ့ စားပွဲထိုင်စရာဖြစ်အောင် လှပနေသော တင်ယွန်းစံ အတွက် ပူပန်မှုက ရင်တွင်း၌ဗလောင်ဆူလျက်။

သူမ ဘယ်အချိန်ကများ ထွက်လာသနည်း။ ဘယ်ကို သွားမှာလဲ။

ချောင်းသာသို့သွားရန် ပုသိမ်မြစ်ကို ကူးသောဇက်ပေါ် ရောက်မှ သူမကားကို တွေ့လိုက်ရသည်။ သူ့အံ့အားသင့်သွား သည်။ အဖော်မည်သူပါသနည်းဟု ရှာဖွေကြည့်သော်လည်း မည်သူမှ မပါချေ။ ထိုအခါ သူ၏ကရုဏာဒေါသသည် အံ့ကြွ လာသည်။

သည်ခရီးဆိုလျှင်တော့ သူမလည်း ချောင်းသာကိုသာ သွားပေလိမ့်မည်။

"ဆရာ"

"ဘာလဲ"

"အဲဒီအစ်မက ချောင်းသာလမ်းကိုမှ သိရဲ့လားမသိဘူး နော်"

"မင်းနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာနဲ့ ဆိုင်တော့"

"မဆိုင်ဘူး ငါနဲ့ ဘာမှမဆိုင်ဘူးဆိုတာ တိုင်းသိပြည်သိ အတိအလင်း ကြေညာပြီးသားပဲ"

ရဲတင်ကျော် ကားထဲဝင်ထိုင်လိုက်သည်။ သူ၏ရင်ထဲ လှိုင်းထန်နေသည်။ မွန်ပြည်နယ်၏မယ်၊ မယ်တက္ကသိုလ်၊ ကြ ခြေနီဖက်ရှင်မယ်တွဲ့တို့ကို ဆွတ်ခူးထားသော သူ၏ခန္ဓာကိုယ် လှက အပြစ်ဆိုဖွယ်ရာမရှိအောင် လှပကြော့ရှင်းနေသည်။ ရု ရည်ကလည်း မြင်သူတို့ သမင်လည်ပြန်ကြည့်ရသော အလှ ဖြစ်သဖြင့် ဇက်ပေါ်မှ ခရီးသည်များ၏ မျက်ဝန်းများက ရော ရှိနေသည်။

"ကားထဲဝင်ထိုင်နေတာ မဟုတ်ဘူး"

"သက်သက် ဟန်ရေးပြနေတာ"

"ငါနဲ့ ဘာဆိုင်လို့လဲ"

"ချောင်းသာကို ဘာသွားလုပ်မှာလဲ"

"ရိုးမကိုဖြတ်တဲ့လမ်းမှာ သင်းတစ်ယောက်တည်းဖြစ် မဟုတ်ဘူး သင်းကားနောက်က ဖေးပြီးမောင်းမှပဲ"

ရဲတင်ကျော်၏ ရင်တွင်း၌ အမေးအဖြေများ ရှုပ်ထွေး နေသည်။

ဆုံးဖြတ်ချက်နှင့်အတူ ကားထဲမှထွက်ကာ ဒရိုင်ဘာ ရာဘက် ကွေ့ပတ်လျှောက်ပြီး ဝင်ထိုင်လိုက်သည်။ သီလ ၏ ယောက်ယက်ခတ်နေသော အပြုအမူကို မမေးရဲဘဲ အ ခတ်နေသည်။

ဇက်က ပုသိမ်မြစ်၏ အနောက်ဘက် ဆိပ်ကမ်း





ကပ်လာသည်။ ထိုအခါ ရဲတင်ကျော်၏ကားက အရင်ဆင်းခဲ့ရသည် ဖြစ်သော်လည်း တောက်လျှောက်မမောင်းဘဲ ဆိပ်ကမ်း၏လွတ်ကင်းသော တစ်နေရာ၌ ရပ်ထားပြီး တင်ယွန်းစံကားဆင်းအလာကို စောင့်ကြည့်နေလိုက်သည်။

သီလ သဘောပေါက်သွားပြီ။ သူ့ဆရာအကျိုးအတွက်၊ သူ၏ ကတိမတည်မှုအတွက် သူနောင်တရစရာမလိုတော့ဘူး ဟု. . .

တင်ယွန်းစံရင်ထဲ ကြည်နူးမှုလှိုင်း ရိုက်ခတ်လာမှုကြောင့် မျက်ရည်များပင် ရစ်ဝဲလာသည်။ ရဲတင်ကျော်၏ လှုပ်ရှားမှုဟူသမျှသည် မိမိအပေါ်၌ ချစ်နှောင်ကြိုး မပြတ်နိုင်သေးကြောင်း သိသာထင်ရှားနေသည်။ မိမိ၏ခရီးလမ်းကို တစ်ကိုယ်တည်းစွန့်စား ထွက်လာခဲ့ရကျိုး နပ်နိုင်သည်။

တစ်ခါတစ်ရံ အချစ်နှင့် ပတ်သက်လျှင် ဣန္ဒြေ၊ ဂုဏ်သိက္ခာတို့သည် လွင့်ပါးပျောက်ကွယ်သွားတတ်လေသည်။

သို့သော် ချစ်သူနောက်သို့ တကောက်ကောက်လိုက်ခြင်းသည် ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေခြင်းမရှိဟု တင်ယွန်းစံ ယုံကြည်ပစ်လိုက်သည်။

တင်ယွန်းစံကားကို ခပ်သွက်သွက်ကလေး မောင်းခဲ့သည်။ ရှေ့၌လည်း ချောင်းသာသို့ သွားဟန်တူသော ကားသုံးလေးစီးရှိနေသည်။ သူတို့ကားနောက်သို့ လိုက်သွားလိုက်ခြင်းဖြင့် လမ်းမမှားနိုင်၊ မှားလျှင်လည်း ကိစ္စမရှိ။ နောက်၌ ရဲတင်ကျော်ကား ရှိနေသည်။

ရှေ့ကားများ မျက်ခြည်ပြတ်အသွား လမ်းဆုံလမ်းခွတစ်


www.burmeseclassic.com

www.burmeseclassic.com


ခုန်၍ တင်ယွန်းစံကားကို အသာရပ်လိုက်သည်။

တင်ယွန်းစံမှ လမ်းမသိဘဲ၊ မေးစရာလူနေအိမ်ခြေက လည်းမရှိ။ တကယ့်ကို လူခြည်ပြတ်ကာ တောရိုင်းတောင်ရိုင်း အတိဖြင့် အားငယ်ဖွယ်၊ ချောက်ချားဖွယ်ရာ ကောင်းနေသည်။

အကယ်၍သာ တင်ယွန်းစံ၌ အချစ်နတ်ဖမ်းစားခြင်း မခံ ရလျှင် လှည့်ပြန်သွားမိပေလိမ့်မည်။

မြေလိမ်မြွေကောက်လမ်းများက တောင်စောင်းဘေး တွင် ကပ်ဖောက်ထားရာ တင်ယွန်းစံ သတိထားမောင်းရသည်။

"တီတီ. . တီတီ. . တီ"

ဟွန်းသံရှည်နှင့်အတူ တင်ယွန်းစံနောက်မှ SUV ကား ကြီးက လမ်းတောင်းနေပြီ။ တင်ယွန်းစံအားငယ်သွားသည်။ သူ တင်ယွန်းစံကို ထားခဲ့တော့မည်ထင်ပါသည်။

နေပါစေတော့၊ ထားရက်လျှင်လည်း ထားပါစေတော့ ဟု စိတ်ကို တုံးတုံးချကာ လမ်းဘေးသို့ ကပ်၍ကားရပ်လိုက် သည်။

ရဲတင်ကျော်၏ကားသည် ရှေ့သို့ကျော်တက်ကာ ရပ် လိုက်သည်။

ကားတံခါးဖွင့် ဆင်းလာမည့်သူကို တင်ယွန်းစံမျက် တောင်မခတ်တမ်းငေးကြည့်နေမိသည်။

မောင်သီလဆင်းလာသည်။

တင်ယွန်းစံ စိတ်ပျက်သွားသည်။

ရှိပါစေတော့။ ဘာပဲဖြစ်ဖြစ် ရဲတင်ကျော်ထံမှ ဥပဒေကျွာ တရားထက်စာလျှင် ဘယ်အကူအညီမျိုးကို ဘယ်ပုံစံနှင့်ပဲပေး ကျေနပ်ရမည်သာဖြစ်သည်။



"ဘာကိစ္စလဲ သီလ"

"ရှေ့မှာ တောင်တက်လမ်းကွေ့တွေ သိပ်များတယ်၊ တောင်တက် တောင်ပတ်လမ်းက မောင်းနေကျမဟုတ်ရင် စိုး ရိမ်စရာရှိတယ်၊ အဲဒါ ကျွန်တော့်ကို မောင်းခွင့်ပြုပါ ဆရာမ"

မိမိအား ဆရာမဟု သုံးစွဲလိုက်ခြင်းသည် ဆရာနှင့် ပတ် သက်ခြင်းဟု တင်ယွန်းစံယူဆလိုက်သည်။

"မင်းဆရာ လွှတ်လိုက်တာလား"

"ဟုတ်ကဲ့"

ရဲတင်ကျော်က ကားမောင်းထွက်သွားနှင့်သည်။ တင် ယွန်းစံစိတ်ထဲ တင်းခနဲ တင်းမာသွားသည်။ မိမိအား အပိုင် တွက်လိုက်သည်။

တင်ယွန်းစံ သီလအား ထားခဲ့ရကောင်းမလားဟု စဉ်း စားလိုက်သည်။

သို့သော် ကားသွားကားလာဟူ၍ သစ်ထုတ်လုပ်ရေးမှ ကားအချို့နှင့် ချောင်းသာအပန်းဖြေစခန်းသို့ သွားရောက်အ ပန်းဖြေသူ ကိုယ်ပိုင်ကားအနည်းငယ်မျှသာ ရှိသည်။

တင်ယွန်းစံ ကားတံခါးဖွင့်ကာ ဆင်းလိုက်သည်။

ယာဉ်မောင်းနေရာဖယ်ရှားပေးလိုက်ခြင်းအားဖြင့် သီလကလည်း သဘောပေါက်ကာ ဝင်ရောက်နေရာယူလိုက် သည်။

တင်ယွန်းစံ ရှေ့မှာပင်ထိုင်လိုက်သည်။ တင်ယွန်းစံကား တံခါးပိတ်အပြီး၌ သီလကားမောင်းထွက်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ရဲတင်ကျော်က ကားနောက်ကြည့်မှန်မှ တစ်ဆင့်မြင်လာရပြီဖြစ်သော တင်ယွန်းစံကားကို တွေ့သောအခါမှ ကျေနပ်သွားသည်။

ဘာပဲဖြစ်ဖြစ် တင်ယွန်းစံအတွက် စိုးရိမ်စိတ်က လျော့ပါးသွားသည်။

သီလက ကားမောင်းကျွမ်းသည်။ သို့သော် ရုံးလုပ်ငန်း၌လည်း စေ့စပ်သေချာသပ်ရပ်သဖြင့် ရုံး၌သာ သုံးနေရသည်။ ခရီးဝေးသွားစရာရှိလျှင် သီလနှင့်စိတ်ချရသဖြင့် သီလကို တမင်ခေါ်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းအတွက် တယ်လီဖုန်းဖြင့် ဆက်သွယ်လာလျှင်လည်း သီလကဆောင်ရွက်ပေးနိုင်သည်။

သူ့အတွက် သည်တစ်ခါပဲ စိတ်အပန်းဖြေခရီး ထွက်ခဲ့ပါသည်။ စိတ်တို့သည် ယခုထက်ထိ အနားမရဘဲ ဝေဒနာရပ်ကပို၍ပင် ကြီးစိုးလာသည်။

သူ့အား ဝေဒနာပေးခဲ့သူသည် ယခုတိုင်အောင် ရပ်နားခြင်းမရှိဘဲ လိုက်လံ၍ ဝေဒနာပေးနေဆဲ ဖြစ်နေခြင်းကြောင့်ပင်။









## အခန်း(၃၄)

ရဲတင်ကျော်ကားကို တွေ့လိုက်ရပြီး လူကိုမတွေ့ရတော့။ ဧည့်ကြိုဌာန၌လည်း မတွေ့ရချေ။

မောင်သီလက ကားကိုကားရပ်ရန်နေရာ၌ သွားရပ်သည်။

"ဘွတ်ကင်လုပ်ထားသလား"

"ဟုတ်ကဲ့ ညကပဲ လုပ်ထားတာပါ၊ တင်ယွန်းစံပါ"

"ဩော် ဟုတ်ကဲ့ ဦးရဲတင်ကျော်နဲ့ အနီးဆုံးအခန်းကို စီစဉ်ပေးပါဆိုတာ"

တင်ယွန်းစံ မျက်နှာပြင်တစ်ခုလုံး ရှိန်းတိန်းဖိန်းတိန်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သို့သော် ရှိပါစေတော့။ လောလောဆယ် တင်ယွန်းစံ၌ အချစ်ပဲရှိသည်။ အရှက်ကို မေ့ထားပစ်ဖြစ်မည်။

"ဟုတ်ကဲ့ အဆင်ပြေပါတယ်နော်"

"ဟုတ်ကဲ့ပါ"

သော့တွဲထုတ်ပေးသည်။ အလုပ်သမားတစ်ဦးက တင်ယွန်းစံအား လိုက်လံပို့ဆောင်ပေးသည်။

တင်ယွန်းစံကို လှမ်းမြင်လိုက်ရသော သီလမှာအံ့အားသင့်သွားသည်။ သူတို့နှင့်ကပ်လျက် အခန်းကိုရအောင်ယူ လိမ့်မည်ဟု သူကြိုတင်မတွေးခဲ့မိချေ။

တင်ယွန်းစံက နှုတ်ခမ်းတွန့်ရုံကလေး သီလအား ပြုံးပြပြီး သူမအတွက်ရထားသော အခန်းကို တွန်းဝင်သွားသည်။

သီလက သူ့ဆရာအိပ်ခန်းဘက်သို့သွားပြီး တံခါးခေါက်လိုက်သည်။

"ဆရာ. . ဆရာ"

"ဘာလဲ. . သီလ တွန်းလိုက်"

ရဲတင်ကော်က အိပ်ရာထက်၌ လဲလျောင်းရင်း နဖူးပေါ်လက်တင်ကာ စဉ်းစားခန်းဝင်နေရာမှ အသံပြုလိုက်သည်။

သီလ ဝင်လာသည်။

"ဆရာ သိပြီးပြီးလား"

"ဘာကိုလဲ"

"ဟိုဘက်အခန်းမှာ ဆရာမ"

"ဘယ်ကဆရာမလဲ"

"ဒေါ်တင်ယွန်းစံကို ပြောတာ"





"ဟင်"

ရဲတင်ကျော် ငေါက်ခနဲ ထထိုင်လိုက်သည်။

တင်ယွန်းစံကို သူဖြုံသွားသည်။ သူမ၏ လုပ်ရပ်ကိုရဲတင်ကျော်မည်ကဲ့သို့ အသိအမှတ်ပြုရမည်နည်း။

"တောက်"

သူမ မိမိနောက်သို့ ဘာကြောင့် လိုက်နေရသနည်း။ မိမိ၏လုပ်ဆောင်ချက်က သာမန်မိန်းမသားတစ်ဦးသာဆိုလျှင် ရှက်လွန်း၍ ကိုယ့်ကိုယ်ကိုပင် လုပ်ကြံချင်လောက်အောင် ကြေကွဲနေပေလိမ့်မည်။ အိမ်ထဲက အိမ်ပြင်သို့ မထွက်ရဲဘဲ ရှိပေလိမ့်မည်။

ယခုတော့ သူမကမိမိနောက်သို့ တကောက်ကောက်လိုက်နေသည်။ ဘာအတွက်နည်း။ သူမ၏အရှက်သိက္ခာအတွက် လက်စားပြန်ချေရန်လား။ ဖြစ်နိုင်သည်။

ရဲတင်ကျော် ဘီယာပုလင်း ထုတ်လိုက်သည်။

"သီလ ရေခဲသွားရှာကွာ"

"ဆရာက ချတော့မလို့လား၊ ရေမကူးတော့ဘူးလား"

ရဲတင်ကျော်က မိမိအား ဆရာပြန်လုပ်နေသော သီလအားခပ်တင်းတင်းလှမ်းကြည့်လိုက်သည်။ သီလ မျက်နှာသေလေးဖြင့် အခန်းပြင်သို့ ထက်သွားလေသည်။

တစ်ဖက်ခန်းမှ လှုပ်ရှားမှုအသံကို နားစွင့်လိုက်သည်။ ဘာသံမှမကြားရ။ သို့သော် တိတ်ဆိတ်မှုကြားမှ တံခါးဖွင့်သံကို ကြားလိုက်ရသည်။

သူအသက်မရှူဝံ့။



www.burmeseclassic.com

www.burmeseclassic.com



"သီလရေ ရေသွားကူးမလို့ သော့အပ်ထားခဲ့မယ်ကွာ"

အသံပြုရင်း မိမိအခန်းဘက် လျှောက်လာသည်။ သီလကတံခါးကို ဟထားခဲ့သဖြင့် ရဲတင်ကျော် တင်ယွန်းစံကို လှမ်း၍မြင်တွေ့လိုက်ရသည်။

လုပ်ချလိုက်ပြန်ပြီဟု ဒေါသတရားဖြင့် ဝုန်းခနဲ ထဖြီးတံခါးကို တွန်းဖွင့်လိုက်သည်။

ရေကူးဝတ်စုံပေါ်၌ ကြီးမားသော မျက်နှာသုတ်ပဝါကြီးကို ပတ်နှောင်ထားသည်။

ဖြူစင်ဝင်းမွတ်သော အသားအရေလေးက ကြွေသားရောင်ပင်တောက်နေသည်။

"ဩော် သော့အပ်ထားခဲ့မယ်နော်၊ ပစ္စည်းနဲ့ ငွေတွေရှိနေလို့ပါ"

တင်ယွန်းစံ အေးဆေးစွာဖြင့် ပြောလိုက်သည်။

ရဲတင်ကျော် ဘာမှမပြောဘဲ သော့လှမ်းယူလိုက်သည်။

လက်ချင်းအထိအတွေ့၌ ချက်ချင်းပင် လှည့်ထွက်ကာ ကားတာယာကျွတ်တစ်လုံးကို ရွေးချယ်ပြီး ပခုံးတစ်ဖက်၌လွယ်လိုက်ပြီး သဲသောင်ပြင်ကြီးတစ်လျှောက်သို့ ပြေးဆင်းသွားလေသည်။

ရေစပ်နားရောက်ခါနီး သဲသောင်ခုံပေါ်၌ ကိုယ်၌ ပတ်ထားသော တဘက်ကို ပုံချလိုက်သည်။ ဆန့်ကျင်ဘက်အရောင်နှစ်ခုက ပို၍သိသာထင်းလင်းစေသည်။ ရေကူးဝတ်စုံက အနက်ရောင်ဖြစ်နေသည်။

ပင်လယ်ပြာအတွင်း သူမပြေးဆင်းသွားသည်။ လှိုင်းနှင့်





ပင်လယ်ပြာက သူမအတွက် ကစားဖော်အလား ပျော်ရွှင် မြူးတူးစွာ လူပ်ရှားနေသော သူမကိုငေးကြည့်ရင်း ရဲတင်ကျော်၏ နှင်တွင်းဗလောင်ဆူလာသည်။

သူမနှင့်မလှမ်းမကမ်း၌ ယောကျ်ားသားများရှိနေသည်။ သောင်ပြင်ထက်၌ ဘောလုံးကန်နေရာမှ ရေထဲရောက်သွားကြသည်။

"တောက်"

တံခါးကို ပိတ်လိုက်ပြီး တံခါးကို ကျောခိုင်းပြီးနေလိုက်သည်။

သူ့မျက်လုံးတွင် တင်ယွန်းစံသည် ပျောက်ကွယ်၍မသွားအကြောကြီးများ ထောင်ထသည်အထိ အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဆရာ. . ဆရာ"

သီလရောက်လာပြီး သူ့တံခါးကို ဖွင့်လိုက်သည်။

တင်ယွန်းစံအပ်သွားသော သော့ကို ခုတင်ပေါ် ပစ်တင်လိုက်သည်။

"စပ်လိုက်ရတော့မလား ဆရာ"

"နေဦး"

ရဲတင်ကျော် ဆုံးဖြတ်ချက်တစ်ခုကို ရှာဖွေလိုက်သည်။

သီလအား တင်ယွန်းစံအပါး ရေသွားကူးရင်း စောင့်ရှောက်ခိုင်းရမလား။

သီလအား လှမ်းကြည့်လိုက်သည်။

သီလအသက်က တင်ယွန်းစံနှင့် ရွယ်တူမျှသာရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ လူပုံပန်းကလည်း ခပ်ဖြောင့်ဖြောင့်ပင်။

“ငါ. . ရေသွားကူးဦးမယ်၊ မင်းအခန်းတွေ စောင့်ေ
လိုက်”

သီလက ရေခဲများကို ရေခဲဘူးလေးထဲ ထည့်လို
သည်။ စောစောက သူလာသည်ကိုပင် သူ၏ဆရာက လှမ်းမျှ
ပဲ ပင်လယ်ပြင်ကြီးကိုသာ စားမတတ် ဝါးမတတ် သဲကြီးမဲကြ
ကြည့်နေသည်။ ဘာဖြစ်၍ ဤမျှကြည့်သနည်းဟု သူကလို
ကြည့်တော့။ လား. . လား ပင်လယ်ပြင်တွင်း၌ ရေဖျံလေးအ
မြူးတူးနေသော တင်ယွန်းစံကို လှမ်းတွေ့လိုက်ရသဖြင့် သူ
ဘောပေါက်လိုက်သည်။

သီလ သူ၏ဆရာသမားကို မသိမသာ ခိုးကြည့်လို
သည်။ အဝတ်လဲကာ ရေကူးဘောင်းဘီလေးဝတ်ပြီး မျက်
သုတ်ပဝါကြီးခြုံကာ ဆင်းသွားသည်။

သူ့ဆရာထွက်သွားမှ သီလက အားပါးတရ ရယ်ေ
လိုက်သည်။

ဆရာကလည်းဗျာ၊ ပြတ်နိုင်တာလည်း မဟုတ်ဘဲ
မူနေရသေးတယ်။ ခုတော့လည်း နွားသိုးကြိုးပြတ်ဟု စိတ်ထ
၌ ပြောလိုက်မိသည်။







# အခန်း(၃၅)

တင်ယွန်းစံ သိပ်ကျေနပ်သွားသည်။ ရဲတင်ကျော် ဆင်း
ာပြီ၊ ကျောခိုင်းကာ လှိုင်းကိုဆန့်ကျင်၍ ရေကိုဆန်ကာ ကူး
တ်လိုက်သည်။

သူမ၏ အခြေအနေကို မသိမသာ လှမ်းအကဲခတ်နေ
သော ယောကျ်ားသားများအနီးသို့ သူတို့၏ဆိုင်ရာပိုင်ရာတို့က
ရောက်ရှိလာပြီး တင်ယွန်းစံအနီးသို့မရောက်ရှိစေရေးကိုကြိုး
မ်းနေကြသည်။

တင်ယွန်းစံပြုံးမိသည်။ ကျွတ်ကိုအသာကိုင်ပြီးဖက်



www.burmeseclassic.com

www.burmeseclassic.com



လက်အနေအထားဖြင့် ကိုယ်ကိုဖော့ကာ လှိုင်းစီးနေလိုက်သည်

မလှမ်းမကမ်း၌ အရိပ်တစ်ခု ရောက်ရှိလာသည်။ ရဲတင်ကျော်မှလွဲပြီး မည်သူမှ မဖြစ်နိုင်ဟု တင်ယွန်းစံအတတ်သိ သည်။

တင်ယွန်းစံစိတ်ကို လျှော့ထားလိုက်သည်။ သူ့ချစ်သူ ဘဝရောက်ပြီးမှ သုံးစွဲခဲ့သော ယွန်းကိုပြန်မခေါ်သ မိမိဆီက မြတ်နိုးစွာသုံးစွဲခဲ့သော ကိုကို ကိုပြန်လည်တို့ပြန် မည်မဟုတ်ဟု။

ရဲတင်ကျော် ရေကူးခတ်ရင်း တင်ယွန်းစံအား လှမ်း အကဲခတ်လိုက်သည်။

သူမကတော့ တစ်လောကလုံးကို မေ့ထားသည့်ပုံမျိုး တကယ်ဆို သူမသည် မိမိနောက်သို့ လိုက်လာသော ရည် ချက်မှာ မိမိ၏အချစ်ကို ပြန်လည်ရယူလို၍ဆိုပါက မိမိထံ ကပ်သင့်သည်။ ဖြေရှင်းမှုတစ်ခုခုကို ပေးသင့်သည်။

ယခုတော့ မိမိနောက်သို့ လိုက်လာတာမဟုတ်သည့်အ တိုင်း။

မိမိကစခေါ်ပြီး မိမိ၏လုပ်ရပ်အတွက် မှားယွင်းသွား သည်ဟု တောင်းပန်ရမှာလား။

ဒါလည်း ဖြစ်နိုင်မည်မဟုတ်၊ မိမိ၏ မိသားစုက အ တီးကြီးဖြစ်ခဲ့ရသော နီရင်းဉာဏ်ကို လက်မထပ်နိုင်တော့ သည် မိမိအမှားမဟုတ်နိုင်။

မိမိ မိသားစု၌ အစွဲအလမ်းတစ်ခုရှိနေသည်။ ထို အလမ်းက. . .





နိုင်းနိုင်း သေဆုံးရခြင်းသည် နီရင်းဉာဏ်ကြောင့်ဟု ဦးစဉ်က နိုင်ငံခြားရောက်နေသော ရဲတင်ကျော်သည် မိသားစု၏ သတင်းပေးမှုကိုသာ နားယောင်ခဲ့သည်။

နိုင်းနိုင်းအပေါ်၌ သိပ်လှသော မိန်းကလေးက စိုးမိုး ခြယ်လှယ်ခဲ့သည်။ နှစ်စဉ်လိုလို သင်္ကြန်အခါတွင်း၌ ရိပ်သာတစ် တွင် ဥပုသ်ရက်ရှည်စောင့်ကာ တရားအားထုတ်နေကျဖြစ် သော နိုင်းနိုင်းသည် ထိုမိန်းကလေးကြောင့် ရိပ်သာမဝင်နိုင်ဘဲ ပက်ခံလိုက်သွားခဲ့သည်။ ထိုမှာပင် ထိုမိန်းကလေးကြောင့် ဖြစ်ကာ အသက်ပါသေဆုံးသွားရသည့်အဖြစ်ဆိုတော့ နိုင်း နှင့် ပတ်သက်လာတိုင်းမိသားစုတစ်ခုလုံး နီရင်းဉာဏ်အပေါ် ကြည်းစိတ်ဖြင့် မေ့မရနိုင်ခဲ့။

ထိုမျှမကသေး၊ နိုင်းနိုင်းသည် အစိမ်းသေဖြစ်၍ ကျွတ်မလွတ်သေး၊ သေခါနီး အချိန်ကာလအထိ မိန်းကလေး အပေါ် အစွဲအလမ်းဖြင့် မကျွတ်လွတ်သေးဟူသော အယူအဆ ရှိနေပြန်သည်။

တင်ယွန်းစံသည် နီရင်းဉာဏ်ဖြစ်လိမ့်မည်ဟု လုံးဝမ ခဲ့ပါ။

သူ၏ အဘိုးအဘွားများကလည်း နိုင်းနိုင်းကွယ်လွန်ပြီး နှစ်ကျော်အတွင်း ရှေ့နောက်ကွယ်လွန်ခဲ့သည်။ မိဘများ လည်း စင်ကာပူ၌ ကုမ္ပဏီတစ်ခုသွားဖွင့်ကာ ဟိုမှာပင် အခြေ ထိုင်ကြသည်။

တင်ယွန်းစံနှင့် စေ့စပ်တုန်းကတော့ မလာနိုင်၊ လက် ပွဲမှ လာမည်ဆိုသဖြင့် ပြည်လမ်း၌ အိမ်စောင့်နှင့်ပစ်ထား၍



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ကြာပြီဖြစ်သော အဘိုးအဘွားများအိမ်ကို သွားရောက် ပြုပြင်မွမ်းမံ ရှင်းလင်းရင်းနှင့် နိုင်းနိုင်း၏ဓာတ်ပုံဘယ်လ်ဘမ်နှင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဆောက်တည်ရာမရအောင် သူခံစားခဲ့ရသည်။

နိုင်းနိုင်းစွဲလမ်းခဲ့သော မိန်းကလေးကို သူသည်အမုန်း တီးကြီးမုန်းတီးခဲ့သည်။

"ဒါဟာ ကံကြမ္မာ မဟုတ်ဘူးသား၊ နိုင်းနိုင်းလေးရဲ့ [...] ညံ့မှုကို သက်သက်ကြီးကိုင် လှည့်စားသွားတာ"

"ဖေဖေ ကံကြမ္မာကိုရှုံးမယ်ဖွဲ့လို့ ဘယ်လိုနည်းနဲ့မှ မ[...] ဘူး"

"သားလေးသေဖို့ အချိန်သိပ်စောပါသေးတယ်၊ မေမေ[...] ဖြေလို့မရဘူး သားကြီးရယ်"

မေမေ၏ အရှူမီးပိုင်းစကားများသည် သူ၏နားထဲ[...] သံမှိုစွဲနှက်ခံရသည့်နှယ် စွဲထင်ခဲ့သည်။

ထိုညက ချက်ချင်းပင် မေမေနှင့် ဖုန်းဆက်ပြီး စကား ပြောရင်း သူရင်နာနာနှင့် ဖွင့်ဟလိုက်သောအခါ မေမေသည် ချက်ချင်းရှော့ဖြစ်ကာ မူးလဲသွားသဖြင့် ဖေဖေကသူ့အား [...] တင်ကြိမ်းမောင်းကာ ဖုန်းချသွားခဲ့သည်။

"မိုက်လှချည်လား သားကြီး၊ မင်းအမေ ဒီလောက်[...] တီးနေတဲ့ မိန်းကလေးနဲ့မှ ဖြစ်ရသလား၊ အစကတည်းက နည်း[...] နည်းပါးပါး စုံစမ်းပါဦးတော့လား၊ ဘာပဲဖြစ်ဖြစ် စေ့စပ်ထား[...] ဖျက်သိမ်းလိုက်တော့၊ ဖေဖေတို့ဘက်က လုံးဝသဘောမတူ[...] တော့ဘူး၊ အဲ . . သားကြီး မပြတ်နိုင်တော့ဘူးဆိုရင်တော့ [...]





တယ်၊ မင်းအမေအသက်နဲ့သာ လဲယူလိုက်တော့ ဒါပဲ"

ရဲတင်ကျော် ပြတ်သားပါသည်။ နောက်တစ်နေ့၌ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပစ်လိုက်သည်။

သို့သော် ထိုပြတ်သားမှုသည် တဒင်္ဂသာဖြစ်သည်။

ယခု သူမအပါး၌ ကိုယ်ရံတော်တပ်မှူးအဖြစ်သို့ ရောက် ရှိနေရပြန်ပြီ။

အနောက်ဘက်၌ ရှိသော ဖိုးကုလားကျွန်းသို့ပင် နေလုံး နီနီ ရပ်ဝန်းကြီးက မေးတင်ကာ နှုတ်ဆက်စပြုနေလေပြီ။

မကြာမီ လှပသော ချောင်းသာကမ်းခြေလေးကို တစ်ည တာ စွန့်ခွာအနားယူတော့မည်။

ရေစိမ်တာကြာနေပြီ။ တင်ယွန်းစံအားလှမ်းကြည့်လိုက် သည်။ တက်မည့်ပုံ မပေါ်သေး။

ထားခဲ့ရကောင်းမည်လား။

တင်ယွန်းစံသည် မျက်စိကိုမှိတ်ကာ အသားလေးငြိမ် သက်နေသည့်ကြားက မျက်ရည်များက စိမ့်ထွက်လာသည်။ ရေများနှင့် ရောထွေးကာ နေလိုက်သည်။ သူမတွေ့နိုင်ပါဘူး။

ချစ်သူပစ်မလေး၏ ဝေဒနာကို သူနားလည်ခံစားနိုင်ပါ့ လား။

"တင်ယွန်းစံ . . ."

သူမစီးနေသောကျွတ်ကို လှမ်းဆွဲခြင်းခံလိုက်ရသည်။

မာမာကျောကျော အသံပင်ဖြစ်လင့်ကစား တင်ယွန်းစံ ငြိမ်းသာသွားလေသည်။

"မင်းချောင်းသာကို ဘာကိစ္စလိုက်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တင်ယွန်းစံမဖြေ။ ကျွတ်ကိုလက်လွှတ်ပြီး လှိုင်းကန့်လန့်ကိုလက်ပစ်ကူးလိုက်သည်။

"ဟော့ မေးနေတယ်လေ"

ဖြေဖို့မှမလိုပဲ။ တင်ယွန်းစံ မဖြေ။

"ဟာကွာ မင်းကျုပ်ကို သက်သက်အနှောင့်အယှက်ပေးနေတာလား တင်ယွန်းစံ"

တင်ယွန်းစံ ဘာမှမပြော။

ရဲတင်ကျော် စိတ်တိုနေပြီ။ သူမနှင့်ယှဉ်၍ လက်ပစ်လိုက်ကူးရင်း . . .

"တင်ယွန်းစံ ကျုပ်မေးတယ်လေ"

တင်ယွန်းစံ မဖြေနိုင်။ ကြည်နူးခြင်းအပေါ် ဝမ်းနည်းခြင်းတို့ စွက်ဖက်ကာ မျက်ရည်စများကပါ ပင်လယ်ပြင်တွင်းသို့ အင်အားဖြည့်ရန် လိမ့်ဆင်းသွားကြလေသည်။

ရဲတင်ကျော် တင်ယွန်းစံ၏ လက်ကိုလှမ်းဆွဲလိုက်သည်။ တင်ယွန်းစံ ရေကူးခြင်းကို ရပ်တန့်လိုက်သည်နှင့် လှိုင်းနှင့်အတူ နှစ်ယောက်သား လိမ့်ပါသွားသည်။

အို. . .

သဲပြင်နှင့် ခြေထောက်လွတ်နေသည်ပဲ။ ထိန်းမရ ရေမွန်းသွားသည်။ တင်ယွန်းစံ ရေကူးကျွမ်းကျင်ပါသည်။ သို့သော် ရဲတင်ကျော်၏ ဂရုတစိုက် ဖေးမမှုဖြင့် မျှော၍လိုက်ပါသည်။

ကျွတ်နှစ်ခုသည် တင်ယွန်းစံတို့နှင့် ခပ်လှမ်းလှမ်း၌ ဖူးကပ်လျက်။ ထို့အတူ. . .





"ယွန်းရယ်"

"ကိုကိုမကောင်းဘူး၊ သိပ်ရက်စက်တယ်"



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃၆)

"ဂွတ်မောနင်း ယွန်း"

"မင်္ဂလာပါ ကိုကို"

တင်ယွန်းစံ အခန်းမှ ထွက်ထွက်ချင်း ရဲတင်ကျော်က နှုတ်ဆက်လိုက်သည်။

တင်ယွန်းစံ သိပ်ပျော်သွားသည်။ ရဲတင်ကျော်ထံမှ အချစ်သည် တင်ယွန်းစံဘဝအတွက် အလိုအပ်ဆုံးသော အရာတစ်ခုဟု တင်ယွန်းစံ နားလည်သည်။

ညနေစာ စားရင်းတစ်ဦးကိုတစ်ဦး စားစရာလေးများ





ရွေးချယ်ထည့်ပေးရင်း အာလာပသလ္လာပ အနည်းငယ်သာ ပြောမိသည်မှအပ လက်ထက်ရန် ကိစ္စ၊ စေ့စပ်ခြင်းကို ဖျက်သိမ်းရခြင်း ကိစ္စတို့ကို မပြောမိကြ။

သို့သော် နှစ်ဦးသား၏ ရင်ထဲ၌ ထိုကိစ္စအတွက် စကားလုံးပေါင်းမြောက်မြားစွာ ရှိနေပေမည်။

"လာ. . . ယွန်းစံ၊ ကော်ဖီသောက်ရအောင်"

"အိုး . . ကိုကိုက ကော်ဖီတွေ ဘာတွေ အဆင်သင့်ပါလား"

"မခက်ပါဘူး၊ ရေနွေးရှိရင် အဆင်ပြေတဲ့ ကိစ္စပဲ"

ကြိမ်ခြင်းဝိုင်း ထိုင်ခုံတွင်း၌ ဝင်ထိုင်လိုက်ပြီး ရဲတင်ကျော် ဖောက်ပေးသော ဘီစကစ်လေးများကို ဝါးရင်းကော်ဖီနှင့် ရောသောက်လိုက်သည်။

"ရေစိမ်တာ· တစ်ညနေတည်းနဲ့ ယွန်းအသားတွေ နီကုန်ပြီ"

"အဲဒါကိုကို့အတွက် အရေးကြီးတဲ့ ကိစ္စလား"

"ဘယ်လိုမေးလိုက်တာလဲ ယွန်း"

"ဟုတ်တယ် ကိုကို၊ ခုချိန်မှာ ကျွန်မ ကိုကို့ အပြုံအပြင်ကိုမခံရဲဘူး၊ ကိုကိုကျွန်မအပေါ် ရက်စက်ခြင်းကို ကျွန်မ ထပ်မံခံစားရရင် သေဆုံးသွားနိုင်တယ်လို့ ကျွန်မကိုကျွန်မ သိနေတယ် ကိုကို"

"ယွန်းရယ်"

"ဟုတ်ပါတယ် ကိုကို၊ တကယ်လို့ ရေးကူးလို့ ကျွန်မအသားအရေတွေ နီစပ်စပ်နဲ့ အရေခွံတွေပါ လန်ချင်လန်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒါကိုကိုမကြိုက်ရင် ကျွန်မဘယ်လောက်ပဲ ရေကူးချင်ပါစေ ကျွန်မ မကူးတော့ပါဘူး၊ ကျွန်မအတွက်က ကိုကို့အတွက် အရေးကြီးတဲ့ကိစ္စဆို ကျွန်မအတွက်လည်း အရေးကြီးရမယ်၊ ဒါကြောင့် မေးတာပါ"

ရဲတင်ကျော် ကော်ဖီသောက်ရင်း တင်ယွန်းစံ၏ လှပသော မျက်နှာလေးကို ငေးကြည့်လိုက်သည်။

"လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်သာနေပါ၊ ယွန်း ကိုကို့ကို ငဲ့ကွက်စရာ မလိုပါဘူး၊ ကိုကိုက ယွန်းအမြဲတမ်း ပျော်ရွှင်နေတာကို မြင်နေချင်တဲ့သူပါ"

တင်ယွန်းစံရင်ထဲ နင့်ခနဲ ဖြစ်သွားပြီး ရဲတင်ကျော်၏ မျက်နှာကို ငေးကြည့်ကာ. . . .

"ဒါနဲ့များ ကိုကိုရယ်. . . . "

စကားဆက်၍ မရဘဲ ရင်တွင်း၌ နစ်မြုပ်ပျောက်ကွယ်သွားသည်။

ရဲတင်ကျော်အနေဖြင့်လည်း တင်ယွန်းစံ မဆက်သော စကားကို သိရှိနားလည်နေပါသည်။

နိုင်းနိုင်းနှင့် မေမေ့မျက်နှာပေါ်လာတော့ ရဲတင်ကျော် သက်ပြင်းချခြင်းဖြင့် ဝေဒနာကို သက်သာလို သက်သာငြား ငြိမ်သက်လိုက်သည်။

"စားဦးလေ"

"တော်ပါပြီ ကိုကို"

"ယွန်း ဘယ်တွေသွားချင်သလဲ၊ ဈေးထဲသွားဦးမလား"

"မသွားချင်ပါဘူးကိုကို၊ လမ်းလျှောက်ရင်းပဲ ခရီးတွေ





ကောက်ချင်တယ်၊ ကိုကို လိုက်ပို့မှာလား"

"ပို့မှာပေါ့၊ ကိုကိုကယွန်းရဲ့အရိပ်ပဲ"

"ဒါအရင်က ခံယူချက်ပဲဖြစ်မှာပါ၊ အခုလောလောဆယ် တော့ယွန်းကသာ ကိုကို့ရဲ့အရိပ်ပါ"

ရဲတင်ကျော်က မချိပြုံးဖြင့် ပြုံးပြလိုက်သည်။

မြင်စကတည်းက စွဲစွဲလမ်းလမ်းဖြစ်ပြီး အသည်းအသန် ကြိုးပမ်းပြီး လက်ထပ်ခါနီးဆဲဆဲမှာ ဝေးကွာရန်အကြောင်း ဖန်လာခြင်းအတွက် သူကတမင်ပင် စိမ်းကားရက်စက်ပြလိုက် သည်။ မိမိအားနာကြည်းမုန်းမေ့သွားပါစေတော့ ဟူသော စိတ် ဖြင့် ရက်ရက်စက်စက် လုပ်ဆောင်ခဲ့ပါသည်။

သို့သော်နှလုံးသား၌ နင့်နင့်သီးသီး ချစ်နေရပါသော တင်ယွန်းစံကို မုန်းပစ်ရန် နေနေသာသာ မေ့ရန်ပင်ကြိုးစား၍ မရ။

အချိန်က ကုစားယူလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သူမနှင့်ဝေးရာသို့ ရှောင်ထွက်ရန် ခရီးထွက်ခဲ့ပါသည်။ သူမက အရိပ်ကလေးအဖြစ် လိုက်ပါလာသည် ဆိုပြန်တော့လည်း . .

"ကိုကို"

"ပြော. . . ယွန်း "

"ကျွန်မလိုက်လာဖြင်းအတွက် ကိုကိုအနှောင့်အယှက် ဖြစ်နေပြီလားဟင်"

ရဲတင်ကျော် ခေါင်းခါလိုက်သည်။ လောကကြီး၌ ချစ် ခင်နှစ်သက်သောသူနှင့် အတူတကွ နေရခြင်းအပေါ်၌ စိတ် အနှောင့်အယှက်ရှိသူ ရှိနိုင်ပါ့မလား။ သို့သော် ရဲတင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အတွင်း ရှင်းရှင်းလင်းလင်း မပျော်နိုင်သည်မှာတော့ သေချာသည်။

"လာ . . . လမ်းလျှောက်ရအောင်"

"ကျွန်မရဲ့ အချစ်ကြောင့် . . စိတ်ကျဉ်းကျပ်နေပြီလား ကိုကို၊ ဆန္ဒရှိမှ လိုက်ပါလေ"

တင်ယွန်းစံက မျက်နှာကြည်ကြည်လင်လင် မရှိသော ရဲတင်ကျော်ကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"ကိုကို ယွန်းအနားမှာ ထာဝရနေချင်ပါတယ် ယွန်း ဒါပေမယ့် . . ."

ရဲတင်ကျော် စကားဆက်ရ ခက်ခဲသွားသည်။ တင်ယွန်းစံအား လက်ကမ်းပေးကာ တွဲခေါ်လိုက်သည်။

မိဘများက သူ့အား မိန်းမအမြန်ဆုံးယူရန် တိုက်တွန်းသည်။ သူကတင်ယွန်းစံဆိုသော မိန်းကလေးကို တွေ့ဆုံပြီးနှစ်ရှည်လများ ကြိုးပမ်းခဲ့သည်။ သူမထံမှ လက်ခံကြောင်းသိရသည်နှင့် မိဘများအားပြောပြသောအခါ အမြန်ဆုံး လက်ထပ်ရန် တိုက်တွန်းခဲ့သည်။

ယခုတော့ နီရင်းဉာဏ်ဖြစ်ခဲ့သော တင်ယွန်းစံကို လက်ထပ်ရန်မှာ သူ၏မိဘဆွေမျိုး အသိုက်အဝန်းတစ်ရပ်လုံးမှာ လုံးဝ သဘောမတူညီကြတော့။

"ယွန်း"

"ကိုကို"

"ကိုကို့ကို စိတ်မနာဘူးလား"

"နာတယ်၊ ဒါပေမယ့်ခဏပဲ၊ ကိုကို့ကိုတောင် ကျွန်မ





ကန်တော့တောင်းပန်ရဦးမယ်၊ ကိုကို့ပါးကို ကျွန်မရိုက်ခဲ့မိတယ်နော်"

"ရိုက်သင့်ပါတယ်၊ မိန်းမသားတစ်ဦးရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ကိုကိုက ဖျက်ဆီးခဲ့တာကို"

"ကျွန်မ သိပ်ရှက်သွားပြီး သိပ်ကိုလေ . . ဘယ်လိုပြောရမလဲ၊ ဟို . . . ရင်ထဲမှာ မီးတောင်ကြီး ပေါက်ကွဲသွားသလိုဖြစ်ပြီး လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ ကိုကို"

"ကိုကို့ကို ခွင့်မလွှတ်ပါနဲ့ဦးလား ယွန်း"

"ဘာဖြစ်လို့လဲ ကိုကို"

"ကိုကို ယွန်းရဲ့အမုန်းကို လိုချင်နေလို့ပေါ့"

တင်ယွန်းစံ အံ့အားသင့်သွားသည်။ သို့သော် သေသေချာချာ တွေးကြည့်ပြန်တော့လည်း တင်ယွန်းစံသဘောပေါက်ပါသည်။

နိုင်းနိုင်းအတွက် ခြောက်လှန့်နေခဲ့သော အိပ်မက်သည် ပြီးဆုံးဦးအံ့မထင်။

"ဝမ်းနည်းပါတယ်ကိုကို၊ ကျွန်မ ကိုကို့ကို မုန်းဖို့ ချစ်ခဲ့တာ မဟုတ်ပါဘူး"

"ယွန်းရယ် . . မင်းဟာ နီရင်းဉာဏ် မဟုတ်ခဲ့ရင် သိပ်ကောင်းမှာပဲ"

"မတတ်နိုင်ဘူးကိုကို၊ ကျွန်မဟာ နီရင်းဉာဏ်ဖြစ်ခဲ့တာပဲ ဒါတင်မကဘူး၊ နိုင်းနိုင်းရဲ့အချစ်ဆုံးသူငယ်ချင်းလဲဖြစ်ခဲ့တယ်လေ၊ ဒါကို ကိုကိုမေ့ထားဖို့ မလိုပါဘူး၊ ကျွန်မလဲ နိုင်းနိုင်းအပေါ် သံယောဇဉ်ကြီးခဲ့ပါတယ်၊ ဒါကြောင့်လဲ ကျွန်မ အမည်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့. . ၊ ခြော်. . အမည်ပြောင်းရတာကလဲ ကိုကို ဘိုးဘိုးနဲ့ ဘွားဘွားက မြန်မာနာမည် မရှိဘူးလားမေးလို့ပါ၊ ဒါကြောင့် ကျွန်မပြောင်းခဲ့တယ်၊ တင်ယွန်းစံဆိုတဲ့ အမည်ကစံဟာ နိုင်သော်စံရဲ့ စံပါကိုကို၊ ကျွန်မရင်ထဲမှာ နိုင်းနိုင်းဟာ ပျောက်ကွယ်မသွားပါဘူး၊ ဒါကြောင့် ကျွန်မအပါးမှာ ပရိုပို့စ်လုပ်သူတွေ ဘယ်လောက်ပဲများများ ကျွန်မစိတ်မဝင်စားခဲ့ပါဘူး၊ ကိုကိုနဲ့ တွေ့မှ ကျွန်မမှာ အချစ်မွေးဖွားခဲ့ခြင်းပါ။ ဒါကို ကိုကိုမယုံရင်လည်း မတတ်နိုင်ဘူး"

ရဲတင်ကျော် တင်ယွန်းစံစကားကို အကြွင်းမဲ့ ယုံကြည်ချင်ပါသည်။ သို့သော် သူသိထားသော နိုရင်းဉာဏ်မှာ ရည်းစားများသော၊ မျက်နှာများသော၊ မာယာများသော နိုင်းနိုင်းကို သေဆုံးစေတတ်သော၊ အချို့ယောကျ်ားလေးများကို ဘဝပျက်ထောင် ကျသွားစေတတ်သော၊ အချို့ယောကျ်ားလေးများကို ဘဝပျက်လေလွင့်သွားစေတတ်သော မာယာကြီးရှုပ်သည့် အလှဘုရင်မလေးအဖြစ်ဟု သိထားခဲ့ပါသည်။

သို့သော် ရဲတင်ကျော်သိသော တင်ယွန်းစံက ထိုသို့ မဟုတ်။

ကျန်းမာရေးလိုက်စားသော၊ ဉာဏ်ရည်ဖွံ့ဖြိုးသော ခေတ်မီပွင့်လင်းသော်လည်း ရည်းစားသန့်အရှုပ်အရှင်းကင်းသည့် စာတော်သော မယ်တက္ကသိုလ် အလှဘုရင်မ ဆရာဝန်လောင်းမလေးအဖြစ်သာ။

"ကိုကို"

"အင်"





"ဘာတွေစဉ်းစားနေတာလဲ"

"ယွန်းအကြောင်း"

"ကျွန်မကို ဘယ်လိုစွန့်ခွာပစ်ရမလဲဆိုတဲ့ အကြောင်းလားကိုကို"

"မဟုတ်ပါဘူး"

"ဒါဖြင့်. . ."

"နိုရင်းဉာဏ်နဲ့ တင်ယွန်းစံကို နှိုင်းယှဉ်နေတာပါ"

"အတူတူပဲကိုကို၊ တစ်ယောက်တည်းပဲ၊ ဒါပေမယ့် နိုင်းဉာဏ်ဘဝတုန်းကတော့ သိပ်ငယ်သေးတယ် မဟုတ်လား၊ ငယ်ကိုကြိုက်တဲ့လူတွေ အများကြီးပါလားဆိုတာကို ဂုဏ်ယူပြီး . . . ပဲများတော့ များခဲ့တယ်ဆိုပါတော့၊ ဒါပေမယ့် ရည်းစားတော့ မများဘူး၊ ကိုကိုယုံပါ့မလား"

"နိုင်းနိုင်းအခွေကို ကိုကိုနားထောင်ပြီးပြီပဲ၊ ယုံပါတယ်"

"နိုင်းနိုင်းကို ချစ်တော့ချစ်တယ်၊ ဒါပေမယ့် ရည်းစားအဖြစ်၊ အဲ. . ဘဝခရီးဖော်အဖြစ် လက်တွဲဖို့အထိ မချစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ ကိုကိုရာ မေးဖို့မလိုအပ်ဘူး ထင်တယ်၊ အချစ်ဆိုတာ ခက်ခဲနက်နဲပြီး လျှို့ဝှက်ချက်တွေ ပြည့်လျှမ်းနေတဲ့အရာ ပေါ့ပဲ၊ နိုင်းနိုင်းအပေါ် ချစ်ခွင့်ကို သူကမပေးဘူးတဲ့၊ ဒါကြောင့် ကျွန်မနိုင်းနိုင်းကို မချစ်ဘူး၊ အဲဒါအဖြစ်တစ်ခုလားကိုကို"

ရဲတင်ကျော် ခေါင်းခါယမ်းလိုက်သည်။ သူ၏လက်တစ်ဖက်ကလည်း တင်ယွန်းစံ၏ လက်ကို လွတ်ထွက်သွားတော့ အလား တင်းတင်းကျပ်ကျပ်ပင် ဆုပ်ကိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရင်ထဲ နှလုံးသားထဲ. . အဲ. . အသွေးအသား ထဲ အကြောထဲက ကိုစိမ့်ထွက်ပြီး ချစ်လာတဲ့အချစ်က ကိုကို့ပဲ ကိုကို့ကိုချစ်လာမိတော့ ကိုကို့ကိုပဲ ကျွန်မပိုင်ဆိုင်ချင်တယ်၊ ကိုယ့် အနားက တစ်ဖဝါးမှ ကျွန်မ မခွာချင်ဘူး၊ ကျွန်မသေဆုံးသွား ခါနီး နောက်ဆုံးထွက်သက်အထိ ကျွန်မအချစ်ဟာ ကိုကိုအပေါ် တည်တံ့သွားမယ်လို့ ကျိန်တွယ်ပြောရဲပါတယ် ကိုကို"

တင်ယွန်းစံ စိမ့်ထွက်လာသော မျက်ရည်စက်များရှိ မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။

ရဲတင်ကျော်ရင်ထဲ နင့်ခနဲဖြစ်ရသည်။ အကယ်၍သာ ချောင်းသာကမ်းခြေတစ်လျှောက် သဲသောင်ပြင်ပေါ်၌ မိမိတို့ နှစ်ယောက်တည်းသာဆိုပါက သူမကို ရင်ခွင်တွင်းထွေးပိုက်ကာ အနမ်းဖြင့်ချော့ရင်း ကိုကိုလည်းယွန်းလိုပါပဲကွယ်ဟု. . .

သို့သော်. . .

"ခရုကောက်မယ်ဆို ယွန်း"

"ဟုတ်ကဲ့. . . ."

လှိုင်းပြန်အကျ၌ သောင်တင်၍ ကျန်ရစ်ခဲ့သော ခရု လေးများကို ကြည့်လိုက်သည်။

ရဲတင်ကျော်က တင်ယွန်းစံ၏ လှုပ်ရှားမှုဟူသမျှ ငေးကြည့်နေမိသည်။ သူ၏လက်ကိုဖြုတ်ပြီး ခရုလေးများ ငုံ့ကြည့်သည်။ သို့သော် မကောက်ချေ။

"လိုချင်ရင် ဝယ်ယူလို့ရသားပဲ၊ အပင်ပန်းခံပြီး ကောက် မနေပါနဲ့တော့ ယွန်းရယ်"

တင်ယွန်းစံက ဘာမှမပြောဘဲ ခရုများကြားမှ တင်ရှေး





သာရွေးချယ်ကောက်ယူလိုက်ပြီး သူ့အားပြလိုက်သည်။

ယှောက်သွားသဏ္ဌာန် ခရုခွံလေးနှစ်ခု ဆက်လျက်ရှိ နေသည်။

"ဒီမှာကြည့် ကိုကို၊ ဒီလိုလှိုင်းပုတ်ခတ်လိုက်တာတောင် ကွဲမကွာရှိတဲ့ ခရုစုံတွဲလေးလို မင်္ဂလာနိမိတ်အနေနဲ့ ကောက် ယူချင်တယ်၊ ကိုကိုလည်း ဝိုင်းရှာပေးနော်၊ ကွဲကွာခြင်းဆိုတဲ့ နိမိတ်ကို ကျွန်မမလိုချင်ဘူး"

"ယွန်းရယ်"

"စိတ်ချပါ"

ဟူသော စကားမျိုးဖြင့် သူသစ္စာမဆိုရဲပါချေ။ ထပ်မံ၍ တင်ယွန်းစံကို ဒုက္ခမပေးလိုပါ။ သူ့အတွက်ပြတ်သားသော ဆုံး ဖြတ်ချက်တစ်ခုချဖို့ လိုအပ်နေပြီဟု သူတွက်ဆထားပြီးသားဖြစ် သည်။

သူ့အနေဖြင့်လည်း ကွဲကွာခြင်းကို မလိုလားပါချေ။

ချောင်းသာကမ်းခြေရှိ ကျောက်တုံးပေါ်၌ တည်ထား သာဆုတောင်းပြည့်စေတီ၌ နှစ်ဦးသာ ဦးချရှိခိုးရင်းဆုတစ်ခုကို တော့ မလွဲမသွေတောင်းမိကြလိမ့်မည်မှာ သေချာသည်။

သို့သော် နှုတ်မှတော့ မည်သူမှ ဖွင့်ဟမပြောမိကြချေ။

ထိုနေ့နံနက်ခင်းကို ချောင်းသာကမ်းခြေ၌ နှစ်မြှာအခွံ များကို ကောက်ရင်းဖြင့် အချိန်ကုန်ဆုံးပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၇)

ချောင်းသာရွာရှိ စားသောက်ဆိုင်များသည် ခေတ်မီပုံစံမျိုးဖြစ်နေလေရာ ဈေးကလည်း မသက်သာတော့ချေ။ ရဲတင်ကျော်လို လူချမ်းသာများအတွက်တော့ အရေးမကြီး။

တင်ယွန်းစံကဲ့သို့သော ဝန်ထမ်းမိသားစုမှ ပေါက်ဖွားလာသူ အတွက်ကတော့ နှမြောစရာ။ တင်ယွန်းစံ အကုန်ကုန်ခံစရာ မလိုပါချေ။

ဆွဲကြိုးတစ်ကုံး၊ လက်ကောက်တစ်ကွင်းကိုရောင်းပြီး မိုက်မိုက်မဲမဲ လိုက်လာမိသော တင်ယွန်းစံ ယခုမှ စဉ်းစားစရာ





တစ်ရပ်ကို တွေ့မြင်လာမိသည်။ ရဲတင်ကျော်သည် သိပ်ကိုချမ်းသာသောလူတစ်ယောက်။ ထိုချမ်းသာသော လူကိုလက်လွှတ်ဆုံးရှုံးသွားမှာစိုးသဖြင့် အတင်းကုတ်ကတ်တွယ်ကပ်နေသော သာမာန်ငွေမက်သော မိန်းကလေးတစ်ဦးဟု ရဲတင်ကျော်နှင့်သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းက ထင်သွားပါလျှင် ရှက်၍သေဖွယ်ရာသာ ရှိတော့သည်။

"ယွန်း. . ."

"ရှင်. . ."

"ဘာတွေတွေးနေတာလဲ၊ ကိုကိုခေါ်တာ သုံးခွန်းရှိပြီ"

စားသောက်ဆိုင်တန်းဘက်မှ ပြန်လာပြီး ညနေဆည်းဆာနေဝင်ခြင်းကို ကျောက်ဆောင်ထက်မှာ ထိုင်၍ကြည့်ရင်း သဘာဝ၏ အလှတရားကို ခံစားနေရာမှ ရဲတင်ကျော်က ခေါ်လိုက်ခြင်းဖြစ်သည်။

တင်ယွန်းစံ တစ်ခုခုကို နက်နက်နဲနဲတွေးတောနေခြင်းဖြစ်သည်ဟု ခန့်မှန်းမိသည်။

"ဘာရယ်မဟုတ်ပါဘူး၊ ကျွန်မ ပြန်သင့်ပြီထင်လို့ပါ"

"မဟုတ်တာ"

"ကျွန်မ ဆရာ့ဆေးခန်းကို ကူညီမယ်လို့ ကတိပေးထားတာကိုသတိရလို့ပါ ကိုကို"

"နေပါဦး ယွန်း၊ ယွန်းတစ်ပတ်လောက်နားပြီးမှ ကိုကိုနဲ့အတူပြန်ကြမယ်"

"ဝမ်းနည်းပါတယ် ကိုကို. .၊ ကိုယ့်ကို စွန့်ပစ်သွားတဲ့ယောကျ်ားနောက်ကို တကောက်ကောက်လိုက်နေတဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကျွန်မပတ်ဝန်းကျင်က သိသွားမှာကို ကျွန်မကြောက်တယ်"

"ဒါဖြင့် ဘာကြောင့်လိုက်ခဲ့တာလဲ"

တင်ယွန်းစံရင်ထဲ ထိရှနာကျင်သွားသည်။

"တကယ်ပဲ ကိုကိုမသိဘူးလား"

"ယွန်းအဖြေကို ကိုကိုကြားချင်တယ်"

တင်ယွန်းစံ သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။ ပြီးမှ

"အချစ်ကြောင့်ပါ၊ ကျွန်မအချစ်ကို ကိုကိုစော်ကားသွားတယ်ထင်လို့ပါ"

"အခုတော့ကော"

"ကိုကိုလည်း ကျွန်မချစ်သလို ချစ်နေတယ်ဆိုတာ ကျွန်မသိလိုက်ရတဲ့အတွက် ကျွန်မကျေနပ်သွားပြီ"

"အချစ်နဲ့ပတ်သတ်လာရင် အရှုံးအနိုင် အမြတ်အစွန်း တွက်နေခြင်းဟာ သဘာဝမကျတဲ့ လုပ်ရပ်တစ်ခုပဲ"

"ကျွန်မ နားလည်ပါတယ် ကိုကို၊ ဒါကြောင့် ကိုကို့ကို ကျွန်မကျေနပ်စွာနဲ့ ခွဲခွာဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဘာ. . ဘာပြောတယ် ယွန်း"

ရဲတင်ကျော်က တင်ယွန်းစံဘက်လှည့်ကာ အလန့်တကြား အော်မေးလိုက်သည်။

"ခွဲခွာခြင်းအတွက် စတင်ခဲ့သူက ကျွန်မ မဟုတ်ပါဘူး ကိုကို၊ ကိုကိုပဲ၊ ဒါပေမယ့် ကိုကိုဘာကြောင့် စတင်ခဲ့ရတယ်ဆိုတာကို ကိုကိုမပြောပေမယ့် ကျွန်မရိပ်မိပါပြီ၊ ဒါကြောင့်ကိုကို စတင်ခဲ့တဲ့လုပ်ရပ်ကို ကျွန်မကျေနပ်စွာနဲ့ပဲ အဆုံးသတ်ပေးမှာ





ပါကိုကို"

ရဲတင်ကျော် ခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူးယွန်း၊ ရုတ်တရက်တော့ ကိုကိုသွေးဆူသွားပြီး ဖြစ်ပျက်ခဲ့တာပါ၊ ဒါပေမယ့် ကိုကိုယွန်းကို မုန်းမေ့ပစ်လို့မရနိုင်သလို မရည်ရွယ်ခဲ့ပါဘူး၊ ခုကိုကို့ နှလုံးသားကို ကိုကိုနားလည်လာသလို ယွန်းကိုလည်း နားလည်လာပြီ၊ ဒါကြောင့် ကိုကိုလေ ယွန်းနဲ့လက်ထပ်ဖို့ကို ပြန်လည်ကြိုးပမ်းမှာပါ"

"ယွန်းနားလည်ပါတယ် ကိုကို၊ ကိုကို့မိဘများ ယွန်းကို သဘောတူလက်ခံလာနိုင်တဲ့အချိန်ကို ယွန်းစောင့်မျှော်နေပါ့မယ် အဲဒါဘာကြောင့်လဲဆိုရင် အဖြေကတစ်ခုပဲ ရှိတယ်နော် ကိုကို၊ ယွန်းကိုကို့ ကိုသိပ်ချစ်လို့ပါပဲ"

တင်ယွန်းစံ ရင်ထဲရှိသောစကားကို ပြောလိုက်သည်။ ရဲတင်ကျော် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ တင်ယွန်းစံ၌ပြောရန် ဝတ္တရားရှိနေသည်။

ရင်ထဲကစကားတွေအတွက် တင်ယွန်းစံ ရဲတင်ကျော်နောက်သို့ အရှက်ကိုဘေးဖယ်ကာ လိုက်လာခဲ့သည်ပဲ။

"ကိုကို ယွန်းကိုသိပ်ချစ်ခဲ့တာ ယွန်းသိပါတယ်"

"ဟုတ်ကဲ့ ကိုကို သိပ်ချစ်ခဲ့သလို သိပ်ရက်စက်ခဲ့တာကိုလည်း ယွန်းသိတယ်၊ ဒါပေမယ့် ယွန်းမခံစားနိုင်ဘူး ကိုကို၊ ယွန်းအပေါ် အထင်လွဲပြီး ကိုကိုရဲ့စွန့်လွှတ်ခြင်းကို ယွန်းမခံစားနိုင်ဘူး၊ အဲ. . ကိုကိုနဲ့ယွန်း ချစ်လျက်နဲ့ မဖြစ်နိုင်တဲ့ အကြောင်းတရား တစ်ခုခုကြောင့် နားလည်မှုရှိစွာနဲ့ပဲ လမ်းခွဲရတယ်ဆိုရင်တော့ ယွန်း ဖြေသာမှာပါကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ရေကူးချင်တယ် ယွန်းရယ်"

"ညရောက်ပြီလေ ကိုကို"

"နေအဝင် လအထွက် ဘယ်လောက်ကြည်နူးစရာ ကောင်းသလဲ၊ ကိုကိုတို့ ရေကူးကြရအောင်"

တင်ယွန်းစံ ခေါင်းခါလိုက်သည်။ မှောင်ရီပျိုးအခါသော ယ၌ ချစ်သူနှင့်ရေအတူကူးရလောက်အောင် မိုက်မဲသောစိတ် သည် တင်ယွန်းစံ၌ ပါမလာချေ။

မကြာခင် အလင်းရောင်က အမှောင်ထုကို လက်ဆင့် ကမ်းတော့မည်။ လရောင်ပြိုးပြက်ပြက်အောက်မှာ ချစ်သူနဲ့အတူ နေချင်ပါသည်။

"လာ ဒါဖြင့် ကိုကိုရေကူးမယ်၊ ယွန်းက ကိုကိုရေကူး တာကိုကြည့်ရင်း လရောင်ရဲ့အလှကို ခံစားနေပေါ့"

"ကိုကို စိတ်ချမ်းသာသလိုလုပ်လေ"

ရဲတင်ကျော် အဝတ်အစားများကိုချွတ်ကာ ပုံချသွားပြီး လက်ပြကာ ရေထဲသို့ဆင်းသွားသည်။

တင်ယွန်းစံ ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ သီလ သောင်ပြင်တစ်လျှောက် စက်ဘီးစီးနေသည်ကို တွေ့လိုက် ရသဖြင့် လက်ယပ်လှမ်းခေါ်ကာ ရဲတင်ကျော်၏အဝတ်အစား များကိုပေးပြီး မျက်နှာသုတ်ပဝါနှင့် ဂစ်တာယူခဲ့ရန် မှာကြား လိုက်သည်။

သီလထွက်သွားမှ ရဲတင်ကျော်ကို ကြည့်မိသည်။ မတွေ့ တော့။

တင်ယွန်းစံ ကျောက်ဆောင်ပေါ်မှ ရပ်ကြည့်လိုက်





သည်။

ကိုကို ရေငုပ်နေသလား။

"ကိုကို. . ကိုကို. ."

တိတ်ဆိတ်မှုကို လှိုင်းပုတ်သံကသာ အနိုင်ယူထားသ ဖြင့် တင်ယွန်းစံအသံကို ရဲတင်ကျော်မကြား။ ရဲတင်ကျော် လက် လှမ်းပြသည်။

တင်ယွန်းစံစိတ်အေးသွားသည်။ လက်ပြရင်း ရဲတင် ကျော် ရောက်သွားရာဆီသို့ ကျောက်ဆောင်ပေါ်မှဆင်းကာ လှမ်းခဲ့သည်။

ချစ်သူနှင့်အအတူနေရခိုက် တစ်ခဏ၌ သောကဟူသ မျှတို့ကို ခေတ္တဖယ်ခွာလိုက်ဖို့ရန် တင်ယွန်းစံဆုံးဖြတ်ချက်ချလိုက် သည်။

"ရော့. . ဆရာမ"

သီလက ရဲတင်ကျော်၏ ကိုယ်သုတ်တဘက်နှင့် ဂစ် တာကို လှမ်းပေးလိုက်သည်။

တင်ယွန်းစံက ကိုယ်သုတ်တဘက်ကို ခေါက်ကာ ပေါင် ပေါ်တင်လိုက်ပြီး ဂစ်တာကိုတီးလိုက်သည်။

ရေလှိုင်းသံလေးများအတိုင်း သံစဉ်ဖော်ကြည့်သည်။

ရဲတင်ကျော်ကလည်း ရေထဲကမတက်၊ တင်ယွန်းစံက လည်းမခေါ်ဘဲ သံစဉ်မဲ့တီးခတ်လျက်မှ မျက်ရည်များသွင်သွင် စီးကျလာသည်။

လရောင်၏အလင်းကတော့ ကိုက်တစ်ရာအကွာအ ဝေးတွင် ရှိနေသော လူတစ်ဦး၏မျက်နှာပြင်ပေါ်မှ မျက်ရည်စီး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို မြင်နိုင်စွမ်းရှိလောက်အောင်တော့ အစွမ်းရှိနိုင်လိမ့်မည်မဟုတ်ဟု တင်ယွန်းစံယုံကြည်ပါသည်။









# အခန်း(၃၈)

"ကိစ္စမရှိဘူး သီလ၊ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်၊ မင်းဆရာကိုသာ သေသေချာချာ ဂရုစိုက်လိုက်ပါ၊ သွားမယ်"

တင်ယွန်းစံကသီလကို နောက်ဆုံးနှုတ်ဆက်ကာ ကားကိုမောင်းထွက်ခဲ့သည်။

ချောင်းသာပင်လယ်ရေငန်ထည့်ထားသော ဂါလန်ပုန်းလေးကို မမှောက်စေရန် သေချာစွာပြုပြင်လိုက်သည်။

ရဲတင်ကျော်ပေးထားသော လက်ဆောင်ဗူးထဲမှာ ပါ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

သက်ရှိရေသတ္တဝါလေးများဖြစ်၍ ရှင်သန်နေဖို့ အရေးကြီးပါသည်။

တင်ယွန်းစံ အတွေးကို ခေတ္တဖျောက်ထားလိုက်သည်။ ညကရဲတင်ကျော်၏ ဟောလစ်ပန်းကန်ထဲ၌ အိပ်ဆေးဖျော်ထည့်ထားပေးလိုက်သည်။

အနည်းဆုံး နံနက်ရှစ်နာရီးနိုးလျှင် အစောဆုံးနိုးခြင်းဖြစ်ပေလိမ့်မည်။

တင်ယွန်းစံပုသိမ်ကိုရောက်လောက်ပြီး ပုသိမ်မှာရှိသော သူငယ်ချင်းထံ၌ သုံးလေးရက်ခိုအောင်းပြီးမှ ရန်ကုန်ကိုလေယာဉ်နှင့်ပြန်မည်။ ကားကိုတော့ သူငယ်ချင်းအိမ်မှ ဒရိုင်ဘာနှင့် ပို့ခိုင်းလိုက်တော့မည်။ ထိုသူငယ်ချင်းသည် နိုင်သော်စံရော မိမိနှင့်ပါ သူငယ်ချင်းဖြစ်သော မိမိမော်ပင်။ သူမကအိမ်ထောင်ရက်သားကျ၍ သမီးလေးတစ်ဦး ထွန်းကားနေပြီ။

တင်ယွန်းစံရင်ထဲရှိသမျှသော စကားတို့ကို ထိုသူငယ်ချင်းအား တိုင်ပင်ချင်သည်။ လေးလုံးနှင့်ဂျပုကတော့ ရည်းစားမျှပင်မရှိသေးသဖြင့် မိမိ၏အချစ်ကို နားလည်မည်မဟုတ်။ မိမိအား မိန်းမချေးဖျက်ရသလား၊ ယောကျ်ားသည်လောက်တောင်ရှားနေရသလား၊ ရှင့်မာနတွေ ဘယ်ချောင်မှာခေါက်ထားသလဲဟု၊ မျက်ရည်ကျရကောင်းမလားဟုပင် မိမိအား ဆူပူတတ်သူများဖြစ်သည်။

ရင်ထဲမှာတော့ တနင့်နင့်နှင့်ရဲတင်ကျော်နှင့် ပတ်သက်၍အရိပ်ထင်ဟပ်နေဆဲပင်။





ထိုအရိပ်သည် နှလုံးသားမှာ ရှိနေသရွေ့ ကြေကွဲခွင်းမျက်ရည်စက်တို့က ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးဆင်းနေဆဲ။ ချစ်သူနှင့် ကွေကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲသည် ရင်ကွဲမတတ် ကြီးမားသော ဝေဒနာဆိုးကြီး ဖြစ်လိမ့်မည်ဟု တင်ယွန်းစံတစ်ခါမျှ မတွေးခဲ့ဖူးပါချေ။

ယခုတော့. . .

ယခုအချိန်မှာ သေချင်းတရားကို တင်ယွန်းစံ ပိုင်ဆိုင်နှင့် ရလိုက်လျှင်တောင် တုန်လှုပ်တော့မည် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၃၉)

"ကလေးဆီကို ဖုန်းခဏခဏဆက်တယ်"

"မရှိဘူးလို့ မပြောလိုက်ဘူးလား"

"ပြောတာပေါ့"

"ချောင်းသာက ပြန်မရောက်သေးတာလား၊ သူကစိုးရိမ်လို့ မေးတာပါလို့ ပြောရှာတယ်၊ ကလေးကချောင်းသာကို သွားတာလား"

ဒေါ်ထွေးကို တင်ယွန်းစံမဖြေချင်။ တင်ယွန်းစံအိပ်ခန်းထဲကိုသာ ဝင်လိုက်ပြီး ခုတင်ပေါ်ဒ္ဓလှဲချလိုက်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ပြန်ထကာ ရဲတင်ကျော်ပေးလိုက်သော အမှတ်တရလက်ဆောင်ရှိရာသို့ အပြေးအလွှားထွက်ခဲ့သည်။

"ဟဲ့. . ဟဲ့ ဘယ်လိုဖြစ်တာလဲ၊ ဒီကလေးမဟာလေ"

ဒေါ်ထွေးက ဗျာယီးဗျာယာနိုင်နေသော တင်ယွန်းစံအားလှမ်းပြောပြီး နောက်မှလိုက်ခဲ့လေသည်။

ဂါလန်ပုံးကို ယူမခဲ့ရာ. . .

"ဘာလဲ"

"ချစ်သက်လက်ဆောင်"

တင်ယွန်းစံက ရွှတ်၍ဖြေလိုက်သည်။

ဒေါ်ထွေးက မျက်စောင်းထိုးကာ. . .

"ဓာတ်ဆီလား ချစ်သက်လက်ဆောင် ဟုတ်လိမ့်မယ် အချစ်မီးတောက်ပဲရမယ်"

တင်ယွန်းစံရင်ထဲ ဒေါ်ထွေး၏စကားကို အသိအမှတ်ပြုလိုက်သည်။

ဟုတ်သည်။ အချစ်သည် မီးတောက်တစ်ခုလိုပါပဲ။

လောင်မြိုက်မှုတွေက ကြီးမားလွန်းလှသည်။

တင်ယွန်းစံဇလုံကြီးတစ်ခုကိုယူကာ ဂါလံပုံးထဲမှ ရေများကို သွန်လိုက်သည်။

"ဘာတွေလဲ"

"ဟင်"

တင်ယွန်းစံမဖြေနိုင်ဘဲ ရင်ထဲတွင် ဆို့နင့်စွာဖြင့် ဇလုံထဲမှရေနဂါးဟု အများခေါ်ကြသော ပင်လယ်ရေသတ္တဝါလေးနှစ်ကောင်၏ ရုပ်အလောင်းကိုကြည့်ကာ ငိုင်နေမိသည်။





"ရေနဂါးလေးတွေပါလား"

"မမကြီး ညှော်သည်"

တင်ယွန်းစံစိတ်မပါနိုင်သေး၊ လေးလုံးသော်လည်းကောင်း၊ ဂျပုသော်လည်းကောင်း ဖြစ်လိမ့်မည်ဟု တွက်ဆကာ။

"ဒီကို လွှတ်လိုက်ကွာ"

မောင်ဖြစ်သူကို လှမ်းအော်လိုက်သည်။

"ပုသိမ်မှာတုန်းက မသေသေးပါဘူး ဒေါ်ထွေးရယ်"

"သူတို့က ပင်လယ်ရေငန်ပဲ ကြိုက်ကြတာ"

"ဒါ ပင်လယ်ရေပဲ"

"သဘာဝပင်လယ်ပြင်ကို ပင်လယ်ရေ နည်းနည်းလေးနဲ့ တုပဖန်တီးလို့ ရနိုင်ပါ့မလားကလေးရယ်"

"ဘာပဲဖြစ်ဖြစ် သူတို့ မသေသင့်သေးပါဘူး"

တင်ယွန်းစံက ဇလုံထဲမှာရေပေါ်တွင် ပေါ်လောမျောနေသော ရေနဂါးနှစ်ကောင်ကိုယူကာ လက်ပေါ်တင်လိုက်သည်။

"သေသွားတော့လည်း ဘယ်တတ်နိုင်မှာလဲ ယွန်း"

"ဟင်"

တင်ယွန်းစံထံသို့ ဤမျှလောက် မြန်မြန်ဆန်ဆန် ဆိုက်ရောက်လာလိမ့်မည် မဟုတ်ဟု ထင်ထားချိန်၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာသော ရဲတင်ကျော်အား အံ့အားသင့်စွာမော့ကြည့်လိုက်ချိန်. . .

ရဲတင်ကျော်၏ ကရုဏာမျက်ဝန်းနှင့် ဆုံစည်းလိုက်ရသည်။ ထိုတခဏ၌ တင်ယွန်းစံ၏ ရင်တွင်းဝမ်းနည်းကြေကွဲမှု



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလုံးကြီးက အရှိန်အဟုတ်ပြင်းစွာဖြင့် ဝုန်းခနဲလိမ့်တက်လာသဖြင့် . . .

ဝမ်းနည်းပွင့်လေးများက မျက်ဝန်းမှတစ်ဆင့် ကြွေလွင့်လာရာ . . .

"ယွန်းကလည်းကွာ ကလေးလေးကျနေတာပဲ"

ဒေါ်ထွေးက မယောင်မလည်နှင့် မီးဖိုခန်းမှ ထွက်သွားသည်။

ရဲတင်ကျော်က တင်ယွန်းစံလက်ထဲမှ ရေနဂါးနှစ်ကောင်ကို လှမ်းယူလိုက်ပြီး . . .

"အခြောက်လှန်းပြီး ရွှေချထားလိုက်မယ်၊ ပြီးရင် ကြီးခိုင်းလုပ်ပေးမယ်၊ ဒီအတွက် ဝမ်းနည်းစရာ မဟုတ်ဘူး"

"တကယ်တော့ သူတို့ကို ပင်လယ်ထဲကို ပြန်လွှတ်ပေးလိုက်ဖို့ ကောင်းတာနော်ကိုကို၊ ကျွန်မလိုချင်တယ်ဆိုလို့ ကိုကိုက ပြန်မလွှတ်ပေးတာ မဟုတ်လား"

ရဲတင်ကျော်ပြုံးနေလိုက်ပြီး ပန်းကန်စင်မှ စတီးပန်းကန်တစ်ချပ်ယူကာ ရေနဂါးနှစ်ကောင်ကို တင်လိုက်သည်။

"နေကျက်ကျက်ပူပြီး ပုရွက်ဆိတ်မတက်နိုင်တဲ့ နေရာမှာ လှန်းထားရအောင်၊ ဒါမှမဟုတ် ကိုကိုပဲယူသွားပြီး လှန်းပေးရမလား"

"ကိစ္စမရှိပါဘူး ကိုကို၊ ကိုကိုကအားတဲ့လူမှမဟုတ်တာ ကျွန်မကိုယ်တိုင်ပဲ စောင့်ကြည့်ရင်း လှန်းထားလိုက်မယ်"

"လာ ဧည့်ခန်းသွားရအောင် ယွန်း"

ရဲတင်ကျော်၏ တည်ကြည်မှု၊ စောင့်ထိန်းမှုကို ထင်





ယွန်းစံသိမြင်ပြီးသားဖြစ်သည်။

"ခဏလေးကိုကို ကိုကိုသွားနှင့်လိုက်၊ ကျွန်မ သူတို့ကို လှန်းထားလိုက်ဦးမယ်"

"ကိုကို အကူအညီပေးမယ်လေ"

"အင်းဆက်ခ်ကေလားချော့စ် ရှိလား"

"ရှိတယ် ကိုကို"

တင်ယွန်းစံက ပိုးမွှားများကိုသေစေသာ မြေဖြူလေးကို ထုတ်ပေးလိုက်သည်။

ရဲတင်ကျော်က ခွေးခြေတစ်လုံး၏ ခြေလေးချောင်း၌ မြေဖြူနှင့်အထပ်ထပ်ခြစ်ပြီး မီးဖိုအပြင်ထွက်ကာ တစ်နေ့လုံး နေလုံးရနိုင်သောနေရာ၌ ခွေးခြေကို ချလိုက်သည်။ တင်ယွန်းစံက ပန်းကန်ကို တင်လိုက်သည်။

"သူတို့က သေဆုံးသွားပေမယ့် တန်ဖိုးရှိသေးတယ်နော် ကိုကို"

"ဟုတ်တယ် . . . လူသေက ငှက်ပျောတုံး လက်ပံတုံးလောက်တောင် တန်ဖိုးမရှိကြဘူးလို့ ပြောကြတာပေါ့၊ ကိုင်းသေခြင်းအကြောင်းကို မတွေးနဲ့ဦး၊ ကိုကိုတို့ နေခြင်းအကြောင်းကို ဆွေးနွေးရအောင်လား၊ ဩော် . . ခွေးတွေ ကြောင်တွေရှိသလား"

"မရှိဘူး ကိုကို ကျီးကန်းပဲ"

"ရတယ်၊ စတီးပန်းကန်က လက်နေတာပဲ၊ ဘယ်ကျီးဘယ်စာကမှ မလာရဲပါဘူး"

"ဒေါ်ထွေးစောင့်ကြည့်နေပါ့မယ်၊ ကလေးတို့သာ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး စကားပြောပါ"

ဒေါ်ထွေးရောက်လာပြီး ဝင်ပြောလိုက်သဖြင့် သူတို့နှစ်ဦး ရေနဂါးကောင်၏ ရုပ်အလောင်းကောင်လေးများ ခြောက်ရေးကိစ္စအတွက် နောက်ကြောင်းအေးသွားသည်။

ညှော်ခန်း၌ ထိုင်မိကြသည်နှင့် ရဲတင်ကျော်က စကားစလိုက်သည်။

"ချောင်းသာကနေ ဘယ်ကိုဝင်နေတာလဲ"

"ပုသိမ်"

"ဘာဖြစ်လို့လဲ"

"ကိုကို့ကို တမင်လမ်းစဖျောက်ဖို့ ကြိုးစားပါတယ်ဆိုမှ"

"ကိုကို ရန်ကုန်ပြန်ရောက်ရောက်ချင်း သီလကိုလွှတ်ပြီး စုံစမ်းခိုင်းတယ်၊ ယွန်း ပြန်မရောက်သေးဘူးဆိုတာ သိရတော့ အရမ်းကို စိတ်ပူသွားတာ၊ အချိန်ရတိုင်း ဖုန်းဆက်ပြီး ဒေါ်ထွေးကိုရော မောင်မောင်ကိုပါ ကိုကို့ရဲ့ ရက်စက်မှုအတွက် တောင်းပန်ပြီး ရှင်းပြခဲ့တယ်၊ သူတို့ကလဲ နားလည်ခွင့်လွှတ်ကြပါတယ် ဒါကြောင့် ယွန်းပြန်ရောက်လာချင်း မောင်မောင်ဖုန်းဆက်လို့ ကိုကိုရောက်လာတာ"

"ဆုံးစည်းဖို့ရာ မဖြစ်နိုင်တော့တဲ့ အခြေအနေမှာ ဘာဖြစ်လို့များ ဆုံတွေ့နေချင်ရသေးတာလဲ ကိုကို"

"ကိုကိုက ယောက်ျားပါ ယွန်း၊ ယောက်ျားတစ်ဦးအတွက် မဖြစ်နိုင်ခြင်းဆိုတာကိုတော့ ရှိသင့်တာပေါ့၊ ခုကိစ္စက မဖြစ်နိုင်တော့တဲ့ကိစ္စလည်း မဟုတ်ဘူး၊ မဖြစ်သင့်တော့တဲ့ကိစ္စလည်း မဟုတ်ဘူး"





တင်ယွန်းစံဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ကျွန်မဘက်က မဖြစ်သင့်တော့တဲ့ ကိစ္စဆိုရင်ကော ကိုကို"

"ဘာကြောင့် မဖြစ်သင့်တာလဲ"

"ယောက်ျားလေးရှင်များဘက်က ခါးခါးသီးသီးအမုန်းခံနေရတဲ့ မိန်းကလေးဟာ ခါးသီးခြင်းကို ခေါင်းငုံ့ရင်ဆိုင်တိုးဝင်သင့်သလား၊ ကျွန်မအဲဒီလောက်အထိ သည်းခံနိုင်တဲ့ ပါရမီရင့်သန်မှာမဟုတ်ဘူး ကိုကို"

"ကိုကိုကလည်း ယွန်းအပေါ်မှာ အောက်ကျမခံခိုင်းပါဘူးကွာ"

"ဒီတစ်ခုတည်းမဟုတ်သေးဘူး ကိုကို၊ ကျန်ပါသေးတယ်"

တင်ယွန်းစံ၏ လှပသောမျက်နှာလေးကို ရဲတင်ကျော် စိတ်ဝင်စားစွာ ငေးကြည့်နေမိသည်။

ယခင်က သူမ၏မျက်နှာပြင်ပေါ်တွင် အပြစ်ဟူသမျှပင် မထင်အောင် ရှာဖွေရင်း မရနိုင်သည်အထိ လှပနေသော မျက်နှာဖူးဖူးမွတ်မွတ်ကလေး။

ယခု သောက၏ နှိပ်စက်မှုကြောင့် မျက်လုံးတောက်တောက်လေးမှာ မှေးမှိန်နေသည်။ မျက်နှာအနည်းငယ် ချောင်ကျသွားသည်။ ဆေးမဆိုးဘဲ စတော်ဗယ်ရီရောင်ပြေးနေသော နှုတ်ခမ်းဖူးဖူးလေး၏ အရောင်မှာ ဖျော့တော့တော့ဖြစ်နေသည်။

"ကိုကို"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောတာကို ကိုကိုစိတ်ဝင်စားမှာလား"

"စိတ်ဝင်စားပါတယ်၊ ယွန်း ပြောမှသာပြောပါ"

"ကျွန်မ ပယောဂကြောင့် လူတစ်ဦးသေဆုံးသွားခဲ့ခြင်းကနေ ထပ်မံပြီး နောက်တစ်ဦး သေဆုံးမခံနိုင်ဘူး ကိုကို"

ရဲတင်ကျော်က ပြုံးလိုက်သည်။

"မေမေ့မှာ နှလုံးရောဂါရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ခွဲစိတ်ကုသပြီးပြီ၊ ဆီးချိုနဲ့ သွေးတိုးကတော့ အစားမရှောင်လို့ဖြစ်နေတဲ့ ရောဂါတွေပဲ၊ ဒါပေမယ့် စိတ်ကြီးတယ်၊ နိုင်းနိုင်းကြောင့်ဖြစ်ပေါ်လာတဲ့ သောကမီးတောက်ဟာ သူ့အပေါ် ယနေ့ထိ လောင်မြိုက်နေဆဲပဲဆိုတာတော့ ကိုကို သိနေတာ အမှန်ပဲလေ"

"ဟုတ်ပါတယ်၊ ကျွန်မကလည်း ဒီအချက်ကို ငြင်းပယ်နေတာမဟုတ်ပါဘူး၊ ထည့်တွက်နေတာပါ ကိုကို"

တင်ယွန်းစံက ရဲတင်ကျော်အား ခပ်စိမ်းစိမ်းလှမ်းကြည့်လိုက်သည်။

ရဲတင်ကျော်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

သူကြိုတင်တွက်ဆလိုက်မိသည်က တင်ယွန်းစံထံမှ ထပ်မံပေါ်ထွက်လာမည့် စကားသည်သူ့အတွက် ကောင်းသောစကားများ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု။

"အမှန်ဆို ကိုယ့်အပေါ် ရက်ရက်စက်စက် အရှက်ခွဲသွားခဲ့တဲ့သူ့အပေါ် ကျွန်မဟာ ခွင့်လွှတ်ကျေအေးပြီး ခုလို အရှက်နည်းစွာနဲ့ ပြန်လည်လက်ခံဖို့ရာ မသင့်တော်ဘူးဆိုတဲ့ အချက်ဟာ အဓိကကျပါတယ် ကိုကို"





"ယွန်းရယ်"

ရဲတင်ကျော်ရင်ထဲ နင့်ခနဲဖြစ်သွားပြီး အရုပ်ကြိုးပြတ်သွားသည့်အလား ကုလားထိုင်နောက်မှီသို့ မှီချလိုက်သည်။

"ဒါပေမယ့် ကိုကို့ကို ကျွန်မ မမုန်းပါဘူး၊ ချစ်တယ် ကျွန်မဘဝမှာ ကိုကိုတစ်ယောက်တည်းကိုပဲ ဘယ်သူ ဘယ်သူနဲ့မှမတူတဲ့ မေတ္တာတရား အချစ်တရားတို့နဲ့ ချစ်ခဲ့ရတာဆိုတော့ ကျွန်မဟာ ရှက်စရာကောင်းမှန်းသိလျက်နဲ့ အမှန်တရားတစ်ခုအတွက် ကိုကို့ကို ရှင်းပြချင်လို့ ကိုကို့နောက်ကို ဖွတ်လိုက်ခဲ့တာ"

တင်ယွန်းစံ စကားစကို ဖြတ်လိုက်သည်။

ရဲတင်ကျော်က ငြိမ်သက်စွာဖြင့် တင်ယွန်းစံထံမှ ဆက်လာမည့်စကားကို နားစွင့်နေလိုက်သည်။

"ကျွန်မဟာ မုယာမာယာများပြီး ဘယ်ယောကျ်ားလေးကိုမှ မလှည့်စားခဲ့ပါဘူး၊ ကျွန်မကြောင့် ဘဝပျက်တယ်ဆိုတဲ့သူတွေ ဒုနဲ့ဒေးဆိုတဲ့စကားဟာ မမှန်ကန်ပါဘူး၊ ကိုယ်မချစ်နိုင်ဘူးထင်တဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မမှာ ငြင်းပိုင်ခွင့်မရှိဘူးလား ကိုကို"

"ရှိပါတယ်"

"အဲဒီငြင်းပိုင်ခွင့်အရ ငြင်းပယ်လိုက်ခြင်းကြောင့် ဘဝပျက်သွားတယ်ဆိုတာ ကျွန်မဟာ လူမဆန်တဲ့လုပ်ရပ်တစ်ခုကို လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ကိုကိုယူဆပါသလား"

"ယွန်း ယွန်းကို ကိုကိုနားလည်ပါတယ်လို့ ပြောပြီးပြီပဲ ဘာဖြစ်လို့ ဒီစကားတွေကို ထပ်ပြောချင်နေရတာလဲ"

"ပြောချင်တယ် ကိုကို၊ ပြောချင်လွန်းလို့ ကိုကို့နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့တယ်၊ ချစ်လွန်းလို့ ကိုကိုနောက်ကို လိုက်ခဲ့တယ်၊ ကျွန်မဟာကိုကို့ကို သိပ်ချစ်တယ်ဆိုတာကို ကိုကိုသိရှိနားလည်စေချင်လွန်းလို့ ကိုကို့နောက်ကို လိုက်ခဲ့တယ်၊ ဒါကို ကိုကိုသိရင် ကျွန်မကျေနပ်ပြီ၊ ဒါကြောင့် ဒီနေ့ကစပြီး ကိုကို ကျွန်မဲဆိုတွေ့ဖို့ မကြိုးစားနဲ့တော့"

"မဟုတ်သေးဘူးလေ ယွန်း၊ ကိုကိုပြောပါရစေဦး"

"မပြောနဲ့ ကိုကို၊ ဘာမှမပြောနဲ့တော့၊ ကျွန်မက ကိုကို့ကိုချစ်လွန်းသူဆိုတော့ ကိုကို့အပြောတွေမှာ အရည်ပျော်ကျသွားပြီး အရှက်မရှိ အမှတ်မရှိတဲ့ မိန်းမအဖြစ်ကို ဆက်လက်ရောက်ရှိသွားနေဦးမှာပဲ၊ ကိုကို့ကို ကျွန်မတစ်ခွန်းပဲ ပြောပါရစေ"

ရဲတင်ကျော် လက်လျှော့လိုက်သည်။ သူ့မှာ ပြောစရာစကားတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် လာခဲ့ရသည်။ သည်ရောက်တော့ ရင်ဝကိုဆီး၍ အကန်ခံနေရသည့် အဖြစ်မျိုး ရောက်ရှိနေပြီ။

"ကျွန်မကို ကိုကို တွေ့ဆုံဖို့ ကြိုးစားမယ်ဆိုရင် ကျွန်မမှာ ချစ်သူနဲ့ ကွေ့ကွင်းနေရတဲ့ ဒုက္ခဆင်းရဲအပြင် မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းနေထိုင်ရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲပါ ထပ်ဆင့်ခံစားယူလိုက်တော့မယ် ဆိုတာကိုပါပဲ ကိုကို၊ ကိုင်းကျွန်မနားချင်ပြီ ကိုကို"

ရဲတင်ကျော် မချိပြုံးဖြင့်ပြုံးပြကာ ခေါင်းညိတ်လိုက်သည်။

တင်ယွန်းစံသည် တစ်ဖွတ်ထိုးနိုင်သည်။ ပေါက်ကွဲလွယ်တတ်သည်ကို ရဲတင်ကျော် သဘောပေါက်သည်။





ထို့ကြောင့် သူမပြောသည့်အတိုင်း မလုပ်ဟုမပြောနိုင်၊ သူမကိုလိုချင်၍ ရစ်ဝဲနေသူတွေကလည်း များပြားလှသည်။ သူမကသာ မူဝံကြွယ်ကို လိုချင်သည်ဆိုလျှင်လည်း ဆွတ်ခူးပေးချင်သူ၊ ပင်လယ်ရေ သောက်ပြပါဆိုလျှင်လည်း၊ သောက်ပြမည့်လူတွေက အဆင်သင့်ဆိုတော့လည်း ရဲတင်ကျော် လက်လျှော့လိုက်သည်။

တင်ယွန်းစံက. . သူမအိပ်ခန်းအတွင်းကို တောက်လျှောက်ဝင်သွားသည်။

ရဲတင်ကျော် မဟန့်တားပါ။

ဒေါ်ထွေးနှင့် တင်ယွန်းစံ၏ မောင်ကိုရှာဖွေနှုတ်ဆက်ပြီး ပြန်ခဲ့ရသည်။

သို့သော် ဒေါ်ထွေးနှင့် မောင်မောင်ကိုတော့ အခွင့်သာခိုက်၌ သူစင်ကာပူနိုင်ငံရှိ မိဘများထံသို့ သွားရောက်တွေ့ဆုံဆွေးနွေးမည့်အကြောင်း တင်ယွန်းစံအား ပြောထားပေးပါရန် မှာကြားခဲ့လေသည်။

မှားမိသောသူက တင်ယွန်းစံမဟုတ်၊ ရဲတင်ကျော်သာဖြစ်သည်။

ထို့ကြောင့် မိမိအမှားအတွက် ကျူးလွန်မိသူအပေါ် ကျေနပ်သည်အထိ ဆောင်ရွက်ပေးရမည့် ဝတ္တရားရှိသည်။

သို့သော် ဝတ္တရားထက် အရေးကြီးသည်က နှလုံးသားရေးဖြစ်သည်။

မိမိနှလုံးသားက တင်ယွန်းစံကို တောင်းဆိုနေပြီ။

သူမနှင့် အမြန်ဆုံးလက်ထပ်ချင်သည်။ သူမကို ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com



ရမှာ သူသိပ်ကြောက်သည်။

ချစ်သူနှင့် ကွေ့ကွင်းရခြင်းဟူသော ဒုက္ခဆင်းရဲကို သူမခံစားချင်သကဲ့သို့ ချစ်သူကိုလည်း မခံစားစေချင်ပါ။

ထို့ကြောင့်. . .







# အခန်း(၄၀)

"နှစ်ကောင်ရခြင်းဟာ မင်္ဂလာတဲ့၊ ဒါပေမယ့်. . "

ရွေးချထားသော ရေနဂါးနှစ်ကောင်ကိုကြည့်ကာ တင်ယွန်းစံက ခပ်တိုးတိုး လေးပြောလိုက်သည်။

"တစ်ကောင်ကိုတော့ ကိုကိုပြန်လာရင် ရှင်တို့သွားပို့ပေးပါ"

"ဘာကောင်လေးလဲ"

"ရေနဂါး"

"မဟုတ်ပါဘူးကွာ ရေမြင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဂျပုရာ ရှင်မငြင်းစမ်းပါနဲ့၊ ဘာကောင်ဖြစ်ဖြစ်ကွာ၊ ကိုကိုပေးထားတာ ရေနဂါးဆိုရင် ရေနဂါးလိုက်မယ်"

ထုံးစံအတိုင်း ရှုပါက အငြင်းစကားကို စတင်လာရာ တင်ယွန်းစံက ပိတ်ပြောလိုက်သည်။

"နင်ဒီလောက် ချစ်လျက်နဲ့ အိုက်တင်ခံနေရသလား မိန်းမ၊ တစ်ခါတည်း ချောင်းသာကို လိုက်သွားကတည်းက လက်ထပ်လိုက်ပါလား"

ထားဝေဝေက ပြောလိုက်သည်။

တင်ယွန်းစံရင်ထဲ အချစ်နာသည် အုံကြွလာသည်။

"အဲလောက်အထိ ကျုပ်မမိုက်မဲရဲသေးပါဟာ ကိုယ့်အပေါ် အမြင်စောင်းနေတဲ့ အသိုင်းအဝိုင်းထဲ ကျုပ်ဇွတ်တိုးဝင်လိုက်ရင် ကျုပ်ကို ပိုနှိမ်မယ်၊ ပိုပြီး အမြင်တိမ်းကြဦးမယ် ကျုပ်ဘယ်ခံနိုင်မှာလဲ"

"ထားပါတော့၊ ရှင်တို့ ဒီရေမြင်း အဲ ရေနဂါးနှစ်ကောင် ဘယ်လိုရတာလဲ"

တင်ယွန်းစံ၏ရင်ထဲ နွမ်းလျသွားသည်။

"ကျုပ်တို့ ဖိုးကုလားကျွန်းကို သွားကြတယ်၊ အဲဒီမှာ အဲဒီဘက်ရွာက လူတွေက ဝါးကျည်တောက်ခွက်လေးထဲမှာ ရေနဂါးတစ်ကောင် မိထားတယ်၊ ကိုကိုက ရောင်းမလားလို့ မေးတယ်၊ ဟိုလူတွေက မရောင်းဘူးတဲ့လေ၊ ကိုကိုကလည်း တစ်ကောင်တည်းလည်း မလိုချင်ဘူး၊ နှစ်ကောင်မှတဲ့"

"ရှင့် ကိုကိုက စပျစ်သီးချဉ်လိုက်တာပေါ့လေ"

တင်ယွန်းစံက ရှုပါကို မျက်စောင်းထိုးလိုက်သည်။





"အောင်မယ်လေးလေး ရှင့်မျက်စောင်းက တယ်ဝါဝါများတာကို၊ ဒါကြောင့် ရှင့်ကိုကိုကြီး မျောက်မီးခဲ ကိုင်မိသလို ဖြစ်နေတာ"

"ဂျပုရာ အေးအေးဆေးဆေးနားထောင်စမ်းပါ"

ထားဝေဝေက ဝင်ဟန့်လိုက်သည်။

"ဒါပေမယ့် ကျုပ်က လိုချင်တယ်၊ ကိုကိုကပြောတယ် သူတို့က လာဘ်ကောင်လေးတွေတဲ့၊ ဒါပေမယ့် နှစ်ကောင်ရမှ မင်္ဂလာရှိတာတဲ့၊ မယူချင်ပါနဲ့၊ နောက် ကိုကိုမှာပေးပါ့မယ်လို့ ကျုပ်ကို နှစ်သိမ့်တယ်"

"ချော့တယ် ပြောစမ်းပါ"

"ဒါဖြင့် ဒီနှစ်ကောင်ကကော"

"ကျုပ်အဲဒါ ပြောမလို့၊ ကျုပ်ရင်ထဲမှာ လိုချင်တာကို မရမချင်း မရွှင်လန်းနိုင်တာကတော့ အမှန်ပဲ၊ ဒါပေမယ့် အဲဒီညနေက ကိုကိုကရေကူးနေတယ်၊ ကျုပ်ကသောင်ပြင်မှာ ဂစ်ဘာတီးရင်း ကိုကို့ကိုစောင့်ကြည့်နေတာ"

"ရှင့်ကိုကို ကိုလူဆွဲသွားမှာ ကြောက်လို့ပေါ့"

"မဟုတ်ဘူး ခွဲခွာခြင်းအတွက် နောက်ဆုံးအနေနဲ့ တစ်သက်စာအတွက် တစိမ့်စိမ့်ကြည့်နေချင်လို့ ထိုင်ကြည့်နေတာ"

တင်ယွန်းစံရင်ထဲ တမ်းတမ်းတတ လွမ်းဆွတ်လာသည်နှင့်အမျှ မျက်ရည်များက တလိမ့်လိမ့်ဆင်းလာသည်။

ထိုအခါ ရှုပါ၏ပါးစပ်သည် အလိုအလျောက် ပိတ်သွားသည်။

"ကိုကိုကလည်း ရေထဲမှာအကြာကြီးပဲ စိမ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း လာပါတော့ ကိုကိုလို့ တစ်ခွန်းမခေါ်ဖြစ်ဘူး၊ ဒါပေမယ့် ကိုးနာရီလောက်ကျတော့ ကိုကိုရေထဲက တက်လာတယ်၊ အဲဒီမှာ လှိုင်းအပုတ် ကျန်ရစ်ခဲ့တဲ့ ရေနဂါးနှစ်ကောင် သောင်ပြင်မှာ တဖျပ်ဖျပ်လူးနေတယ်၊ ကိုကိုက မပြောမဆိုနဲ့ ဘန်ဂလိုဆီပြေးသွားပြီး ရေခွက်ကိုပြေးယူတယ်၊ ပြီးတော့ ပင်လယ်ထဲဆင်းပြီး ပင်လယ်ရေကို ခပ်ယူပြီးမှ ဒီနှစ်ကောင်ကို ရေခွက်ထဲ ထည့်လိုက်တယ်၊ ကျုပ်က ကိုကိုဘာလုပ်မှန်း မသိတော့ ကိုကိုများ ရူးသွားပြီလားလို့ တအံ့တဩကြည့်ရင်း စဉ်းစားနေတာ"

"ရူးတာက ရှင့်ကိုကိုမဟုတ်ဘူး၊ ရှင်ပဲ"

"ထားပါတော့. .၊ အချစ်ဟာ လူကိုရူးသွပ်စေတတ်ကြောင်းကို အချစ်နဲ့တွေ့ဖူးသောသူတွေကသာ သိကြတာပဲ၊ အဲဒီအချိန်တုန်းက ကျုပ်ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျုပ်ထက်ပိုပြီး ဘယ်သူမှ မသိနိုင်ကြဘူး"

"ရှင်တို့နှစ်ယောက် ဒီလောက်လွတ်လပ်နေခဲ့ကြတာ ဘာမှမဖြစ်ခဲ့ကြဘူးလား၊ ကျုပ်မေးတာ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး၊ ရှင်မေးထိုက်ပါတယ်၊ အခြေအနေတွေက သိပ်ကိုပေးတယ်၊ အိပ်ခန်းချင်းကလဲ ကပ်လျက်၊ ပြီးတော့ ချစ်ကြတဲ့ ချစ်သူတွေ၊ အနှောင့်အယှက်တွေကလည်း သိပ်ကင်းတယ်ဆိုတော့ စိတ်အလိုလိုက်ကြရင်တော့ မှောက်မှားစရာပေါ့၊ ဒါပေမယ့် ကိုကိုဟာ အခွင့်အရေးသမား မဟုတ်သလို ကျုပ်ကလည်း အသိဉာဏ်နည်းတဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ၊ စိတ်အလိုမလိုက်ကြဘူး၊ ဒါကြောင့် ကျုပ်ကိုကိုကို ပိုချစ်သွားတာ"





"ရှင်တို့ ဘာဆိုဘာမျှ မပါဘူးလား"

"ဟဲ့ ချစ်သူတို့ ဘာသာဘာဝတော့ အနမ်းလေးတော့ ရှိတာပေါ့ဟဲ့၊ ကျုပ်စိတ်တိုလာပြီနော်"

တင်ယွန်းစံက မျက်နှာနီနီနှင့် ဘုတောလိုက်သည်။ ရှာနှင့် ထားဝေဝေက တခစ်ခစ်ရယ်ကာ တင်ယွန်းစံအား နှစ်ယောက်စလုံး သိုင်းဖက်ပြီး ရှုပါလက်ညှိုးဖြင့် တင်ယွန်းစံ၏ နဖူးကိုထောက်ကာ. . .

"ဒီနေရာလား"

"လွတ်ဟာ"

"ပြမှလွှတ်မယ်၊ ဟုတ်တယ်နော် လေးလုံး"

"ထောက်ခံပါ၏"

"ပြော"

"အင်း"

ပါးကိုထောက်ကာ. . .

"ဒီနေရာကော"

"အင်း"

မေးစေ့ကို ထောက်ကာ

"ဒါကော"

"အင်း"

နောက် နှုတ်ခမ်းကိုအထောက်၌ တင်ယွန်းစံသည် ရုန်းထွက်ကာ သူတို့အပါးမှ ပြေးထွက်သွားလေသည်။

တင်ယွန်းစံ၏ မျက်နှာတစ်ပြင်လုံး ရှိန်းတိန်းဖိန်းတိန်းဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမနော် ဒါများ ဘာမှမပါဘူးတဲ့"

"ဟဲ့ . . ဒီလောက်တော့ ရှိမှာပေါ့"

"ကဲပါ ကျုပ်တို့စကားပြောတာကို ရှင်နားထောင်ပါဦး။ ရှင့်ဆီကပဲ အချစ်တရားနာနေရတာ၊ ကျုပ်တို့ရဲ့ အချစ်တရားလည်းနာပါဦး"

"ပြောလေ"

"ရှင့်ကိုကို စက်ဘ်ပူကနေ ကျုပ်တို့ဆီကို ဖုန်းဆက်တယ်"

တင်ယွန်းစံရင်ထဲ အလွမ်းတို့ ဆင့်ကဲလာသည်။ ရင်ထဲ၌ ဘယ်လိုမှ မေ့ဖျောက်မထားနိုင်သော သူ၏အကြောင်းကို ကြားလည်းကြားချင်သည်။

ကြားရပြန်တော့လည်း ရင်တွင်း အနာတရက ဆင့်ကဲဆင့်ကဲ၍ ပိုမိုလာသည်။

"ရှင့်အပါး မကြာခဏသွားပြီး စောင့်ရှောက်ပေးဖို့ ဘာတို့ပေါ့"

"သူမကြာခင် ပြန်လာခဲ့မယ် အဲဒီအခါ ရှင့်ကို တွေ့ဆုံချင်တယ်တဲ့ ရှင်နဲ့ နောက်ဆုံးတွေ့ခွင့်ပါတဲ့၊ သူ့ဘက်က ဘာမှ မပြောရသေးဘဲ ရှင်က တစ်ဖက်သတ် ဆုံးဖြတ်တာကိုတော့ သူ ခွင့်မပြုပါရစေနဲ့တဲ့"

"အချစ်မှာ မာနမရှိဘူး ဆိုပေမယ့် ကျုပ်ကတစ်သက်လုံး စိတ်ဆင်းရဲရမယ့် ကိစ္စမှာတော့ ကျုပ်တစ်ဖက်သတ်ပဲ ဆုံးဖြတ်လိုက်တာ ကောင်းပါတယ်၊ ကျုပ်ကို မလိုလားတဲ့ အသိုင်းအဝိုင်းထဲကို ကျုပ်ဘယ်သောအခါမှ ခေါင်းငုံ့ပြီးဝင်ရောက်မှာ မဟုတ်ဘူး၊ကျုပ်မှားယွင်းခဲ့ရင် ထားပါတော့ ရှင်တို့စဉ်းစားကြည့်





စမ်း ကျုပ်ဘာမှားခဲ့သလဲ"

"အေးပါ ဒါကြောင့် ရှင့်ကိုကိုဟာ သူ့မိဘတွေဆီသွားရောက်ကြိုးပမ်းနေတယ်လို့ ကျုပ်ထင်တယ်"

တင်ယွန်းစံ တွေဝေရသည်။ ရဲတင်ကျော်ကို မိမိချစ်သောအချစ်က နှယ်နှယ်ရရမဟုတ် သို့သော် . .

"ယွန်းစံရေ မမကြီးဆီက တယ်လီဖုန်းလာနေတယ်"

တင်ယွန်းစံ အိပ်ခန်းတွင်းမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ဖေဖေလား"

"ဟုတ်တယ် သမီး နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"သန်ဘက်ခါ မေမေတို့လာမယ်၊ အဲဒါ ဧည့်သည်တွေပါလာမှာမို့လို့ အိမ်ကို သေသေချာချာ ပြင်ဆင်ထားလိုက်ပါ၊ ပြီးတော့ ဧည့်သည်အပါအဝင် အိမ်သားတွေအတွက် စားသောက်ဖို့ အအေးနဲ့ ပေါ့ပေါ့ပါးပါးအစားတစ်ခု စီစဉ်ထား၊ ပြီးရင် ဟိုတယ်မှာပဲ လိုက်ကျွေးလိုက်မယ်"

"ဘယ်ကဧည့်သည်တွေမို့ ဒီလောက်ပြုစုရမှာလဲ"

"ဖေဖေတို့နဲ့ ပတ်သက်ရာပတ်သက်ကြောင်းလေ သမီး၊ သမီးလည်း ပြင်ဆင်ထား၊ သမီးသူငယ်ချင်းတွေကိုရော ခေါ်ထားနော်၊ သူတို့ကိုပါ ခေါ်သွားရမယ်၊ တစ်အိမ်သားလုံးပဲ"

"ဘာတွေလဲ ညနေစာလား မနက်စာလား"

"မေမေတို့ ညနေခင်းလောက်ရောက်မယ်၊ ခဏတစ်ဖြုတ်နားပြီးရင် သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်သည်တွေက အိမ်မှာတည်းမှာလား"

"အင်း . . အိမ်မှာ ကလေးငါးယောက်တည်းမယ်"

တင်ယွန်းစံ စိတ်ညစ်သွားသည်။ ခွဲခွာခြင်းအတွက် ခံစားနေရသော ဝေဒနာကို ကုစားနေရသည်မှာ တစ်လနီးပါးရှိသော်လည်း အနာက မကျက်နိုင်သေး။

ဧည့်သည်များက ရောက်လာဦးမည်ဆိုတော့. . .

"သမီး မေမေပြောတာ ကြားလား"

"ရှင် ဘာပြောလိုက်တာလဲ မေမေ၊ သမီး မကြားလိုက်ဘူး"

"ဪ ဖေဖေက အစစအရာရာအတွက် စိတ်ချပါရစေလို့ မှာလိုက်လို့ သမီး"

"ဟုတ်ကဲ့ပါ၊ ဖေဖေကော"

"ဧည့်သည်တွေကို ဘုရားလိုက်ပို့နေတယ်"

"ဟုတ်လား"

"ဒါပဲ သမီး"

"ဟုတ်"

တင်ယွန်းစံရင်ထဲ လေးလံသွားသည်။

"ဧည့်သည်တွေ လာမယ်တဲ့လား"

"ဟုတ်ပ၊ အဲဒါ ရှင်တို့လည်း ကျုပ်နဲ့ ဝိုင်းကူပေးဦး"

တင်ယွန်းစံက မိခင်မှာကြားချက်များကို သူငယ်ချင်းများအား ပြောပြလိုက်သည်။

"ပွဲတာပဲ ကျုပ်တို့ပါ ပွဲတော်တည်ရမှာပေါ့"

"ဒါပေါ့ စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲတာ"





"အရေးထဲ ဝတ်ကြီးကျနေကြ၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ၊ လွမ်းတာတောင် အေးအေးဆေးဆေးမလွမ်းရဘူး"

"ဟဲ့ အလွမ်းဆိုတာ ခံစားလို့ကောင်းတဲ့ အရာမှမဟုတ်တာ၊ ခံစားမနေနဲ့ လွှင့်ပစ်လိုက်"

"ဘယ်သူက ခံစားချင်ပါ့မလဲ၊ ဒါပေမယ့် မရဘူး၊ ကျုပ်ရင်ထဲမှာ အရမ်းကိုနာကျင်နေပြီ၊ တမြည့်မြည့် ခံစားနေရတယ်၊ ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ ကိုကို့ရဲ့အပြုအမူ အပြောအဆိုလေးတွေ မြင်ယောင်ပြီး ငါ့နှလုံးသားတွေ ပျက်သုဉ်းမတတ် နာကျင်ခံစားနေရတယ်ဆိုတာ ရှင်တို့ကို ပြောပြလို့လည်း နားလည်မှာ မဟုတ်ဘူး"

"ရှင့်ငယ်ကျွမ်းမိမိမော်ကကော ဘယ်လိုအကြံများ ပေးလိုက်သလဲ"

ပုသိမ်ရှိ မိမိမော်တို့အိမ်၌ ခေတ္တခိုအောင်းစဉ် မိမိမော်ပေးလိုက်သောအကြံမှာ တစ်ခုတည်းသာ။

"ဘာကိုမှ စဉ်းစားတွေဝေမနေနဲ့၊ အချစ်နဲ့စစ်မှာ တရားတယ် မတရားတယ်ဆိုတာ မရှိဘူး၊ ကျုပ် နားလည်တာကတော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ"ဟုသာ။

"အေးလေ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခွင့်ရရင် သိပ်ကို စိတ်ချမ်းသာစရာ ကောင်းမှာပဲထင်တယ်"

"ရှင့် နိုင်းနိုင်းနဲ့ကိုကိုက ရုပ်ချင်းမဆင်ဘူးလား"

"မဆင်ဘူး"

"နိုင်းနိုင်း မကျွတ်ဘူးလို့ ရှင်ထင်သလား"

"သူတို့ကတော့ အစွဲအလမ်းဖြစ်နေကြတယ်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း နိုင်းနိုင်းနဲ့ ပတ်သက်ပြီး အိမ်မက်တွေ မကြာခဏတော့ မက်တတ်တယ်၊ နိုင်းနိုင်းက ကျုပ်ကို ဘာမှမပြောဘဲ မျက်နှာ ငယ်လေးနဲ့ပဲ လှမ်းကြည့်နေတတ်တယ်၊ သူသေဆုံးသွားတုန်းက ဝတ်တဲ့အကျီလေးနဲ့ပဲ"

"ရှင် မကြောက်ဘူးလား"

"ဘာကို ကြောက်ရမှာလဲ၊ သနားတာပဲ ရှိတယ်၊ ကျုပ် ကုသိုလ်ကောင်းမှု လုပ်တိုင်း အမျှအတန်းဝေပေးလေ့ရှိတယ်"

"နိုင်းနိုင်းနဲ့ ပတ်သက်ပြီး ရှင့်ကိုကိုနဲ့ ဆွေးနွေးကြည့် သေးသလား"

"ဟင့်အင်း"

"ကိုင်း ကျုပ်တို့ ဘာဝိုင်းကူပေးရမလဲဆိုတာပြော"

"ဧည့်သည်တွေအတွက် အိပ်ရာပြင်ထားရင် ကောင်း မယ်၊ လာ ဟိုဘက်အခန်းသွားရှင်းရအောင်"

တင်ယွန်းစံတို့သည် ဘုမသိဘမသိနှင့် ဧည့်သည်များ အတွက် အိပ်ခန်းပြင်ဆင်ရလေသည်။

အကယ်၍သာ ဧည့်သည်များသည် ဘာကိစ္စကြောင့် လာရသည်ဆိုခြင်းကို တင်ယွန်းစံ ကြိုတင်သိရှိခဲ့ပါလျှင် အခြေ အနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်။

ယခုတော့. .







# အခန်း(၄၁)

"ရှင်ကလည်း ပြင်ပြင်ဆင်ဆင်နေစမ်းပါ"

"အေးလေ ဘယ်လိုဖြစ်နေတာလဲ၊ ရုပ်ကိုက အပုသည် ရုပ်၊ ရှင်ဟာလေ မာနကိုမရှိဘူး"

"အချစ်မှာ မာနမရှိဘူးဟ"

သူငယ်ချင်းနှစ်ယောက်က ဆူဆူပူပူဖြင့် တင်ယွန်းစံ အားယခင်ကဲ့သို့ ကြော့ကြော့မော့မော့လေး လှလှပပပြင်ဆင် ဝတ်ဆင်ရေးကို လုံးပန်းလိုက်ကြသည်။

"လောရှည်ရယ် ဒီအဝတ်အစားလောက်တော့ ဝတ်သင့် ပါတယ်၊ ကျုပ်တို့တောင် ရှိုင်းလာသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့သဘောပဲ၊ ဘယ်လောက်အရေးပါတဲ့ ဧည့်သည်တွေမှန်းမသိ ဘာမှန်းမသိဘဲ၊ တကတဲ မင်္ဂလာဆောင်သွားမှာကျနေတာပဲ"

"ဟုတ်တယ်၊ ကျုပ်တို့ကတော့ ရှင့်မင်္ဂလာဆောင်လို့ပဲ သဘောထားပြီး ဝတ်လာတာ၊ သိလား"

တင်ယွန်းစံရင်ထဲ နင့်ခနဲဖြစ်သွားသည်။ တကယ်ဆိုရင် ဤနေ့သည် ရဲတင်ကျော်နှင့်သူမ၏ မင်္ဂလာဆောင်ရန် ရွေးချယ်သတ်မှတ်ထားသော နေ့ရက်ဖြစ်သည်။

ယခုတော့ ဘယ်ကံကြမ္မာဆိုးကများ အငြိုးတကြီးနှိပ်စက်လေသည် မသိ။ မှန်တင်ခုံအံဆွဲကို ဖွင့်ကာရေနဂါးနှစ်ကောင်နှင့် ရက်စွဲလေးများတပ်ထားသော ရာတန်တစ်ရွက်နှင့် နှစ်ရာတန်သုံးရွက် ထည့်ထားသော ယွန်းဘူးလေးကို ဖွင့်ကြည့်လိုက်သည်။

"ကိုကို ဘယ်ရောက်နေတာလဲ ဟင်"

"ဘယ်သိမှာလဲ"

"စင်ကာပူမှာပဲ နေမှာပေါ့"

ထားဝေဝေနှင့် ရူပါက တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်လိုက်ပြီး တစ်ယောက်တစ်ပေါက် ပြောလိုက်သည်။

"ရှင့်မို့ စိတ်မနာတယ်"

"အချစ်ဟာ အမျက်ဒေါသတွေကို ဝါးမျိုစွမ်းရှိပါတယ် ကျုပ်ကိုကို့အပေါ် ချစ်တဲ့အချစ်က အရာရာကို ကျော်လွှားနိုင်စွမ်းရှိပါတယ်"

"အင်း အချစ်ဆိုတာ အပြန်အလှန်သက်ရောက်မှုရှိ





တယ်၊ အသွားရှိရင် အပြန်ရှိမှာပဲ၊ ကိုကို ရှင့်ကို ဘယ်လောက်ထိ ကြိုးပမ်းလိုက်လျှောခဲ့တယ်ဆိုတာ ကျုပ်တို့ သိနေတယ်၊ ရှင့်ကို ကိုလည်း ဒီအတိုင်းနေမယ် မထင်ပါဘူး"

ရူပါက အေးအေးဆေးဆေးပြောလိုက်သည်။ ထားဝေဝေက

"ရှင် ကိုကို့ကို ဘယ်လိုအနေအထားမျိုးနဲ့ လက်ခံနိုင်မှာလဲ"

"သူ့ မိသားစုတွေကိုယ်တိုင် ကျုပ်အပေါ် အမြင်ကြည်လင်ပြီး ကမ်းလှမ်းရင်တော့ ပြန်စဉ်းစားမယ်"

ရူပါနှင့် ထားဝေဝေသည် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်လိုက်ကြသည်။

"ယွန်းစံရေ ဆရာတို့လာပြီထင်တယ်၊ ကားတွေတော့ ဝင်လာပြီ"

တင်ယွန်းစံရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဘယ်ကဧည့်သည်တွေပါလိမ့်။ ယွန်းဘူးလေးကို မှန်တင်ခုံအံဆွဲထဲ ပြန်ထည့်လိုက်သည်။

"လာ. . လောရှည်"

ဧည့်ခန်းသို့ ထွက်ခဲ့ကြစဉ် ဧည့်ခန်းတွင်း ဝင်လာသူများကိုတွေ့လိုက်ရသည်နှင့် တင်ယွန်းစံကြက်သေသေသွားသည်။

သူမ၏ မိဘများနှင့် အခြားဂုဏ်သရေရှိစုံတွဲနှစ်တွဲနောက် ရဲတင်ကျော်နှင့် သူ၏မိဘနှစ်ပါး၊ နောက်ရဲတင်ကျော်၏ ဘကြီးတို့စုံတွဲ၊ နောက်တိုက်ပုံအနက်နှင့် တရားသူကြီးတစ်ဦး"

"ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်ကျော်ကတင်ယွန်းစံအနားသို့ လျှောက်လာသည်။

"ကိုကို့ကို ခွင့်လွှတ်ပြီး နားလည်လိုက်လျှောပေးပါနော် ယွန်း"

ရဲတင်ကျော်က သူ့ထုံးစံအတိုင်း ခပ်အေးအေးခပ်တိုးတိုးကလေး ပြောလိုက်သည်။

ထို့နောက် ရဲတင်ကျော်က တင်ယွန်းစံလက်ကို အသာဆွဲကာ လူကြီးများရှိရာသို့ ခေါ်ခဲ့သည်။

"မေမေ ဖေဖေ၊ ယွန်းလေ"

ရဲတင်ကျော်၏ မိခင်က ရစ်ဝဲနေသော မျက်ရည်စများကို မျက်တောင်ခတ်ကာ ဟန်မပျက် သိမ်းဆည်းလိုက်ပြီး. . .

"သမီးလေးက သိပ်လှတာကိုး၊ သားတို့စွဲမက်မယ်ဆိုလည်း စွဲမက်လောက်ပါပေတယ်"

ရဲတင်ကျော်၏ ဖခင်ကတော့ ပြုံးပြုံးကြီးနှင့်. . .

"ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေအတွက် အန်ကယ်တို့ဘက်က အမှားအယွင်းတွေချည်းပါပဲ၊ ဒီအတွက် အန်ကယ်တို့ကိုယ်တိုင် သမီးရဲ့မိဘများဆီ ကိုယ်တိုင်သွားရောက်တောင်းပန်ပြီး သမီးကို ထပ်တောင်းခဲ့ပြီ၊ အဲဒါ သမီးလေးကိုလည်း အန်ကယ်တို့ ထပ်တောင်းပန်တယ်၊ ကျေနပ်တော့သမီး"

တင်ယွန်းစံ ဝမ်းသာလွန်း၍ မျက်ရည်များပင် စို့လာသည်။ ရဲတင်ကျော်က တစ်ရှူးတစ်ရွက်ထုပ်ပေးကာ သူမပေါင်ပေါ် တင်ပေးလိုက်သည်။

တင်ယွန်းစံ ရဲတင်ကျော်အား ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ရဲတင်ကျော်က ကျေနပ်သောအပြုံးဖြင့် မေးဆတ်ပြ





လိုက်သည်။

"ဖြေလိုက်လေ သမီး"

တင်ယွန်းစံမိခင်က လှမ်းသတိပေးလိုက်သည်။ တင်ယွန်းစံ မိဘများအား တစ်လှည့်စီကြည့်လိုက်သည်။

သမီးအလှအလိမ္မာကို မွေးထားကြသော မိဘနှစ်ပါးမှ သမီးအတွက် ကျေနပ်ဂုဏ်ယူသော မျက်နှာများနှင့် ပီတိဖြာဝေနေကြပါလား။

တင်ယွန်းစံ ခေါင်းငုံ့ကာ. . .

"ကျွန်မ အစတည်းက ဘယ်သူ့ကိုမှ အပြစ်မမြင်မိပါဘူး"

"ဒါဖြင့်ရင် ယခင်စီစဉ်ထားတဲ့ မင်္ဂလာနေ့ဟာဒီနေ့ပဲဖြစ်တဲ့အတွက် ဒီနေ့ပဲ လက်မှတ်ထိုးလက်ထပ်ဖို့ကိုကော သမီးသဘောတူပါတယ်နော်"

တင်ယွန်းစံ ခေါင်းအညိတ်၌ မျက်ရည်ပွင့်ကလေးများ ခုန်ဆင်းလာသည်။ တင်ယွန်းစံ၏ ညာလက်တင်းခနဲ ဖြစ်သွားသည်။

ရဲတင်ကျော်၏ အားရဝမ်းသာစွာ ဆုပ်ကိုင်လိုက်ခြင်းကြောင့်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ယောက်ျားလေးဘက်မှ လိုလိုလားလားဖြင့် တောင်းယူခြင်းခံရသော မိန်းကလေးအတွက်တော့ ဂုဏ်ယူစရာ တကယ့်မင်္ဂလာပါဟ။

သို့သော် တင်ယွန်းစံ ဘဝင်မကျနိုင်ပါ။

အစက ခါးခါးသီးသီးဖြစ်နေသော ရဲတင်ကျော်၏ မိဘ



www.burmeseclassic.com

www.burmeseclassic.com



များသည် ယခုတော့လည်း အဘယ်ကြောင့်မြန်မြန်ဆန်ဆန် ဖြစ်လာရပါလိမ့်ဟု။









# အခန်း(၄၂)

တင်ယွန်းစံ သျှောင်နောက်ဆံထုံးပါခဲ့သည်။ ညနေခင်းတတရားသူကြီးရှေ့၌ အသင့်ပြင်ဆင်ပြီးဖြစ်သော လက်ထပ်စာချုပ်၌ လက်မှတ်ရေးထိုးကြပြီး ညနေမြရိပ်ညိုဟိုတယ်၌ ညနေစာဖြင့် ညှိခံကျွေးမွေးကာ ရဲတင်ကျော်တစ်ဦးတည်းနေသော သီးသန့်နေအိမ်သို့ တင်ယွန်းစံ လိုက်ပါခဲ့ရသည်။

"ကိုကို့ ဖေဖေနဲ့ မေမေကော"

"သူတို့အိမ်မှာပေါ့"

"အပြီးပြန်လာကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့၊ မေမေကတော့ အပြီးပဲ၊ ဖေဖေကတော့ သွားလိုက်လာလိုက် ဖြစ်လိမ့်မယ်ထင်တယ်"

ရဲတင်ကျော်နှင့် တင်ယွန်းစံ လသာဆောင်၌ ယှဉ်တွဲထိုင်ရင်း စကားပြောဖြစ်ကြသည်။

"ယွန်း မေးစရာရှိတယ်ဆို"

"ဟုတ်တယ် ကျွန်မရင်ထဲမှာ သံသယဝင်လာရင် မရှင်းမလင်းပဲ မနေတတ်ဘူး ကိုကို၊ ဒါကြောင့်ပါ။ ဒါပေမယ့် ကျွန်မ တစ်ခုစိုးရိမ်နေပြန်တယ် ကိုကို"

"ဘာကိုလဲ ယွန်း"

"ကျွန်မမေးခွန်းကြောင့် ကိုကို စိတ်အနှောင့်အယှက်ဖြစ်သွားမှာကို စိုးရိမ်တာ"

ရဲတင်ကျော်က တင်ယွန်းစံအား လှမ်းဖက်လိုက်ရာ တင်ယွန်းစံက သူ၏ပခုံးထက်၌ ခေါင်းကလေးတင်ကာ နားခိုလိုက်သည်။

"မေးပါယွန်းရဲ့၊ ယွန်းမေးမှာကို ကိုကိုကြိုသိနေတယ်"

"တယ်ဟုတ်ပါလား၊ ဒါဖြင့်ပြော ကျွန်မ ဘာမေးမှာလဲ"

"ယွန်းကို လက်ထပ်ဖို့ရာ မေမေတို့ မြန်မြန်ဆန်ဆန်သဘောတူရတဲ့အကြောင်းရင်းကို သိချင်နေတယ် မဟုတ်လား"

"အစစ်ပဲ ကိုကို"

တင်ယွန်းစံက ရဲတင်ကျော်ပခုံးထက်မှ ဆတ်ခနဲ ထလိုက်ပြီး ရဲတင်ကျော်ကို စေ့စေ့ကြည့်လိုက်သည်။

ရဲတင်ကျော်က ပြုံးကာ

"ယွန်းရဲ့စိတ်ကို ကိုကိုသိနေတာပဲ၊ ယွန်းကိုကိုကို သိ





ချစ်တယ်ဆိုတာ ကိုကိုသိလေ ကိုကိုကလည်းယွန်းကို လက်မလွှတ်နိုင်လေပဲ၊ ဒါကြောင့်. . ကိုကို မေမေတို့ဆီသွားခဲ့တယ်၊ ယွန်းကို တန်ဖိုးထားပြီး ကိုကိုလက်ထပ်ယူချင်လို့ပါ ယွန်း"

"ယုံကြည်ပါတယ် ကိုကို"

"လောကကြီးမှာ ဝိညာဉ်တွေနဲ့ ပတ်သက်ပြီး လူတွေကလက်ခံယုံကြည်မှုရှိကြတယ်"

"ဟုတ်တယ်၊ အများစုက လက်ခံနေသလိုပဲ"

"ယွန်းကကော"

"ပြောရမှာတော့ အခက်သားပါလားကိုကို၊ ဒါပေမယ့်ကျွန်မ နိုင်းနိုင်းနဲ့ပတ်သက်ပြီး သံသယဝင်လာတယ်"

"အင်း တချို့တွေက ယွန်းပါးမှာ လူတစ်ယောက်အမြဲရှိနေတတ်တယ်၊ တစ်ခါတစ်ရံ မြင်ရတယ်လို့ ပြောကြတယ်"

"ကျွန်မလည်းသိပါတယ်"

"အဲဒါ နိုင်းနိုင်းဖြစ်မယ်လို့ ယွန်းထင်သလား"

"ယူဆမိတယ်"

"ကိုကိုလည်း အဲဒီအချက်ကို သတိရပြီး နိုင်းနိုင်းအပေါ်အစွဲအလမ်းဖြစ်နေတဲ့ မေမေ့ဆီကို ဒီအချက်နဲ့ ဝင်လာတာပဲ"

"ဟင်"

"ကိုကို ပြောပြမယ်၊ သေသေချာချာနားထောင်"

တင်ယွန်းစံက စိတ်ဝင်စားစွာဖြင့် ရဲတင်ကျော်အားငေးစိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၄၃)

"မေမေ နိုင်းနိုင်းအကြောင်း အိမ်မက်တွေ ဘာတွေ မမက်ဘူးလား"

"မက်တာပေါ့၊ မကျွတ်သေးဘူး ထင်ပါတယ် ရဲရာ၊ ဒီလောက် အမျှအတန်းပေးလျက်နဲ့"

"နိုင်းနိုင်းလည်း သေခါနီး နိုရင်းအပေါ် တော်တော်ခွဲလမ်းသွားပုံရတယ်"

ရဲတင်ကျော်အနေဖြင့် တင်ယွန်းစံနှင့်သူ အဆက်အသွယ်မည်သို့မျှ မရှိတော့သည့်ပုံစံမျိုးဖြင့် မိခင်ကို လှည့်စားရ





သည်။

"ခက်တယ်၊ အဲဒီမိန်းကလေးက တော်တော်လှတယ်ထင်တယ်"

"မေမေ မတွေ့ဖူးဘူးလား"

"ဟင့်အင်း"

ရဲတင်ကျော်က သူ၏အကျႌအိတ်ကပ်ထဲ၌ အမြဲဆောင်ထားသော ပလတ်စတစ်လောင်းထားသည့် တင်ယွန်းစံ၏ ဓာတ်ပုံလေးကို ထုတ်ပြလိုက်သည်။

သူ့မိခင်က သူ့အား မျက်ခုံးတစ်ဖက်ပင့်ကြည့်ပြီးမှ ဓာတ်ပုံကို ယူကြည့်လိုက်သည်။

"ပြစ်မျိုး မဲ့မထင်တဲ့ အလှမျိုး ဆိုလောက်ပါပေတယ်၊ ဒါကြောင့် မိန်းမယူပါ ယူပါလို့ တိုက်တွန်းတုန်းကတော့ အရိုးများသလေး ချေးခါးသလေးနဲ့ သူနဲ့တွေ့တော့မှ နွားသိုးကြိုးပြတ်ဖြစ်တော့တာကိုး"

"မေမေကလည်း"

"ဒီဓာတ်ပုံလေးသားအိတ်ကပ်ထဲမှာ ရှိနေပုံထောက်ရင်သားစိတ်က"

"ကျွန်တော် သူကလွဲရင် ဘယ်သူနဲ့မှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် မေမေတို့ စိတ်ဆင်းရဲရမယ့် အလုပ်မျိုးကိုလည်း သားမလုပ်ပါဘူး၊ ဒီအတွက်တော့ စိတ်ချပါ"

ရဲတင်ကျော်က မိခင်ထံမှ ဓာတ်ပုံကိုပြန်ယူကာ အိတ်ကပ်ထဲသို့ ပြန်ထည့်ပြီး မိခင်ပေါင်ပေါ်၌ ခေါင်းတင်ကာ လှဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မေမေ"

"ဘာလဲသား"

"သားလေ ညီလေးနိုင်းနိုင်းကို အိပ်မက်မက်တယ်"

"ဟင် ဟုတ်လား၊ ပြောပါဦး"

"သူက မျက်နှာငယ်လေးနှင့်သားနောက်ကို တကောက်ကောက်လိုက်တယ်၊ အဲဒါသားက ဘာလိုက်လုပ်တာလဲမေး တော့ ကိုကိုတို့နဲ့ နေချင်လို့တဲ့လေ၊ သားကနေချင်ရင် လာနေပေါ့လို့ ပြောတော့ သူကငိုပြီး ကိုကိုဆီမှာ ဘယ်လိုလုပ်နေမှာလဲလို့ ပြောပြီး ပျောက်သွားတော့တာပဲ"

"ဟုတ်လား"

သူ၏စကားကို မိခင်က ယုံကြည်သည့်အလား မျက်လုံးကတောက်ပကာ. . .

"မေမေ့ကိုတော့ စကားမပြောဘူး၊ ဒါပေမယ့် မေမေ့နောက်ကိုတော့ လိုက်တယ်၊ ငိုင်ပြီး မျက်နှာငယ်လေးနဲ့ ကြည့်နေတယ်၊ သူသေဆုံးတုန်းက အဝတ်အစားအတိုင်းပဲ မေမေက သားလာလေလို့ခေါ်တော့ ခေါင်းခါပြီးပျောက်ပျောက်သွားတယ်"

"ညီလေး သနားပါတယ်နော် မေမေ၊ အဲဒါ သူမကျွတ်ရသေးတဲ့သဘောကို ပြနေတာထင်တယ်"

"အင်း. . မေမေလည်း ဒီလိုပဲ ယူဆတယ်"

"တင်ယွန်းစံအနားမှာလည်း သူအမြဲရှိနေတတ်တယ်လို့ ယွန်းစံသူငယ်ချင်းတွေက ပြောပြတယ်၊ တစ်ခါ ယွန်းစံဆီ





မေးဖို့ အသွားမှာ ယွန်းစံဒန်းကို ယောက်ျားလေးတစ်ယောက် ကလွဲပေးနေတာကို လှမ်းမြင်လိုက်ရပြီး အနားရောက်တော့မှ ယွန်းစံတစ်ယောက်တည်း ဖြစ်နေတာမျိုး ကြုံတွေ့ဖူးတယ်တဲ့"

"အဲဒီမိန်းကလေးက မျက်နှာများတယ် မဟုတ်လား သား"

"မဟုတ်ပါဘူး နိုင်းနိုင်းအသံနဲ့သွင်းထားတဲ့ အခွေကို သားကိုယ်တိုင် နားထောင်ပြီးပါပြီ၊ သူ့သူငယ်ချင်းတွေနဲ့ သူ့ပတ်ဝန်းကျင်ကို လေ့လာကြည့်တော့လည်း ခေတ်နဲ့အမီ ရင်ပေါင်တန်းပြီး ရဲတင်းပွင့်လင်းတာကလွဲလို့ ရည်းစားများတာ မရှိပါဘူး၊ သူ့ရည်းစားဆိုလို့ သားတစ်ယောက်တည်းပဲ ရှိတာ"

"ဩော်. . လက်စသတ်တော့ သားက မေမေ့ကို အချစ်ရှေ့နေ လာလုပ်နေတာလား"

"မဟုတ်ပါဘူး၊ ကြုံကြိုက်လို့သားက ပြောလိုက်တာပါ"

"အင်း. . သားမိန်းကလေးက သားနဲ့မေမေတို့အပေါ် စိတ်နာပုံပဲ"

"စိတ်မနာလို့ သားကိုလာတွေ့ပြီး ပြောသွားသေးတယ်၊ သူ နိုင်းနိုင်းကိုတင်မဟုတ်ဘူး၊ ဘယ်ယောက်ျားကိုမှ မလှည့်စားတဲ့ အကြောင်းကို လာဖြေရှင်းသွားတာကလွဲရင် ဘာကိုမှ မတောင်းဆိုသွားပါဘူး မေမေ"

"အင်း မေမေတို့ဘက်က သိပ်ကို မှားသွားတဲ့အမှားပဲ၊ သူနေရာမှာ မေမေ့သမီးသာဆိုရင် ဘာပြောကောင်းမလဲ ပွဲကြီးကောင်းပဲ၊ သေသေချာချာ တွေးကြည့်တော့ မေမေတို့မှားသွားတယ်၊ ဒါပေမယ့် သူ့ကိုမြင်တိုင်း နိုင်းနိုင်းကို သတိရပြီး ရင်နာ

www.burmeseclassic.com



နေရမှာထက်စာရင်တော့ ဒီအတိုင်းပဲ ဇာတ်သိမ်းလိုက်တာ ကောင်းမယ်ထင်ပါတယ် သားရယ်"

"ဒါပေါ့ မေမေ၊ သားရင်ထဲမှာလည်း ညီလေးအချစ်ကို လုယူသလိုများ ဖြစ်နေမလားဆိုတဲ့ စိတ်နဲ့လိပ်ပြာမသန့်ပါဘူး မေမေ"

ထိုအချိန်၌ တယ်လီဖုန်းမြည်လာသဖြင့် ဖခင်က လှမ်းခေါ်လိုက်သည်။

"သားရေ မြန်မာက ဖုန်း၊ ရန်ကုန်က ရူပါတဲ့"

ရဲတင်ကျော်က အပြေးအလွှား သွားကိုင်လိုက်သည်။ ရူပါနှင့် ထားဝေဝေက သူ့အတွက် အကျိုးတော်ဆောင်များဖြစ်ကြသည်။ ရန်ကုန်က စင်ကာပူသို့ မထွက်ခွာမီကတည်းက အားလုံးကို စည်းဝါးကိုက်ပြီးသား ဖြစ်သည်။

"ဟဲလို ရဲတင်ကျော်ပါ"

"........."

"ရူပါ အေး ပြော"

"........."

"ဟုတ်လား၊ အင်း ပြောပါဦး"

"........."

"ရူပါ သွားစောင့်ရှောက်လိုက်ပါကွာ၊ အင်း အဆင်ပြေပါတယ်"

"........."

"ကျန်းမာရေးလည်း ဂရုစိုက်ခိုင်းဦး"

"........."





"ကိုယ်လား ပြန်တော့ပြန်လာမယ်၊ ဒါပေမယ့် ယွန်းအတော့ကိုယ့်ကို ပြန်လက်ခံမှာ မဟုတ်ဘူး"

ရဲတင်ကျော်ပြောသမျှကို မိခင်က နားထောင်နေသည်။ သားဖြစ်သူ၏ ညှိုးနွမ်းသောမျက်နှာကို ကြည့်ပြီးစိတ်မကောင်းနိုင်။

မိမိတို့လည်း ငယ်ရာကကြီးလာကာ ကိုယ့်ချစ်သူနှင့်သာ လက်ထပ်ခဲ့ခြင်းဖြစ်ခဲ့ ကြသဖြင့် သားဖြစ်သူ၏ ရင်တွင်းဝေဒနာကိုရိပ်စားမိပြန်တော့လည်း မှားသွားပြီလားဟု သံသယဝင်ကာ စိတ်ထိခိုက်ရသည်။ ရဲတင်ကျော်ကဖုန်းဆက်အပြီး. . .

"ဂွတ်နိုက်မေမေ၊ သားအိပ်တော့မယ်"

"နေပါဦးသားရဲ့၊ ရူပါဆိုတာ"

"ယွန်းသူငယ်ချင်းပါ မေမေ"

"ဘာကိစ္စ ဖုန်းဆက်တာလဲ"

"မေမေ မမှတ်မိလို့ပါ၊ ရူပါက ယွန်းကိုသား ကြိုးပမ်းတာတည်းက ကြားကအကျိုးတော်ဆောင်လေ၊ အခုကိစ္စမှာလည်း သူစိတ်မကောင်းဖြစ်နေတာ၊ မနေ့က ယွန်းဆီကိုသွားအိပ်တော့ ယွန်းအိပ်မက်မက်ပြီး ထအော်တဲ့အကြောင်း ပြောပြတာ"

မိန်းမသားတွေရဲ့အကြောင်း အယူအဆ အစွဲအလမ်းကို ရဲတင်ကျော် လေ့လာသိရှိနားလည်ပြီးသားဖြစ်သည်။

"ဘာ. . ဘာတဲ့လဲသား"

"နိုင်းနိုင်းက သူ့နောက်ကို အတင်းလိုက်ပြီး သူနဲ့နေချင်တယ်ပြောလို့ ယွန်းကထွက်ပြေးရင်း လန့်အော်တာတဲ့"

"အိုကွယ် ဒီကလေးမနှယ်၊ နေချင်ရင် ပေးနေလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် နေလို့ရမှာလဲ မေမေကလည်း"

"အင်း"

မိခင်မျက်နှာ၌ အတွေးအုံကြီး ပူးကပ်သွားသည်။

ရဲတင်ကျော်က. . .

"သား အိပ်တော့မယ်နော်"

ဟုဆိုကာ မိမိအိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။ ထိုညက သူ၏မိခင် လန့်နိုးကာ အော်ငိုလေတော့သည်။

နိုင်းနိုင်းသည်. . .

"မေမေတို့ဆီ နိုင်းလှာနေပါရစေ"

ဟု ပြောသဖြင့် လန့်နိုးပြီး သားဖြစ်သူအား တမ်းတကာ ငိုသဖြင့် တစ်ညလုံးသူတို့သားအဖ အလုပ်ရှုပ်သွားလေသည်။

"ညက နိုင်းနိုင်းအကြောင်းပြောမိလို့ စိတ်စွဲပြီးမက်တာ ဖြစ်မှာပါ မေမေရာ"

သူမည်သို့ပင်ပြောပြော သူ့မိခင်သည် နိုင်းနိုင်း လူ့ဘဝသို့ ပြန်လည်ရောက်ရှိလာဖို့အတွက် သန္ဓေသားအဖြစ် နေစရာ လိုအပ်နေပြီဟု ယူဆသွားခဲ့လေပြီ။

ထို့ကြောင့်. . .







# အခန်း(၄၄)

တင်ယွန်းစံက ရဲတင်ကျော်၏ ရင်ခွင်သို့ တိုးဝင်ကာ မျက်ရည်စများကို လက်ဖြင့်သုတ်ပစ်လိုက်သည်။ ရဲတင်ကျော် အချစ်ကိုလည်း နားလည်သွားပြီ။

"တကယ်လို့ ကျွန်မသာ နိုင်းနိုင်းနဲ့တူသော သားတစ်ယောက် မွေးဖွားမပေးနိုင်ခဲ့ဘူးဆိုရင် ကိုကို့မေမေတွေရဲ့ အမုန်းကို ခံစားရမှာလားဟင်"

ရဲတင်ကျော်က တင်ယွန်းစံ၏ ကျောပြင်ကို အသာရစ်သိုင်းဖက်ကာ နှစ်သိမ့်မှုပေးလိုက်သည်။

"ဒါဟာ အနာဂတ်တစ်ခုပါယွန်း၊ ယွန်းရဲ့ အနာဂတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့ မေတ္တာတရားတစ်ခုတည်းနဲ့ လုံလောက်နေပါပြီလို့ ဆိုလို့ရပါတယ်၊ ဒါပေမယ့် အကယ်၍များ ယွန်းသားသမီးရတနာ ထွန်းကားခဲ့ရင်လဲ နိုင်းနိုင်းနဲ့တူသော ယောက်ျားလေးတစ်ယောက်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိခင်ဆိုတဲ့ ဂုဏ်ရည်တစ်ခုတိုးပွားပြီး ကျေနပ်နှစ်သိမ့်မှုတွေကို ပိုင်ဆိုင်ခွင့်ရသွားဦးမှာပါ"

"ကိုကို. . ကိုကို့မေမေကို လှည်းစားပြီး ကျွန်မကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးပမ်းခဲ့တယ်ပေါ့"

"ဒါလည်း တစ်စိတ်တစ်ဒေသတော့ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုကို့အချစ်ကတော့ ရယူခြင်းလို့ပဲ နားလည်တာကို ဘာပဲဖြစ်ဖြစ် ယွန်းကို မေမေတို့ချစ်သွားမှာပါ"

"ကျွန်မသာ နိုင်းနိုင်းနဲ့တူသော သားကလေးမွေးဖွားပေးနိုင်ခဲ့ရင် ကိုကို့မေမေတွေ ပိုချစ်သွားမှာပေါ့နော်"

"ဒါပေါ့"

"ဒီလိုဆိုရင် ကျွန်မရဲ့ကံကြမ္မာဟာ ကျွန်မရဲ့ ရင်သွေးအပေါ်မူတည်ရမယ် သဘောပေါ့"

"ဒါတွေ မေ့ထားလိုက်ပါယွန်း"

"ဟင့်အင်း ကိုကို၊ ကျွန်မကိုယ်တိုင်ကလည်း နိုင်းနိုင်းနဲ့တူသော သားတစ်ယောက်ရယူဖို့ကို မျှော်လင့်နေမိတယ်ဆိုရင်ကော ကိုကို"

"ရတယ် မျှော်လင့်ပါ၊ မျှော်လင့်ခြင်းဆိုတာ ဝယ်ယူစရာမလိုဘူး၊ အလကားရတာပဲ"

"ကိုကိုနော် မအံ့ဩဘူးလားလို့"





"ဘာကိုအံ့ဩရမှာလဲ"

"ကျွန်မရဲ့ မျှော်လင့်ချက်အတွက်"

"ဟင့်အင်း မအံ့ဩပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ တင်ယွန်းစံဟာ မိန်းမတစ်ယောက်ဖြစ်နေလို့ပဲ"

တင်ယွန်းစံက ရဲတင်ကျော်၏ ရင်ခွင်တွင်း၌ မှေးစက်ကာ ငြိမ်သက်နေလိုက်တော့သည်။ ရင်တွင်းမှာတော့ သူ၏ကိုကိုကိုစကားတုံ့ပြန် ပြောလိုက်မိသည်။

"ဟုတ်ပါတယ် ကိုကို မိန်းမသားတွေဟာ အစွဲအလမ်းကြီးတတ်ကြပါတယ်၊ ကျွန်မရဲ့ ကံကြမ္မာဟာ ကျွန်မမွေးဖွားလာမယ့် ကလေးပေါ်မှာ မူတည်မယ်ဆိုရင်တောင်မှ ကျွန်မ ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မချစ်တဲ့ ကိုကို့ကို စိတ်ချမ်းသာစေချင်တဲ့အတွက်ပါ။ ကိုကိုတို့ မိသားစုမှာ ထင်ကျန်နေတဲ့ အယူအဆကြွေးကို ကျွန်မပေးဆပ်ချင်နေတဲ့အတွက်ပါပဲ ကိုကို"

ဟု. . .

သို့သော် တင်ယွန်းစံသည် ကံကြမ္မာကို ယုံကြည်သောသူမဟုတ်ပါ။ ကံကြမ္မာသည် အလုပ်ဟုယုံကြည်ကာ ကိုကို့အချစ်ကို ပြန်လည်တူးဖော်ရယူဖို့အတွက် သူမကိုယ်တိုင် ကိုကို့နောက်သို့လိုက်၍ ဖြေရှင်းမှုမျိုး မပေးနိုင်ခဲ့ပါလျှင် ယခုလို အခြေအနေမျိုး ရောက်ရှိနိုင်ပါ့မလားဟုလည်း. . ။

**မြပုလဲခင်**